
www.burmeseclassic.com

မြပုလဲခင်


# အချစ်နတ်တို့
# တောင်ပံခတ်သံ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com




## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ်
၅၀၀၄၂၂၀၈၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၆၀၇၀၆၁၀


**ထုတ်ဝေသူ**
အောင်မြင့်စာပေ၊
အမှတ်(၁)၊
အောင်သာလေ၊
ကျောက်မြောင်း။

**အတွင်းပုံနှိပ်**
**မျက်နှာဖုံးပုံနှိပ်**
ဦးအောင်မြင့်၊
အောင်မြင့်ပုံနှိပ်တိုက်၊
သုဝဏ္ဏ၊ ရန်ကုန်မြို့။

ပထမအကြိမ်၊
နိုဝင်ဘာလ၊ ၂၀၁၀၊
တန်ဖိုး(၁၅၀၀)

၈၉၅.၈၃
မြပုလဲခင်
အချစ်နတ်တို့တောင်ပံခတ်သံ/မြပုလဲခင်။ - ရန်ကုန်။
အောင်မြင်စာပေ၊ ၂၀၁၀။
၂၆၀-စာ၊ ၁၂.၅x၁၈.၂ စင်တီ။
(၁) မြပုလဲခင်

**ဖြန့်ချိရေး**
ဦးအောင်မြင့်၊
အမှတ်(၅)၊ သိမ်ဘုရားလမ်း၊
ကျောက်မြောင်း၊ ရန်ကုန်မြို့။

BURMESE CLASSIC .com

➢ မယ်ကတော့ အချစ်ကို ရယူခြင်းဆိုတဲ့အတွက်နဲ့ မရောယှက် ချင်ပါဘူး၊ အချစ်ကို ပေးဆပ်လိုက်ခြင်းကြောင့် ရရှိလာမယ့် ရလဒ်က ချစ်သူဘဝ ပျော်ရွှင်ချမ်းမြေ့သွားမယ် ဆိုရင် မယ် ပေးဆပ်ရကျိုး နပ်ပြီး ကျေနပ်နိုင်ပါတယ်။

နတ်မိမယ်

➢ နှလုံးသား ရှိသူတိုင်း ရင်ခုန်တတ် ချစ်တတ်ပါတယ်၊ ဒါပေမယ့် ဖူးစာရေးနတ်မင်းရဲ့ ဥပေက္ခာပြုခံရသူတို့ ကံကြမ္မာ ဝင့်ကြွေးအတွက် ဒဏ်ခတ်ခံရသူတို့မှာတော့ အထီးကျန် နှလုံးသားနဲ့ ဘဝမှာ နေထိုင်သွားရတာတွေ ရှိတာပါပဲလေ။

မေဘရင်ဆီ

➢ ချစ်သူတွေ များတယ်ဆိုတာ အပျော်ပါ၊ အဲ့ဒီ အပျော်က ကိုယ့်ဘဝကို တန်ပြန်သက်ရောက် ဒဏ်ခတ် လိမ့်မယ်ဆိုတာ ကိုယ် တစ်ခါမှ မတွေးခဲ့မိဘူး၊ ခုတော့ ကံကြမ္မာရဲ့ရိုက်ချက်က ပြင်းလွန်းတယ်ကွာ။

လူလူသာကျော်

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁)

မယ် တုန်လှုပ်သွားသည်။

တဒိတ်ဒိတ် ခုန်နေသော ရင်အစုံကို လက်ကလေး နှစ်ဖက် ရောယှက်ကာ အုပ်ထားလိုက်သည်။

ဘုရားရေ. . .

လူလူ တကယ့်ကို အရှင်လတ်လတ်ကြီး မယ့်ရှေ့ကို ဘွားကနဲ ရောက်လာတော့မှာပါလား။

မယ် ဘာလုပ်ရမလဲ။

မယ့်ရဲ့စိတ်ကူးယဉ်အိပ်မက်တွေမှ အကောင်အထည်





မဖော်ရသေးတာ။

"မယ်. . ညလေး. . ဟယ်လို. . ဟယ်လို. . မယ်"

ဖုန်း၏အခြားတစ်ဖက်မှ မမအသံက စိုးရိမ်စွာ ထွက်ပေါ်လာသည်။ ထိုအခါမှ ကတုန်ကယင် ဖြစ်နေသော မယ့်စိတ်တို့ကို သတိချုန်းနှင့် ပြန်လည်အုပ်မိုးလိုက်ပြီး. . .

"မမ. . မယ်ကြားတယ်. . ပြောပါ"

"မမနဲ့ သူငယ်ချင်းမောင်နှမနှစ်ယောက်နဲ့ လာမယ် မယ်၊ တစ်ညနှစ်ညလောက် တည်းဖြစ်မယ်၊ ဒေါ်စိန်နဲ့ညလေး တာဝန်ပို မှာလည်း စိုးတယ်၊ သူတို့ကို ဟိုတယ်မှာပဲ တည်းခိုင်းလိုက်ရမလား၊ မယ့်သဘော ပြောပါဦး"

မယ့်သဘော။ မယ့်သဘောကတော့ စိတ်ထဲ ရှိတဲ့အတိုင်းသာ ဖွင့်ဟချလိုက်ရင်. . .

မယ့်မျက်စိရှေ့မှာပဲ လူလူကို ထာဝရ မြင်ခွင့်ရနေချင်ပါတယ် မမဟု။

သို့သော်. . .

"ရပါတယ် မမ၊ မယ်နဲ့ လုံးဝပတ်သက်ခွင့် မရှိရင် မမတို့ ဧည့်သည်တွေ ကြိုက်သလောက် နေပါ"

တုန်လှုပ်ခြင်းကြောင့် အသံမတုန်ခါစေရန် သတိထား ပြောလိုက်ရသည်။ သို့သော် ဆရာဝန်ပီပီ မမက အကင်းပါးသည် ထင့်။

"ညလေး. . . နေကောင်းရဲ့လား၊ အသံက တစ်မျိုးကြီး ဖြစ်နေလို့"

"ကောင်းပါတယ် မမ၊ မမတို့ ဘယ်အချိန် လာမှာလဲဟင်"

မယ် အသံကို မတုန်ခါစေရန် ကြိုးစားပြီး ထိန်း၍ပြောလိုက်



www.burmeseclassic.com

www.burmeseclassic.com

ရသည်။ မယ် ရင်တွေ ခုန်နေပြီ။

အင်တာနက်ပေါ်က လူလူ့ပုံထက် တကယ့်အပြင်ဘက်က လူလူရဲ့အရုပ်လက္ခဏာ ဘယ်လိုကွာခြားမလဲဆိုတာကို မယ် သိချင်လှပါပြီ။ တွေ့ချင်လှပြီ။ လူလူ့ကို တွေ့ရရင် မယ့်ရင်အစုံဟာ အက်ကွဲလွင့်ပေါက်ထွက်သွားမှာလားတောင် မယ် စိုးထိတ်နေရလေပြီ။

"လာရင်တော့ အစောကြီး ဒါမှမဟုတ် မိုးချုပ်မှ ထက် လာခဲ့မယ်၊ ဆေးခန်းထိုင်ပြီးချိန်မှပေါ့"

"မမ လာမယ့်အချိန် တိကျရင် ပြောပေး၊ မယ်တို့ ထမင်းဟင်းချက်ထားရအောင်"

"အင်း. . အင်း. . မနက်ဖြန် မမ ဖုန်းထပ်ဆက်မယ်၊ အချိန်တိတိကျကျ သိရင်ပေါ့၊ ဒါပဲနော် ညလေး"

"ဟုတ်"

မယ် ဖုန်းကို အသာချလိုက်သည်။

နောက် မယ် ဝရံတာသို့ ထွက်ခဲ့သည်။

ပန်းရောင်စုံတို့ ဖူးပွင့်ဝေဆာနေမသော ဥယျာဉ်မြေဝန်းကို အုပ်မိုးကာ ငေးကြည့်နေမိသည်။

မမဆီက သူငယ်ချင်းမောင်နှမ လာမယ်ဆိုကတည်းက မယ် အတပ်သိလိုက်သည်။

လူလူတို့မောင်နှမအပြင် အခြားဘယ်သူမှ မဖြစ်နိုင်။

ညက အင်တာနက်ဖြင့် လူလူနှင့် စကားပြောဖြစ်သေးသည်ပဲ။

"ကိုယ်တို့အစ်မ သူငယ်ချင်းကလည်း ပြင်ဦးလွင်မှာ သူ့အိမ်မှာ ရှိတယ်တဲ့၊ အဲဒါ မမနဲ့ ကိုယ်အလည်လိုက်ခဲ့မယ်"





"လူလူ့အစ်မသူငယ်ချင်းက ဘယ်သူလဲဟင်"

"ဒေါက်တာမလေး. . . သိပ်ကို လှတဲ့ ဒေါက်တာ ဓမ္မာရကာတဲ့၊ နာမည်နဲ့ လိုက်အောင်ကို လှတဲ့ အလှနတ်သမီးပိုင်ရှင်လေးတစ်ဦးပဲ မယ်"

လူလူ့စကားကြောင့် မယ့်ရင်တွေဟာ ခံစားချက် အမည်မဖော်နိုင်အောင် ခံစားလိုက်ရတယ် လူလူ။

အစ်မအလှအတွက် ဂုဏ်ယူချင်ပါတယ်။

ဒါပေမယ့်. . .

ကိုယ့်ဘဝအတွက် ကိုယ်အားငယ်ပြီး သိပ်ခံစားလိုက်ရတယ်။

ဝမ်းသာဝမ်းနည်း ရောယှက်တဲ့ ဝေဒနာဆိုတာမျိုးအပြင် မျှော်လင့်ချက်ကင်းမဲ့တဲ့ ဝေဒနာမျိုးမို့ ခံစားရတဲ့ဝေဒနာကို အမည်တောင် မတပ်တတ်တော့ဘူး၊ မယ့်ရင်တွေ လှုပ်ခတ်နေတာပဲ သိတယ်။

"လူလူ လာရင် မယ့်ကို လာတွေ့ချင်တယ်၊ လိပ်စာပေးပါလား"

"ဒီရက်ပိုင်း ကျွန်မ ရန်ကုန်သွားမှာမို့လို့ လိပ်စာပေးလည်း အပိုပါပဲ၊ နောင်များ ဆုံခွင့်ကြုံတော့မှပဲ ဆုံကြရအောင်နော်"

မယ် လေပြည်လေးနှင့် နှစ်သိမ့်ခဲ့တော့လည်း လူလူက ကြည်ကြည်ဖြူဖြူပင်. . .

"မေ့သဘောပါပဲ" ဟု လိုက်လျောခဲ့သည်။

လူလူဟာ သဘောကောင်းတဲ့ ကောင်ကလေးတစ်ဦးပါ။

လူလူ့ပုံကို အင်တာနက်ပေါ်မှာ အက်ဖ်ဖိုးမင်းသားလို ချွန်မြူးပုံကိုပဲ တင်ထားပေမယ့် မယ့်ရဲ့စိတ်ကူးထဲမှာ မှန်းထပ်ပုံဖော်


www.burmeseclassic.com

www.burmeseclassic.com

ကြည့်ပြီးသွားပါ။

မယ်ကတော ဘာထူးလို့လဲ။ မယ့်ပုံကို အွန်စောပုံပဲ ဆံပင်အရှည်ကြီး တပ်ပြီး တင်ပေးထားတာ။ အမှန်တကယ်တော့ မယ့်ဓါတ်ပုံမှာ အွန်စောမျက်နှာလေးပဲ ပြောင်းလွဲတပ်ပေးလိုက်တာ။

နှစ်ယောက်စလုံး နားလည်မှုနဲ့ စိတ်မဆိုးကြဘူးနော်။ သူတော်ချင်းချင်း သတင်းလွှေ့လွှေ့ပေါ့။

မယ့်မမဆီက ဖုန်းလာပြီး မယ် အိပ်မရတော့။

မယ့်အတွေးလေးတွေကို လူလူက ခိုးယူသွားတယ်။ တဆက်တည်း လူလူနဲ့မမတို့ သိကျွမ်းလာတာပဲ၊ မယ့်နားကို လူလူ့ကို ကံကြမ္မာကပဲ ပို့ဆောင်ပေးလိုက်တာလား။

သို့သော် ထိုအတွေးက မယ့်နှလုံးအိမ်ကို ထိခိုက်စေမည်။

မယ် လသာဆောင်ကို ဖယ်ခွာပြီး အိပ်ခန်းထဲသို့ ပြန်ဝင်ခဲ့လိုက်လေသည်။

ကျဆင်းစရာ မရှိတော့ဘူး ထင်ထားရလောက်အောင် မျက်ရည်တို့က ပင်လယ်ဝေခဲ့သော်လည်း ဘယ်အချိန်တွေးတွေး တစိမ့်စိမ့် ထွက်ကာ စီးဆင်းနေဆဲပါလား။

နှလုံးသွေးတွေကပဲ မျက်ရည်အဖြစ် ပြောင်းလွဲလာစေတာလားကွယ်။









BURMESE CLASSIC .com

# အခန်း(၂)

မေ ပြင်ဦးလွင် တက်ဖို့ ပြင်ဆင်လိုက်သည်။

သူသူတို့မောင်နှမ လိုက်မည်။ သူတို့က ပြင်ဦးလွင်မှာ အိမ်ခြံမြေတစ်ကွက်လောက် ဝယ်ချင်သည်။ မိဘတွေက ရာသီဥတုကောင်းသော ပြင်ဦးလွင်လိုနေရာမျိုးလေး၌ အခြေချ နေထိုင်သွားချင်သည်တဲ့။

"မေ့ကား မယူနဲ့လေ၊ သူသူတို့ကားနဲ့ပဲ တက်မယ်"

သို့ဆိုပြန်တော့ မေ တာဝန်ပေါ့သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဒါဆို မေ့ကို (၈)နာရီခွဲလောက် လာကြိုလေ"

"အိုကေ"

မေ ဆေးခန်းစဖွင့်ချိန်မှ အရမ်းကို အလုပ်များခဲ့သည်။ 'အရေပြားအထူးကု' ဆေးခန်းဆိုတာ သာမန် ပွေး ဝဲ နှင်းခူ ကျွက်၊ ဒက်ကိုလောက်က အစ အလှပြုပြင်ဖန်တီးသည့်အဆုံး ဆိုတော့ အကြွမ်းမှသည် အနုစိတ်လွန်းလှသည်။ အရေပြားအလှ ဖန်တီးဖို့ မေ နှစ်ပေါင်းများစွာ ရင်းနှီးခဲ့ရသည့် ပညာရပ်အတွက် မေ အရမ်းကို တန်ဖိုးထားသည်။ ဂုဏ်ယူသည်။

သူသူ၏မတ်ခ်တူးကားလေး ဝင်လာကတည်းက မေ အိမ်ထဲ ကြိုမြွထွက်လိုက်သည်။ အိမ်ဖော်မလေးက သားငါးရိက္ခာ ခြင်းတောင်းလေးကို ကားပေါ် တင်ပေးသည်။

မန္တလေးအိမ်မှ ပြင်ဦးလွင်အိမ်သို့ ရွှေမန်းမေယာဉ်ငယ်ဖြင့် ကုန်စိမ်းကို တစ်ပတ်တစ်ခါနှင့် ကြုံလျှင်ကြုံသလို တင်ပို့ပေးနေကျ ဖြစ်သည်။ ယခုတော့ မေသွားမည်ဆိုတော့ မေနှင့်ပဲ တစ်ပါတည်း ယူဆောင်သွားရမည်။

"မေ့အဝတ်အစားအိတ်ကော"

"မလိုဘူး သူသူ၊ မေတို့အဝတ်အစားအချို့က ပြင်ဦးလွင် အိမ်မှာလည်း ရှိပြီးသား"

"သြော်. . ."

သူသူအမေးကို မေက ဖြေလိုက်ပြီး ကားနောက်ခန်းသို့ ဝင်ထိုင်လိုက်သည်။

"မောင်းလို့ရပြီလား မမမေ"

ဒရိုင်ဘာနေရာ ယူထားသော လူလူက လှမ်းမေးလိုက်သည်။

☺ အောင်မြင်စာပေ ☺



"အင်း. . . ရပြီ မောင်လေး၊ မောင်းတော့"

လူလူကို လှမ်းကြည့်လိုက်သည်။ လူလူက လှည့်အကြည့် နှင့်မို့ ရွှန်းလဲ့သော မျက်ဝန်းအစုံနှင့် ခလုတ်တိုက်မိကြသည်။

မေ မသိမသာလေး မျက်စောင်းထိုးလိုက်မိသည်။

သူ့ကို ပရိုပိုစ်(ချစ်ခွင့်ပန်)ထားသော ဤကောင်လေးနှင့် ခရီးသွားရတာ ပျော်ရမှာလား၊ ရင်ဖို့ရမှာလား။

ကားကလေးက ငြိမ့်ကနဲ ထွက်လာသည်။

"လူလူ ဘောင်တက်တောင်ဆင်းကော မောင်းနေကျ ဟုတ်ရဲ့လား"

"မောင်းနေကျတော့ မဟုတ်ဘူး"

"စိတ်ချရရဲ့လား သူသူရယ်"

မေ စိတ်မချသေး၊ မေတို့ကတော့ မန္တလေးနှင့်ပြင်ဦးလွင်ကို ငယ်ငယ် ကားမောင်းကတည်းက အိမ်ဦးနှင့်ကြမ်းပြင်လို ဖြစ်နေပြီ။

"စိတ်မချရင် မေ သွားမောင်းလေ၊ ဒါမှမဟုတ် မောင်လေး ဘေးမှာ သွားထိုင်ပေါ့၊ တို့တော့ နောက်မှာ ပက်ီးစိပ်ရင်း ငိုက်လာခဲ့တော့မယ်"

လူလူသာကျော့်အတွက် အခွင့်တခါကောင်း ဆိုက်ရောက်လေပြီမို့ ကားကို လမ်းဘေး အသာထိုးရပ်လိုက်သည်။

"မမမေ ရှေ့လာလေ၊ ဘေးကနေ ပါးစပ်နဲ့ မောင်းပေးပေါ့ ဗျာ"

မေ ငြင်းမနေချင်တော့။ ကိုယ်က စထားမိသည်ကိုး။ ထို့ကြောင့် ရှေ့ခန်းသို့ ရွှေ့ပြောင်းရင်း. . .

"တို့ပဲ မောင်းမယ်လေ"

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က မိန်းမတွေမောင်းတဲ့ကားကို မစီးတတ်ဘူး"

လူလူသာကျော် မချိုမချဉ်မျက်နှာလေးနှင့် ပြောလိုက်သည်။ မမမေနဲ့ ပတ်သက်ပြီး သူ့ရင်ခုန်သံနှုန်း မြင့်တက်လာခြင်းကို သူ့ဟာသာသူ ဆန်းစစ်လိုက်သည်။ ဒါ အချစ်ကြောင့်ဟု။

သူ့ထက် ခုနစ်နှစ်ကျော် ကြီးသော မမမေကို သူ စိတ်ဝင်စားနေသည်။

စိတ်ဝင်စားရသည့်အကြောင်းအရင်းတွေက အများကြီး။

"မောင်းတော့လေ ကောင်လေး"

"အိုကေ. ."

သူ့ရင်ထဲ အပျော်တွေ စီးနစ်ဝင်နေလေသည်။ နောက်ခန်းက သူ့အစ်မအရင်းခေါက်ခေါက် ဒေါက်တာဒေါ်သူသူသာကျော် မပါလာလျှင် ဘယ်လောက်ကောင်းလိမ့်မည်နည်း။

"ဘယ်ဆီကို မင်းရောက်နေလဲ. . . ဘယ်သူနဲ့ မင်းရှိနေလဲ"

တွေးရုံရှိသေး။ ဒေါ်သူသူတို့က ဇာတ်လမ်းစလေပြီ။ ဒေါ်သူသူ G.S.M ဖုန်းမှ ခေါ်သံဝင်လာသည်။ သီချင်းသံလေးက ခပ်မိုက်မိုက်။

"ဟယ်လို. . ဟယ်လို. . သမီးတို့အဖေ. ."

". . . . . ."

"ဝမ်းသွားတယ်. . . လုပ်ပြီကွာ၊ မန္တလေးမြင်ပတောင် မရောက်သေးဘူး"

". . . . ."

"အရည်ဝမ်း. . အင်း. . အင်း. . ပြန်လာခဲ့မယ်"

ကျိုကနဲ ဘရိတ်အုပ်လိုက်ရသည်။





ဒေါ်သူသူတို့ဇာတ်လမ်းကတော့ ပေရှည်တော့မည်။

"ကိုင်း. . . လူလူ၊ ငါ့ကို အိမ်ပြန်လှည့်ပို့တော့၊ နင့်တူမ အကြီးမ အစာမှားပြီး ဝမ်းလျှောနေတယ်တဲ့"

ကလေးနှစ်ယောက်မိခင် ဒေါ်သူသူအတွက် လွတ်လပ်သောခရီးစဉ်ဆိုတာ မရှိနိုင်တော့။

"ကိုအောင်ထက် ရှိရဲ့သားနဲ့"

မေက မနေသာဘဲ ဝင်ပြောလိုက်သည်ကို သူသူက ခေါင်းခါခါ လက်ကာကာနှင့်. . .

"အဲဒါပဲ မေ၊ ယောကျ်ားတွေဟာ အိမ်တွင်းရေးကိစ္စ သားရေးသမီးရေးကိစ္စဆိုတာ သူတို့နဲ့ မဆိုင်သလိုပဲ နေတတ်ကြတယ်၊ ကလေးတွေကလည်း အမေမှအမေပဲကိုး၊ ကဲပါ. . ရှင်တို့မောင်နှမ နှစ်ယောက်ပဲ ချီတက်ကြတော့၊ ကျုပ်ကိုတော့ ပြန်ပို့ပေးခဲ့တော့"

ကားကို ပြန်လှည့်၍ရသောနေရာသို့ လှည့်ပတ်၍ ဒေါ်သူသူကို ပြန်ပို့ပေးခဲ့ရသည်။

သူသူသာကျော်နှင့် မေက မန္တလေးဆေးတက္ကသိုလ် တက်ခဲ့က သူငယ်ချင်းဖြစ်ခဲ့ကြပြီးနောက် မေက ရန်ကုန်ဆင်း ဆက်တက်ပြီး စကော်ပူအထိ ဘွဲ့လွန်တွေ တက်နေချိန်၌ သူသူက အိမ်ထောင်ကျကာ ကွဲကွာသွားကြပြီးနောက် မေ မန္တလေးကို အခြေပြန်ချ အရေပြားအထူးကုဆေးခန်း ဖွင့်သည်။ ဒီကာလပိုင်းမှ သူတို့ ပြန်လည်ဆုံစည်းဖြစ်ကြသည်။

သူသူအိမ် ရောက်တော့ သမီးငယ်ကို ချီထားလျက် ကြိုနေသော သူသူခင်ပွန်း ဦးအောင်ထက်ကို တွေ့လိုက်ရသည်။

"ဆင်းမနေနဲ့တော့. . သွားကြ. . သွားကြ၊ မိုးသိပ်ချုပ်နေမယ်"



www.burmeseclassic.com

www.burmeseclassic.com



သူသူက ကားပေါ်မှ ဆင်းရင်း ဆင်းနှုတ်ဆက်ဟန် ပြင်နေသော မေ့ကို တားမြစ်လိုက်သဖြင့် မေလည်း မဆင်းဖြစ်တော့ဘဲ. .

"ကျွန်မ သွားမယ် ကိုအောင်ထက်၊ ပြန်လာမှပဲ သမီးကြီးကို ဝင်ကြည့်တော့မယ်"

"ရပါတယ်ဗျာ. . . နောက်ဆံမတင်းဘဲ သွားကြပါ"

"ဟုတ်ကဲ့. . . ကလေးကိုသာ ဂရုစိုက်ပါ၊ သွားပြီနော်. . . ဖုန်းဆက်မယ်"

"ဘိုင့်ဘိုင်"

လူလူရင်ထဲ အပျော်နတ်သားလေးတို့ ကခုန်နေလေပြီ။ မမသူ မပါတော့ လွတ်လပ်ပြီ။

မမမေ ဘာတွေပြင်းပြီး ဆင်ခြေတွေ ပေးဦးမှာလဲ။

"မမမေ"

"ဘာတုန်း"

"ထူးပုံကြီးကလည်းဗျာ"

"နှစ်ယောက်ထဲဆိုပြီး အခွင့်အရေးယူမယ်လို့များ မကြံလိုက်နဲ့၊ အနေရပြားလွှာတဲ့ ဓါးသွားပါးပါးလေးတွေ မြနေတာပဲ. . . ဟင်း. . . ဟင်း"

မမမေ ရယ်လိုက်သောအခါ ညီညာသော သွားစွယ်တန်းလေးများက ပုလဲသွယ်တန်းသဖွယ် လင်းလက်ဖွေးဥ တောက်ပြောင်လျက်ရှိလေသည်။

သုံးရက်လ၊ ခုံးမျက်စနှင့် သမင်မျက်လုံး၊ နှာတံစင်းစင်းနှင့်ဆီငုံဖူး နှုတ်ခမ်းလွှာလေးနှင့် ဤအမျိုးသမီးကို သူ စိတ်ဝင်စားသည်။

ပထမဦးဆုံးအချက်က. . .





မန္တလေးကပါဆိုပြီး သူနှင့် အင်တာနက်မှာ အွန်လိုင်းဝင်ရင်း ရင်နှီးသော 'မေ' ဆိုသော VZO မှ အွန်စောပုံပြ 'မေ' ဟု သူ တပ်အပ်ယူဆထားသည်။

ပြီးတော့ မမမေသည် မမသူ သူငယ်ချင်းဖြစ်နေသည့်အတွက် သူ တရင်းတနှီး ခံစားလိုက်ရသည်။

နောက် မမမေသည် အမည်နှင့် လိုက်ဖက်စွာ အလွန်လှသောသူဖြစ်သည်။

အမည်ရင်းက 'မေဘရဏီ' ဖြစ်သည်။

အလှဂုဏ်၊ မျိုးဂုဏ်၊ ပညာဂုဏ်တို့ဖြင့် တကယ့်ကို ပင်မြင့်သဇင်ပန်းမို့ ဆွတ်ချူယူငင်လိုသူတွေ ဝိုင်းဝိုင်းလည်နေသည်။

သို့သော် အချစ်နှင့် ကမ္ဘာ့ရန်သူများဖြစ်ခဲ့လေသလားမသိ၊ မေဘရဏီသည် ယနေ့ထက်တိုင် ရည်းစားတစ်ယောက်မှ မရှိသကဲ့သို့ လက်ထပ်ဖို့လည်း စိတ်ကူးမရှိသေးပါဟု ဆိုထားသူဖြစ်သည်။

မမမေ၏ခြိမ်းခြောက်မှုကို သူက ရယ်မောခြင်းဖြင့် နိဂုံးချုပ်ပေးလိုက်သည်။

"အပျိုကို လူပျိုက ရည်းစားစကားပြောတာ အဆန်းမှမဟုတ်ဘဲ"

"မဆန်းရင်တော့ အကြောင်းမဟုတ်ဘူး၊ ဆန်းပြားလာရင်တော့ တို့လက်က အင်မတန် လက်သွက်တယ် ကောင်လေးရဲ့၊ ဟင်း. . ဟင်း. . ဟင်း"

"ထားပါ. . . မမ အင်တာနက် မထိုင်ဘူးလား"

"နိုး. . . မအားပါဘူး၊ ကိုယ့်အလုပ်နဲ့ကိုယ် ရှုပ်နေတာပဲ၊ ကိုယ်ဖတ်ချင်တာ သိချင်တာရှိရင် အင်တာနက်မှာ ရှာပြီးဖတ်တာကလွဲလို့ မထိုင်မိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



လူလူ မယုံ။ 'မေ' ဆိုတဲ့ဂျီမေးလ်က မမမေကလွဲပြီး ဘယ်သူဖြစ်နိုင်ပါ့မလဲ။ တစ်ခုခုတော့ တစ်ခုခုပါပဲ၊ မမမေနှင့် လွဲချော်နေရသည်။

"မမမေ. ."

"ပြော. ."

"မမမေကို ကျွန်တော်ချစ်တယ်"

လူလူက ရိုးစင်းစွာဖြင့် ပြောချလိုက်သည်။

မေ ရယ်ချင်သွားသည်။ အချစ်ဆိုတာ လွယ်လွယ်ကူကူကြီး ဆိုက်ရောက်လာတတ်သလား။ လွယ်လွယ်ကူကူကြီး ပေါက်ဖွားတတ်သလား။

"တို့လည်း မင်းကို ချစ်သားပဲ၊ သူသူ့မောင်လေးမို့ တို့မောင်လေးလိုပဲပေါ့၊ အဲဒါ ဘာဖြစ်သလဲ"

အပျိုကြီးတွေကို ရည်းစားစကား ပြောရတာလောက် လက်ပေါက်ကပ်တာ ခွတီးခွကျနိုင်တာ ရှိနိုင်ပါ့မလားမသိ။

"မောင်နှမချစ် မဟုတ်ဘူးဗျ၊ ထောင့်ငါးရာအချစ်နဲ့ မမမေကို ချစ်တာ"

"နေပါဦး. . . မင်းက တို့ကို ဘာလုပ်ကျွေးမှာလဲ"

လူလူရင်သို့ ဒိုးကျည်နှင့် အခွင်းခံလိုက်ရသည်။

ဘွဲ့ရပြီး ဟိုသင်တန်းတက်၊ ဒီသင်တန်းတက်၊ ယောင်ခြောက်ဆယ်ဖြစ်နေသော လူလူ အဖွဲ့ခံလိုက်ရပြီ။

"ဟာဗျာ. . . ဒီက လက်ထပ်ဖို့ မတောင်းဆိုသေးဘူး၊ အချစ်ကို အရင်တောင်းခံနေတာ"

"အလိုတော်. . . ဒါဆို ရှင်က ကျွန်မကို ဘဝတစ်သက်တာ လက်တွဲဖို့ ရည်စူးပြီး ချစ်တာမဟုတ်ဘူးပေါ့"





တော်တော်လက်ပေါက်ကပ်တဲ့ အပျိုကြီး၊ စကားကို အထအန ကောက်ကာ ကပ်သီးကပ်ဖဲ့ ပြောတတ်ပါပေဘိ။

"ဟာဗျာ. . ."

"လက်မထပ်သေးဘူး. . . ချစ်သူအဖြစ်ပဲ တွဲကြည့်ဦးမယ်ဆိုတဲ့သဘောပေါ့၊ ဆောရီးပဲ မောင်မင်းကြီးရေ၊ မေဘရဏီတို့က ဝါသနာနဲ့ပဲ ဘဝကို တည်ဆောက်ချင်တယ်၊ အချစ်ရေး အိမ်ထောင်ရေးနဲ့ ဘဝကို လုံးလည်ချာလည်လိုက် တည်ဆောက်သွားမှာ မဟုတ်ဘူး"

"မဟုတ်သေးပါဘူး မမမေရာ၊ ကျွန်တော့်စကားလည်း ဆုံးအောင်နားထောင်ပါဦး"

လူလူ စိတ်ရှည်စွာ သည်းခံပြီး အပျိုကြီးကို နားဝင်နိုင်သော ရွှေနားတော်သွင်း ချစ်တေးများကို ဖြည်းညင်းစွာ တင်သွင်းရလေတော့သည်။

"ကျွန်တော်က မမရဲ့ဘဝရည်မှန်းချက်ကြီးကို ကဖျက်သဖျက် လုပ်မယ့်သူ မဟုတ်ပါဘူး၊ မမရဲ့ဘေးနားက ပါရမီဖြည့်ဖက်အနေနဲ့ မမ ပင်ပန်းလာတဲ့အခါ နားခိုဖို့ ပခုံးလေးသော်လည်းကောင်း၊ ရင်ခွင်လေးသော်လည်းကောင်း အသင့်ဖွင့်ထားပေးမယ်"

"အလဲ့. . . တယ်ဆိုတဲ့စာပါလား"

"အဟက်. . . ပူလောင်တဲ့အခါမှာလည်း ယပ်တောင်လေးတစ်ချောင်းအဖြစ် နေပေးချင်တယ်"

"ဟုတ်ပြီ. . . ဆက်ပြော၊ နားထောင်လို့ကောင်းသားပဲ"

"ဘဝအမောတွေကို လျှောက်လှမ်းရလို့ မောတဲ့အခါမှာလည်း တောင်ဝှေးလေးအဖြစ် ဖေးမလက်တွဲသွားချင်တယ်၊ တစ်ခါတစ်ရံမှာ မမရဲ့သူငယ်ချင်း၊ တစ်ခါတစ်လေတော့ ဘဝကြင်ဖော်၊



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်လေတော့လည်း အိမ်ထောင်ဦးစီးလို၊ ရံဖန်ရံခါတော့လည်း မောင်လေးလို ဖေးဖေးမမနဲ့ မမရဲ့ထံပါးမှာ အရိပ်ကလေးလို တကောက်ကောက် လိုက်နေချင်တယ်၊ အဲဒီ့ဆန္ဒတွေမှန်သမျှဟာ အချစ်ကြောင့် ဖြစ်ပေါ်လာတာ မဟုတ်လား မမ"

"ထင်တာပဲ"

"ထင်တာပဲ မလုပ်နဲ့၊ ဟုတ်ကို ဟုတ်တယ်၊ အချစ်ကြောင့် အရာရာကို ဖန်ဆင်းရှင်အဖြစ်နဲ့ ဖန်တီးပေးချင်တယ်၊ ဒါဟာ အချစ်ရဲ့မမြင်နိုင်တဲ့စွမ်းအားတွေကြောင့်ပဲ"

လူလူသာကျော်က အချစ်တွေကို သူ့ရင်ထဲ ဖြစ်ပေါ်လာသည့်အတိုင်း ဖွင့်ဟလိုက်သည်။

အချစ်ဆိုသောစကား၊ ချစ်တယ်ဆိုသောစကားကို ဖောဖောသီသီ သုံးတတ်သော သူ့အတွက် 'မမမေ' ကို ချစ်ရေးဆိုရတာ အပန်းမကြီးပါ။

ပညာရေးမှ ဆေးပညာလောက၊ ပြီးတော့ ဝါသနာပါရာ အရေပြားအထူးကုဘာသာရပ်ကို ကစိုက်မတ်မတ် ကြိုးစား အားထုတ်ခဲ့သော မေဘရဏီအတွက်ကလည်း 'အချစ်' ဆိုတဲ့ တဆွေကောင်လေး ခြောက်လှန့်နေမှုကို ယခုမှ ခံစားရသည်မို့ ရင်ဝယ် တသိမ့်သိမ့် တထိတ်ထိတ်နှင့်။

"မမကို ကျွန်တော်သိပ်ချစ်တာပါဗျာ၊ မမ ခွင့်ပြုရင် လက်ထပ်ကြမယ်၊ ကျွန်တော် ဒီကပြန်တာနဲ့ အစပျိုးထားတဲ့ ခရီးသွားလုပ်ငန်းကို စတင်လိုက်တော့မယ်၊ မမအတွက် ပြည့်စုံပြီး မှီခိုအားထားလောက်တဲ့ အိမ်ထောင်ဦးစီးကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားသွားမယ်"

"ယုံရမှာလား . . ယုန်မရခင် သံပုရာရှာဆိုသလို တို့





သံပုရာသီး ရှာထားရတော့မှာပေါ့ . . ဟုတ်လား . . ဟင်း . . ဟင်း"

"မမကလည်းဗျာ . . . ထောင်တန်စကား ရယ်ပေ့ါ လုပ်နေပြန်ပြီ၊ ကျွန်တော့်စကားက ထောင့်ငါးရာစကားတွေလေ၊ ထောင်တန်တယ်ဗျ . . ဟတ် . . ဟား . . ဟား"

မမမေလည်း ရယ်သည်။ သူလည်း ရယ်သည်။ ပြင်ဦးလွင်အတက် (၂၁)မိုင်စခန်းအရောက်တွင် အပျိုကြီး မမမေ့ ကြွေလေပြီ။

"မင်းအချစ်ကို တို့ လက်ခံပါတယ်၊ လက်ထပ်ဖို့အရေးကတော့ မင်းကြိုးစားမှုအပေါ်မှာ မူတည်ပြီး တို့မိဘတွေဆီမှာ ကြိုးစားကြည့်လေ၊ မင်း တို့ထက် ခုနစ်နှစ် ငယ်နေတာက ပြဿနာပဲ"

"အချစ်မှာ အချိန်အခါ အသက်အရွယ် ကန့်သတ်ချက် မရှိပါဘူး မမရာ၊ ကျွန်တော်ကြိုးစားပါ့မယ်"

မမမေ၏ဖခင်မှာ ဆရာဝန်တစ်ဦးဖြစ်သည်။ စစ်တွေဆေးရုံအုပ်ကြီးအဖြစ် တာဝန်ထမ်းဆောင်နေဆဲဖြစ်သည်။ စစ်တွေအထိ လိုက်ပြီး သမီးတောင်းရမည့်ကိစ္စက မလွယ်ကူဘူးဟု လူလူသာကျော် စိတ်ထဲက ကောက်ချက်ချလိုက်သည်။ နှုတ်ဖျားကတော့

"မမမေသာ ခွင့်ပြုရင် ဖေဖေမေမေတို့ကို အမြန်လာဖို့ ခေါ်ပြီး စေ့စပ်ကြောင်းလမ်းမယ်လေဗျာ၊ ဒါမှမဟုတ် ဘွားဘွားနဲ့ ဘင် ပြီးရင်လည်း ရတယ်"

မန္တလေးဇာတိမြေ၌ ရှိနေသော လူလူသာကျော်၏အဘွားဒေါ်ခင်ခင်ကျော်က မြေးအနှစ်ဖြစ်သော လူလူသာကျော်ကို အသည်းစွဲ ဖြစ်သည့်အားလျော်စွာပင် မြေးကို အမြန်အိမ်ထောင်ပြုပြီး သားသမီးတွေနှင့် အခြေတကျဖြစ်တာ မြင်ချင်လှလေပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းအချစ်ကို မမ လက်ခံတယ်၊ ဒါပေမယ့် မမ ကိုယ့်ကိုယ်ကို ပြန်မေးကြည့်ဦးမယ်၊ မင်းကို ဘယ်အတိုင်းအတာအထိ ချစ်နိုင်သလဲဆိုတာ၊ မမ ချစ်နိုင်ပြီဆိုမှ မင်းကို လက်ထပ်ခွင့်ပြုမယ်"

"ကောင်းပြီလေ. . . မမသာ ကတိတည်ပါစေ"


"ကောက်ညှင်းကမစေး ဆန်ကြမ်းက စေးရတယ်ရယ်လို့၊ ကျွန်မတို့မိန်းမသားတွေ ပြောဖို့စကားများ ချန်ထားပါဦး"

အသက်အရွယ် ကွာခြားနေခြင်းက မေဘရဏီကို တွေဝေခြင်း လမ်းပေါ် ပို့ပေးလိုက်သည့်နှယ် ဖြစ်နေခြင်းဖြစ်သည်။

အမှန်တကယ်တော့ ရုပ်ချော ဥစ္စာပေါ ကောင်လေးကို သူ စိတ်ဝင်စားစွာ ရင်ခုန်မိခြင်းက သူ့အပြစ်တော့ ဟုတ်မည်မထင်ပါ။







## အခန်း(၃)

လူလူ နန်းမြိုင်လမ်းရှိ မေဘရဏီတို့ခြံသို့ ဆိုက်ရောက်လာသည်။ ခြံစောင့်ဖြစ်ဟန်တူသော (၁၂)နှစ်အရွယ်ကောင်လေးက ခြံတံခါး လာဖွင့်ပေးသည်။

အသက်(၅၀)အရွယ် အမျိုးသမီးကြီးက အိမ်တံခါးဖွင့်ကာ ပေါ်တီကိုအောက်၌ ကြိုဆိုနေသည်။

ခြံစောင့်ကောင်လေးက ကားပေါ်မှ ပစ္စည်းများကို အိမ်ထဲသို့ ထည့်ပေးခဲ့ပြီး ခြံထဲသို့ ဆင်းသွားသည်။ နောက်ဖေးဘက်



www.burmeseclassic.com

www.burmeseclassic.com



ခြံစောင့်အိမ်လေး ရှိရာသို့ ပြန်သွားဟန်ပြင်တော့. . .

"မောင်နီရေ"

"ဗျာ. . . မမကြီး"

"ကားရေဆေးပေးထားဦး. . ရော့ရော့. . မုန့်နဲ့ ဟင်းတွေ ယူသွားလိုက်ဦး၊ မနက်ဖြန်မှ အဝတ်တွေနဲ့ စာအုပ်တွေ ပေးတော့မယ်"

မောင်နီ မျက်နှာဝင်းပသွားလေတော့သည်။

မောင်နီထွက်သွားတော့. . ။

"ခြံစောင့် ဂေါ်ရခါးမိသားစုလေး ရှိးသားကြတယ်၊ ခြံထဲလည်း ပန်းတွေအတွက် မာလီပေါ့၊ စိုက်ခင်းလေးတွေကတော့ စိုက်ရောင်းပြီး သူတို့အတွက် မုန့်ဖိုးပဲဖိုး ရကြပေါ့"

မေဘရဏီက မောင်နီကို မေးငေါ့ပြီး သူ့အား ရှင်းပြလိုက်သည်။ နောက် တဆက်တည်း မျက်နှာလေးထောင့်စပ်စပ်နှင့် အသားဖြူသောအမျိုးသမီးကြီးနှင့် သူ့အား မိတ်ဆက်ပေးလေသည်။

"ဒေါ်စိန်စိန်တဲ့. . . မမတို့အဒေါ်နှစ်ဝမ်းကွဲ တော်တယ်၊ ဒေါ်ဒေါ်. . . ဒါ ကျွန်မဧည့်သည်လေ၊ လူလူတဲ့"

"ဧည့်သည်က နှစ်ယောက်ဆိုကွယ်"

"တစ်ယောက်က အရေးပေါ်ကိစ္စ ပေါ်လာလို့ ကျန်ရစ်ခဲ့တယ်၊ လူလူကို အပေါ်ထပ် ဘုရားခန်းနားက အခန်းမှာ ပေးထားလိုက်နော် ဒေါ်ဒေါ်"

"အေး. . . အေး"

ပြင်ဦးလွင်၏အေးမြသောရာသီဥတုက နွေရာသီပင် ဖြစ်သော်ငြားလည်း Aircon မလို စိမ့်သိမ့်သိမ့်လေးနှင့် အလွန်နေထိုင်၍





ကောင်းသော ရာသီဥတုဖြစ်သည်။ ဒါကြောင့် ထင်ပါသည်။ သူ့မိဘများက သူတို့ သက်ကြီးရွယ်အိုဘဝ နေဝင်ဆည်းဆာကို ပြင်ဦးလွင်၌သာ အခြေချ နေထိုင်သွားရန် ဆုံးဖြတ်ချက်ချပြီး သူ့အား အိမ်ဝယ်ခိုင်းလိုက်ခြင်းဖြစ်သည်။

"ခဏနားလိုက်ဦး လူလူ၊ ရေချိုးချင်ရင်လည်း ချိုးလိုက်၊ ရေပူရေအေး ရှိတယ်၊ ပြီးတော့မှ ညလယ်စာ စားပြီး အိပ်လိုက်ပေါ့"

"ကောင်းပါပြီ မမမေ"

လူလူ့အတွက် May ဂေဟာခြံသို့ ရောက်ရှိလာခြင်းသည် နတ်ဘုံနတ်နန်းဟုပင် ထင်မှတ်ယူကာ ပျော်ရွှင်နေမိသည်။

'May' ဆိုတဲ့ အင်တာနက်ပေါ်က မိန်းကလေး သူငယ်ချင်းဟာ မေဘရဏီကလွဲပြီး အခြားမဖြစ်နိုင်၊ လျှို့ဝှက်မှုနိုင်လေလေ၊ သူက တွေ့ချင်မှု များလေလေဖြစ်သည်။

လူလူ အားလပ်ချိန် တော်တော်များများကို အင်တာနက်ထိုင်ခြင်းဖြင့် ဖြုန်းတီးပစ်ခဲ့မိသည်။

ဘွားဘွားနှင့်မမကလည်း သူတို့လုပ်ငန်းနှင့်သူတို့ ရှုပ်ထွေးနေကြသည်။

ဖေဖေနှင့်မေမေကလည်း အမေရိကား၌ အလုပ်သွားလုပ်ကြပြီး ရသမျှ စုဆောင်းပြီး မြန်မာပြည်၌ အခြေပြန်ချမည်။ လှူတန်းမည်၊ အိုနာစာအတွက် ထားမည်။ နောက်(၄-၅)နှစ်နေလျှင် မြန်မာပြည်ကို အပြီးပြန်လာကြတော့မည်တဲ့။

ယောင်ခြောက်ဆယ် ဖြစ်နေသော သူ့ကို ကိုယ်ပိုင် လုပ်ငန်းတစ်ခု တည်ထောင်ရန် အရင်းအနှီး ထုတ်ပေးထားသည်။

"ဝါသနာ ပါရမယ်၊ စိတ်ဝင်စားပြီး အမြင်လည်း ရှိရမယ်၊ လုပ်ငန်းကို ကိုယ်တိုင်ဦးစီးနိုင်ပြီဆိုလျှင် ထလုပ်တော့၊ မင်းအသက်



www.burmeseclassic.com

www.burmeseclassic.com



မငယ်တော့ဘူး”

ဒါ ဖခင်၏ အမြဲတမ်း တွန်းအားပေးနေသောစကား ဖြစ်သည်။

မိခင်ကတော့. . .

“သားကျွေးမှု မယားကျွေးမှုအတွက် မင်းအလုပ်လုပ်တော့ သားရေ၊ ရည်းစားတွေပဲ လျှောက်ထားပြီး အချိန်ဖြုန်းမနေနဲ့၊ ဇနီးကောင်း မိခင်ကောင်း ရှာတော့”

ဟုလည်း တိုက်တွန်းနေသည်။

ထိုတွန်းအားကြောင့် သူ အင်တာနက် ထိုင်ရင်း ရည်းစားထားလိုက်တာ တစ်ယောက်ပြီးတစ်ယောက်၊ အင်တာနက်ပေါ်က ဓါတ်ပုံများကတော့ အပျံစား လှကြသည်။ ခေတ်မှီကွန်ပျူတာနည်းစနစ်တွေက မယ်ကုဝဏ်ကိုတောင် ပပဝတီအဖြစ် ဖန်ဆင်းပေးနိုင်စွမ်း ရှိသည်ကိုး။

ဒါနဲ့ အပြင်မှာ လူအရှင်လတ်လတ် တွေ့ကြည့် ချိန်းကြည့်တော့ သူ့စိတ်ကြိုက် အလှလေးတွေ မဟုတ်။

သူသည် အဖေတူသားဖြစ်၍လား မသိ။ အလှအပ အင်မတန် မြတ်နိုးတွယ်တာသည်။ မိန်းမယူရင်တောင် မြင်သူ သမင်လည်ပြန် ငေးလောက်သည့် အလှစား၊ အချောစား၊ ခေတ်စကား အရ အလန်းစားမှ လိုချင်သည်။

ထို့ကြောင့် အင်တာနက်ပေါ်မှ ရည်စားများကို လူအရှင်လတ်လတ် တွေ့ကြည့်သည်။ ဓါတုဗေဒ အလှပြင်ပစ္စည်းတွေကြောင့် လှပနေသည် မှန်သော်လည်း ဒါက နည်းနည်းဖြေတွေးနှင့် ခွင့်လွှတ်လို့ရသည်။ အရေပြားအထူးကုတွေနဲ့ မျက်နှာပြင်ကို အလှဆင်လို့ ရသည်။





ခက်နေသည်က အင်တာနက်ပေါ်မှ သူ့ရည်းစားများသည် ပါတီတက်သည်၊ နိုက်ကလပ် သွားသည်ဆိုတော့ သူတောင် လက်လန်ကာ နောက်ကောက်ကျပြီး ရှူးချင်ဟန်ဆောင်ကာ အင်တာနက်ပေါ်မှ ရည်းစားများကို အပြတ်ဖြတ်ခဲ့ပြီး ရှောင်ကွန်နရီ (ရှောင်တိမ်း) လုပ်ခဲ့သည်။

နောက်ဆုံး အဖွားရင်ခွင်၌ နားခိုကာ အဖွားကိုပဲ ညာစားညာတုတ်ပြီး ကလေးလိုပဲ လုပ်နေစဉ် မန္တလေးသားနှင့် အိမ်ထောင်ကျပြီး မန္တလေး၌ပင် အခြေချ နေထိုင်သော မမသူသူသာကျော်၏ သူငယ်ချင်း မမမေဘရဏီနှင့် တွေ့ဆုံခွင့် ရခဲ့သည်။

မမမေဘရဏီသည် သူ အရှင်လတ်လတ် တွေ့ခွင့်မရသေးသော အွန်စောဓါတ်ပုံသာ ပို့ထားသည်။ အီးမေးလ်ပိုင်ရှင် ‘မေ’ ဖြစ်ဖို့များသည်ဟု သံသယ ရှိခဲ့သည်။ သို့သော် သူ တပ်အပ်သေချာမစွပ်စွဲရဲသေးပေ။

မည်သို့ဆိုစေကာမူ မမမေကို သူစိတ်ဝင်စားသည်။ မမမေက လှသည်ကိုး။ သူက အလှကြိုက်သည်။

မမမေသည် သူဝါသနာပါသောအလုပ်ကို အောင်မြင်အောင် ကြိုးစားနေသည့် ထူးချွန်သော အရေပြားအထူးကုဆရာဝန်တစ်ဦး ဖြစ်သည့်အားလျော်စွာ နားနေချိန်၊ အားနေချိန် မရှိ၊ Website တင်ထားသော ဆောင်းပါးများဖတ်၊ နိုင်ငံတကာ နည်းပညာများကို ရှာဖွေကာ ထာဝရ ကျောင်းသားသဖွယ်ဖြစ်နေသော သမားတော် ပေါက်စမလေးဖြစ်သည်။

“ဒေါက်. . . ဒေါက်”

လူလူ၏အတွေးတို့ ပြတ်တောက်သွားသည်။ တံခါးခေါက်သံကြောင့် တံခါးထဖွင့်ပေးလိုက်သည်။ ဒေါ်စိန်စိန်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"လူလေး. . . ညလယ်စာ စားရအောင်တဲ့၊ မေက ခေါ်ခိုင်းလိုက်တယ်"

"ဟုတ်ကဲ့. . ဟုတ်ကဲ့. . ကျွန်တော် အခုပဲ ဆင်းလာပါ့မယ်"

နွေရာသီမို့ စွပ်ကျယ်လက်ပြတ်သာ ဝတ်ထားသော သူ့အတွက် ချမ်းစိမ့်စိမ့် ရာသီဥတု ဖြစ်နေသော ပြင်ဦးလွင်၏ ရာသီဥတုကြောင့် စွပ်ကျယ်ပေါ် တီရှပ်လက်ရှည်တစ်ထည် ကောက်စွပ်လိုက်သည်။

နွေးသွားသည်။

ချစ်စရာကောင်းသော ရာသီဥတုလေး ရှိသည့် ဤမြို့လေးကို သူချစ်သွားလေပြီ။ ဖေဖေတို့မေမေတို့ ရွေးချယ်တာ မှန်ကန်လေပြီ။ သူ အခန်းထဲမှ ထွက်ခဲ့သည်။

ကျောထဲ စိမ့်တက်သွားသည်။ သူ့မျက်လုံး ဟိုဟိုဒီဒီကစားလိုက်သည်။ အခန်းတွေ အများကြီးပဲ။

သူ့နောက်ကျောမလုံသလို ခံစားလိုက်ရသည်။ သူ့အား မျက်ဝန်းနက်တစ်စုံ စိုက်ကြည့်နေသလို ခံစားရသည်။

သူ့အခန်းကလွဲပြီး ကျန်အခန်းတွေ မီးဖွင့်မထားသဖြင့် လူရှိမနေဘူးဟု မှတ်ယူထားသည်။

မျက်ဝန်းတစ်စုံ သူ့အား လိုက်လံချောင်းမြောင်းနေသလို ခံစားရသောအာရုံကို ဖျောက်ဖျက်ပြီး အောက်ထပ်ဆင်းခဲ့လေသည်။

မမမေကကော အပေါ်ထပ်မှာ အိပ်သလား၊ အောက်ထပ်အိပ်ခန်းမှာပဲ အိပ်သလား သူမေး၍မကောင်းသဖြင့် မမေးတော့ဘဲ

"လာ. . . လူလူ၊ ညလယ်စာ စားပြီးတော့မှ တစ်ချိုးထဲ





အိပ်တော့၊ မနက်စောစော ထဖို့မလိုဘူးနော်၊ တို့က စာဖတ်ဦးမှာ၊ ညဥ့်နက်မှ အိပ်မှာဆိုတော့ မင်းကို အစောကြီး လိုက်ပို့နိုင်မှာမဟုတ်ဘူး"

"ရပါတယ်. . . မမမေ နိုးလာမှ သွားကြတာပေါ့"

"အိုကေ. . . နွားနို့စစ်စစ်ကလေးသောက်၊ မလိုင်နံ့ပြားဒီမှာက အရမ်းကောင်းတာ"

"အဆီအဆိမ့်တွေ တက်ပြီး ဝလာတော့မှာပဲ"

"တစ်ရက်တည်းနဲ့ ဝမယ်ဆိုရင် ဝစမ်းပါစေကွာ"

"မမမေ ဒီမှာကော ဖုန်းလိုင်းရှိသလား"

"ရှိတယ်လေ. . . အင်တာနက်တောင် ချိတ်ထားသေး"

လူလူရင်ထဲ ဒိန်းကနဲမြည်ဟီးသွားသည်။ 'မေ' ဟာ မမမေဖြစ်ဖို့များသည်။

ဘာဖြစ်၍များ မျက်နှာမပျက် ခပ်ပေ့ါပေ့ါပင် ပြောဆိုနေနိုင်ပါလိမ့်။ ထူးတော့ ထူးသည်။

"မမမေ သုံးတာလား"

"ဟင့်အင်း. . . တို့က မန္တလေးမှာ အနေများတာ၊ တို့ညီမလေး သုံးတာ"

"သူကော အခုရှိလား"

"ရှိ. . အဲ. . မရှိဘူး၊ ရန်ကုန်မှာ၊ ကဲ. . နံပြားလေး ပူတုန်းစားလိုက်ဦး"

စကားစ ပြတ်သွားသည်။ ဘယ်လိုပါလိမ့်။ မမမေဟာ သူနှင့် အင်တာနက်ပေါ်မှာ အီစီကလီဖြစ်နေသော 'မေ' ခေါ်အွန်စောမဟုတ်ဘူးလား။

ဟုတ်ခဲ့ရင် 'လူလူ' ခေါ် 'ဂျွန်စော' ဆိုတာ သူမှန်း မမမေ



www.burmeseclassic.com

www.burmeseclassic.com



သိနေမှာပါ။

ဘာကြောင့် လျှို့ဝှက်ထားချင်တာလဲ။ အပျိုကြီးပီပီ ရှက်လို့လား။ ဒါမှမဟုတ် ဘွဲ့တစ်ခုနှင့် သင်တန်းဆင်းလက်မှတ်တွေသာ ပိုက်ထားပြီး မိဘဂုဏ် ဆွေမျိုးဂုဏ်သာ ရှိသော သူ့အား လေ့လာအကဲခတ်နေတာလား။

"လူလူ"

"ဗျာ. ."

"မင်း ဘာစဉ်းစားနေတာလဲ"

"ဘာမှမဟုတ်ဘူး"

"ဘာမှမဟုတ်ရင်လည်း ကိုယ့်ဟာသာကိုယ် ဆက်စားတော့၊ တို့တော့ ဝပြီ၊ သွားနားတော့မယ်. . . ဂွတ်နိုက်"

ပြောပြောဆိုဆို စားပွဲမှ ထွက်သွားသော မမမေကို တားဆီးရန် သူ့နှုတ်လေးလံခဲ့သည်။ ဒေါ်စိန်ကလည်း ရှိနေသည်ကိုး။

ခုနေမှာ သူလိုချင်နေသည်က မမမေ၏အချစ် ဖြစ်သည်။

သို့သော် အဖက်ဖက်က ပြည့်စုံပြီး တော်လွန်းသော မိန်းမတစ်ယောက်ကို အလုပ်အကိုင် မရှိသေးသော သူ့အနေနှင့် ဇွတ်တစ်ဖက်သတ်ကြီး တွယ်ကပ်မနေချင်။ သူ့အချစ်ကို အရောင်ဆိုးမခံနိုင်။

သူ မမမေကို ချစ်တာ သန့်သန့်လေးဟု သူ့အချစ်ကို အာမခံရဲသည်။

"လူလေးကကော ဆရာဝန်လား"

"မဟုတ်ပါဘူး. . . ဆရာဝန်ရဲ့မောင်ပါ"

"ဩော်. ."

ဒေါ်စိန်၏မေးခွန်းကို ဖြေပြီး ရှက်ရွံ့သလို ခံစားလိုက်ရ





သည်။

တော်သေးသည်။ ဒေါ်စိန်က ဘာမှထပ်မမေးသဖြင့်. . .

ချစ်မိသူနှင့် လိုက်ဖက်ညီဖို့ သူ့ဘက်မှ အများကြီး ပြင်ဆင်ဖို့ လိုလေပြီ။

ချစ်သူက ကိုယ့်ထက် အသက်က (၇)နှစ်ကြီးများတောင်ကြီးသကိုး။ ချစ်သူ့နာမည်နောက်က ကပ်ပါလာသော ဘွဲ့ထူးဂုဏ်ထူးတွေ အမြီးတန်းကလည်း တော်တော်ရှည်သည်ကိုး။

လူလူ သက်ပြင်းလေး တိတ်တခိုး ချလိုက်လေသည်။

"ကျွန်တော် သွားအိပ်တော့မယ် ဒေါ်ဒေါ်"

"အေး. . . အေး"

သူ အပေါ်ထပ်သို့ တက်ခဲ့သည်။

အပေါ်ထပ်သို့ ရောက်သည်နှင့် ကျောပြင်မလုံသလို ခံစားလိုက်ရသည်။ သူ့နောက်ကျောပြင်ကို တစ်စုံတစ်ယောက်က စိုက်ကြည့်နေသလို ခံစားလိုက်ရသည်။

နောက်သို့ လှည့်ကြည့်လိုက်သည်။

အလှဆင် လိုက်ကာပုတီးစေ့လေးတွေက လှိုင်းတွန့်သလို လှုပ်ရှားလျက်ရှိလေသည်။

ဝရန်တာတို့ ပြတင်းပေါက်တို့မှ တိုးဝှေ့လာသော လေပြည်လေညင်းတို့ကြောင့်ဖြစ်မည်။

လူလူ အိပ်ခန်းထဲသို့သာ ဝင်လိုက်ပြီး လော့ခ်ချလိုက်သည်။

မနက်မိုးလင်းလာမှပဲ တစ်အိမ်လုံးအနှံ့ လိုက်ကြည့်လိုက်တော့မည်ဟု စိတ်ထဲ ဒုံးဒုံးချကာ အိပ်ယာပေါ်သို့ ပစ်လှဲချလိုက်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့လုံး သွားလာလှုပ်ရှားခဲ့သမျှတို့ကြောင့် ညောင်းညာမှုတို့သည် မွေ့ယာနှင့်ကျောပြင် ထိလိုက်သည်နှင့် အိပ်စက်ခြင်းသို့ ကူးပြောင်းသွားလေတော့သည်။







## အခန်း(၄)

မယ့်ရင်တွေ တဒိန်းဒိန်း တဒိုင်းဒိုင်း တဒုန်းဒုန်း ဆူညံစွာ လှုပ်ရှားနေသည်။

လူလူ့ကို အမှောင်ထဲကနေ လိုက်လံချောင်းမြောင်းကြည့်ရင်း သူ့ရင်တွေ သိပ်လှုပ်ရှားနေခဲ့သည်။

ယောက်ျားပီသပြီး ချောမောလိုက်တဲ့ လူလူရယ်၊ ဘယ်လို မှုထောင့်ကပဲကြည့်ကြည့် စွဲမက်စရာကောင်းလွန်းလှသည်။

လူလူအိပ်ခန်းက ညလင်းမီးပြောင်းသွားသည်။ အိပ်သွား



www.burmeseclassic.com

www.burmeseclassic.com



ပြီပေါ့။

ထိုအခါမှ မယ် အသက်ဝဝ ရှူမိတော့သည်။ အောက်ထပ်သို့ ခြေဖျားကို ဖွဖွကလေး ထောက်ကာ မယ် ဆင်းခဲ့လေသည်။

မဆင်းလို့က မဖြစ်။ ကိုယ့်မမအကြောင်း ကိုယ်ပဲ သိသည်။ စာအုပ်နဲ့မျက်နှာ ကပ်ထားလို့ကတော့ တစ်လောကလုံးကို မေ့နေတတ်သူဖြစ်သည်။

ထင်သည့်အတိုင်း စာအုပ်တစ်အုပ်ကို သဲကြီးမဲကြီး ဖတ်နေသည်မှာ သူဝင်လာသည်ကိုပင် မမြင်အောင် ဖြစ်နေသည်။

"မမ"

"အင်. . ဩော်. . ညလေး"

မမအား ဝင်ထိုင်လိုက်မှ မမထံမှ အသံထွက်လာသည်။ စာအုပ်ကို ဖယ်လိုက်ပြီး. . .

"မမ တအောင့်နေမှ အပေါ်တက်လာမလို့၊ ဧည့်သည်အိပ်သွားပြီ ထင်တယ်"

"အင်း. . . ဒါကြောင့် ညလေး ဆင်းလာတာ"

မေဘရဏီသည် ညီမဖြစ်သူ နတ်မိမယ်၏မျက်နှာလေးကို ကြည့်ပြီး စိတ်ထဲ ထိရှစွာ ခံစားလိုက်ရသည်။

ဘယ်ဘက်ပါးပြင်မှာ အစင်းလိုက် အမာရွတ်ကြီးက ညီမ၏လှပသောမျက်နှာလေးကို အကျည်းတန်နေစေသည်။

ခက်တာက မိမိလက်ကို မိမိမယုံကြည်သေး။ သူစိမ်းလူနာများ၏မျက်နှာပြင်ကိုတော့ ရဲရဲဝံ့ဝံ့ ခွဲစိတ်ကုသရဲပေမယ့် ညီမရင်း၏မျက်နှာပြင်ကို ခွဲစိတ်ဖို့ သူ့လက်ကို သူ မယုံကြည် ဖြစ်နေသည်။

နိုင်ငံခြားမှာ ခွဲစိတ်ဖို့ ပြောတော့လည်း ညီမလေးက ခေါင်းမာစွာနှင့် ငြင်းဆန်သည်။





နိုင်ငံခြားမှ သူနှင့် ရင်းနှီးပြီး ခွဲစိတ်တာ အရမ်းတော်သော မိမိ၏ဆီနီယာလည်းဖြစ်သော သမားတော်ကို လှမ်းဖိတ်ခေါ်ပြီး ညီမလေးအမာရွတ်ကို ခွဲစိတ်ကာ ဖျောက်ဖျက်ပစ်မှပဲဟု တဒင်္ဂအတွင်း စိတ်ကူးရလိုက်သည်။

"မမဧည့်သည်က မမနဲ့ ဘယ်လိုပတ်သက်တာလဲ"

ညီမလေး မေးမည်ဆိုလည်း မေးထိုက်ပါသည်။ အရွယ်ချင်းကလည်း ကွာနေသည်ကိုး။

"မမသူငယ်ချင်းမောင်လေးလေ. . . အိမ်လာရှာတာ၊ မမသူငယ်ချင်းလည်း လိုက်လာဖို့ပဲ၊ သူ့သမီး ဝမ်းသွားနေလို့ ကျန်ခဲ့တာ"

"ဩော်. . "

"ညီမလေး အတွေ့မခံချင်ဘူး ထင်လို့ မမ မိတ်မဆက်ပေးတော့ဘူး၊ မရှိဘူးပဲ လုပ်ထားတယ်"

"ကောင်းပါတယ် မမ"

"ညီမလေးမျက်နှာကို ဒီနှစ်အတွင်း ရအောင် မမ ပြုပြင်ပေးမယ်နော်"

နတ်မိမယ်၏မျက်လုံးလေးများ တောက်ပသွားလေသည်။

"တကယ်လား မမ"

"တကယ်ပေါ့"

"မမကိုယ်တိုင်လား"

"အင်း. . "

မေဘရဏီ ချော့လဲရောထိုင်ကာ 'အင်း' လိုက်သည်။ ဒါမှလည်း 'မမ ခွဲပေးမှ ညီမလေး လက်ခံမယ်' ဟု နတ်မိမယ်က ဆုံးဖြတ်ထားသည်ကိုး။



www.burmeseclassic.com

www.burmeseclassic.com



"ဒီအတိုင်းကြီး အိမ်ထဲမှာပဲ နေရတာ မပျင်းဘူးလား ညလေးရယ်"

"ပျင်းဖို့ အချိန်တောင် မရပါဘူး၊ ညလေး ပန်းပင်တွေ စိုက်တယ်၊ လိပ်ပြာလေးတွေနဲ့ ဆော့တယ်၊ သီချင်းနားထောင်တယ် ဆိုတယ်၊ အင်တာနက် ထိုင်တယ်လေ၊ ပြီးတော့ ဂိမ်းဆော့တယ်၊ တစ်နေ့တစ်နေ့ အချိန်တွေ ဘယ်လိုကုန်သွားမှန်းတောင် မသိပါဘူး"

မေဘရဏီ ညီမဖြစ်သူ၏ရှေ့တစ်ဝက်ဖုံးချထားသော ဆံနွယ်ကို သပ်လိုက်သည်။ ပါးပြင်ပေါ်မှ အမာရွတ်ကို ကြည့်ကာ ရင်တွင်း ဆို့နင့်လာသည်။

ဦးစားပေး တစ်အနေနှင့် ညလေးအမာရွတ် ခွဲစိတ်ပြုပြင် ရန်ဟု သူ့မန်မိုရီအတွင်းသို့ သွင်းကာ မှတ်လိုက်လေတော့သည်။

"မမ ဘယ်နှစ်ည အိပ်မှာလဲဟင်"

"တစ်ညပဲ. . . မနက်ဖြန်ညဘက် ပြန်ဆင်းမယ်၊ ဆေးခန်း ထိုင်ရဦးမယ်"

"ဟင်. . . နောက်နေ့မှ အစောကြီး ထဆင်းပါလားလို့၊ ဆေးခန်းမှီတာပဲဟာ"

မေဘရဏီက ချက်ချင်းပင် ခေါင်းညိတ်လိုက်သည်။

ချို့ယွင်းချက်၊ အားနည်းချက်နှင့် လောကကြီးမှာ နေနေရ ရှာသော ညီမလေး၏စိတ်ဆန္ဒ မှန်သမျှကို လိုက်လျောတတ်သည် မှာ သူ့စေတနာသက်သက်ပင်။

"အင်း. . . ဒါဖြင့်လည်း တစ်ညထပ်နေမယ်လေ"

"မမ ညလေးနဲ့ လာအိပ်မှာလား"

"အိပ်မှာပေါ့. . . ဒီစာအုပ် ဖတ်ပြီးသွားရင် တက်လာမလို့"





"မတက်နဲ့တော့. . . မမ ဆက်ဖတ်၊ ညလေး ဒီမှာပဲ အိပ်တော့မယ်"

နတ်မိမယ်က သူ့နံဘေးမှာ ခွေခွေကလေး အိပ်လိုက်သည်နှင့် မေဘရဏီက ဂွမ်းစောင်ကလေးကို ခြေရင်းမှ ဆွဲယူကာ ခြုံပေးပြီးမှ စာအုပ်ကို ဆက်ဖတ်လိုက်လေသည်။

မကြာခင် နတ်မိမယ် အိပ်ပျော်သွားလေသည်။

မေဘရဏီလည်း ဆောင်းပါးတစ်ပုဒ် အပြီးဖတ်ပြီးမှ စာကြည့်မီးကို ပိတ်ကာ ညီမနား လဲလျောင်းချလိုက်သည်နှင့် အိပ်ပျော်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၅)

လူလူ့အနေဖြင့် နောက်ကျောမလုံသလို ခံစားနေရသည့် အဖြစ်ကို မမမေအား မပြောပြချင်။

“ကျွန်တော့်နောက်ကို လူတစ်ယောက် လိုက်ကြည့်နေသလို ပဲ ကျောချမ်းတယ်”

ဟု ပြောလိုက်လျှင် ယောက်ျားမပီသရာ၊ သူ့ရဲဘောကြောင် ရာကျမည်။

အိမ်မှာ ခွေး၊ ကြောင် မွေးထားသည်လည်း မတွေ့ရချေ။





“မမမေတို့အိမ်က ဝယ်ထားတာလား၊ ကိုယ့်ဖာသာကိုယ် ဆောက်ထားတာလား”

“ဘာလဲ. . . ရှေးကျတဲ့ပုံစံမို့လို့လား၊ အင်း. . . ရှေးအိမ် ပုံစံကို သဘောကျလို့ကို တမင်ဝယ်ထားပြီး ရှေးလက်ရာကို မွမ်းမံ ထားတာ၊ မာစတာဘက်ရွမ်းတို့ဘာတို့ကတော့ ထပ်ပြုပြင်ထားတာ လေ. . . ဘာဖြစ်လို့လဲ”

“ဩော်. . . စိတ်ထဲ အဲဒီလိုပဲ ထင်လို့ မေးကြည့်တာ၊ အပြင်ဘက်က ကြည့်တော့ ရှေးဥရောပ ပုံစံဆန်တယ်၊ အတွင်းကကျ တော့ မော်ဒန်နိုက်စ်ဖြစ်နေတယ်”

ရှေးအိမ်ဆိုတော့လည်း ဘာဘာညာညာကောင်တွေ ရှိနိုင် သည်ဟု သူ တွက်ဆလိုက်ပြီး မေ့မေ့ပျောက်ပျောက် ထားလိုက် သည်။ အိမ်အပြင်ထွက်နေသည်ကလည်း ပါသည်ကိုး။

နံနက်စောစောဆိုတာတောင် ရှစ်နာရီခွဲလောက်မှ အိမ်က ထွက်ဖြစ်သည်။ ချိန်းဆိုထားသောအိမ်တွေကို အရင်သွားမကြည့်မီ ပြည်တော်ချစ်ဘုရားကို အရင်သွားဖူးလိုက်ကြသည်။

ထိုမှ ထွက်လာပြီးမှ သစ်တောလမ်းအိမ်၊ မြို့ပတ်လမ်း၊ လားရှိုးလမ်း၊ ညံတောရပ်အနှံ့ ကြည့်ရာမှ နန်းမြိုင်လမ်းသို့ ပြန် ရောက်လာသည်။

“အနီးစခန်းမှာ မြေကွက်သစ်တွေ ချပေးနေတယ်၊ အဲဒီမှာ သွားဝယ်ရင်ကော လူလူ”

“ဟင့်အင်း. . . ကျွန်တော်က မမမေတို့လိုပဲ ရှေးခေတ် အိမ်ပုံစံဟောင်းကို လိုချင်တာ၊ ဘိုးဘွားပိုင် ဂရံမြေကျယ်ကျယ်လေး လိုချင်တယ်”

“အင်းလေ. . . ရှာကြည့်ကြသေးတာပေါ့၊ ဂေါက်ကွင်း



www.burmeseclassic.com

www.burmeseclassic.com



လမ်းဘက်မှာ ရှိနိုင်သေးတယ်၊ အိမ်မှာ ထမင်းပြန်စားပြီး ခဏနား လိုက်မယ်"

"မမသဘောပါ. . . ကျွန်တော်ကတော့ မနားချင်ဘူး၊ တဆက်တည်း လိုက်ကြည့်ချင်တယ်"

"ဖြည်းဖြည်းကြည့်. . . နောက်နေ့တွေ မမ မပါလည်း မင်း မမမေတို့အိမ်မှာပဲ တည်းပြီး လိုက်ကြည့်လည်း ရတယ်နော်၊ ဒေါ်ဒေါ်စိန်တစ်ယောက်တည်း ပျင်းနေမှာ၊ ဧည့်သည်လာရင် သူလည်း ပျော်တယ်"

"ဒေါ်စိန်စိန်က တစ်ယောက်တည်း နေရတာ မပျင်းဘူးလား"

"သူက တရားသမားလေ၊ တစ်ယောက်တည်း နေတော့ တရား၊ နှစ်ယောက်နေတော့ စကား၊ သုံးယောက်နေတော့ အငြင်းပွားတဲ့၊ အဲဒီစကားကို ဒေါ်ဒေါ်က လက်ကိုင်ထားပြီး ဥပုသ်နေ့ဆို မိုးကုတ်ရိပ်သာမှာ တရားသွားအားထုတ်ရင်း ဥပုသ်စောင့်တယ်၊ ကျန်ရက်တွေ အိမ်မှာပဲ တရားထိုင်၊ တရားခွေနားနဲ့ သူ့ဖာသာသူ ငြိမ်းချမ်းနေတာလေ၊ မန္တလေးကို ခေါ်လို့ကို မရဘူး"

မေဘရဏီက တစ်ကွက်ချန် ရှင်းပြလိုက်သည်။

အမှန်စင်စစ် ဒေါ်ဒေါ်စိန်၏အသည်းကျော်မှာ 'မယ်' ဖြစ်သည်။ မယ်က ပြင်ဦးလွင်မှာ နေသည်။ သူက မယ်ရှိရာ၌ လိုက်နေသည်။ နောက်ပိုင်းတော့လည်း မယ် မန္တလေး ဆင်းရင်တောင် သူလိုက်မဆင်းတော့။ တကယ်ပဲ မယ့်ကိုပါ သံယောဇဉ် ဖြတ်ထားလေသည်။

"မယ်တစ်ယောက်တည်း ဖြစ်နေလို့ အစ်ကိုတို့အစ်မတို့ (မေနှင့်မယ်၏မိဘများကို ဆိုလိုသည်)သာ ပြင်ဦးလွင်ကို အခြေ





လာချရင် ဒေါ်ဒေါ့်တာဝန်ပြီးပြီ၊ ရိပ်သာမှာ ရာသက်ပန် ယောဂီ အဖြစ် နေတော့မှာ"

ဟု ဒေါ်စိန်စိန်က ပြောထားပြီး မောင်းတင်ထားပြီးဖြစ်လေသည်။

"မမမေ. ."

"အင်. ."

"ဘာတွေ တွေးနေတာလဲ၊ ကျွန်တော်မေးတာကို မဖြေဘဲနဲ့"

ဒေါ်ဒေါ်စိန်ဆီသို့ စိတ်ရောက်သွားမှုကို ရုပ်သိမ်းပြီး လက်ရှိပစ္စုပ္ပန်ကာလသို့ ပြန်ရွေးရှုလိုက်ရသည်။

မင်းသားချော လူလူက သူ့ကို ဘာမေးလိုက်မှန်း မကြားလိုက်သဖြင့်. . .

"ဘာမေးလိုက်တာလဲ"

"အောက်တယ်ဗျာ"

လူလူက စိတ်ပျက်စွာ ညည်းညူလိုက်သည်ကို မေဘရဏီက ဟက်ကနဲ ရယ်သွေးသွမ်းရင်း. . .

"ဟက်. . . မမမေ အတွေးလွန်သွားလို့ မကြားလိုက်ဘူး၊ ဘာများလဲ လူလူ"

"မမကကော ကြီးလာရင် ဘယ်မှာ အခြေချမယ်လို့ စိတ်ကူးထားသလဲလို့ပါ"

မေဘရဏီ ပြုံးလိုက်သည်။

"တို့က ခုချိန်မှာ တို့အလုပ်ပဲ ခေါင်းထဲ ရှိတယ်၊ အနာဂတ်ကလည်း အလုပ်ပဲ၊ တို့လက်ကလေးက ခွဲစိတ်ကိရိယာလေးတွေကို နိုင်နိုင်နင်းနင်း ကိုင်နိုင်နေတဲ့ကာလအထိ တို့ဘဝကို နှစ်မြှုပ်ထား



www.burmeseclassic.com

www.burmeseclassic.com



ချင်တယ်၊ စားဝတ်နေရေးဆိုတာက တို့ငယ်ငယ်ကတည်းက ခေါင်းထဲ ထည့်ခဲ့တဲ့အရာ မဟုတ်ဘူးလေ၊ မိဘတွေက ဖန်တီးပေးခဲ့တယ်၊

တို့ခေါင်းထဲ ထည့်ခဲ့တာက ဝါသနာနဲ့ ယှဉ်တဲ့ ပညာပဲ၊ ဒါကြောင့် တို့မှာ ဝါသနာနဲ့ ယှဉ်နေတဲ့ ဒီအလုပ်ပဲ ရှိတယ်လေ”

“ဒါဆိုရင် မမမေ လူသားတာဝန်တစ်ရပ်ကို မကျေပွန်ဘဲ နေမှာပေါ့”

မေဘရဏီ မျက်ခုံးပင့်သွားသည်။ ကားမောင်းရင်း စကားပြောနေသော ကိုလူချော လူလူကို ငဲ့စောင်းကြည့်လိုက်သည်။

အပြုံးလေးများက ရွှန်းလဲ့တောက်ပစွာ နှုတ်ခမ်းရိပ်မှာ တွဲခိုနေလေသည်။

မေဘရဏီ ရင်ခုန်သွားသည်။

ဘုရားရေ. . . ပုရိသ တော်တော်များများနှင့် တွေ့ကြုံရင်ဆိုင်ခဲ့ဖူးပါလျက် ဒီလိုရင်ခုန်မှုမျိုး မမွေးဖွားခဲ့ပါဘဲ ယခုမှ ချာတိတ်နဲ့မှ ရင်ခုန်သံစည် ဗရမ်းဗတာတွေ မွေးဖွားလာရတယ်လို့။

“လူဆိုတာ သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့် လူသားတာဝန်ကျေပွန်ရတယ်လေ၊ မမမေ အဲဒါကိုဥပေက္ခာပြုထားတာ၊ လူသားမပီသရာ ကျတာပေါ့”

“အဲဒီလိုတမ်း တို့တော့ မယူဆပါဘူး၊ အိမ်ထောင်သားမွေးမှ လူသားပီသတာ မဟုတ်ပါဘူး၊ လူဆိုတာ လူသားအချင်းချင်းအတွက် လိုအပ်သလို တန်ဖိုးရှိအောင် လုပ်ကိုင်နေထိုင်ပေးနိုင်ရင် လူပီသတာပဲ၊ လူ့အကျိုးသယ်ပိုးရင်း နေထိုင်သွားနိုင်ရင် အဓိပ္ပါယ်ရှိတဲ့ နေထိုင်ခြင်းပဲ၊ အတ္တဟိတ ပရဟိတပေါ့”

လူလူသာကျော် ပါးစပ်ပိတ်ထား၍မရသေး။

“သစ်ပင်မှန်လျှင် အမြစ်နဲ့ မကင်းသလို လူမှန်ရင်လည်း





အချစ်နဲ့ မကင်းဘူးတဲ့၊ အဲဒါကိုကော မမမေ ဘာပြောမလဲ”

“ဘာမှမပြောပါဘူး. . . နှလုံးသားရှိသူတိုင်း ရင်ခုန်တတ်ချစ်တတ်ပါတယ်၊ ဒါပေမယ့် ဖူးစာရေးနတ်မင်းရဲ့ ဥပေက္ခာပြုခံရတဲ့သူတို့၊ ကြမ္မာဝင့်ကြွေး ဒဏ်ခတ်ခံရသူတို့မှာတော့ အထီးကျန်နှလုံးသားနဲ့ ဘဝမှာ နေထိုင်သွားရတာတွေ ရှိတယ်လေ၊ ကံကြမ္မာပဲ ပုံချလိုက်ရမှာပဲ”

“မမမေက ကံကြမ္မာ ပုံချစရာ မလိုဘူးနော်၊ မမမေဘဝကို ရာသက်ပန် လက်တွဲသွားချင်တဲ့ကျွန်တော်က မမမေကို တောင်းဆိုနေပြီပဲ၊ မမ ဘာဖြစ်လို့ ငြင်းချင်နေတာလဲ”

မမမေ ပြုံးကာ ခေါင်းခါလိုက်သည်။

“မမက ငြင်းနေတာ မဟုတ်ဘူးလေ. . . စဉ်းစားနေတာ၊ စဉ်းစားခွင့်လေး ပေးဦး၊ မမ အလုပ်သိပ်များနေသေးလို့ပါ၊ အချစ်ကို တန်ဖိုးထားတတ်တဲ့သူက ‘ချစ်တယ်’ ဆိုတဲ့စကားကို လွယ်လွယ်နဲ့ ပြောမထွက်တတ်ကြဘူး လူလူ. . . ဒါကြောင့်ပါ”

လူလူ ဝမ်းသာသွားသည်။

“ဒါဆို မနေ့က ပြောထားတဲ့ မမစကားအတိုင်း ကျွန်တော့်ဘက်က လှုပ်ရှားမှုကို မမမိဘတွေ သဘောတူလာရင်ကော”

“တို့တွေက သမီးအလိမ္မာလေ၊ မိဘစကား နားထောင်တတ်တယ်”

“ဟာ. . . တကယ်၊ ဝမ်းသာလိုက်တာ မမမေရယ်”

လူလူ ဝမ်းသာအားရ ဟွန်းကိုပင် ဖိတီးလိုက်မိတော့ ပတ်ဝန်းကျင်မှ ကားနှင့်မြင်းလှည်းတို့က မျက်စောင်းများ ဝေ့ကာ ပစ်လွှတ်လိုက်ကြလေသည်။ အချို့ကတော့ ပါးစပ်ပါ ပွင့်လာပြီး ဆဲရေးတိုင်းထွာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



လူလူကတော့ ထိုထိုကိစ္စတို့ကို ဥပေက္ခာပြုနိုင်ပြီး ရယ်မောလျက်. . .

"စကားကျွံရင် နှုတ်မရဘူးနော် မမမေ၊ ကျွန်တော့်မိဘတွေက ကျွန်တော်ခြေငြိမ်အောင် မိန်းမပေးစားချင်နေကြတာ. . . အတော်ပဲပေါ့"

မေဘရဏီ ရင်ထဲ ထိတ်ကနဲ ဖြစ်သွားသည်။

မိမိကိစ္စအရေးထက် ညီမလေးကိစ္စက အရေးကြီးနေသည်။ ညီမလေးမျက်နှာပေါ်က အကျည်းတန် အမာရွတ်ကို ဖယ်ရှားပေးပြီး မိမိကိစ္စ စဉ်းစားလျှင်လည်း နောက်မကျသေးပါဘူး။

"မင်းကို မမ လက်ခံနိုင်ပါတယ်၊ ဒါပေမယ့် တို့ မင်းကို ချစ်တယ်လို့တော့ မပြောနိုင်သေးဘူးနော်"

"ကုလားကြီးနဲ့အရာကြီး အတူတူပါပဲဗျာ"

"မတူဘူးနော်. . . တလွဲတွေးမနေနဲ့၊ မင်းအစွမ်းအစကို တို့ စောင့်ကြည့်ဦးမှာ၊ တို့ကတော့ ကိုယ့်ဘဝကြီးတစ်ခုလုံး ပုံပေးရမယ့် ယောကျ်ားတစ်ယောက်ကို အချိန်ခဏတာလေးနဲ့ ဆုံးဖြတ်ချက် မပေးနိုင်ဘူး၊ ဒါကြောင့် တို့မိဘတွေရဲ့အဆုံးအဖြတ်ကိုပါ အကူအညီ ယူရတာ"

"မမမေ ကတိစကားသာ တည်ပါစေ"

လူလူကလည်း အချစ်နဲ့ ပတ်သက်လျှင် ခေသူမဟုတ်သဖြင့် ရသမျှအချိန်ကလေးအတွင်း မေဘရဏီ၏နှလုံးသားကို ကြွေအောင် ခြွေလေတော့သည်။

သူ့နှုတ်ခမ်းက ဘယ်လောက်ပဲ ချစ်စကားလှလှတွေ ခြွေခြွေ မေဘရဏီက မကြွေပါချေ။

"စဉ်းစားဦးမယ်" ဟုသာ ကြိုးရှည်ရှည်နှင့် လှန်ထားသည်။





တကယ့်အပျိုကြီး. . .

"အသက်သုံးဆယ့်သုံးမှ အခက်ဆုံး" ထင်ပါသည်ဟုသာ လူလူ ကောက်ချက်ချလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၆)

မယ် လသာဆောင်ရှိ ပန်းချီအကွယ်မှ အသာချောင်း ကြည့်နေမိသည်။

မမနဲ့လူလူ ပြန်ရောက်လာကြပြီ။ နှစ်ဦးစလုံး မျက်နှာတွေ က အရောင်တောက်ပနေကြသည်။

မယ့်ရင်ထဲ ဒိန်းကနဲ ဖြစ်သွားသည်။

"ဘုရား. . ဘုရား. . သူတို့တွေ ချစ်သူတွေ ဖြစ်သွားကြပြီ လား"





လူလူမျက်ဝန်းက မနေ့ကတည်းက အရောင်တောက်နေ သည်။ မမကို ကြည့်ပုံက မရိုးသား။ ဒါပေမယ့် သံသယစိတ်ပေ လား။ ဒါပေမယ့်. . .

မယ့်ရင်ထဲ အပူမီးတို့ ထတောက်လေပြီထင့်။ ပူလောင် လာသည့်ဖြစ်ခြင်း။

တိတ်တခိုးအချစ်က ရင်ကို မွမွကြေအောင် နှိပ်စက်ကလူ ပြုနေလေပြီ။

ဘယ်ဘဝက ဝဋ်ကြွေးကြောင့်ဆိုတာ မယ် မသိပေမယ့် နှလုံးသားသည် လူလူ့အတွက် ဖြစ်တည်လာသည် ထင်ပါသည်။

မယ့်ဘယ်ဘက်ပါးပြင်ပေါ်က ဖုထစ်နေသော အနာရွတ် ကြီးကို ဖွဖွစမ်းလိုက်သည်နှင့် နှလုံးကွဲအက်ကြောင်းမှ သွေးတို့က မျက်ရည်အဖြစ် ပြောင်းလဲလာသည်။

မယ့်မြင်ကွင်းတို့ ဝေဝါးလာသည်။

ထိုဝေဝါးမှုမြင်ကွင်းထဲမှာ လူလူ့အပြုံးနှင့် လူလူမျက်နှာ ၏တောက်ပမှုကို မယ် ငေးကြည့်ရင်းမှ မယ့် G.S.M လက်ကိုင်ဖုန်း လေးနှင့် ဓါတ်ပုံတွေ ရိုက်ယူနေမိသည်။

တိတ်တခိုးအချစ်က ရင်ကို စူးစူးနင့်နင့် နာကျင်စေသလို မျှော်လင့်ချက်တွေက လူကို ရူးသွပ်စေတယ်။

မမနဲ့လူလူ မြင်ကွင်းက ပျောက်ကွယ်သွားတော့မှ မယ် သတိဝင်လာသည်။ မယ့်အိပ်ခန်းလေးထဲသို့ ခြေကို ဖွဖွလေး နင်း ကာ ပြေးဝင်ခဲ့ပြီး လော့ချလိုက်သည်။

နောက် ချောင်းကြည့်ပေါက်ကနေ ချောင်းကြည့်နေမိပြန် သည်။ ထင်သည့်အတိုင်း လူလူက အိမ်ပေါ်ထပ်ကို တက်ခဲ့ သည်။



www.burmeseclassic.com

www.burmeseclassic.com



မနက်ကတည်းက ထွက်သွားတော့ လူလူလည်း ပင်ပန်းပြီပေါ့။ နားချင်ပေမည်။ လူလူရယ်. . . မယ် လူလူကို ပြုစုပေးချင်လိုက်တာ၊ မယ့်ကို မြင်ရင် လန့်သွားမှာပေါ့နော်။

ဟော. . . လူလူကို လှမ်းတွေ့လိုက်ရသည်။ ကိုရီးယားမင်းသားလေးတွေ ချောတယ် လန်းတယ်ဆိုတာ မယ့်လူလူရဲ့ ခြေဖျားတောင် မမှီပါဘူးနော်။

ချစ်လိုက်တာ လူလူရယ်။

ငယ်ငယ်ကတည်းက ချစ်ခဲ့တဲ့အချစ်ဟာ လူလူရဲ့အပြစ်ဟူသမျှကိုတောင် မြူမှုန်မျှ မထင်အောင် မယ့်အချစ်က သိပ်ကို ဆန်းပြားလွန်းတာ။

မယ်ကတော့လေ. . . အချစ်ကို ရယူခြင်းဆိုတဲ့အတ္တနဲ့ မရောယှက်ချင်ဘူး၊ အချစ်ကို ပေးဆပ်လိုက်ရခြင်းကြောင့် ရရှိလာမယ့် ရလဒ်က ချစ်သူဘဝ ပျော်ရွှင်ချမ်းမြေ့သွားမယ်ဆိုရင်ပဲ မယ် ပေးဆပ်ရကျိုးနပ်ပြီး ကျေနပ်နိုင်ပါတယ်. . .

ချောင်းကြည့်ပေါက်လေး၏ မြင်ကွင်းထဲက လူလူ ပျောက်ကွယ်သွားတော့မှ မယ် တံခါးကို ကျောနှင့် ကပ်ကာ ထိုင်ချလိုက်မိသည်။

နောက် ခြေသံကြားပြီး သော့တစ်ချောင်းနှင့် မမက အခန်းကို ဖွင့်လာသဖြင့် မယ် အသာထကာ တံခါးနောက်နားမှ ဆုတ်ခွာပေးလိုက်သည်။

မမ မယ့်အခန်းသို့ အသာဝင်ပြီး လော့ချလိုက်သည်။

"ညလေးအတွက် ဒိုမီနို ဝယ်လာတယ်၊ စားလိုက်ဦးနော်၊ အရည်ပျော်သွားမယ်"

"မမကလည်း. . . မြင်သွားဦးမယ်"





"မမြင်ပါဘူး. . . သူ ရေချိုးဦးမှာ"

မယ်က မမ စိတ်ချမ်းသာစေရန် မမ ယူလာပေးသော ဒိုမီနိုပန်းကန်ကို ယူကာ စားလိုက်သည်။

ခုချိန်မျိုးမှာ မယ့်ရင်တွေဟာ အစာအာဟာရကိုလည်း တပ်မက်ခြင်း မရှိဘဲ ပူလောင်နေတယ်။ မယ့်အတွက် လိုအပ်နေတာ လူလူ့မျက်နှာလေး မြင်နေရဖို့ပဲ။ အခုအချိန်မှာ မြင်ခွင့်ရတဲ့အတွက် မယ် ဝမ်းသာဝမ်းနည်း ခံစားနေရတယ်။

"ညလေးရယ်. . . ခိုးကြောင်ခိုးဝှက် နေရတာ မပင်ပန်းဘူးလား၊ ထွက်လာပြီး လွတ်လွတ်လပ်လပ် နေစမ်းပါလားကွယ်"

မမက အားမလိုအားမရ ပြောတော့ မယ် အကြောက်အကန် ငြင်းမိလေသည်။

"ဟင့်အင်း. . . ဟင့်အင်း. . . မယ် ရှက်တယ်"

မယ့်ရင်ထဲမှာတော့. . .

တစ်လောကလုံး မယ့်မျက်နှာကို မြင်ချင် မြင်တွေ့ကြပါစေ. . . မယ် မမှုပါဘူး။ တစ်ယောက်သောသူကလွဲရင်ပေါ့။

ဒါပေမယ့် အဲဒီတစ်ယောက်သောသူဟာ လူလူဖြစ်နေလို့ပဲ။

လူလူဟာ မယ့်ဘဝ မယ့်နှလုံးသားကို ချုပ်ကိုင်ထားနိုင်စွမ်း ရှိသူပါ။

မယ်ဟာ လူလူ့အတွက် အသက်ရှင်လာရသူ ဖြစ်မှန်းမသိ ဖြစ်နေတယ်ဆိုတာ မမ သိအောင်လည်း မပြောပြချင်ဘူး။

"အင်းလေ. . . မယ်မကြိုက်ရင်လည်း နေပါ၊ ကိုင်း. . . ဒါဖြင့် မမ ရေသွားချိုးဦးမယ်၊ ညမှ တွေ့မယ်နော် ညလေး"

"အင်း. . . ညလေး လာအိပ်မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"အင်းပါ"

သူ့အနာရွတ်ကလေးကို ဖွဖွကလေး ပွတ်ကိုင်ပြီး သက်ပြင်းချကာ ကျောခိုင်းထွက်ခွာသွားသော မမကို ကြည့်ပြီး မယ့်ရင်ထဲ သက်ပြင်းလေး ရှိုက်လိုက်မိသည်။

မမ မသိဘူးနော်. . .

မယ့်ရင်ထဲမှာ အဲဒီအမာရွတ်ကို တန်ဖိုးထား ချစ်မြတ်နိုးနေတယ်ဆိုတာ. .

ဘာကြောင့်လဲဆိုတော့ ဒီအမာရွတ်ပေးတဲ့သူနဲ့ အမာရွတ်ဟာ တစ်ထပ်တည်း ထပ်တူကျနေခြင်းကြောင့်ဆိုတာကို မယ့်တစ်ယောက်တည်းသာလျှင် သိနေတဲ့အတွက်ပါပဲ။

မယ်ကလည်း ထူးထူးဆန်းဆန်း မိန်းမတစ်ယောက်ပဲဆိုတာ ကိုယ့်ကိုယ်ကို သိနေတယ်. . .

ဘယ့်နှယ့်. . .

ကိုယ့်ကို ဝေဒနာ ပေးတဲ့လူကိုမှ အသည်းနင့်အောင် စွဲလန်းချစ်နေတယ်အတွက်ပဲ။

ဒါကို သိရင် သိတဲ့သူတိုင်းက ရူးသွပ်တယ်လို့ စွပ်စွဲကြမှာပဲ။

ဒါပေမယ့် မယ့်ရင်ထဲမှာ ကြည်နူးပျော်ရွှင်ခဲ့ရတဲ့ အမှတ်တရ နေ့ရက်တွေ ရှိနေခဲ့တယ်. . .

လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်ကာလက အတိတ်ဖြစ်ရပ်ထဲမှာ လူလူသာကျော်က အမိက ရွှေမင်းသားလေးဖြစ်နေလို့ပါပဲ။





မယ့်ကိုလည်း ဆယ်တန်းမှာ ဂုဏ်ထူးအပြည့် အမှတ်ကောင်းကောင်းနဲ့ အောင်ရမယ်ဆိုပြီး ဖေဖေက ရန်ကုန်မှာ ဆေးဘက္ကသိုလ် တက်နေတဲ့ မမဆီကို ပို့ပေးထားတယ်။ ပြီးတော့ အမျိုးသမီးကျောင်းမှာ ထားတယ်။ ဝိုင်းကောင်းကောင်း၊ ကိုဒ်ကောင်းကောင်းနဲ့ စာကျက်ပါစေပေါ့။

ဒါနဲ့ ကိုးတန်းနှစ်ကတည်းက မယ့်ဖေဖေတို့ တာဝန်ကျတဲ့ လမ်းမြို့လေးမှာ မနေရဘဲ ရန်ကုန်ရောက်နေတယ်။

ဝယ်ထားသောတိုက်ခန်း၌ တောက အမျိုးထဲက ရွှေမိဆိုတဲ့ ကောင်မလေးက အိမ်မှုကိစ္စလုပ်၊ မမကတော့ စာကလွဲပြီး ဘာမှမလုပ်ဘူး။ မယ့်ကိုလည်း စာပဲ ကျက်ပေါ့။

မယ်တို့ ကျူရှင်ဝိုင်းက အားလုံးဆယ်ယောက်ပဲ ရှိတယ်။

ယောကျ်ားလေး(၆)ယောက်၊ မိန်းကလေး(၄)ယောက်။

စာသင်ခန်းကို မမသူငယ်ချင်းရဲ့အိမ်မှာ ဖွင့်ပေးထားတယ်။ အဲ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ကွန်းနဲ့ ဖိမ်နဲ့ သင်ရအောင်ကို လုပ်ပေးထားတယ်။

အဲဒီမှာ မယ့်နာမည်ကို မမ အိမ်မှာ ခေါ်နေတဲ့အတိုင်း မမသူငယ်ချင်းကပါ 'ပိုးလေး' ပဲ ခေါ်တယ်။ ဒီတော့ သူငယ်ချင်းတွေကကော ပိုးလေးပေါ့။ မယ်နဲ့ ကျောင်းအတူတက်တဲ့ သူငယ်ချင်းတွေက အဲ့ဒီဝိုင်းမှာ မပါဘူး၊ ဒီတော့ မယ့်ရဲ့မှတ်ပုံတင်နာမည်က 'နတ်မိမယ်' ဆိုတာကိုလည်း မယ် ဘယ်သူ့ကိုမှ စကားအဆက်အစပ် မရှိတာနဲ့ ပြောမနေမိဘူးပေါ့။

မယ်. . . ထားပါတော့၊ ပိုးလေးသူငယ်ချင်းတွေက ငုဝါ၊ သီရိနဲ့ ရွှေစင်ဆိုတဲ့ မိန်းကလေးသူငယ်ချင်းတွေနဲ့ပဲ တွဲတယ်။

ယောကျ်ားလေး(၆)ယောက်ထဲမှာ တကယ့်စတားက 'လူလူသာကျော်' တဲ့။ အိမ်ရှင်ရဲ့သားက ဝေဠုပဲ။ ဝေဠုနဲ့ရွှေစင်က အမြွှာမောင်နှမ။

ရွှေစင်က အေးဆေးသလောက် ဝေဠုက မျောက်ရှုံးအောင် ဆော့သလို အစလည်း သန်တယ်။ ဝေဠုထက် ဆိုးတာက လူလူပဲ။ ရုပ်ကလေး ချောသလောက် တော်တော့်ကို လက်ခြေ အငြိမ်မနေတဲ့ကောင်လေးပဲ။

ပိုးလေးစိတ်ထဲမှာ လူလူကို ကြိတ်ပြီးခင်နေခဲ့တယ်။

ဆယ်ယောက်ဝိုင်းမို့ အချင်းချင်းကတော့ ချစ်ချင်ခင်ခင် ရယ်ရယ်မောမောနှင့် နေထိုင်ကြတာပါပဲ။

ပိုးလေးက ဝဝပွံ့ပွံ့လေးမို့ လူလူက ပို၍စတတ်သည်။ ပိုးလေးဟု မခေါ်။ 'ဝလုံးလေး' ဟု ခေါ်သည်။ မျက်နှာဝိုင်းဝိုင်း၊ မျက်လုံးဝိုင်းဝိုင်း ကြည်လဲ့လဲ့တောက်တောက်ကလေးနှင့် ပိုးလေးကို လူလူက 'ဝလုံးလေး' ဟု ခေါ်ခြင်းကို ပိုးလေး ကျေနပ်ခဲ့လေသည်။ လူလူ ချစ်စနိုး ခေါ်တာဟု။





မှတ်မှတ်ရရပင် မယ့်ဘဝ ကံဆိုးမိုးမှောင်ကျသည့်နေ့ပင်။ ပိုးလေး ကျူရှင်သို့ ရောက်တော့ လူစုံနေပြီ။ ဆရာက မရောက်သေး။

ပိုးလေးက သူထိုင်နေကျခုံသို့ ဝင်ထိုင်လိုက်သည်။

"လေဟုန်စီးမယ်"

လူလူက အမှတ်မထင် ပိုးလေး ထိုင်မည့်ခုံကို လှမ်းဆွဲလိုက်သည်။

"အား. ."

ဝရုန်းသုန်းကားနှင့် ပိုးလေးက နီးစပ်ရာထိုင်ခုံ ဆွဲလိုက်တော့ လက်တန်းပြုတ်ပြီး ပါလာရာမှ ပါးတစ်ခြမ်းကို ဆွဲခြစ်လိုက်သလို ဖြစ်သွားသည်။

"ဟာ. ."

"ဟင်. ."

"အမလေး. . . သွေးတွေ"

ပိုးလေး ပါးတစ်ခြမ်း ထုံသွားသည်။ ချွေးသုတ်ပုဝါဖြင့် အုပ်လိုက်သည်။

လူလူ လန့်သွားသည်။ သို့သော် ချက်ချင်းပင်. .

"ဆေးခန်းသွားမယ် ဝေဠု. . . ကားငှား"

ရွှေစင်နှင့်လူလူ တွဲထူပြီး ဝေဠုကို လှမ်းပြောလိုက်သည်။

"ဆေးသေတ္တာ ယူဦး"

"ဟဲ့. . . ဆရာဝန် ပြတာ အကောင်းဆုံး"

ပိုးလေး လူလူလက်ကို ဆောင့်ရုန်းပြီး အခန်းအပြင်သို့ ပြေးထွက်ခဲ့သည်။

ဝေဠုက တကွကစီ လှမ်းတားနေသည်။ ငှား၍ရသည့်ဆို



www.burmeseclassic.com

www.burmeseclassic.com



အငှားကားပေါ်သို့ ပိုးလေး တက်လိုက်သည်။

သူငယ်ချင်းတွေ တပုံတမကြီးကို ကျောခိုင်းပြီး အိမ်သို့ မောင်းနှင်ခိုင်းကာ ပြန်ခဲ့လေသည်။ သူငယ်ချင်းတွေ တား၍မရတော့။

လူလူ ကျောက်ဆစ်ရုပ်လို ဖြစ်ကာ ကျန်ခဲ့လေသည်။

ပိုးလေး အိမ်ရောက်တော့. . .

"အမလေး. . လေး. . ပိုးလေး ပါးက ဘာဖြစ်တာလဲ"

"ချော်လဲလို့. ."

"ဒါဖြင့် ဆနွင်းမှုန့်သိပ်"

မွန်ပြည်နယ်ဘက်က လာနေသော ရွှေမိက ဘာလေးပဲ ဒဏ်ရာရရ ဆလွတ် ဆနွင်းမှုန့်စစ်စစ် သိပ်ခြင်းဖြင့် ပြီးခဲ့သည်။

"မဟုတ်ဘူး. . . ဆေးနီရှိတယ်၊ ဆေးသေတ္တာရှိ ယူခဲ့"

နာကျင်မှုတွေက အခုမှ စလာခဲ့လေသည်။ တင်ပဆုံရိုး နာသွားသလို ခါးလည်း နာနေသည်။ အကျမတော်ဘူး ထင်ပါသည်။

ဆေးနီတောင့်လေး ညှစ်ကာ ကရင်(မ်)ကို သုတ်လိမ်း လိုက်ပြီး ပတ်တီးစလေး ခေါက်ကပ်ပြီး ပလာစတာလေးများနှင့် ကပ်ခိုင်းထားလိုက်သည်။ ရွှေမိက သူပြောသည့်အတိုင်း လုပ်ပေး လိုက်သည်။

ဖြစ်ချင်တော့ မမက နယ်ကွင်းဆင်းသွားသည်မို့ အိမ်မှာ မရှိချေ။

"ခါးနာတယ်. . . တင်ပါးလည်း နာသလိုပဲ"

"ဘာဖြစ်တာလဲ ပိုးလေး"

"ချော်လဲတာ"

"ဘယ်မှာလဲ"

"ကျူရှင်မှာ. . ."





"ဆရာမတွေ ဘာမှ မလုပ်ပေးလိုက်ဘူးလား"

ရွှေမိအမေးကိုပင် စပ်စုရန်ကောဟူသောအကြည့်နှင့် မျက်စောင်းထိုးတာတောင် မရအောင် ထုံကျင်ကာ နာသွားသည်။

"ပြလေ. . တင်ပါး. ."

"ဟင့်အင်း"

"ဖရုပ်ဆီ လူးရအောင် ပြပါဟာ ပိုးလေးရာ"

ပိုးလေး အိပ်ယာထဲ၌သာ လဲလျောင်းနေလိုက်သည်။

ဒီနေ့ဟာ ကျူရှင်နောက်ဆုံးနေ့ဖြစ်သည်။ နောက်နေ့ စာမေးပွဲတွေ ဖြေကြတော့မည်မို့ နောက်ဆုံးစာနွှေးသည့်နေ့ ဖြစ် သည်။

နားနေသည်မှာ နာရီအနည်းငယ်ကြာလာသည်နှင့်အမျှ ပိုးလေး ခါးနာကာ ခေါင်းကိုက်လာသည်။ ပါးရိုးကလည်း နာကျင် လာသည်။ စကားပင် မပြောချင်။ စကားပြောလိုက်တိုင်း ပါးပြင်က နာကျင်လာသည်။

"ပိုးလေး. . . ထမင်းစားမလား"

"မစားဘူး. . . အရည်တစ်ခုခု သောက်မယ်"

"အိုဗာတင်း သောက်နော်"

"အင်း. ."

ရွှေမိလည်း သူတတ်နိုင်သလောက် ပြုစုရှာသည်။

"ကလင်. . . ကလင်"

ခေါင်းလောင်းကြိုးဆွဲသံ ကြားလိုက်ရသည်။

ရွှေမိက အခန်းထဲသို့ ပြေးဝင်လာပြီး. . .

"ဖုန်းလာတယ်. . . ပိုးလေးသူငယ်ချင်းတဲ့"

"ပိုးလေး အိပ်နေတယ်လို့သာ ပြောလိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



ပိုးလေး အားယူပြီး ပြောလိုက်သည်။ ရွှေမိ ပြန်ထွက်ပြေးသွားပြီး ဘေးခန်းကပ်ရက်မှ ဖုန်းအိမ်သို့ ပိုးလေး ပြောသည့်အတိုင်း ပြောလိုက်သည်။

ရွှေမိ စိတ်ညစ်နေသည်။

ပိုးလေးကလည်း ခေါင်းမာသည်။ ရွှေမိတို့လည်း ခေါင်းမာတာပါပဲ။ ရွာမှာဆို သံစူးတာကအစ ဆန္ဒင်းမှုန့် သိပ်လိုက်တာပဲ။ ဗိုက်နာတာတို့ ဝမ်းပျက်တာတို့လည်း ဆန္ဒင်းမှုန့် သောက်လိုက်တာပဲ၊ ပျောက်သွားတာပါပဲ။ ဆေးရုံဆေးခန်း သွားရမှာ အင်မတန်ကြောက်တတ်သည်ဆိုတော့ ပိုးလေးကိုလည်း ထပ်ကာ မတိုက်တွန်းတော့။

ဆရာဝန်သမီးပီပီ ပိုးလေးက ခါးနာ၊ ခေါင်းကိုက်တော့ အကိုက်အခဲပျောက်ဆေး ယူသောက်လေသည်။

အိပ်ယာထဲကတော့ မထနိုင်တော့။ လှဲ့ပြီး ငြိမ်သက်စွာ အနားယူနေသည်။ စာကျက်၍ပင် မရအောင် ခေါင်းကိုက်လေသဖြင့် ထိုအခါမှ ပိုးလေး ထိတ်လန့်ကာ မျက်ရည်ကျလေတော့သည်။

ရွှေမိက အိမ်နီးချင်းအဒေါ်ကြီးကို သွားပြောသည်။ အဒေါ်ကြီး လာကြည့်တော့ ပိုးလေး ဟန်ဆောင်ကာ. . .

"ချော်လဲသွားတာပါ အန်တီ၊ ဘာမှမဖြစ်ပါဘူး"

"မေးခိုင်ပိုးတွေဘာတွေ ဝင်ကုန်ဦးမယ် ကလေးရယ်၊ ဆေးခန်းသွားရအောင် အန်တီ လိုက်ပို့ပေးမယ်"

"မေးခိုင်ကာကွယ်ဆေး ထိုးပြီးသားပါ အန်တီ၊ ဘာမှမဖြစ်ပါဘူး"

ပိုးလေးက ခေါင်းမာစွာဖြင့် ဝေဒနာမှန်သမျှကို ကြိတ်ခံပြီး





စကားလှလှနှင့် ငြင်းဆန်ခဲ့လေသည်။

နောက်နေ့ညနေ မမ ပြန်ရောက်လာတော့မှ မမမှာ ရင်ဘတ်စည်တီး ဖြစ်ပြီး လမ်းထိပ်ဆေးခန်းမှ ဆရာဝန်ကို သွားပင့်သည်။

"အိုး. . . ဒဏ်ရာက တော်တော်နက်တာပဲ၊ အဝတောင် ကျယ်သွားပြီ"

"အမာရွတ် ကျန်မှာလား"

"ဒီအတိုင်း ဆေးထည့်လည်း အမာရွတ် ကျန်မယ်၊ ချုပ်ရင်လည်း ကျန်မှာပဲ"

"ချုပ်လိုက်ပါ ဆရာ"

"တင်ပဆုံရိုးနဲ့ ခါးကိုတော့ ဓါတ်မှန်သွားရိုက်လိုက်ပါ၊ အရိုးအကြော ဆရာဝန်နဲ့ သွားပြတာ အကောင်းဆုံးပဲ"

ဆေးတက္ကသိုလ် နောက်ဆုံးနှစ်ကျောင်းသူမမက သူတတ်နိုင်သမျှ အကုန်လုပ်ပေးခဲ့သည်။

"ချုပ်လိုက်ပါ ဆရာ၊ ထုံဆေးတော့ ပေးပါ၊ ပိုးလေး သိပ်နာသွားမယ်"

ထုံဆေးပေးပြီး နှစ်လက်မနီးပါး ရှိသော သစ်သားစွန်း စိုက်ပြီး ဆွဲခြစ်မိသောဒဏ်ရာကို အသားတစ်ထပ်၊ အရေပြား တစ်ထပ် ဆွဲချုပ်ရလေသည်။

နောက် အရိုးအကြော အထူးကုဆေးခန်း၌ သွားဖြစ်တော့ ခါးရိုးမျက်သွားသဖြင့် ပတ်တီးစည်းကာ အိပ်ယာထဲ မလှုပ်မယှက် နားခဲ့ရလေသည်။

"ဖြစ်ရလေ ညလေးရယ်၊ ဘယ်နေရာမှာ ချော်လဲတာလဲ"

"ကျူရှင်ရှေ့ခြံစည်းရိုးနားမှာ ခြံစည်းရိုးနဲ့ ခြစ်မိသွားတာ"



www.burmeseclassic.com

www.burmeseclassic.com



လူလူကို ပြစ်တင်ကြမှာ သူစိုးရိမ်သည်။ လူလူက သူ့ကို ချစ်လို့စတာပဲဟာ။ လူလူ့မှာ အပြစ်မရှိပါဘူး။

ငယ်စဉ် စိတ်ကစားစ ဆယ်ကျော်သက်အရွယ်ကတည်းက စွဲလန်းစိတ်က သူ့နှလုံးသားကို သူ နားမလည်သေးပါ။

သို့သော်. . .

လူလူဆိုသောကောင်လေးကို သူနှစ်သက်သည်။ ချစ်ခင်သည်။

လူလူကြောင့် သူ အနာတရဖြစ်ပေမယ့် သူ့ကြောင့်တော့ လူလူမှာ ဘာအနာတရမှ မရှိစေချင်ဘူး။ လူလူ့ကို ဘယ်သူမှ အပြစ်မမြင်စေရဘူး။ သူ ဖုံးကွယ်ပေးထားမယ်။

ဒါ ပိုးလေးက လူလူ့အပေါ် ထားရှိသော ချစ်ခြင်းမေတ္တာတရားပါ။

ကျူရှင်မှ သူငယ်ချင်းတွေက ကျောင်းချင်းတွေကလည်း မတူကြတော့။ တစ်ယောက်တစ်နေရာစီမို့ ပိုးလေး စာမေးပွဲပင် မဖြေလိုက်ရဘဲ တစ်နှစ်နောက်ကျသွားသည့်အဖြစ်ကို လူလူဆိုသည့် အကျီစားသန်သော ကောင်ချောလေးပင် မသိလိုက်ရ။

အဘယ့်ကြောင့်ဆိုသော် သူ စာမေးပွဲကြီး ဖြေသည့် နောက်ဆုံးနေ့မှာပင် သူ့အသည်းကျော်အဘွားက မန္တလေးသို့ ခေါ်ဆောင်သွားခဲ့ခြင်းကြောင့်ဖြစ်သည်။

ဒါ့အပြင် သူ့ကြောင့် မိန်းမချောလေး မျက်နှာလှလှလေး၏ဘယ်ဘက်ပါးပြင်ဝယ် ချုပ်ရိုးရာကြီးက အကျည်းတန်စေသော အနာရွတ်အဖြစ် ထင်ကျန်သွားခဲ့သည်ကိုလည်း လုံးဝမသိလိုက်ရှာတော့။

အဘယ့်ကြောင့်ဆိုသော် လူလူဆယ်တန်းနှစ်ကို အဘွား





လုပ်သူက မန္တလေးမှာပင် ထားသောကြောင့်ပင်ဖြစ်လေသည်။

"ညလေး ခေါ်လဲတာ ရွှေစင်တို့အိမ်ကတောင် မသိလိုက်ဘူးဆို"

အိမ်ရှင်ရွှေစင်နှင့် ဝေမြူတို့မောင်နှမက စာမေးပွဲတွေ ဖြေအပြီး ဖြေနိုင်လားဟု အချင်းချင်း ဖုန်းဆက်မေးချိန်မှာ ပိုးလေးကျောက်ပတ်တီး မဖြည်ရသေးသဖြင့် အိပ်ယာထဲမှာပင် ရှိရာ မမဖုန်းသွားကိုင်ခဲ့သည်။

ရွှေစင်က ဒီလောက်အထိ ဖြစ်သွားခဲ့သည်ဆိုခြင်းကို မယုံနိုင်သလိုဖြစ်ကာ သူတို့တွေပါ အပြစ်မကျစေဖို့ ခေါ်လဲရောထိုင်ကာ ပိုးလေး ဆင်ထားသည့် ကဇာတ်အတိုင်း ဆက်ကသွားခဲ့လေသည်။

"ဟင်. . . ပိုးလေးက ဘာလို့ မဖြေတာလဲ"

"ဟင်. . . မသိလိုက်ဘူးလား၊ ရွှေစင်တို့အိမ်ရှေ့ ခြံစည်းရိုးနားမှာ ခေါ်လဲသွားတာလေ၊ ပါးမှာလည်း ဒဏ်ရာ၊ ခါးရိုးမျက်သွားပြီး ပတ်တီးစည်းလိုက်ရတယ်လေ၊ စာမေးပွဲတောင် မဖြေရဘူး"

"ဟင်. . . ဆေးရုံမှာ မဖြေဘူးလား"

"စာမေးပွဲဖြေမယ့်နေ့မှ ဆေးရုံပြတုန်းဆိုတော့ ဘာမှ မလုပ်လိုက်ရပါဘူး ရွှေစင်လေးရယ်၊ နောက်နှစ်မှ ဖြေပါစေတော့"

"ညီမတို့ လာခဲ့မယ်"

"အေး. . အေး. . လာအားပေးကြပါဦးကွယ်"

မမက အဖြစ်အပျက်ကို ဒီလောက်ပဲ သိထားသည်။

ချစ်မိသူအတွက် ကာကွယ်လိုသောစိတ်၊ မိမိသာလျှင် အနစ်နာခံလိုသောစိတ်တွေဆိုတာ ပေးဆပ်ခြင်းတွေပေါ့နော်။

ပေးဆပ်ခြင်းတွေနဲ့ စိတ်ကစားတတ် အရွယ်ကလေးမှာ ကတည်းက စွဲစွဲလန်းလန်းနဲ့ကို ချစ်သူအပေါ် ကာကွယ်ပေးတတ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



စိတ်က ပိုးလေးရင်ထဲမှာ ထာဝရ ကိန်းအောင်းခဲ့တာ။

ရွှေစင်တို့မောင်နှမနဲ့ သူငယ်ချင်းတွေ သတင်းမေးလာတော့လည်း မမကွယ်ရာမှာ သူ့ရဲ့ဖုံးကွယ်ထားမှုအကြောင်း ပြောပြခဲ့တယ်။

"မမ သိသွားရင် ဖေဖေတို့ သိသွားမယ်၊ လူလူ့အတွက်လည်း မကောင်းဘူး၊ ရွှေစင်တို့အိမ်အတွက်လည်း မကောင်းဘူးပေါ့ဟာ၊ လူလူ စတာ ငါသိပါတယ်၊ ငါ့ကံကြမ္မာပေါ့ဟာ၊ နင်တို့လည်း ဒီအကြောင်း မေ့ပစ်ထားလိုက်ကြတော့၊ တစ်နေ့နေ့မှာ နိုင်ငံခြားသွားပြီး ဒီအမာရွတ်ကို ပလတ်စတစ် ဆာဂျရီနည်းနဲ့ ဖျောက်ဖျက်ပစ်မှာပါ၊ ငါ့အတွက် ဘာမှ စိတ်မကောင်းမဖြစ်ကြနဲ့၊ လူကြီးတွေကိုလည်း ပြောမနေနဲ့တော့"

ရွှေစင်က သူ့အမာရွတ်ကို ဖွဖွကလေး ကိုင်စမ်းပြီး မျက်ရည်ကျသည်။

"နင် သိပ်စိတ်ကောင်းရှိတာပဲ၊ ငါကတော့ ဟိုငမျောက်ကို ဆွဲကုတ်ချင်တော့တာပဲ"

ရွှေစင် မျက်ရည်ကျတော့ သူ့အမွှာမောင် ဝေဠုပါ မျက်ရည်ဝဲလေသည်။

ခုဆိုလျှင် အခိုက တရားခံ လူလူကတော့ သူ့ကြောင့် ဣတ္ထိရုပ်ခန့်ဟု မိန်းမသားတို့ဘဝ အားထားရာ အလှပတရားတို့ ပျက်စီးသွားရှာသော မိန်းကလေးတစ်ယောက်အကြောင်း မသိဘဲ အဘွား၏အချစ်နှင့်စည်းစိမ်၌ အပြည့်အဝ ပျော်နေပြီပေါ့ဟု တွေးကာ ဒေါပွနေမိလေသည်။

ဿ ဿ ဿ ဿ





နောက်တော့ မိဘတွေက ပိုးလေးကို စိတ်မချတော့၊ သူတာဝန်ကျရာဒေသသို့သာ ပိုးလေးကို ခေါ်ဆောင်ထားပြီး ထိုဒေသကျောင်းများ၌ပင် ကိုးတန်းဆယ်တန်း ဖြေစေသည်။

ဆေးတက္ကသိုလ်လည်း ဝါသနာ မပါသော ပိုးလေးက ဆယ်တန်းကို ဂုဏ်ထူးနှစ်ခုနှင့် အောင်ခဲ့သည်။ အဝေးသင်ဖြင့်သာ မြန်မာစာနှင့် ဘွဲ့တစ်ခု ယူခဲ့ကာ အေးအေးဆေးဆေး ဖခင်ဇာတိ ပြင်ဦးလွင်အိမ်ကြီး၌ပင် နေထိုင်ခဲ့လေသည်။

ရွှေစင်တို့လို သူငယ်ချင်းတွေနဲ့ အဆက်အသွယ် ပြတ်တောက်သွားခဲ့သော်လည်း အင်တာနက်သူငယ်ချင်းတွေနဲ့ စကားပြောရင်း ဂိမ်းဆော့ရင်း သူ့ဘဝကို နှစ်မြှုပ်ထားခဲ့လေသည်။

အင်တာနက်ပေါ်မှ သူ၏နာမည်က May 'မေ' ဖြစ်သည်။

ဒီမှာ လူလူနှင့် ပြန်ဆုံသည်။ လူလူသည် ယခင်ကအတိုင်း ပေါ့ပေါ့ပါးပါး၊ ရွှတ်နောက်နောက်နှင့် ပွားနေဆဲ၊ လန်းနေဆဲပင်။



www.burmeseclassic.com

www.burmeseclassic.com



သူကတော့ လူလူဆိုတာ သူ့အား အမှာရွှတ်ပေးခဲ့သူ လူလူသာကျော်မှန်း သိနေပေမယ့် လူလူကတော့ 'မေ' ဆိုတာ အွန်စောပုံလေးသာ ပေးထားသော လျှို့ဝှက်တတ်သူ မိန်းကလေး တစ်ယောက်ဟု သိထားသည်။

ယခုတော့. . .

ဆယ်နှစ်ကျော်ကလူလူ သူ့မျက်မှောက်ရှေ့သို့ သက်ရှိ ထင်ရှား ရောက်ရှိလာလေပြီမို့ လူလူကို အမှောင်အားကိုးပြီး ချောင် ဂလောင်များမှ အကာအကွယ်ယူကာ မျက်စိအောက်က အပျောက် မခံတမ်း လိုက်ချောင်းခဲ့လေသည်။

ငယ်စဉ်က အစွဲအလန်းတို့က အခုတော့ ပိုမိုသိသာ ထင်ရှားစွာ သိမြင်လာသည်။


ပိုးလေး လူလူကို ချစ်ခဲ့သလို မယ်ကလည်း လူလူ့ကို အသည်းနှင့်အောင် ချစ်မိလေပြီ။

နှလုံးသားတို့ မွမွကြေလုမတတ်ကို လူလူကို စွဲလန်းမိ သည်။

စက္ကန့်နှင့်အမျှ လူလူဟာ မယ့်နှလုံးသားမှာ အချိန်ပြည့် ရှိနေပါတယ်ဆိုတာ လူလူ သိစေချင်လိုက်တာ. . .။







## အခန်း(၇)

လူလူစိတ်ထဲ မသင်္ကာချေ။

ဒီအိမ်ကြီးထဲ၌ တစ်စုံတစ်ရာတော့ ရှိနေသည်။

ခြေသံလိုလို ကြားရသည်။ တံခါးပိတ်သံလည်း ကြားရ သည်။ နောက်. . မျက်လုံးတစ်စုံက သူ့အား လိုက်ကြည့်နေသလိုလို ခံစားရ၍ နောက်သို့ လှည့်ကြည့်တော့လည်း ဘာမှမရှိချေ။

ယောက်ျားပဲ သူ မကြောက်တတ်ပါ။ သို့သော် စိတ်ထဲ တော့ မသိုးမသန့် ခံစားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မမမေတို့ ဒေါ်စိန်တို့ကတော့ ဘာမှမဖြစ်သလိုပင် အေးအေးချမ်းချမ်းပင် နေထိုင်လျက်ရှိသည်။

သူတို့အိမ်ပေကိုး။

လူလူ အိမ်ဝယ်လျှင်လည်း ပတ်ဝန်းကျင်ကိုပါ မေးမြန်းစုံစမ်းပြီးမှ ဝယ်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။

ညဉ့်နက်မှ လူလူ အိပ်ပျော်သွားလေတော့သည်။

အားလုံးအိပ်မောကျနေချိန်လောက်မှ မယ် မိန်းကို အသာချလိုက်သည်။ အားလုံးမှောင်မဲသွားသော်လည်း ကျင့်သားရနေသော မယ့်အတွက်ကတော့ ညလရောင်ကြယ်ရောင်အားကိုးဖြင့် အိမ်တွင်း ပရိဘောဂ မှန်သမျှကို မြင်တွေ့နေရသည်။

ကိုယ့်အိမ်ထဲ ဘယ်ပစ္စည်း ဘယ်နေရာ ရှိနေသည်ကို ကျင့်သားရပြီးသား ဖြစ်နေခြင်းကလည်း ပါသည်။

နောက် သူ့လက်ကိုင်ဖုန်း မီးအလင်းရောင်လေးနှင့် အပေါ်ထပ်သို့ တက်ခဲ့သည်။

လူလူ အိပ်နေသော အခန်းလက်ကိုင်ဘုလုံးကို အသာလှည့်ဖွင့်လိုက်သည်။ လော့(ခ်)မချထားသဖြင့် အသာပင် ပွင့်သွားသည်။ ကုတင်ကျယ်ကြီးတွင် လူလူ အိပ်မောကျနေသည်။

မယ် တမ်းတခဲ့ရသမျှအတွက် အတိုးချကာ ငေးကြည့်နေမိသည်။

ဘယ်ဘဝက ရေစက်မှန်း မသိ၊ လူလူ့အပေါ် စွဲလန်းတွယ်တာနေမှုက သူ့နှလုံးသားမှာ နက်ရှိုင်းစွာ အမြစ်တွယ်နေသည်။

ဖုန်းဖြင့် ဓါတ်ပုံရိုက်လိုက်သည်။

အပြစ်ကင်းစွာ အိပ်မောကျနေသော လူလူမျက်နှာလေးကို





ကိုင်တွယ်ကြည့်ရန် အားယူလိုက်ပြီးမှ လက်ကို ပြန်ရုပ်သိမ်းလိုက်သည်။ လူလူကို ခုချိန်မျိုးမှ မတွေ့ချင်သေး။

ပင့်သက်ကလေး ရှိုက်ပြီး မယ် အသာလေး ပြန်ထွက်ခဲ့သည်။

"ချစ်စရာကောင်းလိုက်တာ လူလူရယ်၊ အိပ်မောကျနေပုံလေးက အပြစ်ကင်းစင်လိုက်တာ"

မယ့်ရင်ထဲ စကားတွေ ပြောနေမိသည်။

နောက် အောက်ထပ်ကို ပြန်ဆင်းပြီး မိန်းပြန်တင်လိုက်သည်။ ညလင်းမီးအိမ်လေးတွေ ပြန်လင်းကုန်သည်။

နိုးနိုးကြားကြား အမြဲရှိနေသော ဒေါ်စိန်က သူ့အိပ်ခန်းတံခါးကို ပြန်စေ့ပြီး သက်ပြင်းချလိုက်သည်။

မယ့်လှုပ်ရှားမှု မှန်သမျှကို သူတွေ့မြင်နေခဲ့သည်။

"သနားစရာကောင်းလိုက်တဲ့ မိန်းကလေး"

ဟု ရင်ထဲ မြည်တမ်းရင်း မေ့ကို အမြန်ဆုံး တိုက်တွန်းရမည်။ မယ့်မျက်နှာကို အမြန်ဆုံး ခွဲစိတ်ပြုပြင်ပေးပါတော့ဟု။

ဒေါ်စိန် ပြန်အိပ်လိုက်သည်။

နိုးနိုးချင်း မေတို့ ပြန်မည်ဆိုတော့ နံနက်ခင်း ကော်ဖီလေးကို ဖျော်ပေးရင်း ပေါင်မုန့်မီးကင်နေစဉ် မေ နိုးလာသည်။

"ဒေါ်ဒေါ် ဘာမှာဦးမလဲ"

"မှာချင်တာက မယ့်မျက်နှာကို အမြန်ဆုံး ပြုပြင်ပေးဖို့ပဲမေ"

မေဘရဏီက ဒေါ်စိန်ကို ကြည့်လိုက်သည်။ ဒေါ်စိန်က မေတို့တွေအပေါ် အမေရင်းနှင့်မခြား စောင့်ရှောက်ခဲ့သူဖြစ်သည်။ မယ့်မျက်နှာက အမာရွတ်သည်လည်း ဒေါ်စိန်နှင့်ဆိုပါက ရရှိအာ



www.burmeseclassic.com

www.burmeseclassic.com



မည် မဟုတ်ပါ။ ထိုစဉ်က ဒေါ်စိန်မှာ မယ်တို့အဖွား နေမကောင်းသဖြင့် အနီးကပ် ပြုစုပေးနေရသဖြင့် မယ့်မိဘများနှင့်သာ နေထိုင်နေချိန်ဖြစ်သောကြောင့် မယ့်မျက်နှာ အမာရွတ်က မကြီးသင့်ဘဲ ကြီးသွားခဲ့ခြင်းဖြစ်သည်။

"ဟုတ်ကဲ့. . . မေလည်း စဉ်းစားထားပါတယ်"

"မယ်က စိတ်ထားကောင်းတဲ့မိန်းကလေးဆိုတော့ ဘယ်သူ့ကိုမှ အပူပေးမှာ မဟုတ်ဘူး၊ မေကပဲ အမြန်ဆုံး လုပ်ပေးလိုက်ပါ"

မေဘရဏီသည် ဒေါ်စိန်၏စေတနာကို နားလည်ပါသဖြင့်

"ဟုတ်ကဲ့ပါ. . . မေလည်း ကိုယ့်သွေးသားအရင်းဆိုတော့ မေကိုယ်တိုင် မလုပ်ရဲလို့ မေ့ဆရာသမားတစ်ယောက်ကို ဖိတ်ခေါ်ထားပြီး လုပ်ပေးမှာပါ"

"အေးပါ မေရယ်၊ မေ့ညီမလေးဟာ သိပ်သနားဖို့ကောင်းပါတယ်၊ လောကကြီးမှာ ပျော်ပျော်ကြီး လူတောတိုးပြီး သွားလာလှုပ်ရှားရမယ့်အရွယ်ပါကွယ်၊ ခမျာများ အိမ်တွင်းအောင်းနေရတယ်ဆိုတော့ သနားစရာပါ"

"ဟုတ်တယ်. . . မန္တလေးလည်း မကြာခဏ ဆင်းလာပါလား၊ မယ့်ကို ကားမောင်းသင်ခိုင်းထားဦးမှပဲ"

"အစ်ကိုတို့အစ်မတို့ ပင်စင်ယူပြီး လာနေကြရင်တော့ အားလုံးပြည့်စုံလာမှာပါလေ၊ ဒီတော့ မယ့်မျက်နှာလေးလည်း ပကတိအတိုင်းဆိုရင် မယ့်အတွက် အကောင်းဆုံးပေါ့၊ သီးချိန်တန် သီး ပွင့်ချိန်တန် ပွင့်ရမယ့်အရွယ်တွေ ရောက်လာပြီ၊ မေလည်း အပျိုကြီး မလုပ်ဘူးလို့ စဉ်းစားမိရင်တော့ အိမ်ထောင်ပြုတော့. ."

မေဘရဏီ ဒေါ်စိန်စကားကြောင့် သဘောကျစွာ ရယ်





မောလိုက်လေသည်။

"မေလား. . ဟင်းဟင်းဟင်း. . မေက မေ့ဝါသနာနဲ့ လုပ်တဲ့အလုပ်အပေါ် အောင်မြင်မှု ရရင် ကျေနပ်ပျော်ရွှင်နေတာ အိမ်ထောင်ရေးဆိုတဲ့နွံကြီးထဲတော့ မရုန်းချင်ဘူး ဒေါ်ဒေါ်"

ဒေါ်စိန်က ခေါင်းခါကာ. . .

"ဒီလိုလည်း မဟုတ်သေးဘူးလေ၊ အိမ်ထောင်သည်တွေလည်း အလုပ်လုပ်ပြီး အောင်မြင်နေကြတာတွေ တစ်ပုံကြီးပါ"

"မေက အခုမှ လုပ်ငန်းစတင်ကာစ ရှိသေးတာ၊ အင်းလေ အချစ်နဲ့အိမ်ထောင်ရေးဟာ တစ်ခုတည်းဆိုရင်တော့ မေ လက်ခံနိုင်မှာပါ"

ထိုအချိန်တွင် လူလူသာကျော် အသံပေးပြီး ထမင်းစားခန်းဆီသို့ ဝင်လာသည်။

"ဆောရီး မမမေနဲ့ဒေါ်ဒေါ်၊ ကျွန်တော် ညက တော်တော်နဲ့ အိပ်မပျော်လို့ အိပ်ယာထ နောက်ကျသွားတယ်၊ မမမေ ဆေးခန်းဖွင့်ချိန်မီပါ့မလား"

"မီပါတယ်. . . နည်းနည်းနောက်ကျလည်း နာ့စ်ထိန်းထားလိမ့်မယ်၊ သိပ်နောက်မကျလောက်ပါဘူး၊ ကိုင်း. . . လူလူ ကော်ဖီနဲ့ ပေါင်မုန့်လေးပဲ စားပြီးပြေးရအောင်၊ ဒေါ်ဒေါ်လည်း ရှမ်းခေါက်ဆွဲ စီစဉ်ဖို့ အချိန်မရလိုက်ဘူး"

"ရပါတယ်. . . ဘာဖြစ်ဖြစ် အာဟာရ ဖြည့်ပြီးရင် ပြီးတာပဲ၊ ကျွန်တော်ကတောင် အားနာနေတာ"

"အားမနာနဲ့ လူလူ၊ နောက် မင်းအိမ်ဝယ်ဖို့ကိစ္စရှိရင် ဒီမှာသာ တည်းပါ၊ ဒေါ်ဒေါ် တစ်ယောက်တည်း ပျင်းလို့ ဧည့်သည်မျှော်နေတာ၊ ဧည့်လာရင် အိမ်လည်း စည်ပြီး ကျက်သရေ ရှိတယ်၊



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့နော် လူလူ"

ဒေါ်စိန် ဝင်ပြောလိုက်သည်။ လူလူက သဘောကျသွားသည်။

စားသောက်ရေး အဆင်ပြေသည်မို့ တည်းခိုရတာကောင်းပေမယ့် သူ့အား လိုက်လံကြည့်နေသော မျက်ဝန်းတစ်စုံကြောင့် ကျော့ချမ်းရသည့်အတွက် တည်းခိုဖို့အရေး ဝန်လေးသော်လည်း မမမေနှင့် ရင်းနှီးဖို့အရေးကလည်း ရှိနေပြန်တော့. . .

"ဟုတ်ကဲ့ပါ ဒေါ်ဒေါ်၊ လက်ရာစွဲနေပြီမို့ လာတည်းပါ့မယ်၊ ဒေါ်ဒေါ် တာဝန်မကြီးဘူးဆိုရင်ပေါ့"

"ဘာလို့ တာဝန်ကြီးရမှာလဲ၊ ပိုတောင် ပျော်သေးတယ်"

မေဘရဏီက လူလူ၏အိပ်ယာထ ပုံစံလေးကို ချစ်စနိုးကြည့်နေမိသည်။ ရေမိုးချိုးလာပုံရသည်။ သစ်လွင်တောက်ပကာ လန်းဆန်းနေလေသည်။

နှာတံပေါ်ပေါ်၊ မျက်ခုံးကောင်းကောင်းနှင့် ညှို့အားကောင်းသောမျက်ဝန်းက မိန်းကလေးတွေကို တစ်ချက်ကြည့်လိုက်လျှင် ကြွေစေလောက်သည်။ ကြည့်. . . ယခုလည်း သူ့အား တစ်ချက်လှမ်းကြည့်လိုက်သည်နှင့် သူ့ရင်တွေ တဒိန်းဒိန်း တဒိုင်းဒိုင်း ဖြစ်သွားသည်။

"မမမေ အရမ်းလန်းတယ်ဗျာ၊ မမမေဆေးခန်း လူနာပြည့်ရတာ မမမေရဲ့အလှတရားကြောင့် ဖြစ်မယ်၊ ဟုတ်တယ်နော် ဒေါ်ဒေါ်"

နှုတ်ကလည်း ပေါ့ပါးလိုက်တာ။ ဒေါ်စိန်ပင်လျှင် ဟက်ကနဲ ရယ်ကာ. . .

"မင်းအစ်မကို မင်းပဲ မြှောက်တော့၊ သူ့ဆေးခန်းနဲ့ သူ့





အလုပ် ဖက်တွယ်နေတာနဲ့ အပျိုကြီးဖြစ်သွားမှာ ကြောက်နေရတယ်"

"ဟုတ်သားပဲ မမ၊ ဒေါ်ဒေါ်ပြောတာ ဟုတ်တယ်၊ မပူပါနဲ့ ဒေါ်ဒေါ်၊ ကျွန်တော်တာဝန်ယူပေးပါတယ်"

မေဘရဏီက ဟိုဒီအဓိပ္ပါယ်ရသော စကားကြောင့် မျက်နှာနီရဲသွားသည်။

သို့သော်. . .

"ကျွန်တော့်အစ်မနဲ့ယောက်ဖတောင် ကျွန်တော် အောင်သွယ်ပေးတာလေ၊ ဖူးစာရေးနတ်မင်း လုပ်ခဲ့တာ အများကြီးပဲ၊ ဟဲ. . ဟဲ. . ဒေါ်ဒေါ်ကော အပျိုကြီး လုပ်ဖို့ သေချာပြီလား"

"ဟဲ့. . . ဒီအရွယ်ကြီးမှ ဘာလုပ်ရမှာလဲ၊ ကျုပ်ဟာသာကျုပ် အပျိုကြီး လုပ်ချင်လို့ကို လုပ်တာကို ယောကျ်ားမရလို့များ ထင်နေသလား၊ ဒါဆို မှားသွားလိမ့်မယ်၊ ကျုပ်က ခြေဖှာပြည်ကလာတာ. . . ဟွန်း"

ဒေါ်စိန်ကလည်း ပြုံးပြုံးရယ်ရယ်နှင့် အားကျမခံ ပြန်ပြောလိုက်လေသည်။

သို့ဆိုပြန်တော့လည်း လူလူက ရယ်မောကာ. . .

"ကန်တော့နော် ဒေါ်ဒေါ်၊ ကျွန်တော်က နောက်တာပါ၊ ဒေါ်ဒေါ်ကို ကြည်ညိုပြီးသားပါ၊ တစ်ယောက်တည်း နေနိုင်တယ်ဆိုကတည်းက စိတ်ဓါတ်ကြံ့ခိုင်ပြီးသားဆိုတာ သိပြီးသားပါ"

မေဘရဏီ နာရီငုံ့ကြည့်ပြီး. . .

"သွားမှဖြစ်မယ်. . . ခဏနော် လူလူ၊ အပြင်ထွက်လိုက်ဦးမယ်"

မေဘရဏီ အိပ်ခန်းထဲ ပြန်ဝင်ခဲ့သည်။ နတ်မိမယ်က



www.burmeseclassic.com

www.burmeseclassic.com



အေးဆေးစွာဖြင့် သိုးမွှေးထိုးနေလေသည်။

မေဘာရဏီ နတ်မိမယ်ကို ဖက်ပြီး အမာရွတ် ရှိသော ပါးပြင်လေးကို မွှေးကြူလိုက်ကာ. . .

"ညလေး. . . မမ ပြန်တော့မယ်နော်၊ ညလေးဒဏ်ရာကို မမ အမြန်ဆုံး ခွဲစိတ်ပေးမယ်"

"ဟုတ်ကဲ့ မမ. . . ကျေးဇူးတင်ပါတယ်"

"ကျေးဇူးဆိုတာ ညီမအရင်းတွေ ပြောရမယ့်စကား မဟုတ်ပါဘူး"

ပါးနှစ်ဖက်ကို လက်နှစ်ဖက်နှင့် ညှပ်ကာ နဖူးချင်း တိုက်လိုက်ပြီး. . .

"ဘိုင့်. . . ဘိုင်"

မေဘာရဏီ နှုတ်ဆက်ပြီး လက်ကိုင်အိတ် ယူကာ ပြန်ထွက်ခဲ့လေသည်။

သူ့ရင်ထဲ ညီမအတွက် စိတ်မကောင်းဖြစ်မိလေသည်။

လူတောထဲ မတိုးဘဲ အိမ်တွင်းအောင်းကာ နေရှာသော ညီမလေး၏ကျဉ်းမြောင်းလွန်းသော ဘဝနယ်ပယ်မှ လွတ်မြောက်ဖို့ သူ အမြန်ဆုံး လုပ်ပေးရမည်ဟု သန္နိဋ္ဌာန် ချလိုက်လေသည်။

သူတောင်မှ ဝါသနာပါသောအလုပ်ကို အောင်မြင်စွာဖြင့် လုပ်ကိုင်နေသည့်ကြားမှ သူ့အလှပတရားကို ဆန့်ကျင်ဘက်တို့ စိတ်ဝင်စားစွာ ယစ်မူးကြသည်ကိုပင် ကျေနပ်သဘောကျ ကြည်နူးနေတတ်သေးတာပဲ။

သိပ်လှသောညီမလေးလည်း အမာရွတ်ကြောင့်သာ မဟုတ်လျှင် အဘယ်မျှ ဝင့်ထယ်နေမည်ဆိုတာ ခန့်မှန်း၍မရ။

"ရယ်ဒီဖြစ်ပြီလား မမမေ. . . သွားစို့"

☺ အောင်မြင်စာပေ ☺



"အိုကေ. . . ရယ်ဒီပဲ"

မေဘာရဏီနှင့်လူလူသာကျော်တို့ ဒေါ်စိန်ကို နှုတ်ဆက်ပြီး ထွက်သွားကြလေသည်။

ဤသည်ကို အိပ်ခန်းအတွင်းမှတဆင့် ပုန်းလျှိုးကွယ်လျှိုး ထွက်လာပြီး လိုက်လံချောင်းမြောင်းနေသော နတ်မိမယ်ကို ကြည့်ကာ ဒေါ်စိန်မှာ စိတ်မကောင်းဖြစ်မိလေသည်။ ဘဝပေး ကံကြမ္မာ အရပေါ့လေဟု တရားနှင့် ဖြေတွေးလေး တွေးကာ ပင့်သက်ချလိုက်လေသည်။

နတ်မိမယ်၏မျက်ဝန်းတွင်တော့ လူလူသာကျော်၏ပုံရိပ်က စွဲထင်ကျန်ခဲ့လေသည်။ လွန်ခဲ့သည့်ဆယ်နှစ်ကအတိုင်းပင် ပေါ့ပေါ့ပါးပါး ပျော်ပျော်ရွှင်ရွှင် နေတတ်တုန်းပါပဲလား။ လူက ပိုခန့်ပြီး ပိုတောင် ချောလာပါလား။

သူ့စရိုက်ကြောင့် တစ်ဖက်သားမှာ အလွန်အမင်း ထိခိုက်နစ်နာသွားခဲ့သည်ကိုလည်း သိပုံမရသေးပါလား။

အင်းလေ. . . လူလူ ပျော်ရွှင်နေတာကိုပဲ မယ်က ဖြစ်စေချင်နေတာကိုး။ ဒါ မယ့်ရဲ့နက်ရှိုင်းသောချစ်ခြင်းပါလေ လူလူ။

နတ်မိမယ် ပြုံးလိုက်သည်။

သို့သော် ပါးမို့လွှင်ပြင်ထက်သို့ ကြေကွဲပွင့် မျက်ရည်စက်တို့က တလိမ့်လိမ့် စီးဆင်းလာကြလေသည်။

ချစ်သူကို ပိုင်ဆိုင်ချင်တာကတော့ လူတိုင်းရဲ့ဆန္ဒတစ်ရပ်ပင် မဟုတ်ပါလား။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၈)

"မတို့အိမ်မှာ လိုင်းဖုန်းရှိတယ်မဟုတ်လား"

"အင်း. . . ရှိတယ်လေ"

လူလူက ကားမောင်းထွက်လာမှ ခြံစည်းရိုးပြင်ပမှ တယ်လီဖုန်းတိုင်မှ ဆက်သွယ်ထားသော တယ်လီဖုန်းကြိုးကို တွေ့မြင်လိုက်သဖြင့် ကောက်ကာငင်ကာ မေးလိုက်သည်။

မေဘရဏီကလည်း ဟုတ်ကြောင်း ဖြေပြီး. . .

"ဘာဖြစ်လို့ မေးတာလဲ လူလူ"





"မဟုတ်ဘူး. . . ဒီလိုပဲ သိချင်လို့ပါ၊ ဂျီဖုန်းလည်း ရပြီဆိုတော့ ကျွန်တော်ဝယ်တဲ့အိမ်မှာ ဖုန်းမပါလည်း အကြောင်းတော့ မဟုတ်ပါဘူးလို့ တွေးမိလို့ပါ"

"ဒီက ဖုန်းနံပါတ် မင်းကို ပေးထားပါ့မယ်၊ မင်းလာမယ်ဆိုရင် ဒေါ်ဒေါ့ကို ဖုန်းကြိုဆက်ပြီး လာတည်းလို့ ရပါတယ်"

"ဒါဖြင့် ကျွန်တော့်ဖုန်းထဲ ထည့်ထားပေး"

"အင်း. ."

မေဘရဏီက လူလူသာကျော်၏ ဂျီအက်စ်အမ် ဖုန်းလေးကို ယူလိုက်ပြီး ပြင်ဦးလွင်အိမ်၏ဖုန်းနံပါတ်လေးကို မန်မိုရီ သွင်းထားပေးလိုက်လေသည်။ ပြီးတော့ သူ့ဖုန်းစကင်န်မှ ပုံကို တွေ့မြင်ဟန်တူသည်။

"မင်းက အွန်စောကို ကြိုက်တယ်ပေါ့လေ"

"ဆိုပါတော့"

အင်တာနက်မှ 'မေ' ပို့ထားသောပုံလေးကို သူ ကူးယူထည့်ထားခြင်းဖြစ်သည်။

"မမမေကကော"

"တို့ကတော့ မျက်နှာတွေကို အလှဆုံး ပုံဖော်နေတဲ့သူဆိုတော့ တို့ ပုံဖော်ထားတဲ့မျက်နှာတွေကို အကြိုက်ဆုံးပဲ"

"မမမေက လူ့အရေပြားတွေကိုပဲ အလှဆင်ခြင်းနဲ့ ပြီးဆုံးသွားတော့မှာလား"

"ဒါပေါ့. . . တို့ ပြုပြင်လိုက်လို့ လှသွားတဲ့ အရေပြားလေးတွေ၊ အထူးသဖြင့် မျက်နှာလေးတွေကို တွေ့မြင်ရလေလေ တို့ ပီတိဖြစ်ရလေလေပဲ၊ ပြောပြီးပြီ ထင်တယ်နော်၊ တို့လက်က ခွဲစိတ်ကိရိယာတွေကို ကိုင်နိုင်တဲ့အထိ တို့ဘဝကို ဒီလိုပဲ နစ်မြုပ်သွားမှာပါ



www.burmeseclassic.com

www.burmeseclassic.com



လို့"

"နှလုံးသားဒဏ်ရာကိုကော မပြုပြင်မကုသပေးတော့ဘူးလား မမမေ"

ကားလေးက ပြင်ဦးလွင်မှ ထွက်ခွာလာလေသည်။ အောင်ချမ်းသာဆေးခန်းများကို လွန်လာလေပြီ။ လူလူသာကျော် ပတ်ဝန်းကျင် အလှတရားများကို ငေးမောမကြည့်နိုင်။ ကားကို ဂရုတစိုက် မောင်းရင်း လူနာအမဲခြောက်တောင်းသလို မေဘရဏီ၏မေတ္တာကို တောင်းခံလာသည်။

"အလိုတော်. . . တို့က အရေပြား အထူးကုလေ၊ နှလုံးအထူးကုမှ မဟုတ်တာ"

"ဒီကောင့်နှလုံးသားက မမမေရဲ့မေတ္တာရေစင်လေး ဖြန်းပေးလိုက်တာနဲ့ ပျောက်သွားမယ့်ရောဂါပါ မမမေ"

"တို့ မစဉ်းစားချင်သေးဘူး"

မေဘရဏီ ရင်ခုန်သံ မြန်လာသော်လည်း ကိုယ့်စိတ်ကို ကိုယ်ထိန်းကာ ဝေ့လည်ကြောင်ပတ် ငြင်းဆန်လိုက်သည်။

အပျိုကြီး၏နှလုံးသားကို လူလူသာကျော် အဆက်မပြတ်ပင် ဆွဲကိုင်လှုပ်နေလေသည်။

"မမမေကို ကျွန်တော်တကယ်ချစ်တာပါ၊ မြင်မြင်ချင်း ချစ်မိသွားတာ၊ အစ်မသူငယ်ချင်းတွေဘာတွေဆိုတာ မေ့လျော့သွားပြီး ဘဝဟောင်းက မဟေသီကို တွေ့လိုက်ရသလို ခံစားပြီး ချစ်မိသွားတာပါ၊ မမမေကကော ကျွန်တော်နဲ့ ပတ်သက်ပြီး ဘယ်လိုမှ မခံစားရဘူးလား"

မေဘရဏီ အမှန်အတိုင်း ဝန်ခံရလျှင် 'သူ့သူမောင်လေးက ချောလိုက်တာ ချစ်စရာလေး' ဟု စိတ်ထဲ ကောက်ချက်ချမိသည်





ကိုတော့ အမှတ်ရမိနေသည်။

သို့သော် ဒါကို ပြောလို့မဖြစ်။ အသက်အရွယ်ချင်းက ကွာခြားသည်ကိုး။

မြန်နေသော ရင်ခုန်သံစဉ်တို့ကို ထိန်းချုပ်ရင်း. . .

"ဟင့်အင်း. . . ဘာမှမခံစားရဘူး"

"ဟာဗျာ. . . မမမေ ညာတယ်"

"မညာပါဘူး"

"ညာပါတယ်. . . ကျွန်တော်သိတယ်၊ မမမေ မျက်လုံးလေးတွေက ဖော်ကောင်လုပ်နေတယ်"

မေဘရဏီ အယောင်ယောင်အမှားမှားနှင့် ရေဘင်မျက်မှန်ကို ကောက်တပ်လိုက်မိလေသည်။

"မင်းကို အချိန်ပေးပါလို့ ပြောပြီးပြီလေ"

"မမအသက်က ငယ်တော့လို့လား၊ တော်ကြာ သားသမီးယူရ. ."

"ဟယ်. . . သွားစမ်း ဒီကောင်လေး"

အပျိုကြီး ရှက်သွားပြီး ရှက်ရမ်းရမ်းကာ ကားမောင်းနေသော လူလူသာကျော် လက်မောင်းကိုပင် ပုတ်ခတ်ရိုက်လိုက်မိလေသည်။

"မမနော်. . . ကျွန်တော့်အသားကို လာမထိနဲ့၊ ရှော့ခ်ရှိတယ်၊ တစ်ခါတည်း ရှော့ခ်ဖြစ်ပြီး မမကို ဖက်နမ်းမိသွားနိုင်တယ်"

"သွားစမ်း ဒီကောင်လေး၊ ပါးစပ်က အားကြီးသရမ်းတာပဲ"

မေဘရဏီ မျက်နှာပြင်တစ်ခုလုံး မီးတောက်မီးလျှံ အဟပ်ခံရသည့်နှယ် ပူရှိန်းရှိန်း ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



လူလူသာကျော်ကိုလည်း မကြည့်ရဲတော့။ ကားတံခါးဘက် တိုးကပ်ကာ ထိုင်မိလေတော့သည်။

လူလူသာကျော်က တဟားဟား ရယ်မောသည်။ အပျိုကြီး မမ ရှက်သွားပုံမှာ တကယ့်အပျိုဖြန်းလေး ရှက်သွေးကြွယ်နေသလို ကြည့်၍မဝအောင်ပင် ဖြစ်နေမိသည်။

အပျိုကြီး မေဘရဏီမှာလည်း ရင်ခုန်သံစည်ရိုင်းတို့ကို ထိန်းသိမ်းမရနိုင်အောင် ဖြစ်မိနေသဖြင့် ကိုယ့်ကိုယ်ကို ပြန်ဝေဖန် ဆန်းစစ်ကြည့်နေမိလေသည်။

ဒါ အချစ်လား။

ဒါ ကြည်နူးတာသက်သက်လား။

ကြည်နူးပျော်ရွှင်ခြင်းဆိုတာ အချစ်နဲ့ ဆက်နွှယ်နေတာ လားဟု. . .။


သို့သော် အဖြေတော့ ရှာမရသေးချေ။ စိတ်ထဲ၌ ကောင်လေးကို စိတ်မဆိုးသည့်အပြင် 'တော်တော်ဆိုးတဲ့ကောင်ကလေး' ဟုပင် ချစ်စနိုး ရှက်စနိုးလေး တွေးနေမိသည်။

မန္တလေးသို့ ရောက်လာသည်ကိုပင်. . .

"ဟင်. . . မြန်လိုက်တာ" ဟု ဖြစ်သွားရလေတော့သည်။ ကောင်လေးနှင့် နေနေချင်သေးသည်။







## အခန်း(၃)

အပြုံးလာသော လူလူသာကျော်ကို ကြည့်ပြီး အဘွား ဒေါ်ခင်ခင်ကျော်၏ရင်သို့ပါ အပျော်တွေ ကူးစက်လာသလို ခံစားလိုက်ရသဖြင့်. . .

"ဟဲ့. . မြေးလူလူ. . လာပါဦး. . ထိုင်ပါဦး"

ဟု လူလူသာကျော်ကို လှမ်းခေါ် လိုက်သည်။

"ကျွန်တော်ကလည်း ထိုင်မလို့ပါပဲ ဘွားရယ်၊ အဘွားကို အစီရင်ခံရဦးမယ်မှတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"မြေး ပင်ပန်းလာပုံရရင် အဘွားက ချက်ချင်းမမေးသေးပါဘူး၊ မြေးကို နားခိုင်းပြီးမှ မေးမှာပေါ့"

"အခုတော့ အရမ်းလန်းနေလို့ မေးတာပေါ့နော် အဘွား၊ ဟုတ်တယ်ဗျာ. . . ကျွန်တော် အရမ်းကို လန်းနေတယ်၊ စိတ်ကြိုက်အိမ်ကလည်း နှစ်လုံးတောင် တွေ့ခဲ့တယ်၊ ပြီးတော့. . ."

လူလူသာကျော် စကားကို ရပ်ပစ်လိုက်သည်။ မမမေဆီမှ အဖြေမရသေးဘဲ အဘွားကို ဖွင့်ဟပြော၍ ကောင်းမကောင်း စဉ်းစားလိုက်သောကြောင့်ဖြစ်သည်။

"ပြီးတော့ ဘာဖြစ်သလဲ မြေး၊ အဘွားအတွက် မြေးချွေးမ တွေ့လာတယ်လို့ ပြောမလို့လား"

ချက်ဆိုရင် နားခွက်က မီးတောက်သော ခေတ်အဘွားကြီး ဒေါ်ခင်ခင်ကျော်ကို သူ ဖုံးကွယ်ထား၍မရနိုင်။

"အစစ်ပဲ အဘွားရေ"

"အင်း. . . ပြောပါဦး၊ အိမ်ထက် မြေးချွေးမကို အဘွားက ပိုစိတ်ဝင်စားတယ်၊ ဘယ်သူလဲ၊ ဘယ်ကလဲ၊ ပြင်ဦးလွင်မှာ တွေ့ခဲ့တာလား"

လူလူသာကျော် အားတက်သွားသည်။ အဖေအမေထက် အဘွားပြီးလျှင် အားလုံးပြီးသည်။

"မမသူငယ်ချင်း ဒေါက်တာမလေး၊ အဲ. . . ဒေါက်တာမကြီးလို့ပဲ ပြောရမလားပဲ၊ ဘွဲ့တွေက များလို့လေ"

ဒေါ်ခင်ခင်ကျော်၏နဖူးကြောကြီး ရှုံ့သွားသည်။

"ဟင်. . . မသူ သူငယ်ချင်းဆိုတော့ မြေးထက် ခုနစ်နှစ်တောင် ကြီးမှာပေါ့"

"ဒါပေမယ့် အရမ်းလန်းတယ် အဘွားရာ"





လူလူသာကျော် အဘွားနားသို့ ပြောင်းထိုင်ကာ ကပ်ချွဲဖို့ အစပျိုးလိုက်သည်။

"မသူ သူငယ်ချင်းထဲက အဘွားသိတာတွေ များပါတယ်၊ ဘယ်သူလဲ"

"အဘွား မသိဘူးထင်တယ်၊ ရန်ကုန်ဆေးတက္ကသိုလ်ပြီး နိုင်ငံခြားမှာ ထပ်ပြီး ဘွဲ့လွန်တွေ သွားယူပြီးမှ ပြန်လာတာ၊ ခုမှ ဒီမှာ အခြေချပြီး ဆေးခန်းဖွင့်နေတာ"

"ဟုတ်လား. . . နာမည်က ဘယ်သူတဲ့လဲ"

"မေဘာရဏီတဲ့. . . နာမည်နဲ့ လိုက်တယ် အဘွားရာ"

မြေးဖြစ်သူက ဒီလောက်တောင် သဲသဲလှုပ်နေမှတော့ အဘွားဖြစ်သူလည်း ကဲကဲလှုပ်မှ ဖြစ်တော့မည်မို့. . .

"အဘွား တွေ့ချင်တယ်၊ အိမ်ကို ထမင်းစားဖိတ်လိုက်"

စိတ်မြန်ကိုယ်မြန် ရှိသော အဘွားဒေါ်ခင်ခင်ကျော်ကို လူလူ ပိုချစ်သွားရသည်မို့ အဘွား၏ပျော့တွဲတွဲပါးကြီးကို ရွှတ်ကနဲ နမ်းရှုပ်လိုက်ပြီး. . .

"ဟုတ်တယ်. . . ကျွေးသင့်တယ်၊ သူ့အိမ်မှာ သွားတည်းခိုပြီး ထမင်းနှစ်နပ်တောင် စားခဲ့တာ၊ နံနက်စာကော ညလယ်စာတွေကော ကောင်းကောင်းဧည့်ခံကျွေးမွေးခဲ့တာ၊ သူအားတဲ့အချိန် မေးပြီး ဖိတ်လိုက်မယ်နော် အဘွား"

"ဟုတ်ပြီ. . ကိုင်း. . အိမ်အကြောင်း ပြောပါဦး"

ဒေါ်ခင်ခင်ကျော်ကတော့ နန်းရှေ့ရှိ သူ့အိမ်ကြီးကလွဲ၍ ပြင်ဦးလွင်မှာ ဝယ်ယူဖို့တွေဘာတွေ မစဉ်းစားချေ။ နွေခိုဖို့အတွက် အခြားသူတွေ ပြင်ဦးလွင်မှာ ဝယ်တော့လည်း သူ မဝယ်ချေ။ သူ့အိမ်ကြီးမှာသာ Aircon တပ်၊ မီးစက်တပ်နှင့် ခေတ်မီစွာ နေထိုင်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဘုရားဖူးထွက်လျှင် ဟိုတယ်တွေ၌သာ တည်းခိုလေ့ရှိသူဖြစ်သည်။

"မြို့ပတ်လမ်းက မြေပိုကျယ်တယ်၊ အိမ်က ရှေးဟောင်းအိမ်ကြီး၊ နန်းမြို့င်ကတော့ မြေသိပ်မကျယ်ဘူး၊ ခေတ်မီတစ်ထပ်တိုက်ပုလေးပဲ ရှိတယ်၊ ဈေးချင်းက အတူတူပဲ"

"ဒါဆို မြေပိုကျယ်တာကိုပဲဝယ် မြေး၊ ပြင်ဦးလွင်လို နေရာမျိုးမှာ အနားယူရင် မြေကျယ်ကျယ်၊ ပန်းခင်းကျယ်ကျယ်၊ မြက်ခင်းစိမ်းစိမ်းစိုစိုလေးတွေနဲ့ နေရတာမှ ပိုပြီးအနားယူလို့ ကောင်းတာမြစ်တွေအတွက်လည်း စက်ဘီးစီးမလား၊ ဆော့ကစားမလား၊ ကြိုက်တာ လုပ်လို့ရတယ်"

"အဟက်. . . အဘွားက မြစ်ကိုပါ တွက်ထားတယ်ပေါ့"

လူလူသာကျော်က ရယ်မောလိုက်သည်။ အစ်မသူသူသာကျော်မှာ သမီးနှစ်ယောက် ရှိသည်မို့ ဘွားမှာ မြစ်နှစ်ယောက်တော့ရှိနေသည်။

သို့သော် အဘွားလိုချင်သည်က သူမှ ရသော မြစ်ကိုဖြစ်သည်။ မြစ်ယောကျ်ားလေးကို အဘွား အလွန်တောင့်တနေသည်။

အဘွားဒေါ်ခင်ခင်ကျော်၌လည်း သားက လူလူအဖေဦးသာကျော်တစ်ယောက်တည်း မွေးဖွားခဲ့သည်ကိုး။

အဘွား၏အသည်းကျော်မှာ လူလူသာလျှင်ဖြစ်ခဲ့သည်။

အဘွား၏ စိန်၊ ရွှေ ကျောက်မျက်ရတနာအရောင်းအဝယ်လုပ်ငန်းကို အဘွား အသက်(၇၅)နှစ်ပြည့်က နားလိုက်သော်လည်း လူရင်းများက အဘွားကို စိန်ကျောက်တို့ကို အကဲဖြတ်သည့် အကူအညီကို လာရောက်ယူဆဲမို့ အဘွားမှာ အိမ်နေရင်း ပွဲစားသဖွယ်





ဝင်ငွေရှိနေဆဲဖြစ်သည်။

အဘွား ဘယ်လောက်ချမ်းသာသည်။ ဘယ်လောက်စုဆောင်းမိထားသည်ကို သူ မသိ။ သူ့အတွက်တော့ အဘွားကလိုတရ အိတ်ကြီးတစ်ခုပမာ သူလိုချင်သမျှတို့ နှိုက်ယူရုံသာ ရှိခဲ့သည်မို့. . .

"အဘွား. . . ကျွန်တော်အလုပ်လုပ်တော့မယ်"

ကားဝယ်ရောင်း လုပ်နေသော သူ့ကို အဘွားက. . .

"မြေး ကားဝယ်ရောင်း လုပ်နေတာပဲ မဟုတ်ဘူးလား"

"ဒါတော့ ဒါပေါ့၊ ဒါပေမယ့် အိမ်ထောင်ပြုတော့မယ်ဆိုတော့ တကယ်ခိုင်မာပြီး ဂုဏ်လည်း ရှိတဲ့အလုပ်မျိုး လုပ်ပြီးအိမ်ထောင်ဦးစီးကောင်းအဖြစ် ရပ်တည်ချင်တယ် အဘွားရာ"

အဘွား၏လက်မောင်းပျော့တွဲတွဲကို လက်နှင့် ကိုင်ဆော့ရင်း ပြောလိုက်သည်။

"မြေးက ဘာလုပ်ချင်တာလဲ"

"ခရီးသွားလုပ်ငန်းတစ်ခု ထောင်ချင်တယ်"

အဘွားက မဆိုင်းမတွပင်. . .

"ကောင်းသားပဲ. . . လုပ်လေ၊ လိုတဲ့အရင်းအနှီး အဘွားထုတ်ပေးမယ်"

"မြေးမှာလည်း ကားသုံးစီး အောင်းထားတာ ထုတ်လိုက်ရုံပဲ၊ ဘဏ်မှာလည်း ဖေဖေတို့ ပေးထားတာ ရှိသေးတယ်"

"လုပ်လုပ်. . . အဘွား အားပေးတယ်၊ မြေးက ကားနဲ့အကျိုးပေးတယ်ဆိုတော့ ကောင်းပါတယ်"

"တကယ်နော် အဘွား၊ ဒါဖြင့် မြေး လုပ်ငန်းစတော့မယ်"

"စစ. . သားအဖေလည်း ဒီကိုပြန်လာရင် အားတော့ပေးပါ၊



www.burmeseclassic.com

www.burmeseclassic.com



သူ့ပါ ရှယ်ယာဝင်ခိုင်းပြီး ပြင်ဦးလွင်ဂိတ်ကို တာဝန်ပေးလိုက်ပေါ့"

"ကျွန်တော်က မန္တလေး-ပြင်ဦးလွင်-လားရှိုး-မူဆယ်လိုင်းပဲ ဆွဲမှာ၊ နောက်မှ မန္တလေး-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်အထိ ဆက်လုပ်ဖို့ စိတ်ကူးတယ်"

"သိပ်တော်တဲ့မြေး . . . အလုပ်လုပ်တယ်ဆိုတာ စွန့်စားရဲရတယ်၊ ဘွားမြေး လုပ်ရင် ဖြစ်မှာပါ။ လုပ်သာလုပ်၊ အဘွားမိတ်တွေကနေ လူယုံကောင်းတွေ ရှာပေးမယ်"

လူလူသာကျော် အဘွား၏ပါးတွဲတွဲကြီးကို ဒုတိယမ္ပိ မွှေးကြူလိုက်သည်အထိ ဖြစ်သွားရလေသည်။

အသက်ရှစ်ဆယ်ပြည့်ပြီးပြီဖြစ်သော အဘွားသည် သူ့အတွက် တကယ့်ကို အားကိုးရအောင် အဖိုးမဖြတ်နိုင်သော ဘွားအေကြီးဖြစ်လေသည်။

"မြေး . . . ဆရာဝန်မလေးနဲ့ အဘွားကို တွေ့ပေးဖို့ မမေ့နဲ့ဦး"


"စိတ်ချပါ . . . ဒါက မိန်းပွိုင့်ပဲဟာ၊ အဘွားမြင်ရင် ခိုက်သွားလိမ့်မယ်၊ ငါ့မြေး အရွေးတော်လိုက်တာ ဖြစ်သွားဦးမှာ"

"ဖြစ်စမ်းပါစေ . . . ဒီလိုဖြစ်ချင်နေတာ ကြာပေါ့"

မြေးအဘွားနှစ်ယောက် ပျော်ရွှင်စွာ ရယ်မောလိုက်ကြလေတော့သည်။







## အခန်း(၁၀)

မမမေ ဆေးခန်းပိတ်မည့်အချိန်ကို သူ သွားစောင့်နေရမည့်အစား သူ အင်တာနက်ကဖေးသို့ ဝင်ကာ သူ့ mail ကို ဖွင့်လိုက်သည်။ စာဝင်နေသည်ကို တွေ့ရသည်။ မေ့ထံမှ ဖြစ်သည်။

လူလူ

မေ ငှက်ကလေး ဖြစ်ချင်တယ်၊ ဒါမှ လူလူသွားရာနောက်ကို တကောက်ကောက် ပျံသန်းရင်း လိုက်လို့ရမှာ၊ လူလူ နောို



www.burmeseclassic.com

www.burmeseclassic.com



သတိရသေးရဲ့လား၊ မေကတော့ စက္ကန့်နဲ့အမျှ သတိရနေပါတယ်၊ အများကြီး ချစ်တယ်၊

မေ

လူလူ စာဖတ်ရင်း ပြုံးလိုက်သည်။ တစ်ဆက်တည်း ဆိုသလိုလည်း ပြင်ဦးလွင်က 'မေ' ဂေဟာအတွင်း သူ့အား လိုက်ကြည့်နေသော မျက်ဝန်းနက်တစ်စုံကို အမှတ်ရလိုက်သည်။

'မေ' ဆိုသောအရာသည် သူ့ဘဝကို အစစအရာရာ နေရာတကာမှာ စိုးမိုးနိုင်စွမ်း ရှိနေပါလား။

အင်တာနက်ချစ်သူကလည်း မေ၊ မေသည် သူ့အတွက် အရှည်ကြာဆုံးသောချစ်သူ 'မေ' ဖြစ်သကဲ့သို့ ယခု သူ့နှလုံးအိမ်ကို ဆွဲကိုင်လှုပ်နေသူမှာလည်း မမမေဖြစ်လေသည်။

သူ့စိတ်ထဲမှာလည်း အင်တာနက် 'မေ' နှင့် မမမေဟာ တစ်ယောက်တည်းဖြစ်လိမ့်မည်ဟု မှတ်ယူနေမိသည်။

သို့သော် မမမေက ဝန်မခံ။

"အိမ်မှာ အင်တာနက် ချိတ်ထားသလား မမ"

"အင်း. . ."

"ဒါဆို အင်တာနက်သူငယ်ချင်းတွေ ချစ်သူတွေ ရှိမှာပေါ့"

"ကလေးကလားအလုပ် တို့မလုပ်ဘူး၊ တို့က တို့ လိုချင်တဲ့ ဆေးပညာရပ်တွေ ရှာဖွေရုံသက်သက်ပဲ၊ ပြီးတော့ ပြည်ပက စီနီယာတွေဆီ လှမ်းမေးစရာရှိ မေးပြီး ပညာယူဖို့သက်သက်ပဲ အင်တာနက် ထိုင်တာ"

ဟု အပြတ်ပြောပြီးသား ဖြစ်သဖြင့် သူ ဆက်၍အထွန့်မတက်ရဲ။





ယခု အင်တာနက်က 'မေ' ကို သူ စာပြန်ပို့ပေးလိုက်သည်။ အွန်လိုင်းပေါ်မှာ မေ ရှိမနေခြင်းကြောင့်ဖြစ်သည်။

မေ. . .

မေ ဘယ်သူလဲ၊ တွေ့ချင်တယ်။ တွေ့ပြီးမှ မေနဲ့ စကားတွေ အများကြီး ပြောတော့မယ်၊ လူလူ အလုပ်တွေ ရှုပ်တော့မှာမို့ မေ့ဆီ အားတဲ့အချိန်မှာမှ စာပို့ထားတော့မယ်။ ဒါပဲ မေ။

ချစ်လျက်

လူလူ

သူ ဒီလောက်ပဲရေးဖြစ်သည်။ စာရေးရတာထက် Voice ပြောရတာကို သူ ပိုသဘောကျသည်။ Voice ပြောဖို့ အချိန်းအချက်၊ အချိန်တွေ ချိန်းဖို့အတွက် သူ အချိန်မပေးနိုင်တော့။

အိမ်ထောင်ပြုချင်လာပြီဆိုတော့ အိမ်ထောင်ဦးစီးကောင်း ဖြစ်အောင်၊ ယောကျ်ားကောင်း ပီသအောင် ပုံမှန်ဝင်ငွေရသည့်လုပ်ငန်းတစ်ခု အတည်တကျ ရှိသည့် လုပ်ငန်းတစ်ခု လုပ်တော့မှဖြစ်မည်။

သူ ရွေးချယ်ထားသောလုပ်ငန်းကို အကောင်အထည်ဖော်နေလေပြီမို့ အချိန်တို့သည် စက္ကန့်နှင့်အမျှ တန်ဖိုးရှိနေလေသည်။

အင်တာနက်ချစ်သူ မေကိုတော့ သူ အဆက်အသွယ်ဖြတ်ပစ်လိုက်ရအောင် အပြစ်မတွေ့ဘဲ စိတ်ကူးယဉ် သံယောဇဉ်လေးက တွယ်ငြိလျက် ရှိနေဆဲပါလား။



www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ်ဝင်နေသောစာများကို ဖွင့်ကြည့်လိုက်တော့. .

လူလူ

ဝေဠုဆိုတဲ့သူငယ်ချင်း ရှိခဲ့ဖူးတယ်ဆိုရင် ဒီ G-mail (xxxxx)ကို ဆက်သွယ်ပါ။

ထူးထူးဆန်းဆန်းပါလား။ တကယ်ပဲ ဝေဠုဆိုတာ လွန်ခဲ့သောဆယ်နှစ်က ရန်ကုန်ရွှေတောင်ကြားလမ်းက ဝိုင်းကျူရှင်က သူငယ်ချင်း ဝေဠုများလား။

လူလူ ခေါင်းစားသွားသော်လည်း အချိန်နာရီအရ မမမေ ဆေးခန်းသို့ ပြေးဖို့အချိန် ဖြစ်နေသဖြင့် အင်တာနက်ပိတ်ပြီး ကောင်တာ၌ ငွေရှင်းပြီး ထွက်ခဲ့လေသည်။

ထင်သည့်အတိုင်း 'မေ အရေပြားအထူးကု' ဆေးခန်းရောက်တော့ နောက်ဆုံးလူနာဖြစ်ဟန်တူသော အမျိုးသမီး(၃)ဦး ထွက်လာသည်နှင့် သူနာပြုဆရာမလေးနှစ်ယောက်နှင့် စာရေးမလေးက ပစ္စည်းပစ္စယတို့ သိမ်းဆည်းနေကြလေသည်။

သူ့ကို မြင်တော့. . .

"ဘုတ်ကင်လုပ်ထားတဲ့လူနာ ကုန်သွားပြီပဲ၊ ရှင်က နောက်နေ့အတွက် တုံကင်ယူမလို့လား"

သူ့အရေပြားတို့က ဒီလောက်ဝင်းဝါတောက်ပြောင်နေပါလျက် ဆရာမမို့လို့ မေးရက်လေတယ်ဟု စိတ်ထဲ ဖြုံသွားသော်လည်း နှုတ်ကတော့. . .

"ဒေါက်တာ့မိတ်ဆွေ ကိုလူလူပါ။ ဒေါက်တာနဲ့ တွေ့ဖို့ လာတာ"

"ခဏနော်. . . ထိုင်ပါဦးရှင့်၊ ဒေါက်တာ့ကို သွားမေးပေး





ပါ့မယ်"

အတွင်းသီးသန့်ခန်းက မှန်ချပ်တွေအပြင် ဇာခန်းဆီးများဖြင့်ပါ ထပ်မံကာရံထားသည်။ ဆေးခန်းဖွဲ့စည်းပုံက အလွန်သန့်ရှင်းသပ်ရပ်ကာ စိတ်ကူးယဉ်ဆန်လေသည်။ အပျိုကြီးတွေက ဒီအတိုင်းပဲ ထင်သည်။ အလုပ်ခန်းကိုတောင် နေချင်စဖွယ်ဖြစ်ရန် ဖန်တီးပေးထားသည်။

"ဒေါက်တာက ခဏစောင့်နေပါတဲ့၊ အခုပဲ ထွက်လာပါ့မယ်တဲ့"

လူနာစမ်းသပ်ခန်းထဲသို့တော့ သူ့အား ဖိတ်ခေါ်ခြင်း မပြုပါချေ။

တစ်မိနစ်ခန့်သာ ကြာလိုက်သည်။ မမမေ အတွင်းတံခါးလေးမှ ထွက်လာသည်။ ဆံပင်ကို သေသပ်စွာ ထုံးဖွဲ့ထားသည်။ ဝတ်စားဆင်ယင်မှုက လှပကြော့ရှင်းပြီး အလှကို ပိုမိုတောက်ပစေရန် ဖန်တီးပေးထားသကဲ့သို့ဖြစ်နေသည်။

"လှလိုက်တာ မမမေရယ်" ဟု စိတ်ထဲ မြည်တမ်းပြီး ရွှန်းရွှန်းစားစားပင် စိုက်ကြည့်နေမိလေသည်။

"ဘယ်က လှည့်လာတာလဲ"

"တမင်ကို လာခဲ့တာ၊ မမကို အိမ်အပြန် လိုက်ပို့မယ်ဆိုပြီး"

"ဒီလိုဆို ဘယ်လိုလုပ်မလဲ၊ တို့က တို့ကားနဲ့ လာခဲ့တာ"

"ညစာလိုက်ကျွေးမယ်လေ. . . ကိုယ့်ကားနဲ့ကိုယ် သွားကြမယ်၊ မမမေ ကြိုက်တဲ့ဆိုင်ရွေး"

"ဆောရီးပဲ လူလူ၊ တို့က ကြိုတင်ဖိတ်ထားတာ မဟုတ်ရင် လိုက်မစားတော့ဘူး၊ အိမ်မှာ စီစဉ်ထားတာတွေ အလကားဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



မှာစိုးလို့"

"ဟာဗျာ. . . အိမ်က ကျန်တဲ့လူတွေ စားလိမ့်မပေါ့"

"စကားကို လွယ်လွယ်လေး ပေါ့ပေါ့လေး မပြောလိုက်ပါနဲ့၊ လူလူ၊ အိမ်မှာ စားမယ့် အဓိကလူက တို့တစ်ယောက်ပဲလေ၊ တစ်ယောက်တည်းကို အိမ်က အလုပ်သမားနှစ်ယောက်က စီစဉ်ပေးထားရတာ၊ တို့ မစားရင် သူတို့ အလုပ်ရှုပ်တာပဲ အဖတ်တင်တာ"

"သူတို့ စားလိမ့်မယ်လေ၊ မမမေ တစ်ယောက်စာကို နှစ်ယောက်စာ မျှဝေပြီး ပိုစားလိုက်လို့ရတာပဲ၊ ကျွန်တော် စကားကပ်ပြီး ပြောတာမဟုတ်ဘူးနော်"

"ထိုင်ဦး လူလူ၊ ညီမတို့. . . ကိုယ့်အလုပ်ပြီးရင် ပြန်လို့ရပြီ၊ ဂွတ်နိုက်"

မမမေက သူ့ကို ပြောရာမှ သူ့ဝန်ထမ်းများကိုပါ တဆက်တည်း လှမ်းပြောလိုက်သည်။

"ဟုတ်ကဲ့ ဒေါက်တာ"

ဝန်ထမ်း(၃)ဦးလုံး ဆေးခန်းတွင်းမှ ထွက်သွားကြလေသည်။ မမမေ ဆိုဖာ၌ ဝင်ထိုင်လိုက်ပြီး. . .

"ကိုင်း. . . လာရင်းကိစ္စကိုသာ အမိန့်ရှိပါ ကိုလူလူ၊ မင်း မမမေကို ထမင်းလိုက်ကျွေးဖို့သက်သက် လာတာ မဟုတ်ဘူး မှတ်လား"

မနေ့ကမှ လမ်းခွဲခဲ့သည်။ နောက်တော့ ရောက်လာသည်ဆိုတော့ သူ၏အသည်းအသန်ဖြစ်နေမှုကို မမမေ ကောင်းစွာရိပ်မိနေမည်။ အချစ်ရဲ့စွမ်းအားက ဘယ်လောက် ဆွဲငင်အား ပါသလဲဆိုတာ အပျိုကြီး သိလောက်ပါသည်။

"အဟဲ. . . ထမင်းကျွေးတာက ကျွေးဖို့ပါပဲ၊ ဒါပေမယ့်





အခု မဟုတ်ဘူး၊ မမအ ဆင်ပြေမယ့်နေ့၊ ပေးနိုင်မယ့်အချိန်ကို လိုချင်လို့ပါ၊ ဒါက ကျွန်တော်ဖိတ်တာ မဟုတ်ဘူး၊ အဘွားက ဖိတ်ခိုင်းတာ"

"အလိုတော်. . . ရှင်က ကျွန်မအကြောင်းကို ရှင့်အဘွားတော်ထံ သံတော်ဦး တင်ထားပြီပေါ့"

မမမေက အငေါ်အတူးသံလေးနှင့် ပြောလိုက်သည်။ မျက်ထောင့်ကလည်း ကပ်လိုက်သေး။ လူလူ့နှလုံးသားတစ်ခုလုံး ဂွမ်းထိုးမှောက်ခုန် ဖြစ်ကုန်သည်။ အသည်းယားစရာကောင်းလိုက်တဲ့ အပျိုကြီး။

"ပြောလေ"

အလှတရား၌ ရုတ်တရက် မှောပါသွားသောသူ သတိဝင်လာပြီး. . .

"ဟုတ်. . ဟုတ်ကဲ့"

"ဘာဟုတ်ကဲ့လဲ. . . ကျွန်တော်မျိုးမမှ ရှင့်ကို အဖြေပေးတော်မမူရသေးတဲ့ဟာကို"

"အဲဒါက မမမေရဲ့လုပ်ပိုင်ခွင့်အပိုင်းလေ၊ ကျွန်တော်က ကျွန်တော်နဲ့ ဆိုင်တဲ့အပိုင်းကို အရင်လှုပ်ရှားထားတာ၊ ကျွန်တော် မမမေကို ချစ်တယ်၊ အဘွား သဘောတူမလား၊ တူရင် အမြန်ဆုံး လိုက်တောင်းပေးလို့"

"အလိုတော်. . . ရှင်ဟာ တော်တော်ကြောက်ဖို့ကောင်းတဲ့ ကောင်လေးပဲ"

မျက်စောင်းလှလှလေး ကျရောက်လာပြန်သည်။

ပစ်လိုက်စမ်း. . . မျက်စောင်းမြားကလေးတွေ အများကြီး။ သူရင်ဖွင့်ပြီး အသည်းထဲမှာ သိမ်းဆည်းထားလိုက်ရုံပဲပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မက ရှင့်အဘွား လူကြီးကို အားနာတဲ့အတွက် ငြင်းပယ်လို့မရလို့ လိုက်စားရဦးမှာပေါ့၊ ဒါထက် သူသူတို့ကော လာမှာလား"

"အဘွားက မမသူတစ်ယောက်တည်းဆိုရင်တော့ ခေါ်ချင်တယ်တဲ့၊ ဒါပေမယ့် မမသူရဲ့နောက်က ပါလာမယ့် ရထားတွဲကြီးကြောင့် မမနဲ့ လွတ်လွတ်လပ်လပ် စကားမပြောရမှာစိုးတဲ့အတွက် မခေါ်တော့ဘူးတဲ့"

မမမေက ပြုံးပြုံးလေးပင် ခေါင်းညိတ်လိုက်ပြီး. . .

"ကောင်းပြီလေ. . . ဒါဖြင့် မနက်ဖြန် ဒီလိုအချိန် လာကြိုလေ၊ ဒါပေမယ့် တို့ကားနဲ့ပဲ လိုက်ခဲ့မှာနော်"

"လောင်စာဆီ ချွေတာတဲ့အနေနဲ့ ကျွန်တော့်ကားနဲ့ပဲ လိုက်ခဲ့ပါလား"

"အလုပ်ရှုပ်တယ်. . . လာကြိုဦး ပြန်ပို့ဦးနဲ့ ပေရှည်တယ်၊ ဒါဆို ဒါပဲမှတ်လား. . . ပြန်ကြစို့"

အိမ်ရှင်က ထလိုက်ပြီဆိုတော့ ဧည့်သည်က အလိုက်ကန်းဆိုးမသိ ထိုင်နေ၍မရတော့သဖြင့် သူပါ ထလိုက်ပြီး ထွက်ခဲ့ရလေသည်။ မောဘရဏီက ဝရန်တာ ညမီးကို ဖွင့်ခဲ့ပြီး တံခါးကိုပိတ်၊ သော့ခတ်ပြီးသည်အထိ သူရပ်စောင့်ပေးနေသည်။

လူစည်ကား အချက်ချာကျသော မြို့ထဲ လမ်းမတန်း၌ တိုက်ခန်းကို အပေါ်အောက် နှစ်လွှာယူထားပြီး ဆေးခန်းကို စတည်နေသော မမမေကို သူ စိတ်ထဲ လေးစားနေမိသည်။

ချစ်ခြင်းအစ လေးစားမြတ်နိုးခြင်းကပေလား။

အချစ်တွေကို ဖောဖောသီသီ နှုတ်ဖျားလေးပေါ်က မချွတမ်း သုံးစွဲခဲ့တတ်သောသူ၊ အခုတော့ အချစ်၏လျှို့ဝှက်ဆန်းကြယ်





မှု နက်ရှိုင်းမှုများကို တွေ့မြင်လာရသည်။ ထိုအခါမှ အချစ်ကို ဆန်းစစ်ကြည့်လာသည်။

အချစ်ကို ဆန်းစစ်ကြည့်လေလေ ခွဲခြမ်းစိတ်ဖြာရတာ ခဲယဉ်းလေလေ ဖြစ်လာလေသည်။

ဟူး. . . ရင်မောလိုက်တာ။

မမမေ၏အချစ်ကို အလွယ်တကူ မရမှာကိုပင် စိုးကြောက်နေမိသည်။

"ဘာရပ်လုပ်နေတာလဲ"

"မမမေကို စောင့်နေတာလေ"

"ဒါဖြင့် သွားတော့၊ တို့လည်း သွားပြီ၊ မနက်ဖြန်မှ တွေ့မယ်နော်"

"အိုကေ. . ဘိုင့်ဘိုင်"

မမမေကို လက်ကလေးပင် ပြလိုက်ပြီး မမမေ ကားထဲဝင်သွားမှ သူ့ကားရှိရာသို့ လျှောက်ခဲ့လေသည်။

မမမေ ကားလေး ထွက်သွားမှ သူလည်း ကားစက်နှိုးထွက်ခဲ့လေပြီ။

ခက်နေပြီ. . .။

အစက တွေ့ခွင့်မရသော အင်တာနက်မေကို တွေ့ချင်ခဲ့သည်။ တွေ့ခွင့်မရလေလေ၊ တွေ့ချင်လေလေဖြစ်ခဲ့ပြီး. . .

ယခု မမမေကို တွေ့တော့ အင်တာနက်မေနှင့် မမမေ တစ်ယောက်တည်း ဖြစ်စေချင်သည်။

ပြီးတော့ ပိုင်ဆိုင်ချင်သည်။

သူ့အချစ်သည် မမမေမှာပဲ နိဂုံးချုပ်သွားပြီ ထင်ပါသည်။

"အား. . . ချစ်လိုက်တာ မမမေရာ"



www.burmeseclassic.com

www.burmeseclassic.com



ရင်တွင်း မချိမဆန့် ညည်းတွားလိုက်မိလေတော့သည်။ ဒါကိုကပဲ အချစ်စစ်ကြောင့်ဟု သူထင်နေသည်။







## အခန်း(၁၁)

အဘွားဒေါ်ခင်ခင်ကျော့ မျက်လုံးပင် ပြူးကျယ်လာပြီး အရောင်များတ လက်လက် တောက်ပလာသည်။

လှလိုက်တဲ့မိန်းကလေး၊ ကြွေသားရောင်နှယ် အသား အရည်က တင်းလျက် တောက်ပနေသည်။ ကိုရီးယားမင်းသမီးလေး တွေလိုများ ခွဲစိတ်ပြီး အလှပြုပြင်ထားတာများလား။ ဇဝေဇဝါနှင့် သံသယပင် ပွားလောက်အောင် အလှတရားတို့ ကုံလုံသည့် မိန်းက လေးပါလား။ ဒါကြောင့် မြေးလေးလူလူ စွဲမက်မယ်ဆိုလည်း စွဲမက်



www.burmeseclassic.com

www.burmeseclassic.com



ထိုက်ပါသည်။

"အဘွား. . . ကျွန်တော်ပြောတဲ့ မမမေပါ"

"ဩော်. . အေး. . ထိုင်ကွယ် မိန်းကလေး"

အဘွားဒေါ်ခင်ခင်ကျော်က မျက်မှန်ကြီး ပင့်လျက် မှင်သက်နေရာမှ သတိဝင်သွားပြီး ရပ်နေသော မေဘရဏီကို ထိုင်ခိုင်းဖို့ သတိရလိုက်သည်။

မြေးလေးလူလူထက် အသက်(၇)နှစ်ကြီးပါသည်ဆိုတာ မယုံကြည်ချင်လောက်အောင်ပင် ရွယ်တူလို့ ထင်ရသည်။

"မမမေ. . . ကျွန်တော့်အဘွားပါ"

"ဟုတ်ကဲ့. . . တွေ့ရတာ ဝမ်းသာပါတယ် အဘွား၊ ကျွန်မကိုလည်း သူသူလိုပဲ သဘောထားပြီး အမြင်မတော်တာဖြစ်ဖြစ်၊ စိတ်ထဲ အခန့်မသင့်တာဖြစ်ဖြစ် တွေ့ရင် ဆုံးမပဲ့ပြင်နိုင်ပါတယ်ရှင်"

အိုး. . . လိမ္မာရေးခြား ရှိလိုက်တဲ့ စကားလေးပါလား။ ခုခေတ်လူငယ်တွေမှာ ပျောက်ဆုံးစပြုနေပြီဖြစ်သော ဂါရဝ,တရားလေး ဒီမိန်းကလေးမှာ ရှိနေပါသေးလား။

အဘွားဒေါ်ခင်ခင်ကျော်စိတ်ထဲ အမှတ်တွေ အပြည့်ပေးနေမိသည်။

"အေးပါကွယ်. . . သူသူ သူငယ်ချင်းဆိုတော့ အဘွားရဲ့ မြေးပဲပေါ့၊ ဒါဆို အဘွားလည်း ရင်းရင်းနှီးနှီးပဲ ပြောတော့မယ်နော်"

"ဟုတ်ကဲ့. . . ပြောပါ အဘွား"

"မိဘတွေက ဘာများလုပ်ကြသလဲ၊ ဘယ်ဇာတိလဲကွယ်"

မေဘရဏီမျက်နှာပြင်မှာ ပြုံးနေသလို စိတ်ထဲမှာလည်း ပြုံးနေမိသည်။

သူ့မှာ အဘွားဒေါ်ခင်ခင်ကျော် မေးသမျှကို ဖြေရင်း





မြေးချွေးမရွေးပွဲအတွက် အင်တာဗျူး ဖြေနေရတာနဲ့ တူနေပါလားဟု တွေးမိရင်း လူလူသာကျော်ဆိုသည့်ကောင်လေးကို ထိပ်ခေါက်ပစ်ချင်လောက်အောင် အသည်းယားနေမိသည်။

သို့သော် လူကြီးရှေ့မို့ စိတ်ကို ချုပ်တည်းထားရသည်။

"အေးကွယ်. . . အဘွားက မြေးလေးဆန္ဒမှန်သမျှကို ဖြည့်စွက်ပေးချင်တဲ့သူဆိုတော့ မြေးလေး စွဲစွဲလန်းလန်း ဖြစ်နေတဲ့ မေ့ကို တွေ့ချင်ခဲ့တာ၊ တွေ့တော့ အဘွားပါ မေ့ကို မြေးတော်ချင်တဲ့ အစွဲအလန်း ဖြစ်သွားပြီပေါ့ကွယ်၊ အဲဒါ ဘယ်လိုလုပ်ကြမလဲကွယ် . . ."

အဘွားဒေါ်ခင်ခင်ကျော်သည် ရှေးမီနောက်မီ အဘွားကြီးမို့ မြေး၏ဘက်တော်သားပီပီ အောင်သွယ်နေတော့သည်။

"ဟာ. . . ဘွားဘွားကလည်း"

မေဘရဏီ၏ ကြွေသားရောင်မျက်နှာပြင်ဝေလေး စတော်ဘယ်ရီရောင်ပင် ပြောင်းသွားရလေသည်။

"ဟုတ်တယ်. . . အဘွားကလည်း မလုပ်နဲ့ မေ၊ လူလူမှာ ဘာလိုအပ်ချက်တွေ ရှိနေလို့လဲကွယ်၊ အဘွားကိုပြော. . . အဘွား ပြုပြင်ပေးမယ်"

တော်တော်ဆိုးတဲ့ လူလူ။ မိမိအနေခက်အောင် သူ့အဘွား အမွှတ်ထိုးကြီးနဲ့ တွေ့ပေးပြီး မိမိကို အပိုင်ချည်နှောင်နေတာ။ ဟွန်း. . . တွေ့မယ် ဒီကောင်လေးတော့။

မေဘရဏီ ရင်တွင်း ချစ်စနိုးလေး ကြုံးဝါးနေမိသည်။

"ခုလည်းလေ. . . သူ့ကိုယ်သူ အိမ်ထောင်ဦးစီးကောင်း ဖြစ်ရမယ်ဆိုပြီး လုပ်ငန်းသစ်တစ်ခု စလုပ်နေပြီ မေရေ"

အဘွားဒေါ်ခင်ခင်ကျော်သည် မြေးကို အမွှမ်းတွေ တင်



www.burmeseclassic.com

www.burmeseclassic.com



ကာ သူ့အား သွေးဆောင်နေလေသည်။

မေဘရဏီအတွက် အိမ်ထောင်ရေးဆိုတာ 'အချစ်' ဖြင့်သာ တည်ဆောက်ချင်သူဖြစ်သည်။ စီးပွားရေးအရ သာသည် နာသည်ဟုလည်း တွက်မည့်သူ မဟုတ်သလို. . .

မိမိသည်လည်း အိမ်ရှင်မကောင်းတစ်ယောက်၏ဝတ္တရားထဲကလို စီးတဲ့ရေ၊ ဆည်တဲ့ကန်သင်း လုပ်ချင်မှ လုပ်နိုင်မည်။ သားကိုသခင်၊ လင်ကိုဘုရားကဲ့သို့ ပြုစုချင်မှ ပြုစုနိုင်မည်။ ဒါကို လူလူ နားလည်ပါ့မလား။

မိမိဝါသနာနှင့် တည်ဆောက်ထားသောလုပ်ငန်း အောင်မြင်ဖို့အရေးက ပထမနေရာ၌ ရှိနေသည်။

"အဘွား. . . မေက အိမ်ထောင်ပြုရင် ယောကျ်ားတစ်ယောက်ရဲ့စည်းစိမ် ဂုဏ်ဒြပ် ပိုင်ဆိုင်မှုတွေကို ကြည့်မှာ မဟုတ်ဘူး"

"ဟင်. . . ဒါဖြင့် ဘာကိုကြည့်မှာလဲကွယ် မေရဲ့၊ အဘွားကို ရှင်းပြပါဦး"

"မေ့ရဲ့ဂုဏ်သိက္ခာကို ထိခိုက်စေလောက်အောင် နှိမ့်ပါးတဲ့သူ မဟုတ်ဘဲ ဂုဏ်သိက္ခာရှိပြီး ရိုးသားဖြောင့်မတ်၊ မေ့ကို သစ္စာရှိရှိ မြတ်နိုးပြီး မေ့အပေါ် မေ့လုပ်ငန်းအပေါ် နားလည်မှု ပေးနိုင်တဲ့လူ ဖြစ်ရင် မေ ကျေနပ်ပါတယ်"

"ဟင်. . . အလုပ်မရှိ အကိုင်မရှိ လူဆိုရင်ကောကွယ်၊ အဘွားက ပွင့်ပွင့်လင်းလင်းပဲ မေးတာနော် မေ"

"မေကလည်း စကားအဖြစ် ပြောတာပါ၊ အလုပ်အကိုင်မရှိရင်တောင် မေ့လုပ်ငန်းမှာ ဝိုင်းကူလုပ်ပေးရင်တောင် မေက ကျေနပ်ပါတယ်၊ ဒါပေမယ့် သစ္စာတရားကိုတော့ မေက တန်ဖိုးထားတယ် အဘွား"





လူလူသာကျော် ရင်ထဲ ဒိန်းကနဲ ဖြစ်သွားသည်။ ရည်းစားပေါင်း သောင်းခြောက်ထောင် တွဲလိုက်ကွဲလိုက် အင်တာနက်ချစ်သူတွေကော ထားခဲ့သူ သူ့အကြောင်း မမမေ သိသွားရင် ဘယ်လိုလုပ်ရမည်နည်း။ ရိုးသားစွာဖြင့် ဖွင့်ဟဝန်ခံထားသင့်သလား။

"ဒါတော့ စိတ်ချ မေ၊ လူလူ့အဖေ အဘိုး မျိုးရိုးကိုကတစ်ယောက်ဆိုတစ်ယောက်၊ မိန်းမကို သဲသဲလှုပ် ချစ်တတ်တဲ့အမျိုးလေ၊ ဟင်း. . ဟင်း. . ဟင်း အဘွားမြေးအတွက် အဘွားအာမခံတယ်"

တကယ့် အာဂအဘွားကြီး၊ မြေးအပေါ် ဒီလောက်အလိုလိုက်ပြီး ချစ်တတ်သည့်အဘွားကြီးပဲ။

မေဘရဏီ၏ ခပ်ယဲ့ယဲ့ နှလုံးသားတို့ ယိုင်တိယိုင်တိုင်ဖြစ်လာလေသည်။

"အဘွား အသက်ရှစ်ဆယ်ပြည့်ပြီးပြီလေကွယ်၊ မြေးလေး လူလူ မင်္ဂလာပွဲကို အမြန်ဖြစ်မြောက်စေချင်ပြီကွယ်၊ မေ စဉ်းစားမယ်ဆိုရင် မြန်မြန်စဉ်းစားပေးပါလားကွယ်၊ အဘွားကို ငဲ့ညှာသောအားဖြင့်ပေါ့"

ကြက်တူရွေးထက် မယ်ဘော်ကဲနေသည့်အဖြစ်ပါလား။ လူလူထက် လူလူ့ဘွားအေက ပို၍ကဲနေသည်။ မင်္ဂလာပွဲ အမြန်ဆုံးအထမြောက်ချင်နေပုံရသည်။

"မြေးမိဘတွေက နိုင်ငံခြားမှာ၊ ဒါပေမယ့် မြေးကိစ္စအတွက်ဆို အဘွား ချုက်ချင်းခေါ် ပေးလို့ရတယ်၊ ဘယ်လိုလဲ မေ"

မေဘရဏီ ရှက်ပြုံးလေးနှင့် အားတုံ့အားနာစွာဖြင့်ပင်. .

"မေ့ကို နည်းနည်းလေးပဲ အချိန်ပေးပါနော်၊ အခုတလော မှုမှာ အရမ်းအလုပ်တွေ များနေလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဖခင် ပင်စင်ယူပြီး ပြင်ဦးလွင်မှာ အခြေချမည်။ ညီမလေး၏မျက်နှာ ခွဲစိတ်ပြုပြင်ရမည်။ ဒါတွေအတွက် မေ လှုပ်ရှားနေသည်။ ဒါတွေ ပြီးသွားရင်တော့ မေ့ဘဝအတွက် မေ ဦးစားပေးတော့မည်။

"မေ့အလုပ်တွေ အဘွားဝိုင်းကူလို့ရရင် ကူပေးချင်ပါတယ်"

တကယ့်ဇွတ်အဘွားကြီးပါပဲ။

"ဟင်း. . ဟင်း. . အဘွားကလည်း၊ ကျေးဇူးတင်ပါတယ် အဘွားရယ်၊ မေ့ကို အရမ်းလိုလားပေးတဲ့အတွက် မေ ဂုဏ်ယူပါတယ်၊ အဘွားတို့ စိတ်ချမ်းသာအောင် မေ ပေးဆပ်မှာပါ"

မေဘရဏီအပြောကြောင့် မြေးအဘွားနှစ်ယောက်စလုံး ပီတိဖုံးသွားပြီး ပြုံးပျော်စွာဖြင့်. . .

"တကယ်နော် မေ၊ အဘွားကို ကတိပေးတယ်နော် အဘွားအနှ လိုက်လျောပေးဖို့"

မြေးအသည်းကျော်အတွက် သည်းသည်းလှုပ် အဘွားကြီးဒေါ်ခင်ခင်ကျော်ကို မေဘရဏီ အရှုံးပေးလိုက်ရသည်။

မဟုတ်လို့ကတော့ ထမင်းစားပြီးသည့်တိုင်အောင် အိမ်ပြန်လွှတ်တော့မည်မဟုတ်။ မေ့ကို တစ်ခါတည်း သိမ်းပိုက်ထားချင်သည့်ပုံမျိုး။ ထို့ကြောင့်. . .

"ဟုတ်ကဲ့. . . ကတိပေးပါတယ် အဘွား"

မေ့အတွက် မေတ္တာရေးရာမှာ ကံကောင်းလွန်းတာပဲလားမသိ။ တော်ရုံသားရှင်ဘက်က အသက်(၇)နှစ်ကြီးသော သတို့သမီးကို ဘယ်အလိုရှိနိုင်ပါ့မလဲ။ မိန်းမသားဆိုတာ အရွယ်ကျ မြန်တတ်သည်ပဲ။





"ဝမ်းသာလိုက်တာ မေရယ်၊ ဘွားသေမယ်ဆိုရင် သေပျော်ပါပြီ၊ အဘွားမြေးလေးကို မေ့လက်ထဲ အဘွားအပ်ပြီနော်"

လူလူသာကျော် ထခုန်မတတ် ဝမ်းသာသွားရာက ဟန်ပင်မဆောင်နိုင်ဘဲ အဘွား၏ပျော့တွဲတွဲပါးပြင်ကို မွှေးကြူလိုက်လေသည်။

"ဒါမှ. . မြေးအဘွား"

မေဘရဏီမှာ မြေးအဘွားနှစ်ယောက်၏အကဲပိုမှုကြောင့် ချက်မျက်နှာရဲရဲကို ဘယ်သွားဝှက်ထားရမှန်း မသိအောင် ဖြစ်သွားရသည်။

"ဟဲ့. . လူမှားနေပြီထင်တယ် မြေး. . ဟင်း. . ဟင်း"

လူလူသာကျော် မေဘရဏီကို လှမ်းကြည့်လိုက်သည်။

အကြည့်ချင်း ဆုံကြသည်။ မေ့ရင်ထဲ မြင်းရိုင်းအကောင်တစ်သိန်းက ကဆုန်ပေါက် ပြေးလွှားနေပြီထင့်။ ရင်ခုန်သံရိုင်းကို မခံနိုင်သဖြင့် မျက်စောင်းထိုးပစ်လိုက်သည်။

တကယ့်ကို အပိုင်ချည်ဖို့ ပါဝါအားကောင်းသည့် သူ့ဘွားအေနှင့် တွေ့ပေးတာကိုး။

"ဟွန်း. . . လူလည်"



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း(၂)



www.burmeseclassic.com

www.burmeseclassic.com

> မယ်သိပ်ချစ်ရတဲ့လူကို မယ်က အချစ်တွေ စုပြုံပေးပြီး အကြင်နာ ကရုဏာနဲ့ ပြုစုယုယပြီး သက်ထက်ဆုံး လေးစားတန်ဖိုး ထားမြတ်နိုးသွားချင်တာ...
>
> နတ်မိမယ်

> အရာအားလုံးဟာ ရှင်းလင်းစွာဖြင့် ဘူးပေါ်သလို ပေါ်သွားရသော်လည်း သူနှလုံးသား၌ သပွတ်အူလို ရှုပ်ထွေးသွားရလေပြီး နာကျင်ခံစားရမှု ဝေဒနာအစုစုတို့က ရင်မှာ ဖြစ်တည်သွားရလေသည်...
>
> လူလူသာကျော်





## အခန်း(၁၂)

မယ် အင်တာနက် ထိုင်တိုင်း လူလူ့ကို အွန်လိုင်းပေါ်မှာ မတွေ့ရတော့။ စာပို့သည့်အခါ (၃-၄)စောင်လောက် ပို့ထားပြီးမှ တစ်စောင်ပြန်လာသည်။

"မအားလို့ပါ. . . အားတော့မှ ချိန်းမယ်၊ စာတွေ သိပ်ပို့မနေနဲ့၊ အခြားသူငယ်ချင်းတွေနဲ့ စကားပြောထားနှင့်ဦး"

ဟုသာ ရေးထားပြီး နောက်ထပ်မတွေ့ရတော့။

ဒီအချိန်မှာ မယ့်ထံ သတင်းဆိုးတစ်ခု ဆိုက်ဆိုက်မြိုက်



www.burmeseclassic.com

www.burmeseclassic.com



မြိုက် ရောက်ရှိလာသည်။

"ညလေး. . . နေကောင်းလား"

"ကောင်းပါတယ်. . . မမကော"

"အင်း. . . ကောင်းတယ်၊ ညလေးကို မမ ဆေးတွေ ပို့လိုက်တယ်. . . အားဆေးပဲ၊ မှန်မှန်သောက်ထားနော်၊ ရှေ့လထဲမှာ ညလေးမျက်နှာကို ပြုပြင်ပေးမယ်၊ ဒါမှ မမဝဲလ်ဒင်ကျရင် သတို့သမီးအရုံလှလှလေး ဖြစ်နေမှာ"

"ဟင်. . . မမက မင်္ဂလာဆောင်တော့မလို့လား"

"အင်း. . . စိတ်ကူးတာပဲ"

"ချစ်သူတွေ့ပြီပေါ့"

အလုပ်ထဲ၌သာ နစ်မြုပ်ထားသော မမ ဘယ်လိုဖြစ်သွားတာလဲဟု မယ် အံ့အားသင့်ကာ မေးနေမိသည်။

"တွေ့ပြီ. ."

"ဘယ်သူလဲဟင်. . မယ်သိသလား၊ ဆရာဝန်ပဲလား"

"မဟုတ်ဘူး. . . မယ်သိရင် အံ့သြသွားမယ်၊ မမလည်း မမကိုယ်မမ အိပ်မက်,မက်နေသလား ထင်ရအောင် အံ့အားသင့်နေခဲ့တာ"

မယ့်ရင်တွေ လှုပ်ရှားသွားသည်။

"ဘယ်သူများပါလိမ့်"

မယ့်မေးခွန်းကို မမက ချက်ချင်းမဖြေ၊ ရယ်သံလေး စွက်ကာ. . .

"ဟင်း. . ဟင်း. . မယ်. . မမကို အပြစ်မတင်နဲ့နော်"

"ဘာဖြစ်လို့ အပြစ်တင်ရမှာလဲ"

"မယ့်အတွက် အစ်ကိုမရှာပေးဘဲ သူငယ်ချင်းပဲ ရှာပေး





လို့လေ၊ မယ်နဲ့ ရွယ်တူပဲ"

"ဟင်. . ."

မယ့်ရင်တွေ တဒိတ်ဒိတ် ခုန်လာလေသည်။ မမက စကားကို အီလေးဆွဲနေလေလေ မယ်က သိချင်လေလေ ဖြစ်လာသည်။

"ပြောပါ မမ. . . ဘယ်သူလဲလို့"

"ညလေး သိပါတယ်၊ မမနဲ့ ပြင်ဦးလွင်ကို လိုက်လာတဲ့ လူလူလေ"

"ဟင်. . ."

မယ့်တကိုယ်လုံး တောင့်ကနဲဖြစ်သွားသည်။ သွေးလည်ပတ်မှုများ ပြောင်းပြန်စီးနေပြီလား။

"မမ စဉ်းစားမယ်ဆိုပြီး အချိန်ဆွဲထားလည်း မရဘူး၊ သူ့ဘွားအေနဲ့ပါ တွေ့ပေးပြီး စေ့စပ်ဖို့ လုပ်နေတယ်၊ ဘွားအေကလည်း မမကို အရမ်းသဘောကျနေတာ၊ ဆွေကြီးမျိုးကြီးတွေပါပဲ၊ ဖေဖေနဲ့မေမေကို ဖုန်းဆက်ပြောပြတော့ သူတို့ပြောင်းလာတော့မှပဲ စေ့စပ်တာကို လက်ခံမယ်တဲ့"

မမစကားသံတွေက မယ့်နားထဲ စိမ့်ဝင်လာရာက နှလုံးသားကို ရောက်တော့ ချွန်မြနေတဲ့ အပ်သွားတွေအဖြစ် ဝင်ရောက်လာပြီး စူးရှကုန်ပြီထင့်၊ စူးနင့်နေအောင် နာကျင်လိုက်တာ။

"ဟယ်လို. . မယ်. . ညလေး၊ ဟယ်လို. . . လိုင်းပြတ်သွားပြီလား. . ဟယ်လို"

"အင်း. . အင်း. . မမ ပြော. မယ်နားထောင်နေတယ်"

မယ် နာကျင်မှုကို ထိန်းချုပ်ပြီး တုန့်ပြန်သံ ပေးလိုက်ရသည်။

"ပြောတာတောင် ဘယ်နား ရောက်သွားပါလိမ့်၊ ဩော်. .



www.burmeseclassic.com

www.burmeseclassic.com



မေမေတို့ လာတာနဲ့ ညလေး ခွဲစိတ်မှာ အတော်ပဲ၊ မမစီနီယာလည်း အဲဒီအချိန်နဲ့ ကိုက်ပြီး လာမယ်၊ ညလေးကိစ္စ ပြီးမြောက်သွားမှ မမ စေ့စပ်ပွဲ လုပ်မယ်"

မယ့်ရင်တွေ နာလိုက်တာ။

မယ့်အတွက် ခွဲစိတ်တယ်ဆိုတာ အဓိပ္ပါယ်မရှိတော့ဘူး။

"ဟင့်အင်း. . ဟင့်အင်း. . မယ်မခွဲချင်တော့ဘူး"

"ဘာဖြစ်လို့လဲ မယ်. . ညလေး"

မယ် မျက်ရည်တာကျိုးလေပြီ။

"ဟင့်အင်း. . ဟင့်အင်း. . မယ်ကြောက်တယ်၊ မယ် မခွဲချင်တော့ဘူး၊ ဒီအတိုင်းပဲ နေမယ်"

မယ် နာကျင်မှုတွေကို မျက်ရည်နဲ့ ဆေးဖို့ မယ် ဖုန်းချလိုက်သည်။ နောက် မယ် စိတ်ရှိလက်ရှိကို ငိုချပစ်လိုက်သည်။

မယ့်အတွက် ကေးဝင့်ပုဏ္ဏားလို အမာရွတ်ကို မြင်တိုင်း မင်းမဟော်သခာကို သတိရနေသလို လူလူကို အမှတ်ရနေခွင့် ရမှာပါ။

လူလူကြောင့် ရခဲ့တဲ့အမာရွတ်ကို လူလူကြောင့် ပြန်ရုပ်သိမ်းချင်တယ်၊ လူလူကို ပိုင်ဆိုင်ခွင့် ရဖို့အတွက် အမာရွတ်ကို ရုပ်သိမ်းချင်ခဲ့တာ။

လူလူကို မျှော်လင့်ချက် မရှိဘူးဆိုမှတော့ လူလူပေးခဲ့တဲ့ အမှတ်တရ အမာရွတ်ကိုပဲ ဖက်တွယ်ပြီးတော့ မယ့်ဘဝကို ဖြေသိမ့်ပြီး နေလက်စအတိုင်းပဲ နေသွားတော့မှာပါ။

တယ်လီဖုန်းက ထပ်မြည်လာသည်။

မမဂျီအက်စ်အမ်ဖုန်းနံပါတ်ကို ဖုန်းစကင်န်မှာ တွေ့လိုက်ရသဖြင့် မယ် ဖုန်းပလပ်ကို ဖြုတ်လိုက်သည်။ ဒေါ်ဒေါ်က မလှမ်း





မကမ်းမှ ကြည့်ရာ အနားရောက်လာသည်။

"ဘာဖြစ်လို့လဲ မယ်"

မယ် ခေါင်းခါယမ်းပြလိုက်သည်။

မယ့်မျက်ဝန်းအိမ်မှာ မျက်ရည်တွေ ပြည့်လျှံဝေနေမှုကို ဒေါ်ဒေါ် တွေ့မြင်သွားသည်။

"ဘာဖြစ်လို့လဲ ကလေးရယ်၊ ဒေါ်ဒေါ်ကို ပြောပြပါလားကွယ်၊ ဒေါ်ဒေါ် ဘာလုပ်ပေးရမလဲ"

"ဟင့်အင်း. . ဟင့်အင်း. . မယ်တစ်ယောက်တည်း နေချင်တယ်၊ မယ်ငိုတာ ဘယ်သူ့ကိုမှ မပြောပြရဘူးနော်"

"အကျိုးအကြောင်းသိရင် မပြောပြဘူး၊ မသိရတော့ ဒေါ်ဒေါ် စစ်ကူတောင်းမိပြီး ဟိုလူပြော ဒီလူပြော ပြောမိမလား မသိဘူး မယ်လေးရယ်"

ဒေါ်ဒေါ်က မယ့်မျက်ရည်များကို လက်ချောင်းလေးများနှင့် လှမ်းသုတ်ပေးရင်း ပြောလိုက်တော့ ရေနစ်နေသူ မယ့်အတွက် ကောက်ရိုးတစ်မျှင်အဖြစ် ဒေါ်ဒေါ့်ကို ဖက်တွယ်မိလေသည်။

ဒေါ်စိန်ရင်ခွင်၌ နတ်မိမယ် ခေါင်းစိုက်ကာ အားပါးတရ ရှိုက်ငိုနေလေတော့သည်။

"မယ့်ရင်တွေ နာလိုက်တာ"

"မယ့်မျှော်လင့်ချက်တွေ တစ်စစီ မွမွကြေပျက်စီးကုန်ပြီ"

"မယ့်အတွက် အနာဂတ်ဘဝဟာ အဓိပ္ပါယ်မဲ့ ရှင်သန်ရတော့မှာပါလား"

"မယ် ဘယ်လို အသက်ရှင် နေထိုင်သွားရတော့မှာလဲ"

နတ်မိမယ်၏ ဗလုံးဗထွေး ရေရွတ်မှုများကို ရင်နင့်စွာ ကြားနေရသော ဒေါ်စိန်လည်း ကြေကွဲမှုတို့ ကူးစက်မှု ခံရလေ



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်များပင် ဆို့လာသည်။

ဝိပဿနာအလုပ်ဖြင့် တရားစခန်းတွေ အကြိမ်ကြိမ်ဝင်ပြီး အားထုတ်ထားသောအခံ ရှိပါလျက် ဒေါ်စိန်မှာ သံယောဇဉ် အတွယ်တာရဆုံးသူ၏ ကြေကွဲမှုကို မျှဝေလိုက်ရတော့ သူတောင် မျက်ရည်လည်လာသည်။

"တိတ်ပါ ကလေးရယ်၊ ကံကြမ္မာဆိုတာ ဆိုးတစ်ခါ ကောင်းတစ်လှည့်တော့ ရှိတတ်ပါတယ်ကွယ်"

ဟု ကံကြမ္မာကို ပုံချကာ ဖြေသိမ့်ပေးနေလိုက်လေတော့သည်။







# အခန်း(၁၃)

မေ ဖုန်းပြောရင်း လိုင်းပြတ်သွားသည် ထင်ပါသည်။ မယ့်ကို ခေါ်မရတော့။

မယ့်ခမျာ တကယ်တမ်း ခွဲစိတ်တော့မည်ဆိုတော့လည်း ကြောက်လာသည် ထင်ပါသည်။

ဘာမှ ကြောက်စရာ မလိုသည့်အကြောင်း၊

ယခုခေတ်ကြီးမှာ မင်းသား၊ မင်းသမီးတွေအပြင် ပိုက်ဆံတတ်နိုင်သူတွေပါ မျက်နှာပြင်ပေါ်မှ အစိတ်အပိုင်းကို လိုသလို



www.burmeseclassic.com

www.burmeseclassic.com



ခွဲစိတ်ပြုပြင်နေရုံမက ခန္ဓာကိုယ်ပေါ်မှ အစိတ်အပိုင်းတွေကိုပါ ခွဲစိတ်ပြုပြင်နေကြသည်။ ဘာမှ ကြောက်စရာ မလိုကြောင်း နား သွင်းကာ ဖြေသိမ့်ပေးရမည်။

ဖုန်းခေါ်ဆိုခြင်းကို ရပ်တန့်လိုက်ပြီး မေဘရဏီ အိပ်ယာ ဝင်ခဲ့သည်။

ထိုအချိန် ဖုန်းခေါ်သံ မြည်လာသည်။ စကင်န်၌ လူလူ့ပုံ ပေါ်လာသည်။ မေ ပြုံးကာ အဖုံးကို ဖွင့်ပြီး တုန့်ပြန်လိုက်သည်။

"ပြော. . မောင်"

လူလူ ရန်ကုန်သို့ ဆင်းသွားသည်။ ကားအဝယ်ထွက်ခြင်း ဖြစ်သည်။

"ဖုန်းခေါ်တာ အကြာကြီးပဲ၊ မမ ဘယ်သူနဲ့ ပြောနေတာ လဲ"

မေ ပြုံးလိုက်မိသည်။ သဝန်တိုတာလားဟု တွေးမိကာ ကျေနပ်သွားသည်။

"မမမေ ညီမလေးနဲ့ပါ. . . ကားဝယ်ရတာ အဆင်ပြေ လား မောင်"

"ပြေပါတယ်. . . ဒါပေမယ့် မမမေကို လွမ်းလို့ နေရထိုင်ရ တာ အဆင်မပြေဘူး"

"ကိုဖိုးသဲ. ."

မေ့အတွက် အသက်ကြီးမှ အချစ်က ပေါက်ဖွားလာ၍ လားမသိ။ လူလူနှင့် ချစ်သူဖြစ်ပြီး မေ့စိတ်တွေ ပိုမိုရွှင်လန်း ပျော်ရွှင်ချမ်းမြေ့လာသည်။

"မမမေက မောင့်ကို ဖုန်းဆက်မခေါ်ဘူး"

"ဩော်. . . မောင့်ကို ကားပွဲစားတွေနဲ့ စကားပြောနေ





သလား၊ ကားမောင်းနေသလား ဘာလားညာလား တွေးပြီး မမမေ အားလပ်ချိန်မှာ မခေါ်ဖြစ်ဘူး၊ ခု ညီမလေးဆီ ခေါ်ပြီး မောင့်ဆီကို ခေါ်မလို့လုပ်တုန်း မောင့်ဆီက ဖုန်းဝင်လာတာလေ၊ ဘာပြောမလို့ လဲ. . . ပြောလေ မောင်"

"ချစ်တဲ့အကြောင်း ပြောမလို့"

"အဲ့ဒီအကြောင်း သိပြီးသားပဲ၊ ပြောစရာလိုလို့လား"

"လိုတယ်. . . မမမေက သိပ်လှတယ်၊ မောင်စိတ်မချဘူး"

"အံမယ်လေးလေး. . . မမမေက ပြောရမယ့်စကားပါ မောင်ရယ်"

"မောင်က ပြောရမှာပါ၊ မမမေ ဆေးခန်းကို ယောကျ်ား တွေကော ဂျယ်တွေပါ လာကြတော့ မောင် ဘယ်စိတ်ချမလဲ"

"စိတ်ချပါ မောင်၊ ဒါက မမမေအလုပ်ပါ၊ မမမေကို ချစ် တတ်လာအောင် မောင်တစ်ယောက်ပဲ ပြုစားနိုင်စွမ်း ရှိတာပါ၊ ဟင်း. . ဟင်း. . မောင့်အဘွားပါ ပါတယ်၊ တကယ်ပဲ. . . ကဝေ အတတ်များ တတ်သလား မသိဘူး၊ မမမေ မောင့်ကို ဘယ်လိုမှ ငြင်းဆန်နိုင်အောင် ပြုစားထားကြတယ်"

"ဒါပေ့ါ. . . အချစ်ဆိုတာ အသွားအပြန် ရှိတယ်၊ မောင့် အချစ်က ပါဝါများတော့ မမမေရဲ့အပျိုကြီးမာန ကျဆုံးသွားတာ ဖြစ်မယ်"

"ဟုတ်ပါတယ်ရှင်. . ဟုတ်ပါတယ်၊ ဒါပဲနော်. . . ရှင်လေး ကို တစ်ခုတော့ ပြောထားရဦးမယ်၊ မမမေနဲ့ မတွေ့ခင်မှာ ရည်းစား တွေ ဘယ်လောက်ထားခဲ့ထားခဲ့ ခွင့်လွှတ်တယ်၊ မမမေနဲ့ ချစ်သူဖြစ် ပြီးမှတော့ မမမေအပေါ် သစ္စာရှိရမယ်၊ အခြားချစ်သူ ရှိတယ်လို့ သာ သိလို့ကတော့ မမမေ လုံးဝခွင့်လွှတ်မှာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါ မမမေရယ်၊ ကျွန်တော်က တစ်ယောက်ဆို တ
ယောက် ပိတောက်ဆို ပိတောက်ပါ"

"ကိုင်း. . . မောင် ဘာပြောဦးမလဲ၊ မမမေ စာဖတ်စရာ
ရှိသေးလို့"

"မမမေကို ချစ်တယ်. . လွမ်းတယ်၊ မမကကော"

"အတူတူပဲပေါ့. . . ဘယ်တော့ ပြန်လာမှာလဲ"

"လေးငါးရက်တော့ ကြာဦးမယ်၊ ညတိုင်း ဖုန်းဆက်မယ်
နော်. . . ဒါပဲနော်၊ မမမေ. . ."

"ဘာလဲ. ."

"ကျွတ်. ."

"သွား. ."

မေ ဖုန်းပိတ်လိုက်လေသည်။

အသဲပို အကဲပိုသော ကောင်ကလေးနှင့် ချစ်သူဖြစ်ရတာ
လွယ်တော့မလွယ်၊ စိတ်လှုပ်ရှားစရာကောင်းသလို မြီးကော
ပေါက်အရွယ်လေးလို ရင်ခုန်နှုန်းမြန်စေသည်။

အလုပ်လုပ်နေချိန်မှအပ ကျန်အားလပ်ချိန်လေးနည်းနည်း
ရလိုက်တာနှင့်တပြိုင်နက် မောင့်ဆီကို စိတ်ရောက်သွားသည်။
မောင် ပြောပုံဆိုပုံ ပြုမူပုံလေးတွေကိုကအစ နှလုံးသား၌ ပုံရိပ်ထင်
ကာ တမ်းတနေမိသည်။

ဪ. . . ဒါကြောင့်လည်း လူတွေက ပြောကြတာ တ
စားကြတာ ထင်ပါသည်။

ကမ္ဘာကြီးကို အချစ်နဲ့ စတာတဲ့။

ကမ္ဘာကြီး မပျက်သုဉ်းသရွေ့ အချစ်တွေကလည်း တည်ရှိ
နေမှာပါတဲ့။





မောင်ပြောတဲ့ လူမှန်လျှင် အချစ်ရှိတယ်ဆိုတာ မှန်လိုက်
လေ. . .။

မေဘရဏီဆိုသော မိန်းမတစ်ယောက် ဝါသနာ ရည်ရွယ်
ချက်တို့ဖြင့် တည်ဆောက်ထားသော အောင်မြင်မှုလုပ်ငန်းပေါ်
အခြေချ မားမားမတ်မတ် ရပ်တည်နေနိုင်ပါလျက် အချစ်ဆိုသော
အရာက ထိုအရာအားလုံးထက် အစွမ်းထက်စွာ သူ့ကို လွှမ်းမိုးမှန်း
မသိ လွှမ်းမိုးနေလေပြီကို ကောင်းစွာနားလည်ခံစားနေရလေပြီ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၄)

မမမေနှင့် ဖုန်းဆက်အပြီး လူလူ ငေါင်တောင်တောင် ဖြစ်သွားသည်။ ရင်ထဲ ဟာတာတာကြီး ဖြစ်သွားသည်။ နောက် မလုံမလဲ ခံစားလိုက်ရသည်။

သူ့၌ အဆက်အသွယ် မဖြတ်တောက်ရသေးသော အင်တာနက်ချစ်သူမေ ရှိနေသေးသည်။

အင်တာနက်မေနှင့် မမမေဟာ တစ်ယောက်တည်း ဖြစ်နိုင်ပါလျက် မမမေက အင်တာနက်၌ စကားပြောရတာ





ဝါသနာမပါ။ အလုပ်ကိစ္စမှတစ်ပါး အသုံးမပြု ဆိုတော့ သူ ဇဝေဇဝါ နှင့် မမမေကို အင်တာနက်မေအကြောင်း မမေးရဲသေး။

တော်ကြာ 'မေ' ချင်းက တစ်ခြားစီဆိုလျှင် ကွိုင်ပူသွားနိုင်သည်။

အသစ်စက်စက်ချစ်သူကြီးနှင့် ကွိုင်အတက်မခံနိုင်။ တစ်ဘဝစာအတွက် ရည်ရွယ်ပြီး ချစ်မိနေပြီ ထင်ပါသည်။

ဪ. . . အကြံရပြီ။

ရုတ်တရက် လူလူ့ခေါင်းထဲ အကြံတစ်ခု ဝင်လာသည်။

မမမေက ပြင်ဦးလွင်အိမ်၏လိုင်းဖုန်းနံပါတ် ပေးထားသည်ပဲ။

ဤလိုင်းဖုန်းကို ဆက်ကြည့်လိုက်လျှင် မမမေနှင့် အင်တာနက်မေကို ခန့်မှန်းဆက်စပ်ကြည့်နိုင်သည်။

လူလူ မမမေ မန်မိုရီ သွင်းပေးထားသော ပြင်ဦးလွင်ရှိ မေဂေဟာ ဖုန်းနံပါတ်ကို ရှာလိုက်လေသည်။

"တွေ့ပြီ. ."

သူ ဝမ်းသာအားရ အသံထွက်သွားပြီး ဖုန်းနံပါတ်ကို ခေါ်လိုက်သည်။

လိုင်းမအားချေ။

သက်ပြင်းရှိုက်ထုတ်လိုက်ပြီး နောက်တစ်ခါ ကြိုးစားခေါ်သည်။ မရ။

ဖုန်းများ ပျက်နေတာလားဟု အတွေးထဲ ဝင်ရောက်လာသည်။ အခြားလုပ်စရာရှိသည်များကို လုပ်ပြီး ထပ်မံခေါ်ကြည့်ပြန်သည်။

လိုင်းမအားသည့်အသံသာ ထွက်ပေါ်နေသဖြင့် ခေချာ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဖုန်းလိုင်းပျက်နေသည်။ ပြင်ဦးလွင်မှာ မိုးဦးကျလျှင် လေတိုက်တာ၊ အပင်ကြီး အကိုင်းတွေ ကျိုးကျတာနှင့် ဖုန်းမကြာခဏ ပျက်တတ်သည်ဟု မမမေ ပြောဖူးသည်ပဲ။

လူလူ လက်လျှော့ပြီး အိပ်လိုက်လေတော့သည်။

နောက်တစ်နေ့ ချိန်းထားသောအိမ်သို့ ကားပွဲစားနှင့်အတူ သွားအကြည့်တွင်. . .

"ဟင်. . . ဒီအိမ်လား"

ရွှေတောင်ကြားလမ်းရှိ ခြံတစ်ခြံသို့ ဝင်သည်နှင့် သူ အံ့သြသွားသည်။ ကိုးတန်းနှစ်က ရန်ကုန်မှာ ကျောင်းလာတက်စဉ် ကျူရှင်ဝိုင်း တက်ခဲ့သော ဝေဠုတို့အိမ် ဖြစ်နေသည်။

ကားပွဲစား ကိုသာထက်က. . .

"ဟုတ်တယ်. . . ဒီအိမ်ပဲ၊ ခင်ဗျားနဲ့ သိလို့လား"

"လွန်ခဲ့သောဆယ်နှစ်ကပါဗျာ. . . အဲ့ဒီလူတွေမှ ရှိကြသေးရဲ့လား၊ ပြောင်းများ ပြောင်းသွားပြီလားတော့ မသိနိုင်ဘူးပေါ့ဗျာ"

ပြောရင်း ကားကို ပေါ်တီကိုအောက် ထိုးရပ်လိုက်သည်။ သူအလိုရှိသော စူပါရှယ် ဗင်ကားဖြူနှစ်စီးကိုလည်း တိုက်ဘေး ထိုးရပ်ထားသည်ကို တွေ့လိုက်ရသည်။

သူတို့နှင့် ချိန်းထားသော ကားရှင် ကိုအောင်ဇော်က ထွက်လာသည်။

အိမ်အပြင်ပုံစံ အသွင်အပြင်တွေက ဘာမှအပြောင်းအလဲမရှိ။

"လာကြဗျာ. . . စာချုပ်စာတမ်းတွေကို အရင်စစ်ကြတာပေါ့၊ အိမ်ထဲ ကြွပါ"





ကိုဇော်အောင်က ဖိတ်ခေါ်လိုက်သဖြင့် သူတို့ အိမ်ထဲဝင်ခဲ့ကြသည်။ အတွင်းအပြင်အဆင်တွေ အချို့တလေသာ ပြောင်းလဲမှု ရှိသည်။ နံရံပေါ်မှ မိသားစုဓါတ်ပုံကြီး၌ ဝေဠုနဲ့ ရွှေစင်တို့မောင်နှမ ဘွဲ့ယူစဉ်က ရိုက်ကူးထားပုံရသည်။

"ဒါ ကိုဝေဠုနဲ့ ရွှေစင်တို့အိမ်လား ကိုဇော်အောင်"

"ဗျာ. . . ဟုတ်ပါတယ်၊ ကျွန်တော်က ရွှေစင့်အမျိုးသားပါ၊ အသိတွေလား"

"ငယ်သူငယ်ချင်းတွေ ဖြစ်ခဲ့ဖူးတယ်"

လူလူ ဝမ်းသာသွားသည်။ ငယ်သူငယ်ချင်းဆိုသောအရသာက လူမှုဆက်ဆံရေးနယ်ပယ်မှာ မြိန်ရာဟင်းကောင်း တစ်ခွက်သဖွယ် အရေးပါလေသည်။ ပွင့်လင်းမှု အရှိဆုံးသော ဆက်ဆံရေး ဖြစ်သည်။

"ရွှေစင်ရေ. . ရွှေစင်. . ဒီမှာ ဧည့်သည်က တွေ့ချင်လို့တဲ့"

ကိုဇော်အောင်က လှေကားခြေရင်းဘက် လျှောက်သွားပြီး အပေါ်သို့ မော့ကြည့်ကာ ခေါ်လိုက်လေသည်။

"ရှင်. . လာပြီ"

ရွှေစင် အသံပြုပြီး အောက်ထပ်သို့ ဆင်းလာသည်။ ရန်ကုန်စတိုင်လ် အိမ်နေရင်း ချည်သားဘောင်းဘီနှင့် အကျီပွပွဝတ်ထားသော ရွှေစင်၏ငယ်ရုပ်ကို သူ ချက်ချင်းဖမ်းမိလိုက်သည်။ ရွှေစင့်ခင်ပွန်း ကိုအောင်ဇော်က. . .

"ဒီမှာ ရွှေဇင့်သူငယ်ချင်းတဲ့"

ရွှေစင်က သူ့ကို ကြည့်သည်။ သူက ပြုံးပြလိုက်သည်။ ရွှေစင် ချက်ချင်းပင် မှတ်မိသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်. . . လူလူ"

"ဟုတ်တယ်. . . ငါ လူလူပဲ"

"နင်ကလည်း ပျောက်ချက်သားကောင်းလိုက်တာဟယ်၊ လုံးဝကို အဆက်အသွယ်မလုပ်ဘူး"

"အေးလေ. . . ငါကလည်း ရန်ကုန်ကိုမှ ပြန်မရောက်တာ၊ ဒါထက် ဝေဠုကော ဒီမှာပဲလား၊ အိမ်ထောင်ကျသွားပြီလား"

"ဒီမှာပဲ နေတယ်၊ အိမ်ထောင်တော့ မကျသေးဘူး၊ သဘော်လိုက်တယ်၊ သာ့ဒ်အင်ဂျင်နီယာနဲ့ တစ်နေ့ကပဲ ပြန်ထွက်သွားတာ၊ နင်ကော ဘာလုပ်နေသလဲ၊ အိမ်ထောင်ကော ကျပြီလား"

"ငါလား. . . ကားဝယ်ရောင်း လုပ်နေရာက ခရီးသွားလုပ်ငန်း လုပ်တော့မလို့ ကားတွေ လိုက်စုဆောင်းနေတာလေ၊ အဟင်း. . . အိမ်ထောင်က ကျတော့မယ်ဆိုပါတော့"

လူလူ ပြောရင်းမှ မမမေကို မြင်ယောင်လာကာ ပြုံးလိုက်မိသည်။ သူ့ကို သူငယ်ချင်းတွေက မမမေနှင့်သာ ယူရင် အသက်ကြီးတာကိုများ လှောင်ကြမလား၊ ချောလှတာကိုများ အားကျကြမလား တွေးကာ ပြုံးမိလေသည်။ လူ့အလိုဆိုတာ နတ်မှ မလိုက်နိုင်တာပဲ။

"တယ်ဟုတ်ပါလား. . . ငါတို့ကို ဖိတ်နော်"

"နင်တို့ကို ဒုက္ခမပေးချင်ပါဘူး၊ ငါက မန္တလေးမှာပဲ အခြေချနေတာ၊ မင်္ဂလာဆောင်ရင်လည်း မန္တလေးမှာပဲ ဆောင်မှာ"

"မန္တလေးသူဆိုပါတော့"

"အင်း. ."

"ဒါနဲ့. ."

ရွှေစင်က တစ်စုံတစ်ခုကို စဉ်းစားမိလိုက်ဟန်တူသည်။





"နင်နဲ့ အေးအေးဆေးဆေး စကားပြောချင်သေးတယ်၊ နင့်ဖုန်းနံပါတ် ငါ့ကိုပြော"

သူက သူ့ဂျီအက်စ်အမ် ဖုန်းနံပါတ်ကို ရေရွတ်လိုက်သည်။ ရွှေစင်က သူ့ဖုန်းထဲ မန်မိုရီ သွင်းလိုက်သည်။ နောက် အလိုက်တသိပင်. . .

"ကော်ဖီလည်းသောက်၊ မုန့်လည်း စားကြဦး၊ ပြီးတော့ အလုပ်ကိစ္စ စကားပြောကြပါ။ ငါ့ကို ခွင့်ပြုဦး လူလူ၊ သားက နည်းနည်းဂျီကျနေလို့ သွားလိုက်ဦးမယ်၊ ငါ ဖုန်းဆက်မယ်နော်"

"အေး. . . အေး"

ရွှေစင်က သူ့ကို နှုတ်ဆက်ပြီး အပေါ်ထပ်သို့ ပြန်တက်သွားသည်။

လူလူ ရွှေစင်နှင့် တွေ့လိုက်ရတော့ သူ့အသက် ဆယ်နှစ်လောက် ပြန်ငယ်သွားသလို ခံစားလိုက်ရသည်။ ထို့အပြင် ကိုးတန်းဝိုင်းကျူရှင် တက်ခဲ့သည်တို့ကို ပြန်အမှတ်ရလိုက်တော့ မျက်နှာဝိုင်းဝိုင်း၊ မျက်လုံးဝိုင်းဝိုင်းနှင့် ပိုးလေးကို သတိရလိုက်သည်။

သူ နောက်ပြောင်ပြီး 'ဝလုံးလေး' ဟု ခေါ်ခဲ့သည့် ဝလုံးလေးကို သူအသည်းယားပြီး အမြဲတမ်း ကျီစယ်နောက်ပြောင်ခဲ့သည်ကို အမှတ်ရမိလေသည်။

ထိုနေ့က ကားအရောင်းအဝယ်ကလည်း ဖြစ်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၅)

'မေ' ဂေဟာသို့ နတ်မိမယ်၏သူငယ်ချင်းနှစ်ယောက် လာရောက်လည်ပတ်လေသည်။

ဒါကလည်း နတ်မိမယ် မသိအောင် ဒေါ်စိန်က တယ်လီဖုန်းနှင့် အကြောင်းကြားလိုက်ခြင်းဖြစ်သည်။

နတ်မိမယ်၏အုံ့ပုန်းအပူကို မျှဝေခံစားပေးနိုင်မည့် သူငယ်ချင်း လိုအပ်နေလေသည်။





နတ်မိမယ် တငိုင်ငိုင် တတွေတွေနှင့် ဝေဒနာတစ်ခုကို ကြိတ်မှိတ်ခံစားနေရမှန်း ဒေါ်စိန် ရိပ်မိသည်။

အစ်မဖြစ်သူ မေဘရဏီနှင့် ဖုန်းပြောပြီးကတည်းက ရှိုက်ကြီးတငင် ငိုခဲ့ရာမှ နောက်ပိုင်း စိတ်နှင့်လူ မကပ်သလို ဖြစ်နေသည်။

ဒီအရွယ်မှ ဒီလိုဝေဒနာမျိုးက ကုရာနတ္ထိ ဆေးမရှိသော အချစ်ဝေဒနာသာလျှင် ဖြစ်မည်ဟု ဒေါ်စိန် တွက်ဆပြီး အဝေးသင် တက်ရင်း ရင်းနှီးကြသော ပြင်ဦးလွင်မှာပင် နေသည့် နတ်မိမယ် သူငယ်ချင်းနှစ်ယောက်ကို ဖုန်းဆက်အကြောင်းကြားလိုက်ရခြင်း ဖြစ်သည်။

ချစ်ရီအောင်နှင့် နှင်းဝတ်မှုန်တို့ ရောက်လာကြသည်။

ပြင်ဦးလွင်မိုးကလည်း သဲသဲမဲမဲ ရွာသွန်းတော့ အအေးဓါတ်က စိမ့်နေလေပြီ။

"မယ် ပိန်သွားတယ်. . . နေကောင်းရဲ့လား"

ချင်ရီက တွေ့တွေ့ချင်း ပြောလိုက်သည်။

"ကောင်းပါတယ်. . . ဂိမ်းကစားကြမလား၊ အင်တာနက် ထိုင်ကြမလား"

"စကားပြောကြမယ်လေကွာ၊ ကိုယ့်ကောင်းကြောင်း၊ သူများ မကောင်းကြောင်းလေ. . ဟင်း. . ဟင်း"

နှင်းဝတ်မှုန်က အသောလေးနှင့် ပြောသည်။

နတ်မိမယ် ကျေးဇူးတင်သွားသည်။ အင်တာနက် ထိုင်မိလျှင် Mail ကို ဖွင့်မိဦးမည်။ လူလူ့စာတွေ လာနေလျှင် လူလူနှင့် ပတ်သက်ပြီး ဝေဒနာ တက်လာနိုင်သည်။ ထို့ကြောင့် အင်တာနက် မထိုင်ဘဲ နေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



လူလူကို သူ မုန်းလိုက်ချင်သည်။ နာကြည်းလိုက်ချင်သည်။

လှေနံနှစ်ဖက် နင်းသောသူအဖြစ်။ သို့သော် မုန်း၍မရ၊ မေ့၍မရ။

အချိန်ဟူသော တရားသူကြီးက ဝေဒနာတစ်ရပ်ကို ကုစားနိုင်လိမ့်မည်ဟု သူယုံကြည်ပါသည်။

"မယ်. . . နင်ဘာဖြစ်နေတာလဲ၊ နင့်ဝေဒနာတွေ ရှိရင် ငါတို့ကို မျှဝေပေးလိုက်စမ်းပါဟာ"

"ဟုတ်တယ်. . . နင့်ကြည့်ရတာ ငိုင်တိငိုင်တိုင်နဲ့၊ နင် တစ်ခုခု ဖြစ်နေပါတယ်"

မယ် ငိုချင်ရက်လက်တို့ ဖြစ်သွားသည်။ အားပါးတရ ရှိုက်ငိုပစ်လိုက်သည်။

မျက်ရည်ကျ ငိုလိုက်ခြင်းက ရင်တွင်း ကြိတ်၍ ငိုကြွေးနေခြင်းထက် အဆပေါင်းများစွာ ဝေဒနာကို သက်သာစေနိုင်စွမ်းရှိသည့်အတွက် နတ်မိမယ်ရင်တွင်း ဝေဒနာ လျော့ပါးလာသည်။

"ဘာမှမဟုတ်ပါဘူးဟာ. . . နင်တို့ သိတဲ့အတိုင်း အင်တာနက်နဲ့ စကားပြောတယ်၊ စာပို့တယ်၊ လူချင်း မမြင်ဖူးဘဲ ချစ်သူ ဖြစ်သွားကြတယ်၊ အဲ့ဒီအချစ်ဟာ ခိုင်မြဲပါ့မလား"

"ဒါကတော့ ဖူးစာရေးနတ်မင်းနဲ့ပဲ ဆိုင်တယ်၊ အချို့က လူချင်းတွေ့ ခိုင်မြဲသွားကြတာ ရှိသလို ကွဲသွားကြတာလည်း ရှိတယ်၊ အချို့ကလည်း အင်တာနက်ပေါ်မှာပဲ ပြီးသွားကြတယ်၊ အချို့ကတော့ အပြင်မှာလည်း တွေ့ပြီး ချစ်သူကနေ အိမ်ထောင်ပြုတဲ့အထိ ခိုင်မြဲသွားကြတာတွေလည်း ရှိတယ်"

"ဒါပါပဲဟာ. . . ငါ့အင်တာနက်ချစ်သူက ငါ့ကို သစ္စာဖောက်သွားပြီ၊ ဒါကြောင့် ငါ နည်းနည်းတော့ ဟတ်ထိသွားတယ်. . ဒါပါပဲ"





မယ့်အနေနှင့် ပိုးလေးဟု မိသားစုများက ဖြူလွန်းသောသူ့ကို 'ပိုးလေး' ဟုသာ ခေါ်ကြသည်။ ချူချာလွန်းသည့်အပြင် နောက်ပိုင်း ပါးပြင်အမာရွတ်ထင်ကျန်၊ ခါးဆစ်ရိုးလွဲသည်အထိ ဖြစ်ရသောအခါ ပညတ်သွားရာ ဓါတ်သက်ပါသည်ဟု ဆိုကာ ပိုးလေးနာမည်ကို ဖျောက်ပစ်လိုက်ပြီး 'နတ်မိမယ်' နာမည်ကိုသာ ခေါ်ကြပြီး 'မယ်' ဟုသာ သုံးကြလေတော့သည့်အတွက် ပိုးလေးက ပျောက်ကွယ်သွားခဲ့လေသည်။

လူလူ့ကြောင့် အမာရွတ် ထင်ကျန်ခဲ့သည်ကို မိသားစု မသိကြသလို သူငယ်ချင်းသစ်များလည်း မသိကြ။ သူတို့ သိသည်က ချော်လဲလို့ ရသောဒဏ်ရာဟုသာ။

"ဒါများကွာ သူငယ်ချင်းရာ၊ စိတ်ညစ်ခံမနေနဲ့. . . အမာရွတ်ကိုသာ ပြုပြင်ခွဲစိတ်လိုက်၊ ဒါဆိုရင် ကိုယ်ချစ်မရရင်တောင် သူချစ်တွေက ဝိုင်းဝိုင်းလည်နေမှာ၊ ခါချလို့တောင် ရတယ်"

"အဲဒါက အချစ်စစ် ဘယ်ဟုတ်မလဲ ချယ်ရီ၊ အလှကို မက်တဲ့သူဟာ အလှမရှိတော့ရင် အချစ်ပါ ပျက်ပြယ်သွားနိုင်တာပေါ့"

ချယ်ရီစကားကို ဝတ်မှုန်က ကန့်ကွက်လိုက်လေသည်။

နတ်မိမယ် ငြိမ်သက်လျက် သူ့ဘယ်ဘက်ပါးပြင်မှ ဖုထစ်နေသောအမာရွတ်ကို စမ်းသပ်ရင်း တွေဝေသွားသည်။

မမက. . .

"ညလေးမျက်နှာ မပြင်မချင်း မမ လက်မထပ်သေးဘူး၊ မမရဲ့နံပါတ်တစ်က ညလေးမျက်နှာ ပြုပြင်ပေးဖို့ပဲ"

ဟု အကျပ်ကိုင်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



အစကတော့ မယ်လည်း မျက်နှာပြုပြင်တာနဲ့ လူလူနဲ့ တွေ့မည်။ 'မေ' ဟာ မေလမှာ မွေးတာမို့ 'မေ' ဟု အင်တာနက်မှာ သုံးလိုက်တာ ဖြစ်ကြောင်း၊ မိမိ ပိုးလေးဖြစ်ကြောင်း ပြောပြီး လူလူနှင့်အကြောင်း မိဘတွေ ဖွင့်ပြောပြီး လက်ထပ်ကြမည်ပေါ့။

ယခုတော့ လူလူဟာ လှေနံနှစ်ဖက်နင်းသူဖြစ်နေသည်။ လူလူကို မယုံရ၊ လှေနံနှစ်ဖက်မက ဘယ်နှစ်ဖက်များ နင်းထားမှန်းပင် မသိရတော့။

မယ့်သူငယ်ချင်းများနှင့် ဧယာကျွားတွေ မကောင်းကြောင်း ပြောကြ၊ မင်းသား မင်းသမီးတွေအကြောင်း ပြောကြ၊ ပြီးတော့ ဒေါ်စိန်လုပ်ပေးသော အစားအသောက်တွေ စားကြနှင့် မယ့်ထံမှ ရယ်သံလေးတွေ ထွက်ပေါ်လာတော့မှ ဒေါ်စိန်လည်း သက်ပြင်းချလိုက်နိုင်သည်။

ဒါဆို ဒီအပတ် ဆေးခန်းပိတ်ရက် မေဘရဏီ ပြင်ဦးလွင်သို့ တက်လာလျှင် မယ့်ကို ခွဲစိတ်ဖို့ နားချနိုင်တော့မည်ဖြစ်သည်။







## အခန်း(၁၆)

မေဘရဏီ ပြင်ဦးလွင်သို့ တက်ခဲ့သည်။ ညီမကို ဖျောင်းဖျရန်အတွက်ဖြစ်သည်။ အစက လိုလိုလားလား ကောင်းသည် ကောင်းလျက်နှင့် အနားကပ်မှ တော့ဖြုတ်သည်။

"တော်တော်ခက်တဲ့ ညလေးပဲ"

ဟု ရင်တွင်း ညည်းတွားလိုက်သည်။

ရှေ့နှစ်ပတ်ကျော် ရောက်လျှင် မိဘတွေ ပြင်ဦးလွင်ကို ပြောင်းလာတော့မည်။ ဖေဖေက ပင်စင်ယူပြီး ဆေးခန်းကို အချိန်



www.burmeseclassic.com

www.burmeseclassic.com



ပိုင်းပဲ ထိုင်ပြီး အေးအေးချမ်းချမ်း အနားယူ နေထိုင်သွားတော့မည်ဟု ပြောသည်။

ဖေဖေတို့ ရောက်ပြီး တစ်ပတ်အတွင်း စင်္ကာပူမှ မေ့စီနီယာ ရောက်လာမည်။ မယ့်မျက်နှာကို ခွဲစိတ်အလှပြုပြင်မည်။

အားလုံးပြီးမှ လူလူနှင့် စေ့စပ်ကြောင်းလမ်းမည်။ ဝါကျွတ်တာနှင့် လူလူ့မိဘတွေ ရောက်လာပြီး လက်ထပ်မည်။

မင်္ဂလာကိစ္စတွေအားလုံး လူလူ့အဘွားက စိတ်တက်ကြွစွာနှင့် စီစဉ်နေသည်။

မေဘရဏီ ပြင်ဦးလွင်အိမ်ကို ရောက်လာသည်။

ပန်းခြံထဲ လမ်းလျှောက်ရင်း ပန်းခူးနေသောမယ့်ကို တွေ့လိုက်ရသည်။

"ဟင် . . . မမ"

မယ့်ကို အသိမပေးဘဲ ဒေါ်စိန်ကိုသာလျှင် အသိပေးပြီး ရောက်ချလာခြင်းဖြစ်သောကြောင့် မယ် အံ့သြသွားသည်။

ဆံပင်ရှည်လေးက လူးလူးလွန့်လွန့် ဝဲလျက် မိမိထံ ပြေးလာသော ညီမလေးကို မေ ချစ်ကရုဏာနှင့် ဆီးကြိုပွေ့ဖက်လိုက်သည်။

မယ် မျက်ရည်တွေ ကျသည်။

မယ့်ရင်ထဲက မီးတောက်မီးလျှံက ရင်တွေ ပူလောင်လှပါပြီ မမရယ်လို့ မပြောချင်ပါ။

"အရူးမလေး"

မောင်နီတို့သားအမိက ပစ္စည်းတွေ ချပေးသည်။ ဒေါ်စိန်က ကြီးကြပ်ရင်း မေဘရဏီအား လှမ်းကြည့်လိုက်သည်။ မေဘရဏီက မယ့်ပခုံးကို ကျော်ပြီး ဒေါ်စိန့်အား မျက်စနှင့် မေးသည်။





ဒေါ်စိန်က အခြေအနေကောင်းပါတယ်ဟူသည့်သဘော ပြုံးကာ ခေါင်းညိတ်လိုက်လေသည်။

မယ့်ရင်တွေ တဒိုင်းဒိုင်း ခုန်နေသည်။ မမကို ကိုယ့်ပြိုင်ဘက်အဖြစ် ရန်လုပ်ရမှာလား။ မမကို ဖွင့်ပြောပြီး နောက်ဆုတ်ခိုင်းရမှာလား။

ဒီလိုအလုပ်တွေကို မယ် တစ်ခုမှ မလုပ်နိုင်။ လုပ်လည်း မလုပ်လို။

မယ်လိုချင်တာ အချစ်၊ မယ်ပေးဆပ်ချင်တာလည်း မယ့်အချစ်ပါ။

မယ်သိပ်ချစ်ရတဲ့လူကို မယ်က အချစ်တွေ စုပြုံပြီး အကြင်နာ၊ ကရုဏာနဲ့ ပြုစုယုယပြီး သက်ထက်ဆုံး လေးစားတန်ဖိုးထား မြတ်နိုးသွားချင်တာ။

မယ်ကလည်း အချစ်ကို ရိုမက်တစ်ဆန်ဆန်နဲ့ ချစ်သွားချင်တာ။ တန်ဖိုးထားထားချင်တာ။

ခုတော့ ညီအစ်မနှစ်ယောက်ကြားကိုမှ လူလူက ဝင်ရောက်လာရတယ်ရယ်လို့။

မယ့်ရင်တွေ နာလိုက်တာ။

မမမေက ဘာမှမသိတဲ့လူ။

မမမေ အသိမခံဘဲ ဒီကိစ္စကို နိဂုံးချုပ်လိုက်တာအကောင်းဆုံးပါပဲ။ လူလူကလည်း မယ့်ကိုမှ အင်တာနက်မေအဖြစ်နဲ့ အွန်လိုင်းချစ်သူ ဖြစ်ကြတာပဲ။ ရှိပါစေတော့။

"လာ . . . အပြင်မှာ အေးတယ်၊ အထဲဝင်မယ်"

မေဘရဏီက နတ်မိမယ်ကို တွဲလျက် အိမ်ထဲသို့ ခေါ်လာလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆိုဖာ၌ ထိုင်မိကြသည်နှင့်. . .

"ဘာလို့ မခွဲချင်ရတာလဲ"

"ဟင့်. . . ကြောက်တယ်"

နတ်မိမယ် ကြောက်ချင်ဟန်ဆောင်လိုက်သည်။

"မနာပါဘူး ညလေးရဲ့၊ ထုံဆေးနဲ့ဆို ညလေး ဘာမှတောင် မသိလိုက်ဘူး"

"မယ်က သိနေတော့ အသည်းယားတာပေါ့လို့"

"မယ် မသိဘူး၊ မယ့်မျက်လုံးကို ပိတ်ထားမှာ၊ မယ် ဒဏ်ရာရတုန်းကတောင် ချုပ်တာ ခံဖူးတာပဲ. . . နာလို့လား"

"ထုံဆေးပြယ်သွားရင် နာတယ်လေ"

"အဲ့ဒါက အနာဖြစ်ထားတာကိုး၊ ဒါက အနာမဖြစ်တော့ဘူး၊ ပြီးတော့ မနာတဲ့ဆေး ထိုးပေးမှာပေါ့"

ကလေးတစ်ယောက်လိုပင် မေဘာရဏီက ညီမကို ချော့မော့ ပြောဆိုနေလေသည်။

မယ့်မျက်နှာပေါ်က အမာရွတ်ထက် ရင်ထဲက ဒဏ်ရာဒဏ်ချက်က ပိုကြီးနေတာကိုကော မမ ဘယ်လိုကုပေးမှာလဲဟု နတ်မိမယ် မေးချင်စိတ်ကို ကြိတ်မှိတ်ကာ မျိုသိပ်ထားရလေသည်။

ထိုစဉ် မေဘာရဏီ၏လက်ကိုင်အိတ်ထဲမှ တေးသွားသံစဉ်တစ်ခု ထွက်လာသည်။

"ဟော. . . ဖုန်းလာနေတယ်၊ ခဏနော်. . . ညလေး"

ဖက်ထားသောလက်များကို ဖြုတ်ပြီး မေဘာရဏီက လက်ကိုင်အိတ်ကို ဖွင့်ကာ ဖုန်းစကင်န်ကို ကြည့်လိုက်သည်။ လူလူ ဖြစ်နေသည်။

မေဘာရဏီမျက်နှာ တောက်ပသွားသည်။





မယ့်မျက်နှာ ညှိုးကျသွားသည်။ သို့သော် ချက်ချင်းပင် ပြင်ကာ ဒေါ်စိန်ရှိရာ ထမင်းစားခန်းသို့ ထွက်ခဲ့လိုက်သည်။

ဒါတောင်မှ. . .

"ပြော. . . မောင်"

ဟူသောအသံက မယ့်နှလုံးသားကို စူးချွန်နှင့် ထိုးစိုက်ချလိုက်သလို ခံစားလိုက်ရသည်။

"မောင်. ." တဲ့လား။

မယ့်စိတ်ကူးထဲမှာလည်း လူချင်း တွေ့ချိန်မှာ သုံးမယ့် နာမ်စားလေးတစ်ခုပါ။

ခုတော့ မယ် မပိုင်တော့ပါလား။

နတ်မိမယ်က ဒေါ်စိန်နှင့်အတူ မေဘာရဏီ ဝယ်ယူလာသော အသီးအနှံနှင့် စားစရာများကို ဘုရားကပ်ရန်၊ ဘုန်းကြီးကျောင်း လှူရန်နှင့် အိမ်နီးချင်းများအား ဝေငှပေးရန် ဝိုင်းလုပ်ပေးရင်း ရင်ထဲမှ အနာကို မေ့ပျောက်ရန် ကြိုးပမ်းနေလေသည်။

မေဘာရဏီကတော့ သူ့အောက်ထပ်အိပ်ခန်းထဲ ဝင်ကာ ကုတင်ပေါ်၌ ကျောဆန့်ရင်း ချစ်သူနှင့် အလွမ်းငြိုကာတွေ ဖွင့်ရင်း ချိန်းဆိုနေကြသည်။

"မောင်က မနက်ဖြန်မှ ပြန်လာမှာဆိုတော့ မတတ်နိုင်ဘူး မောင်"

"မမမေက ဘယ်သွားမလို့လဲ"

"ပြင်ဦးလွင်ကို ခုနပဲ ရောက်တာ"

"ဟင်. . . မောင်နဲ့မှ အတူသွားတာ မဟုတ်ဘူး၊ ဒေါ်စိန် ဘာဖြစ်လို့လဲ"

"ဒေါ်စိန် ဘာမှမဖြစ်ဘူး၊ မမမေရဲ့ညီမလေး ဖြစ်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . မမမေညီမလေး၊ မမမေမှာ ညီမလေး ရှိလို့

လား"

မေဘရဏီ အခုမှ သတိပြုမိလိုက်သည်။ ဟုတ်သားပဲ

အရင်တစ်ခါတုန်းကတည်းက မယ့်အကြောင်း သိ၍ မယ်နှင့် မိတ်

ဆက်မပေးဘဲ ထားခဲ့ရာမှ. . .

ချစ်သူဖြစ်တာကလည်း မကြာသေး၊ အလုပ်က နှစ်

ယောက်စလုံး များနေကြတာနဲ့ ရတဲ့အချိန်လေး အလုအယက်

အချစ်အကြောင်းလေးတွေသာ ပြောမိကြသည်။ မိသားစုရေး

မောင်နှမရေးတွေ မပြောမိကြသေး။

"ရှိတယ်. . . ရှိတယ်. . . တစ်ဦးတည်းသောညီမလေး

ဒီအကြောင်းတွေ နောက်မှ ပြောပြတော့မယ် မောင်၊ မောင်

မနက်ဖြန်မှ ပြန်လာမှာလား"

"အင်း. . . ဒရိုင်ဘာ ရှာနေတာလေ၊ တစ်ခါတည်း

အမည်ပြောင်းကွေ့ဘာတွေ လုပ်နေလို့ကြာနေတာ၊ တလက်စတည်း

လုပ်လိုက်တာ ပိုကောင်းတယ်လေ၊ မနက်ဖြန်ည. . . ဒါမှမဟုတ်

သန်ဘက်ခါတော့ ကျိန်းသေပါတယ်၊ ဘာလဲ. . . မောင့်ကို သိပ်

လွမ်းနေပြီလား"

"အံမယ်. . . လွမ်းချိန်တောင် မရပေါင်၊ ကိုယ့်အလုပ်နဲ့

ကိုယ် ရှုပ်နေတာပါပဲ"

"ယုံပါတယ်"

"ဟင်း. . . ဟင်း. . . မောင်ကော ဘယ်အလန်းလေးတွေနဲ့

ဇယားရှုပ်နေသလဲ"

"မရှုပ်ပါဘူး. . . ရှုပ်ဖို့တောင် မအားဘူး၊ လွမ်းတာနဲ့

အလုပ်တောင် မနည်းလုပ်နေရတာ၊ ချက်ချင်းပဲ မေ့ဆေးခန်းက





ပြေးလာချင်စိတ် ပေါက်နေတာ"

"ကိုဖိုးချွဲ. ."

"ချစ်တာကိုးဗျ"

"ယုံချင်စရာကြီး. ."

"မယုံဘူးလား. . . မယုံရင် လာမှတွေ့မယ်"

"သွား. . . ဒါပဲမှတ်လား မောင်၊ ဒေါ်စိန်နဲ့ စကားသွား

ပြောလိုက်ဦးမယ်၊ ညမှ မမ ထပ်ဆက်မယ်"

"အိုကေ. . . ရွှတ်"

"သွား. . . လူဆိုး"

အပျိုကြီး မေဘရဏီ အပြုံးလေးနှင့် ဖုန်းကို ပိတ်လိုက်ပြီး

အခန်းအပြင်သို့ ထွက်ခဲ့သည်။

နတ်မိမယ်က ပါးပြင်၌ စတော်ဗယ်ရီရောင် ပြေးနေသော

မေဘရဏီ မျက်နှာတောက်တောက်ကို လှမ်းကြည့်ရင်း ပင့်သက်

ရှိုက်လိုက်မိသည်။

အချစ်ဆိုတာ ပျော်ရွှင်ကြည်နူးမှု ရင်ခုန်မှု သံစဉ်တွေကို

မွေးဖွားပေးတတ်ကြောင်း သူသိနေသည်။

ဒါတောင် အသံနှင့် စာနှင့် ချစ်သူအဆင့်ပဲ ရှိခဲ့သေးတာ။

မလို လူချင်း တွေ့သည့်ချစ်သူဆိုတော့ ပိုပြီးချစ်ကြပေမည်ပေါ့။

လူမသိ သူမသိ အချစ်က နောက်ဆုတ်ပေးလိုက်တာ

အကောင်းဆုံးပါပဲဟု မယ် ဆုံးဖြတ်လိုက်သည်။ သို့တိုင်အောင်

မယ့်ရင် မခံမရပ်နိုင်အောင် နာကျင်သွား လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၃)

မမမေဆီ ဖုန်းဆက်ပြီး အင်တာနက်ကဖေးသို့ သွားထိုင်ရန် စဉ်းစားလိုက်စဉ်မှာပင် ဖုန်းကောလ် ထပ်ဝင်လာလေသည်။ ရွှေစင်ဟု အမည်ပေါ်လာသည်။

သြော်. . . ဖုန်းဆက်မယ် ပြောပြီး တစ်ပတ်တောင် ကြာမှ ဖုန်းခေါ်သည်ကိုး။ အိမ်ထောင်သည် ဖြစ်လာတော့ အလုပ်တော်တော်များသည် ထင်ပါ့။

"ဟယ်လို. . ရွှေစင်လား. . ပြော"





"အေး. . လူလူရေ. . ငါလည်း အခုမှ ကလေးနေကောင်းသွားလို့ ဆက်ဖြစ်တယ်၊ နင့်ကို ဝေဠုကလည်း တွေ့ချင်နေတယ်၊ ငါလည်း တွေ့ချင်တာပါပဲ"

"ဘာဖြစ်လို့လဲ. . . ငါလည်း သူငယ်ချင်းတွေကို သတိရတဲ့အခါ တွေ့ချင်ပါတယ်၊ ဒါ အဆန်းမှ မဟုတ်တာ"

"ဆန်းတာပေ့ါ. . . ငါတို့ တွေ့ချင်ရတဲ့အကြောင်းက ပိုးလေးနဲ့ ပတ်သက်တယ်"

"ပိုးလေး. . . ဝလုံးလေးပေ့ါ"

"နင်မှတ်မိသေးတယ်နော်"

"မှတ်မိပါတယ်. . . တစ်ဝိုင်းလုံးကို သတိရနေပါတယ်၊ အထူးသဖြင့် ငါအသည်းယားလို့ စခဲ့တဲ့ မျက်နှာဝိုင်းဝိုင်းဖောင်းဖောင်းလေးနဲ့ ပိုးလေးကိုပေ့ါ"

လူလူ အတိတ်က မျက်နှာဝိုင်းဝိုင်း၊ မျက်လုံးဝိုင်းဝိုင်း နက်နက်၊ ဆံပင်တွေ တကူးတက ဖြောင့်စရာမလိုဘဲ ဖြောင့်စင်းနေသော ချစ်စရာ ကောင်မလေးချောချောလေးကို မြင်ယောင်တော့ တွေ့ချင်လာသည်။ သူ့အကြောင်းတွေ ကြားချင်လာသည်။

"ပိုးလေးဟာ နင့်ကြောင့် မျက်နှာမှာ ဒဏ်ရာရသွားရုံမကဘူး၊ ခါးဆစ်ရိုး လွဲသွားလို့ ကျောင်းတောင် တစ်နှစ်အောက်သွားရတယ်"

"ဟင်. ."

လူလူ ရင်ထိတ်ကနဲ ဖြစ်သွားသည်။ ဒီလောက်တောင် ဖြစ်သွားရသလား။

ဆေးခန်းကို အတင်းကာရော လိုက်မပို့ပေးလိုက်ရတာ မိမိတို့အမှားပဲ။ နောက်ပြောင်ကျီစယ်လိုက်တာကိုကလည်း မိမိ



www.burmeseclassic.com

www.burmeseclassic.com



အမှားပါ။

“ဝေဠုက ဒီအခေါက် ပြန်လာနားတုန်း အထက်မြန်မာပြည်ဘက် ခရီးထွက်တော့ ပြင်ဦးလွင်မှာ ပိုးလေးနဲ့ တူတဲ့အမျိုးသမီးတစ်ယောက်ကို တွေ့ခဲ့တယ်တဲ့”

“ပြင်ဦးလွင်”

လူလူ သံယောင်လိုက်လိုက်မိလေသည်။

“ဟုတ်တယ်. . . ပြင်ဦးလွင်က ပြည်ချစ်ဘုရားကြီးကုန်း ကားပါကင် ထိုးတဲ့နေရာမှာ၊ သူ လိုက်မေးမယ် လုပ်တော့ သူတို့ ကားထွက်သွားတာနဲ့ လိုက်မမှီတော့ဘူး၊ နင် လုပ်လိုက်လို့ ပါးမှာ ရတဲ့ဒဏ်ရာက အမာရွတ်က ဖောင်းကြွပြီး တော်တော်ဆိုးသွားတယ်”

လူလူ မယုံကြည်နိုင်သလို ဖြစ်ပြီး. . .

“ဟုတ်ပါ့မလားဟယ်”

“ဟုတ်တာမှ ဟုတ်ဟုတ်နဲ့ နေသေး၊ ငါတို့ စာမေးပွဲဖြေပြီးတော့ ပိုးလေးကော ဖြေနိုင်လား မေးတော့ စာမေးပွဲ မဖြေဖြစ်ဘူးဆိုတာ သိလို့ သူ့အိမ် သတင်းမေးသွားတယ်၊ အဲဒီတော့မှ နင် နောက်ပြောင်ကျီစယ်လိုက်တဲ့ကိစ္စကြောင့် ပိုးလေးဘဝ တော်တော် ထိခိုက်နစ်နာသွားတယ်၊ နောက်တော့ မိဘတွေ ပြောင်းရွှေ့ရာကိုပဲ လိုက်သွားပြီး သူ့ဘဝကို မြှုပ်နှံခဲ့တယ်နဲ့ တူတယ်”

“ဖြစ်မှဖြစ်ရလေဟာ. . . ငါလည်း စာမေးပွဲပြီး အဘွား ခေါ်တာနဲ့ မန္တလေးမှာပဲ အခြေချဖြစ်တာ၊ ငါ လုံးဝမသိလိုက်ရဘူးဟာ”

လူလူရင်ထဲ စိတ်မကောင်းဖြစ်ခြင်းနှင့်အတူ နောင်တရနေမိသည်။





“အေးပါဟယ်. . . ပြီးတာတွေ ပြီးခဲ့ပေမယ့် ပိုးလေး မျက်နှာလှလှလေးဟာ နင့်ကြောင့် အကျည်းတန်စေတယ်ဆိုရင် နင် တာဝန်ယူပြီး ပြန်ဖျောက်ပေးသင့်တယ် ထင်တယ်၊ နောက်ပြီး အံ့အားသင့်စရာကောင်းတာက ပိုးလေးဟာ သူ ဒဏ်ရာရတာဟာ သူ့ဖာသာသူ ငါတို့အိမ်ပြင်ဘက်မှာ လဲပြီး ခြံစည်းရိုးက သစ်ချောင်း အကျိုးနဲ့ ခြစ်မိပြီး ဖြစ်သွားတာလို့ပဲ ပြောတယ်”

“ဖြစ်ရလေ”

စိတ်ကောင်းရှိပြီး မျက်နှာလေးက အမြဲပြုံးနေတတ်သော ဝလုံးလေးကို သူ အမြဲနောက်ပြောင်ကျီစယ်သည်။ အကြောင်းရင်းက တော်တော်နှင့် စိတ်မဆိုးတတ်သည့်အတွက်ကြောင့်လည်း ဖြစ်သည်။ ပိုးလေး ဒေါသထွက်ပြီး သူ့ကို ရန်တွေ့တာကို သူခံချင်သည်။ သို့သော် ပိုးလေးက ရယ်မောကာ ခွင့်လွှတ်တတ်သည်။

“ပိုးလေး ဘယ်မှာနေသလဲ၊ နင်သိသလား ရွှေစင်”

“မသိလို့ ခက်နေတာပေါ့”

“ကျေးဇူးပဲဟာ. . . ငါ သူ့ကို ကြိုးစားပြီး ရှာဖွေကြည့်မယ်၊ ခုလို အသိပေးတာ ကျေးဇူးပဲ၊ တကယ်လို့ နင်တို့ သူ့သတင်း အစအန ရလည်း ငါ့ကို အကြောင်းကြားနော်”

“အေးပါဟာ. . . ဝက်ဆိုက်တင်ကြည့်လိုက်ပါလား”

“အင်း. . . ငါလည်း စဉ်းစားထားပါတယ်၊ သူ့ကို မထိခိုက်စေနိုင်တဲ့နည်းနဲ့ပေါ့”

“အေးပါ လူလူရာ၊ နင်က နောက်တတ်တာကလွဲရင် စိတ်ကောင်းရှိတာ ငါတို့ သိပါတယ်၊ ဒါကြောင့် နင့်ကို သိထားသင့်တယ် ထင်လို့၊ လူလူဆိုတဲ့ Mail တွေ့လို့တောင် ဝေဠုက စာပို့ထားသေးတယ် ထင်တယ်”



www.burmeseclassic.com

www.burmeseclassic.com



"အေး. . . တွေ့တယ်၊ ဝေဠုက ဘယ်ဝေဠုမှန်း မသိလို့ ငါ စာမပြန်ဖြစ်သေးဘူး၊ အွန်လိုင်းပေါ် ရှိရင်တော့ မေးမလို့ပါပဲ၊ ဒီကိစ္စတွေမှန်း မသိလိုက်ဘူး၊ ငါစိတ်မကောင်းပါဘူးဟာ"

"အေး. . . ငါတို့လည်း ပိုးလေးကို မျက်နှာမှာ ပလာစတာ၊ ခါးရိုးနဲ့ တင်ပဆုံရိုးဒဏ်ရာကြောင့် အိပ်ယာထဲ လဲနေတာ သိလိုက် တွေ့လိုက်ရတော့ မျက်ရည်တောင် ကျပြီး နင့်ကို ဒေါသဖြစ်မိ တယ်"

"ပိုးလေးတော့ ငါ့ကို တော်တော်နာကြည်းသွားမှာပဲနော်"

"နာကြည်းမုန်းတီးသွားလို့ နင့်ကို အပြစ်ယူရင် ငါတို့က ကျေနပ်သေးတယ်၊ အခုတော့ နင့်ကိုကော ငါတို့အိမ်ကိုပါ မထိခိုက် အောင် သူ့ဖာသာသူ ဖြစ်တာပါလို့ သူ့အိမ်ကို ပြောထားတော့ ငါတို့ ပိုယူကျုံးမရ ဖြစ်တာပေါ့၊ နင့်ကို အသိပေးဖို့ ငါတို့မှာလည်း တာဝန်တစ်ရပ် ရှိသလို ခံစားရတယ်၊ အခုတော့ နင့်ကို ပေးသိပြီးပြီ ဆိုတော့ စိတ်ထဲမှာ နည်းနည်းပေါ့သွားတယ်"

ရွှေစင်တို့ ခံစားခဲ့ရသောအပူက သူ့ထံသို့ ရောက်ရှိလာ သည်။

လူတစ်ယောက်ကို အနာတရ ဖြစ်အောင် လုပ်ရုံမက တစ်ဘဝစာအတွက် အမာရွတ်ပါ ချန်ထားပေးခဲ့သည်ဆိုတော့ သူ တော်တော်လူမဆန်သည့်လုပ်ရပ် လုပ်ခဲ့ပါလားဟူသောအတွေးက ရင်တွင်း ဖြစ်ပေါ်လာသည်။

"ဟယ်လို. . . လူလူ. . . နားထောင်နေလား"

"အင်း. . . ငါ စိတ်မကောင်းလို့ပါ၊ ချက်ချင်း ပိုးလေးကို တွေ့ပြီး အမာရွတ်ကို ကုပေးချင်စိတ် ဖြစ်လာလို့ပါ"

"အဲဒါ အကောင်းဆုံးပဲ၊ ကိုင်း. . . ဒါဖြင့် ဒါပဲနော် နောက်





ကို ငါတို့ချင်း အဆက်အသွယ်လုပ်လို့ ရနေပြီပဲ. . . ဆက်သွယ်ပါ၊ ဝေဠု ဖုန်းဆက်ရင်လည်း နင့်ဖုန်းနံပါတ် ငါပေးလိုက်မယ်"

"အေး. . အေး. . ပေးလိုက်ပါ၊ ငါလည်း ဝေဠုနဲ့ တွေ့ချင် ပါသေးတယ်"

"ဒါဆို ဒါပဲလေ လူလူ၊ ကိစ္စရှိရင် ဖုန်းဆက်နော် ဘိုင့်ဘိုင်"

"အေးအေး. . . ဘိုင့်ဘိုင်"

လူလူ ဖုန်းကို ပိတ်လိုက်ပြီးသည့်နောက် တွေဝေငေးငိုင် သွားခဲ့သည်။ သူ့အတွေး၌ ပိုးလေး ခေါ် ဝလုံးလေးက ဝင်ရောက် ကြီးစိုးသွားသည်။

ရွှေစင်တို့ ပြောသည့်အဖြစ်ကို သူ ဆယ်နှစ်နောက်ကျပြီးမှ သိရှိရသည်။ ထိုအဖြစ်အပျက် အစစ်အမှန်ဆိုလျှင် သူ တော်တော် မကောင်းတဲ့ကောင်ပဲ။ ကိုယ်ပျော်ဖို့အတွက် တစ်ဖက်သားမှာတော့ နစ်နာဆုံးရှုံးမှုတွေ များသွားခဲ့သည်။

သူ ပိုးလေးကို မတွေ့သေးခင်တော့ မမမေကို ဒီ အကြောင်းတွေ မပြောသေးပါဘူး၊ ပြောလိုက်လျှင် မမမေ သူ့ကို အထင်သေးသွားမှာ စိုးရွံ့သွားမှာကို သူကြောက်သည်။

လူလူသာကျော် တွေးရင်း စိတ်ထဲ၌ မိမိအမှားအယွင်း တစ်ခုအတွက် ခွင့်မလွှတ်နိုင်သလိုဖြစ်ပြီး နောင်တရမိနေသည်။ မွန်းကျပ်လာသဖြင့် ပင့်သက်ချလိုက်မိလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၈)

"လူလူကို ညလေး မြင်ဖူးတယ်မှတ်လား"

လူလူ့အကြောင်း မမ စကားမစပါနဲ့ဟူသော မယ့်ဆုတောင်းသည် မပြည့်ဝခဲ့ပါချေ။ မယ် မုသားလွတ် ဖြေလိုက်ရသည်။

"ဟုတ်"

မြင်ဖူးတာတင် မကဘူး၊ ကျွမ်းဝင်ခဲ့ဖူးတာ လွန်ခဲ့သော ဆယ်နှစ်လောက်ကတည်းကပါ မမရာ. . . ဟူသော နောက်ဆက်





တွဲ စကားကိုတော့ ရင်ထဲ၌သာ ထားခဲ့လိုက်လေသည်။

"မမလည်း ကိုယ့်ထက် အသက်ငယ်တော့ အရမ်းစဉ်းစားခဲ့တာ၊ ဒါပေမယ့် သူ့ဘွားအေက မလွယ်ဘူး၊ သူ့မြေးထက်တောင် တဇွတ်ထိုး နိုင်သေးတာ"

မမက လူလူနှင့်လူလူ့အဘွားတို့နှင့် တွေ့ပုံအကြောင်းတွေနှင့် မင်္ဂလာပွဲအတွက် အဘွားမှ အားတက်သရော စီစဉ်ပုံတွေ ပြောပြတော့. . .

မယ် မုဒိတာ ပွားနိုင်ပါတယ်။ မမကိုကော လူလူကိုပါ မယ်က ချစ်တာကိုး။

ဒါပေမယ့် ချစ်သူနဲ့ ကွေကွင်းရခြင်းဆိုတဲ့ ဒုက္ခဆင်းရဲကိုတော့ မယ် ခံစားနေရတာပေါ့။ ဒီဝေဒနာက ဘယ်လောက်တောင် ကြီးမားသလဲဆိုတာ ခံစားဖူးသူမှ သိကြမှာပါ။

မယ့်နှလုံးသွေးတို့ဟာ မျက်ရည်အဖြစ် ပြောင်းခဲ့ပြီးပြီ။ ယခုလို မမရှေ့မှာဆိုတော့ သွေးမျက်ရည်မကျရဲဘူး။ ဒီတော့ ရင်ထဲမှာပဲ ဖွဲမီးလို တငွေ့ငွေ့ လောင်ကျွမ်းနေတယ်၊ ရင်ထဲ နာကျင်လိုက်တာ လူလူရယ်။

"မယ့်မျက်နှာ အလှပြင်ပြီးရင်လေ. . . မယ်ဟာ အလှဆုံး မိန်းကလေးဖြစ်သွားပြီ၊ မမ ဝဲလ်ဒင် ပန်းကြိုခိုင်းမယ်၊ မြင်သမျှလူပျိုတွေ ငိုက်ဆင်းသွားစေရမယ်၊ ဟင်း. . . ဟင်း. . ဟင်း၊ ညလေး စိတ်ကြိုက် ခေါင်းခေါက်သာ ရွေးပေတော့"

"မယ် မရွေးပါဘူး"

လူလူ့ထံမှာ မယ့်နှလုံးသား ပါသွားပြီပဲ။ မယ်ရဲ့ နှလုံးသား မရှိတဲ့ ခန္ဓာကိုယ် ရုပ်ကြွင်းကြီးနဲ့ ဘယ်သတို့သားကို ရွေးချယ်နိုင်ရမှာလဲ။



www.burmeseclassic.com

www.burmeseclassic.com



"မရွေးလို့ ဘယ်ဖြစ်မလဲ၊ လူဆိုတာ သီးချိန်တန်သီး ပွင့်ချိန်တန် ပွင့်ရမှာပဲ ညလေးရဲ့"

အစက အပျိုကြီးလုပ်မယ်လို့ ကြွေးကြော်ထားတဲ့ မမကို မယ် မစတော့ပါဘူး။ မယ် ဘာမှမပြောလိုဘူး။ ဘာဖြစ်လို့လဲဆိုတော့ မယ့်နှလုံးသားလေးက လှုပ်လီလှုပ်လဲ့မို့ပါ။

"မယ်. . . မျက်နှာခွဲစိပ်ပြုပြင်မယ်နော်"

"ဖေဖေနဲ့မေမေ လာမှ"

"အင်း. . . အားလုံး မယ့်စိတ်ကြိုက် ဖြစ်စေရပါမယ်"

"မမကိုယ်တိုင် ခွဲမှာနော်"

"မမကိုယ်တိုင် မမရဲ့စီနီယာ ကြီးကြပ်မှုနဲ့ပေါ့"

"မယ် ကြောက်တယ်၊ ဒါပေမယ့် မမကို ယုံပါတယ်"

မယ့်ရင်ထဲ တကယ့်ကို မခွဲစိပ်ချင်တော့ဘူး၊ မယ် လှသွားတော့ကော ဘာလုပ်ရမှာလဲ၊ မယ့်အလှ မယ့်ဘဝကို မယ် ပေးအပ်နှင်းချင်တဲ့သူကိုမှ မရနိုင်တော့ပဲ။

ဒါပေမယ့် မယ်က သမီးအလိမ္မာ ညီမအလိမ္မာမို့ မိဘတွေစကား မမစကားကို နားထောင်လိုက်တော့မှာပါ။

မေဘရဏီ ညီမဖြစ်သူကို အားမရ။ လှုပ်လီလှုပ်လဲ့ကလေး ဖြစ်နေသည်။ မျက်နှာက အရောင်မတောက်။ ငေးနေ ငိုင်နေသည်ကို တွေ့ရသည်။

"မယ် နေခဲ့ဦးမလား၊ မမတော့ အိမ်ထဲ ဝင်တော့မယ်"

"ဝင်လေ. . . မယ် နေခဲ့ဦးမယ်"

မယ့်ကို ပန်းခြံထဲ ထားခဲ့ပြီး မေဘရဏီ အိမ်ထဲသို့ ဝင်ခဲ့သည်။ အိမ်ထဲတွင် ဒေါ်စိန်နှင့် အိမ်ဖော်မလေးက ညနေစာအတွက် အလုပ်ရှုပ်နေကြသည်။





"ဒေါ်ဒေါ်"

"အင်းအင်း. . . ဂေါ်သခါးညွန့် ကြော်ပြီး ဆေးထားလိုက်၊ စားခါနီးမှ ကြော်မယ်"

ဒေါ်စိန်က မီးဖိုထဲမှ ထွက်လာသည်။ နှစ်ယောက်သား နတ်မိမယ်ကို လှမ်းမြင်နေရသော ဧည့်ခန်းဆိုဖာဆက်တီတွင် ထိုင်လိုက်ကြသည်။

"မယ် ဘာဖြစ်နေတယ် ထင်သလဲ ဒေါ်ဒေါ်"

"ဒေါ်ဒေါ်အထင်တော့ ငုံးဆူ လူမသိ အံ့ပုန်းအပူ လူမသိ ထင်တာပါပဲ မေ"

"ဘယ်တုန်းကစပြီး အနေအထိုင် ပျက်တာလဲ"

"မေ့ဆီက ဖုန်းလာတဲ့ညတစ်ညမှာ ငိုပြီး ဖုန်းပလပ်ကြိုးကို ဖြုတ်လိုက်တယ်"

"ဟင်"

"ရှိုက်ကြီးတငင်ပဲ ငိုတယ်၊ မေးလို့လဲ မရဘူး၊ မခွဲဘူး. . . မျက်နှာမခွဲချင်ဘူး ပြောပြီး ငိုတာပဲ"

"ဩော်. . . ခုတော့ ခွဲမယ်လို့ ပြောပါတယ်၊ ဖေဖေနဲ့ မေမေ ပြန်ရောက်မှတဲ့"

"သူ့သူငယ်ချင်းတွေနဲ့ ခေါ်တွေ့ပေးပြီး တီးခေါက်ကြည့်တာတော့ အင်တာနက်ပေါ်က ချစ်သူက သစ္စာဖောက်သွားလို့ ဆိုလားပဲ"

"မျက်နှာအမာရွတ်ကြောင့် ထင်တယ်"

"လူချင်း မမြင်ဖူးကြပါဘူး၊ ကောင်လေးက သစ္စာဖောက်ပြီး မဆက်သွယ်တော့တာနဲ့ တူတယ်"

"အင်းလေ. . . ဒီလောက်နဲ့ ဖြုတ်သွားတာပဲ ကောင်းမှာ

www.burmeseclassic.com

www.burmeseclassic.com



ပါ၊ မျိုးရိုးမသိ လူပျိုဟုတ်ရဲ့လားမသိ ဘာမှန်းမသိတဲ့သူကို သေသေချာချာ လိုက်စုံစမ်းကြည့်ရမှာ၊ မေကိုတော့ ဘာမှမပြောဘူး"

"ဘာမှမပြောရင် မသိချင်ဟန်သာ ဆောင်နေလိုက်၊ ဒေါ်စိန်လည်း ဒီအတိုင်းပဲ နေတယ်"

မေဘရဏီ ပင့်သက်လေး ရှိုက်လိုက်သည်၊ ဖြစ်နိုင်သည်။ ခွဲစိပ်ရမှာ ကြောက်ရုံလောက်နှင့် ဒီလောက်အထိ စိတ်ဆင်းရဲနေမည်မဟုတ်။ ခုဟာက တော်တော်လေးကို ငေးနေ ငိုင်နေ ဆွေးနေပုံရသည်။

ခက်သည်။ အင်တာနက်ချစ်သူ ဖြစ်ရုံလောက်နှင့် ဒီလောက်တောင် ခံစားနေရသည်ဆိုတော့ လူချင်းများ တွေ့ထားပြီးကြလို့များလား။

လူချင်း တွေ့တော့ အမာရွတ်ကြောင့် ပစ်ပယ်သွားတာဖြစ်မည်။ ဒါ အချစ်စစ်မှ မဟုတ်တာ။ စောစောပြတ်သွားတာပဲ ဝမ်းသာရမလို ဖြစ်နေသည်။ မောင်မင်းကြီးသားကိုပဲ ကျေးဇူးတင်ရမလိုလို။

"မေ ညနေစာ စားပြီး ပြန်ဆင်းသွားမယ်၊ လူနာတွေကများလာတယ်၊ လေဆာနဲ့ ကုဖို့ ချိန်းထားတဲ့လူနာသစ်လည်း ရှိနေလို့ မနက်စောစော ထပြီး အနားကပ် ဆင်းရတာ မကောင်းဘူး"

"အေးလေ. . . မယ့်အခြေအနေလည်း ကောင်းလာပါတယ်၊ စိုးရိမ်စရာ မရှိပါဘူး၊ ဒေါ်ဒေါ် မျက်ခြေမပြတ် စောင့်ကြည့်နေတာပဲ"

မယ့်အတွက် အရုပ်လေးတစ်ရုပ် ချထားသလို ငြိမ်သက်စွာ ထိုင်နေတော့ မယ့်အား ကြည့်ပြီး စိတ်ထဲ၌ မယ့်ချစ်သူကို မယ့်အနားသို့ ရောက်အောင် ဖန်ဆင်းလို့ရလျှင် ဖန်ဆင်းပေးလိုက်ချင်ပါဘိ။





သို့သော် မယ့်ကို မေတ္တာစစ်နှင့် မချစ်လို့ နောက်ဆုတ်သွားပုံရသော ကောင်လေးအတွက် မယ် ခံစားရတယ်ဆိုတာ မတရားပါဘူး၊ မယ် မခံစားပါနဲ့၊ မတန်ပါဘူးဟုသာ နှစ်သိမ့်ပေးလိုက်ချင်သည်။

မယ်က ဘာမှမပြောတော့လည်း ယုန်သူငယ်နှာစေးသလို လုပ်နေရုံသာ ရှိတော့သည်ပေါ့။

မေဘရဏီ တွေးရင်း ပင့်သက်ကလေး ချလိုက်မိလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၉)

လူလူ ပြင်ဦးလွင်သို့ ချက်ချင်းတက်ကာ ပိုးလေးကို ရှာဖွေ ချင်စိတ်ပင် ပေါက်လာသည်။

သို့သော်. . .

သူ့မမမေက မနေ့ကမှ ပြင်ဦးလွင်က ပြန်လာသည်။ သူကလည်း မနေ့ကမှ ရန်ကုန်က ပြန်ရောက်သည်ဆိုတော့ ကိုယ်အားသူအား အချိန်ကို တွေ့ဖို့ ချိန်းကြသည်။

ညနေ မမ ဆေးခန်းပိတ်ချိန် ရှစ်နာရီကိုသာ တွေ့ချိန်း





ရသည်။

တွေ့ရသည်ကလည်း သူ့ကားကိုယ့်ကားနှင့်ဆိုတော့ ဆိုင် တစ်ဆိုင်မှာ ချိန်းတွေ့ရုံသာ ရှိသည်။ မမမေအိမ်က ဒရိုင်ဘာ မထားသည့်အတွက် ကားလာယူပါ ပြောလို့ကလည်း မရနိုင်။ သူ့မှာတော့ ဒရိုင်ဘာတွေ ရှိပေမယ့် ကိုယ့်ကားကို ကိုယ်ပဲ တစ်လက် ကိုင် သုံးသည့်အကျင့်က ရှိနေသည်။

ထို့ကြောင့် မမနှင့် ချိန်းဆိုထားရာ စားသောက်ဆိုင်သို့သာ သူ အချိန်အတိအကျ ထွက်ခဲ့လေသည်။

သူနှင့်မမမေ ရှေ့ဆင့်နောက်ဆင့်ဆိုသလို စားသောက် ဆိုင်သို့ ရောက်ကြသည်။

မမမေကလည်း အချိန်ကို တိကျမှု ကြိုက်သူဖြစ်သဖြင့် သူ သေချာစွာ အလေးထားရသည်။

ခုအချိန်မှာ မမမေက အငြိုအငြင်ကို သူ လုံးဝမခံစားချင် သေး။

“မောင် နေမကောင်းဘူးလား”

စားပွဲ၌ နေရာယူမိသည်နှင့် မမမေက ဆရာဝန်ပီပီ လူ အနည်းငယ် နွမ်းလျသည်နှင့် လူနာမှတ်ယူလိုက်သည် ထင်ပါသည်။ သူ့အား မေးသည့်မေးခွန်းက “နေမကောင်းဘူးလား” တဲ့. . .။

သူ မေးစေချင်သည်က. . .

“မောင့်မျက်နှာမလန်းပါလား၊ ဘာဖြစ်လို့လဲ မောင်”

ဟု အစရှိလျှင် သူ၏ငယ်ကျွမ်း ပိုးလေးအကြောင်း သူ ဖောက်သည်ချမိမည်။ ယခုတော့ မိန်းမတွေဟာ သူတို့ချစ်သူက အခြားမိန်းကလေးတွေအကြောင်းကို ပြောဆိုတာကို မကြိုက်တတ် ဘူးဟု သူသိထားသဖြင့် သူစဉ်းစားနေရသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . . မောင်နေမကောင်းဘူးလားဆို"

"သိချင်ရင် စမ်းကြည့်ပါလား"

သူမျက်နှာကို ရှေ့သို့ ကိုင်းပေးလိုက်သည်။

မမမေထံမှ နောက်သို့ တွန့်ကနဲ ဆုတ်သွားပြီး မျက်စောင်းဆုကို သူရလိုက်သည်။

"သွား. . . အကောင်းမေးနေတဲ့ဟာကို"

"မောင်ကလည်း အကောင်းပဲ ပြောတာကို၊ မောင့်ကိုယ်မောင် ဖျားနေသလားဘာလား မောင် မသိဘူး၊ မောင့်ခေါင်းတွေမကြည်လင်တာတော့ အမှန်ပဲ"

"ခေါင်းကိုက်တာလား"

"ခေါင်းမကြည်တာ"

"အဲဒါမှ ပြဿနာပဲ"

"ဘာဖြစ်လို့လဲ"

"တို့က စိတ်ကျန်းမာရေးဆရာဝန်မှ မဟုတ်တာ"

"ဟာဗျာ"

သူ မချင့်မရဲလေး ဖြစ်သွားရသည်။ နှစ်ယောက်တည်းသာဆိုပါက မမမေကို သူ မြွေတစ်ကောင်လို ရစ်ပတ် ဖျစ်ညှစ်မိလိမ့်မည် ထင်ပါသည်။

"ကိုင်း. . . ပြောပါဦး၊ ဘာဖြစ်လို့ ခေါင်းမကြည်ရတာလဲ၊ ဘာတွေများ ဝရီများနေရတာလဲ"

"ဘာမှတော့ မဟုတ်သေးပါဘူး၊ ဒါပေမယ့် ဟုတ်ချင်လည်း ဟုတ်လာနိုင်တယ်"

လူလူ စဉ်းစဉ်းစားစားနှင့် ပြောလိုက်သည်။ သူ အင်တာနက် ဝက်ဘ်ဆိုက်(ဒ်)၌ တင်ထားလိုက်သည်။





*ပိုးလေး(ဝလုံးလေး)*

*အမြန်ဆက်သွယ်ပါ။ ဆွေးနွေးစရာရှိသည်။*

*လွန်ခဲ့သော(၁၀)နှစ်က သူငယ်ချင်းများ*

*လူလူ၊ ဝေဠု၊ ရွှေစင်*

Tel: XXXXXXXXXXXXXXX

ဟု။

ဒီလောက်ဆိုရင် ပိုးလေး သိလောက်နိုင်သည်။

"ကိုယ်တော်. . . ဒီနေ့ စိတ်နဲ့လူနဲ့ မကပ်ပါလား၊ ဘာဖြစ်နေတာလဲ"

ကြီးကြီးငယ်ငယ်. . . မိန်းမဟာ မိန်းမပဲဖြစ်သည်။

အတွေးကွန်ယက် ဖြန့်ကျက်မိသော သူ့အား စားပွဲပေါ်တင်ထားသော သူ့လက်ဖျံကို လှမ်းဆိတ်ခြင်းဖြင့် ပြစ်ဒဏ်ပေးပြီး မေးခွန်းထုတ်လေသည်။

"မမမေကို ကျွန်တော် လူနာတစ်ယောက် အပ်ချင်လို့"

"ဘယ်မှာလဲ. . . ဘယ်သူလဲ၊ မောင်နဲ့ ဘာတော်သလဲ၊ ဘယ်လိုရောဂါမျိုးလဲ"

ဆရာဝန်က လူနာဆိုသည့်အသံ ကြားရုံမျှဖြင့် ပြူးတူးပြဲတဲဖြစ်သွားသည်။ မေးခွန်းတွေ ဒလစပ် မေးလာသည်။

"မောင့်ငယ်သူငယ်ချင်းပါ. . . ခုတော့ ရှာမတွေ့သေးဘူး၊ သူ့မှာ မောင့်ကြောင့် မျက်နှာမှာ အမာရွတ် ဖြစ်သွားတယ်တဲ့"

"တယ်တဲ့ဆိုတာ မောင်က တဆင့်ကြားပေါ့. . . ဟုတ်လား"

"အင်း. . . မောင်က ငယ်ငယ်က ကျီစားသန်တယ်၊ မောင်ကျီစားလိုက်တာ လဲပြိုပြီး ဒဏ်ရာရသွားတယ်၊ မောင်တို့က အသေး



www.burmeseclassic.com

www.burmeseclassic.com



စားဒဏ်ရာပဲ ထင်တာ၊ အပြင်းစား ဖြစ်သွားတယ်တဲ့၊ မောင် အခု အခေါက် ရန်ကုန်သွားမှ ငယ်သူငယ်ချင်းနဲ့ တွေ့ပြီး သိလိုက်ရတာ"

"ဩော်. . . ငယ်ကျွမ်းတွေနဲ့ လျှောက်တွေ့နေတာကို ဘုရားဖူးရင်း လိပ်ဥ တူးရင်းဆိုပြီး ရန်ကုန်သွားတာပေါ့"

မျက်ထောင့်ကပ်ပြီး ဟန်ချီကာ မာန်သလိုလို အငေါ်တူး သလိုလို လုပ်နေသော မမမေကို လူလူ သဘောကျပါသည်။ မိန်းမ သား မိန်းမနဲ့ တူမှ သဘာဝကျသည်။

"ဟာ. . . မဟုတ်ရပါဘူး မမရာ၊ ကျွန်တော်. . . ဟာဗျာ ဘာကစပြီး ဘာကိုပြောရမှန်းတောင် မသိပါဘူး"

ပုဂံရာဇဝင် တုတ်ထမ်းပြောဆိုသလို ဝလုံးလေးနှင့် သူ့ အကြောင်းကို အသေးစိတ် ပြောပြရအောင်ကလည်း သူ သိပ်မသိ။ မျက်နှာဝိုင်းဝိုင်း မျက်လုံးဝိုင်းဝိုင်း ပါးဖောင်းဖောင်း ကောင်မလေးမို့ သူ ချစ်စနိုး အသည်းယားကာ နောက်ပြောင်ကျီစယ်သည့် အကြောင်း ပြောရမှာလား။

"ဟင်း. . . ဟင်း. . . ဟင်း. . . မောင်တော်၊ တို့က စနေ တာပါ၊ မောင့်လူနာ တွေ့ရင် ခေါ်သာ လာခဲ့ပါ မောင်၊ မောင်နဲ့ မပတ်သက်လည်း တို့ကုသမှုအပိုင်းနဲ့ ဆိုင်တဲ့ရောဂါဆို တို့ ပြုပြင် ပေးမှာပါ"

"ကျေးဇူးကြိုတင်ထားမယ်နော် မမမေ"

"ဒါထက် တစ်ခုတော့ မောင်ဖြေနိုင်မှာပါ"

"ဘာလဲ မမမေ"

"မောင့်ကြောင့် အမာရွတ် ရသွားတယ်ဆိုတဲ့သူငယ်ချင်း က ယောကျ်ားလေးလား မိန်းမလေးလား"

"မိန်းမ"





"ဟာ. . . ဒါဆို ပိုပြီးတော့တောင် မောင်ဂရုစိုက်သင့် တယ်၊ ဣတ္ထိရုပ် ခန့်မည်တယ်တဲ့ မောင်. . . သိရဲ့လား"

"အင်း"

"မမ ကူညီပေးမယ် မောင်၊ တွေ့အောင်ရှာလိုက်ပါ၊ တစ်ခု တော့ ပြောထားရဦးမယ် မောင်၊ မမမေကိုတော့ ချစ်လို့ပါဆိုပြီး နောက်ပြောင်တာ ကျီစယ်တာ သိပ်မလုပ်ပါနဲ့၊ တို့က ရိုးသားတော့ နောက်လို့နောက်မှန်းလည်း မသိဘဲ မောင့်ကို ထိပ်ခေါက်မိမှာစိုးလို့ ပါ"

"ဟာဗျာ. . . မမကလည်း၊ ကျွန်တော်က အကောင်း အောင်းမေ့လို့"

"အကောင်းပြောတာပဲဟာ. . . ဟင်း. . . ဟင်း"

မမမေ၏ကြည်ရွှင်ပျသော ရယ်သံလေးနှင့် မျက်နှာ လင်းလင်းလက်လက်ကလေးကို ရွှန်းလက်စွာ ကြည့်ရင်း တခဏ် အတွင်းတော့ ပိုးလေးအတွက် ညစ်ညူးခဲ့ရသော စိတ်အစဉ်တို့မှာ လန်းဆန်းသွားလေတော့သည်။

မကြာခင် ပိုးလေးကို သူ တွေ့လိမ့်မည်ဟု ယုံကြည်ပါ သည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၂၀)

'မေဂေဟာ' သည် အမြဲတစေ ဆိတ်ငြိမ်နေရာမှ သက်ဝင်လှုပ်ရှားလာလေသည်။

စည်စည်ကားကားနှင့် စကားသံများ ကားအသွားအလာ သီချင်းသံ တရားသံတို့နှင့် ယခုမှ အိမ်ဂေဟာတစ်ခု၏ ကျက်သရေမင်္ဂလာ အဖြာဖြာကို ပြည့်ဝစွာ ဖြစ်ထွန်းစေလေတော့သည်။

အဘယ်ကြောင့်ဆိုသော် အိမ်ကြီး၏ဦးစီးလင်မယား ဖြစ်သော ဦးမေအောင်နှင့်ဒေါ်နွယ်ဝတီတို့ ပြန်ရောက်ရှိလာသော





ကြောင့်ဖြစ်သည်။ သူတို့နှင့်အတူ ကျောင်းထားပေး၊ အိမ်တာဟီချပါ ကူညီပေးသော တောင်ပေါ် တိုင်းရင်းသားကလည်း (၃)ဦးပါလာသေးသည်။ နောက် လက်စွဲတော် အိမ်တော်ထိန်း ဒေါ်စိန်၏ညီမ ဒေါ်ငွေကလည်း ပြန်ပါလာတော့ အိမ်မှာ လူစေ့ အခန်းစေ့နှင့်မို့ ခြောက်သွေ့နေသောအိမ်ကြီး စိုပြေစည်လွင်လာသည်။

ဒီနေ့ မေဘရဏီက ဆေးခန်းပိတ်ရက်မို့ ပြင်ဦးလွင်သို့ တက်လာသည်။

ထုံးစံအတိုင်း ညနေစာ ထမင်းစားအပြီး ပန်းခြံထဲ နေဝင်ဆည်းဆာအလှကို ခံစားငေးမောရင်း မိသားစုလေးဦး စကားဝိုင်း စလေတော့သည်။

"မီးကြီး"

"ရှင်. . . မေမေ"

"ညီမလေးကို သမီးတာဝန်ယူမယ် ပြောတယ်၊ ခု ဖေဖေတို့ ရောက်ပြီ၊ ဘယ်တော့ အကောင်အထည်ဖော်မှာလဲ"

"ရွှေအပတ်မှာ သမီးစီနီယာ လာတာနဲ့ အကောင်အထည် ဖော်မှာပါ ဖေဖေ"

"မီးကြီးက ရဲရဲတင်းတင်း တာဝန်ယူတယ်နော်၊ မီးငယ်ရုပ်က အမေ မွေးကတည်းကလို ပင်ကိုယ်အလှအတိုင်းပဲ ဖေဖေ လိုချင်တယ်

"အို. . . ဖေကြီးကလည်း၊ မွေးကတည်းကလို နီတာရဲ ရုပ်ကလေးတော့ ဘယ်ရနိုင်မှာလဲ"

ဦးမေအောင်အများကို ဒေါ်နွယ်ဝတီက ဝင်ထောက်ပြလိုက်သည်။

"အမေ မွေးကတည်းကနေ အသက်အစိတ်မှာ ရှိရမယ့်



www.burmeseclassic.com

www.burmeseclassic.com



ပင်ကိုယ်ရုပ်ရည်ကို ပြောတာပါ မေကြီးရဲ့၊ စကားအထအန တယ်ကောက်တာကိုး"

မေဘရဏီက မိဘနှစ်ပါး အပြန်အလှန် ပြောနေမှုကို သဘောကျစွာ ပြုံးကြည့်ရင်းမှ. . .

"ဟုတ်ကဲ့ပါ ဖေဖေ၊ ညလေးက လှပြီးသားပဲ၊ ပါးပြင်က အမာရွတ်ကိုသာ ဖျောက်လိုက်ရင် ပင်ကိုယ်အလှအတိုင်း ဖြစ်သွားမှာပါ"

"ဟုတ်ပြီ. . . မီးငယ်ကိစ္စ ပြီးစီးသွားမှ မီးကြီးရဲ့ ကောင်လေးကို ဖေဖေတို့ လက်ခံတွေ့တော့မယ်၊ ဖြစ်တယ်မှတ်လား မီးကြီး"

"ဖြစ်ပါတယ် ဖေဖေ"

"တွေ့တာများ. . . ချက်ချင်းတွေ့တော့လည်း ဘာဖြစ်တာလိုက်လို့၊ တွေ့လိုက် ပြီးရော"

ဒေါ်နွယ်ဝတီက မကျေမနပ် ဝင်ပြောလိုက်ပြန်သည်။ ဦးမေအောင်က. . .

"နွယ်ကလည်း. . . မီးကြီး အာရုံမများစေချင်ဘူး၊ မီးငယ်ကိစ္စတစ်ခုထဲ ခေါင်းထဲ ထည့်ထားစေချင်တယ်၊ မီးငယ်အတွက် နောက်ထပ်အမှားမျိုး မဖြစ်ဖို့ မီးကြီး ခေါင်းအေးအေးနဲ့ အလုပ်လုပ်ဖို့ လိုတယ်၊ ခွဲစိတ်ဆရာဝန်တွေဟာ အာရုံများလို့မဖြစ်ဘူး၊ စိတ်တည်ငြိမ်နေဖို့ လိုအပ်တယ်လေကွာ၊ မင်းနားမလည်ရင် အသာနေ၊ မီးကြီး နားလည်တယ်"

"ဟုတ်ကဲ့. . . ဖေဖေပြောတာ သမီးသဘောပေါက်ပြီးသားပါ၊ မေ့နံပါတ်တစ် ဦးစားပေးက ညလေးအတွက်ပါ၊ ပြီးမှ သမီးကိစ္စ လုပ်မယ်၊ ပြီးရင် ဖေဖေ ဒီမှာ ဆေးခန်းဖွင့်ဖို့ကိစ္စလည်း





ဝိုင်းကူပေးပါ့မယ်"

"နို်း. . . နိုး. . . ဖေဖေ့ဆေးခန်းကိစ္စကတော့ ဖေဖေ သီးခြားသီးခြား မလုပ်တော့ဘူး၊ အာရောဂျံနဲ့ အောင်ရတနာမှာ အချိန်ပိုင်း ထိုင်ပေးရုံပဲ လုပ်တော့မယ်၊ ကျန်တဲ့အချိန်တွေကို ဂေါ့ဖ်ရိုက်မယ်၊ ဝိပဿနာအလုပ်လည်း လုပ်မယ်၊ သေရင် ကိုယ့်နောက်ပါမယ့်အထုပ်ကို ထုပ်ဖို့ပဲ လုပ်တော့မယ်၊ လောဘတကြီး ငွေနောက် လိုက်မယ့်အလုပ် ဖေဖေ မလုပ်နိုင်တော့ဘူး၊ သမီးတို့ကို ပညာအမွေအပြင် အရင်းအနှီး ပြည့်ပြည့်စုံစုံ ဖေဖေ ပေးခဲ့ပြီပဲ၊ ထိမ်းမြားခြင်းဆိုတဲ့ တာဝန်တစ်ရပ်ပဲ၊ ဖေဖေတို့မှာ ကျန်တော့တာ ဆိုတော့ ဖေဖေ အချိန်ပြည့် ဆေးခန်းထိုင်တာမျိုး မလုပ်ချင်တော့ဘူး"

"ဟာ. . . ကောင်းပါတယ် ဖေဖေ၊ သမီးအတွက် ဘာမှ မလိုတော့ပါဘူး၊ သမီးကတောင် ဖေဖေတို့ကို ပြန်လုပ်ကျွေးမှာပါ"

မေဘရဏီက ပျာပျာသလဲ ထောက်ခံကာ ဝင်ပြောလိုက်သည်။ ထိုအချိန် ဘစ်ချိန်လုံး တိတ်ဆိတ်နေသော နတ်မိမယ်က မျက်နှာလေး ပျက်ကာ. . .

"မယ် မျက်နှာပြင်ပြီးရင် အလုပ်တစ်ခုခုတော့ ဝင်လုပ်မယ်"

ဒေါ်နွယ်ဝတီက နတ်မိမယ်ကို ချစ်စနိုးလေး ဖက်လိုက်ပြီး "ငါ့သမီးက ဘာအလုပ်မှ မလုပ်နဲ့၊ အိမ်ရှင်မကောင်း အလုပ်ပဲ လုပ်ပေါ့၊ ငါ့သမီး မျက်နှာပြင်ပြီးရင်လေ ဝိုင်းလာမယ့် သတို့သားလောင်းတွေကို ခါချယူရမှာ မြင်ယောင်လာသေးတယ်"

နတ်မိမယ် ပြုံးရုံသာ ပြုံးနေလိုက်သည်။ မချိပြုံး ဖြစ်ကောင်း ဖြစ်လိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲမှာတော့. . .

"မယ် မလှချင်တော့ပါဘူး၊ အားလုံးစိတ်ချမ်းသာအောင် မယ် ခွဲစိတ်ရတာပါ။ မယ့်အတွက် အမှတ်တရဆိုတာတွေအားလုံးကို မယ် ဖျက်ဆီးပစ်လိုက်ရတော့မှာပါ"

ဟု ရေရွတ်နေမိသည်။

နတ်မိမယ် မျက်နှာရိပ် မျက်နှာကဲကို မိဘနှစ်ပါးက ရိပ်မိသည်။

"မီးငယ် အလုပ်မလုပ်လည်း ရတယ်၊ ဖေဖေက ငါ့သမီး တစ်သက်စာအတွက် ဖူဖူလုံလုံ ထားခဲ့ပေးမှာပါ"

"အပျိုကြီးတော့ မလုပ်ပါနဲ့ သမီးရယ်၊ မေမေ့ကို ယုံကြည်ပြီး မေမေရှာပေးတဲ့ သတို့သားလောင်းနဲ့ လက်ထပ်လိုက်ပါ"

နတ်မိမယ် ငိုချင်လာသည်။

မေဘရဏီကလည်း. . .

"ညလေး အိမ်ထောင်မပြုချင်လည်း ဖွတ်မပြုခိုင်းပါနဲ့ မေမေ၊ ညလေးကို မေ တာဝန်ယူသွားနိုင်ပါတယ်"

ငိုချင်ရက်လက်တို့ ဖြစ်ကာ နတ်မိမယ် မျက်ရည်ဝဲလာသည်ကို ဦးမေအောင်က မြင်ဖြစ်အောင်မြင်ပြီး. . .

"မီးငယ် ဘာဖြစ်ချင်သလဲ၊ ဖေဖေ ဘာလုပ်ပေးရမလဲ၊ မီးငယ်စိတ်ထဲ ရှိတာသာပြော"

နတ်မိမယ် ရစ်ဝဲလာသောမျက်ရည်များကို မျက်တောင်ပုတ်ခတ်ခြင်းဖြင့် အားယူဖျောက်ဖျက်ရင်း. . .

"မယ် သင်တန်းတစ်ခုခု တက်ပြီး နိုင်ငံခြားမှာ အလုပ်သွားလုပ်ချင်တယ်"

အမှန်တော့ မမမေနှင့်လူလူတို့စုံတွဲနှင့် ဝေးရာသို့ ပြေး





ထွက်ချင်ခြင်းသာ သူ၏အဓိကရည်ရွယ်ချက်ဖြစ်သည်။

ဖခင်ဦးမေအောင် အံ့ဩသွားသည်။ နတ်မိမယ် မျက်နှာလေးကို စေ့စေ့ကြည့်ကာ အကဲခတ်လိုက်သည်။

သူ့သမီးငယ်မှာ ဒဏ်ရာတစ်ခု ရှိနေသည်။ ထိုဒဏ်ရာသည် ခန္ဓာကိုယ်ပေါ် မှာမဟုတ်၊ ခန္ဓာကိုယ်အတွင်းပိုင်း ရင်တွင်းတစ်နေရာမှာ ဖွဲ့တည်နေသော ဒဏ်ရာဒဏ်ချက် ဖြစ်သည်ဟု။

ဒီအရွယ်၏ရင်တွင်းဒဏ်ရာဆို အခြားဘာမှမဖြစ်နိုင်။ အချစ်ကြောင့် ဖြစ်တည်လာသောဝေဒနာမှ အရင်းတည်သော ဒဏ်ရာသာလျှင် ဖြစ်မည်ဟုလည်း တွက်ဆကြည့်လိုက်သည်။

"မီးငယ်က ဘယ်နိုင်ငံ သွားချင်တာလဲ"

အမေလုပ်သူက သမီး၏ရင်တွင်းကို မြင်မမြင်တော့ မသိ၊ သမီးအလို လိုက်ဖို့ စဉ်းစားကာ မေးခွန်းထုတ်လေသည်။

"ဘယ်နိုင်ငံဖြစ်ဖြစ်ပါ"

ဘာရည်မှန်းချက်မှ ရှိပုံမရသောအဖြေမှန်း ဦးမေအောင် ရိပ်မိလေသည်။

နောက်မှ လင်မယားချင်း တိုးတိုးတိတ်တိတ် တိုင်ပင်ပြီး အမေကို အဖြေရှာခိုင်းရမည်။

"နိုင်ငံခြား သွားချင်တာသက်သက်ဆိုရင် ဖေဖေတို့နဲ့ ဘုရားဖူးရင်း ရှော့ပင်းထွက်ကြတာပေါ့"

ဦးမေအောင်က အားပေးစကားကို နှစ်သိမ့်ရင်း ဆိုလိုက်လေသည်။

"ဒါလည်း ကောင်းသားပဲ မီးငယ်၊ ဗုဒ္ဓဂယာ ပြီးတော့ ဘန်ကောက်၊ မြဘုရားဖူး၊ စင်္ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှား အစုံ သွားမယ်နော် မီးငယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်. . . မေမေတို့ ကောင်းသလိုသာ စီစဉ်ပါလေ"

နှတ်မိမယ် မိဘများ၏စေတနာကို အလေးထားကာ လိုက်နာလိုက်သည်။ လူစိတ်အစဉ် မလွင့်မျောဖို့ စည်းထားဖို့ အရေးကြီးသည်။

မမကြီးတို့နှင့် ဝေးလေ သူ့အတွက် ကောင်းလေဖြစ်သည်။

"သမီးမင်္ဂလာပွဲ ပြီးမှ သွားကြနော်"

"ဝါတွင်းကြောင်းလမ်း ဝါကျွတ်လက်ထပ် မှတ်လား၊ မေမေတို့ ဘုရားဖူးကလည်း ပွင့်လင်းရာသီမှ သွားမှာပဲဟာ. . . အတော်ပါပဲ၊ ဒါထက် စေ့စပ်ပွဲကို ဘယ်မှာ လုပ်မှာလဲ၊ ဒီမှာလား. . မန္တလေးမှာပဲလား"

မေဘရဏီ ရုတ်တရက် မဖြေနိုင်၊ တွေဝေသွားသည်။

ဦးမေအောင်က. . .

"ဖေဖေတို့မိတ်က ဒီမှာ များတယ်၊ စေ့စပ်ကြောင်းလမ်းတာကို ဒီအိမ်မှာပဲ လုပ်လိုက်ပြီး လက်ထပ်ရင်တော့ မန္တလေးဆီဒိုးနားမှာပဲ လုပ်လိုက်ပါ၊ ဒါမှ နှစ်ဖက်ဆွေမျိုး မိတ်သင်္ဂဟတွေအတွက် အဆင်ပြေနိုင်မယ်"

မေဘရဏီ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ ဖေဖေ"

နှတ်မိမယ် ထိုင်ရာမှ ထလိုက်သည်။

"မယ့်ကို ဘာပြောစရာရှိသေးလဲ"

"မရှိတော့ပါဘူး"

"ဒါဖြင့် မယ် အင်တာနက် သွားဖတ်လိုက်ဦးမယ်"

မိခင်ကော ဖခင်ကပါ တပြိုင်နက်ဆိုသလို. . .

"အေးအေး"





"အေး. . . သွားသွား"

ဟု အသံထွက်သွားကြသည်။

နှတ်မိမယ် ခပ်လှမ်းလှမ်းရောက်မှ ဦးမေအောင်က. . .

"မီးကြီးညီမမှာ ဘာများ ပြဿနာရှိနေသလဲ၊ သိသလား မီးကြီး"

မေဘရဏီ မျက်လုံးလေး ဝိုင်းသွားသည်။ မျက်တောင်ပုတ်ခတ်ရင်း ပြောသင့်မပြောသင့် ချိန်ဆလိုက်သည်။ သူသိသော ရိပ်ဖမ်းသံဖမ်းသာ သိသော အင်တာနက်မှတဆင့် ချိတ်ဆက်မိသောချစ်သူက သစ္စာဖောက်သွားသည်။ ဒီအကြောင်း မိဘတွေကို ပြောသင့်ပါသည်။

လျှပ်တစ်ပြက် ဆုံးဖြတ်ချက်ချပြီး ပြောပြလိုက်သည်။

"အဲဒီလို သူ့သူငယ်ချင်း ချယ်ရီနဲ့ဝတ်မှုန်တို့ကို ပြောနေသံတော့ ကြားလိုက်ရတယ်၊ သမီးကိုတော့ ခွဲစိပ်ရမှာ ကြောက်လို့လိုပဲ ပြောတာနဲ့ ဆက်မမေးဘဲ လွှတ်ထားပေးလိုက်တာပါ"

"အင်းလေ. . . မီးငယ်အသက်လည်း အစိတ်ထဲတောင် ဝင်လာပြီပဲ၊ အချစ်ရေးကိစ္စ ရှိလာမှာပေါ့၊ မေကြီးက တိုးတိုးတိတ်တိတ် ကြိတ်မေးပြီး သမီးငယ်ဆန္ဒကို သိအောင်ကြိုးစား၊ မနက်ဖြန် ချယ်ရီနဲ့ ဝတ်မှုန်တို့ဆီ သွားတွေ့ရင်း စကားနှိုက်ယူခဲ့လိုက်"

"အင်း. . . ကောင်းပြီလေ ဖေကြီး"

"ဒါထက် မီးကြီးကောင်လေးနဲ့ ဖေဖေတို့ မီးငယ်ခွဲစိပ်ပြီးမှ တွေ့မယ်ဆိုတာ မီးကြီး လက်ခံတယ်နော်. . . ကျေနပ်ရဲ့လား"

ဖခင်ဦးမေအောင်သည် မိသားစုကို ချစ်ခင်ပြီး အလေးအနက်ထား ဦးစားပေးတတ်သူဖြစ်သည်။ သူ့ဆုံးဖြတ်ချက်ကို သမီးကြီး လိုလားမှုမှ ရှိရဲ့လားဟု တွေးမိကာ အစပြန်ကောက်လိုက်လေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

မေဘရဏီက သွားတက်လေး ပေါ်အောင် ပြုံးပြီး. . .

"ဖေဖေကလည်း. . . သမီးကျေနပ်ပါတယ်၊ လူလူက လည်း သိတတ်နားလည်မှု ရှိတဲ့လူတစ်ယောက်ပါ။ သူ့ဘွားအေသာ သဲသဲလှုပ် ဖြစ်ချင်နေတာပါ၊ သမီးတို့က ဖေဖေ စီစဉ်တဲ့အတိုင်း လိုက်နာသွားမှာပါ"

"ဒါဆိုရင် သမီးညီမလေးကိစ္စကို သေသေချာချာ ခေါင်းထဲ ထည့်ပေးထားလိုက်နော်၊ ဖေဖေ ငါ့သမီးကြီးကို ယုံကြည် စိတ်ချထားမယ်"

"ဟုတ်ကဲ့. . . စိတ်ချထားပါ ဖေဖေ"

ဦးမေအောင်သည် သမီးကြီး မေဘရဏီကို ကြည့်ပြီး ပြုံးကာ ခေါင်းညိတ်လိုက်သည်။ နောက် ထိုင်ရာမှ ထကာ. . .

"ဖေဖေ လမ်းတစ်ပတ် လျှောက်လိုက်ဦးမယ်၊ နွယ် လိုက် ဦးမလား"

ဟု ပြောပြီး စတီးချောင်း တုတ်ကောက်ကို ဆွဲကာ ထလိုက်သည်။ ဒေါ်နွယ်ဝတီက ခေါင်းခါပြီး. . .

"ခြင်ကိုက်တယ်. . . အိမ်ထဲ ဝင်တော့မယ်" ဟု ပြောပြော ဆိုဆို ထလိုက်လေသည်။

မိသားစု စကားဝိုင်းလေး ပြီးဆုံးသွားပြီဖြစ်၍ မေဘရဏီ လည်း လိုက်ထကာ အိမ်ထဲ ဝင်ခဲ့လိုက်လေသည်။







## အခန်း(၂၁)

"ဘွားဘွားက မမမေကို ဒီမနက်ဖြန်ညနေ ထမင်းစား ကြွပါဦးတဲ့"

လူလူက ဆေးခန်းပိတ်ချိန်၌ မမမေကို သွားတွေ့ပြီး စကားလက်ဆောင် ပါးလေသည်။ မေဘရဏီက. . .

"မနက်ဖြန် မမမေ အားမှာမဟုတ်ဘူး၊ စင်္ကာပူက လာတဲ့ မမမေ စီနီယာကို ထမင်းလိုက်ကျွေးမလို့၊ လူနာရှင်နှစ်ဦးနဲ့လည်း တွေ့ပေးရမယ်၊ ဒါကြောင့် အခုပဲ ဘွားဘွားကို လိုက်တွေ့လိုက်မယ်



www.burmeseclassic.com

www.burmeseclassic.com



လေ"

မေဘာရဏီက ရှင်းပြသော်လည်း လူလူက ဘဝင်မကျ...

"မမမေ စီနီယာက ယောက်ျားလား မိန်းမလား"

"ယောက်ျား . . ဘာဖြစ်လို့ မေးတာလဲ"

"လူပျိုလား လူအိုလား"

မေဘာရဏီ သဘောပေါက်လာသည်။ လူလူ သဝန်တို... ပြီ။

"လူအိုပါ . . ကလေးတစ်ယောက်တောင် ရှိတယ်"

"ဟူး . . တော်ပါသေးရဲ့"

လူလူက သက်ပြင်းမောကြီး မှုတ်ထုတ်လိုက်ပြီး ပြုံးရွှင်သွာ... လေတော့သည်။ ချစ်သူ၏အပြုံးမျက်နှာကို ကြည့်ရင်း မေဘာရဏီ... က . . .

"ဘွားဘွားက မမမေကို တစ်ခုခု ပြောစရာရှိလို့ ခေါ်ခိုင်း... လိုက်တာမှတ်ကား"

"ထင်တာပဲ"

"ဘာများ ပြောစရာရှိလို့ပါလိမ့်"

"တွေ့မှပဲ မေးကြည့်တော့၊ မောင့်ဆီ ကြိုတင် ကွက်ရှင်... အောက်မနေနဲ့"

မေဘာရဏီ မျက်စောင်းမြားတစ်စင်း လွှတ်လိုက်မိသည်။

"ဟွန်း . . ဖြစ်နေလိုက်တာ"

ချစ်သူထက် အသက်ကြီးပေမယ့် ချစ်သူနှင့် တွေ့လျှင်... အသက်အရွယ်ကို မေ့လျော့သွားပြီး နွဲ့ဆိုး,ဆိုးချင်မိသည်။

"ဘွားအေနဲ့မောင်က တကြိတ်တည်း တဉာဏ်ထဲပဲ"

"ရှူး . . ခဏနေဦး၊ ဘွားဘွားဆီ ဖုန်းလှမ်းဆက်ထား...





လိုက်ဦးမယ်"

"ထမင်းတော့ မစားတော့ပါဘူး၊ အိမ်မှာ ချက်ထားပြီးသား ဖြစ်နေလို့ ခဏပဲ တွေ့မယ်"

ဟု မေဘာရဏီက ပျာပျာသလဲ လှမ်းတားလိုက်ရသည်။ လူလူတို့အိမ် သွားမိလို့ကတော့ ထမင်းမကျွေးရဘဲ ဘယ်အခါမှ ဘွားဘွားက ပြန်မလွှတ်တတ်ချေ။

"ဒါကတော့ ဘွားဘွားနဲ့ မမမေကိစ္စပဲ၊ မောင်မသိဘူး"

လူလူကမှင်သေသေနှင့်ပြောလိုက်သည်။ တဆက်တည်း ဆေးခန်းပိတ်ပြီး ထွက်လာတော့ လူလူ၏မကျေနပ်ချက်က ထွက်လာပြန်သည်။

"ကားတစ်ယောက်တစ်စီးနဲ့ သွားရတာလောက် မမိုက်တာ မရှိဘူး ထင်တယ်ဗျာ"

"ဘယ်တတ်နိုင်မလဲ မောင်၊ မောင်က ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်ပြီး ကိုယ့်အားကိုယ်ကိုးတတ်တဲ့မိန်းမကိုမှ ချစ်သူထားမိနေတာကိုး"

ဟု မေဘာရဏီက ခနိုးခနဲ့ ပြောလိုက်လေသည်။

"အင်း . . မမမေက ကျွန်တော့်ထက်အလျင် လောကကြီးကို စောရောက်နေတာကိုး၊ တွေ့တာလည်း နောက်ကျလို့၊ စောလို့ကတော့ ဘာအလုပ်မှ မလုပ်ခိုင်းဘဲ ကျွန်တော်ပဲ ဦးဆောင်ပစ်လိုက်မှာ"

ယောက်ျားတွေ၏ဦးဆောင်ဦးရွက် ပြုလုပ်လိုသော အတ္တနှင့် မာနက လူလူမှာ ရှိနေပါလားဟု မေဘာရဏီ သဘောပေါက်လိုက်မိလေသည်။

ဒါလည်း တစ်မျိုးကောင်းတာပဲ။ အိမ်ထောင်ဦးစီးဖြစ်ရ



www.burmeseclassic.com

www.burmeseclassic.com



မယ့်သူမှာ ဒီလိုအရည်အချင်းမျိုး ရှိနေတာ ကောင်းသည်။

သို့သော်. . .

ဇနီးမယား၏အလုပ်ကိုလည်း တန်ဖိုးထားတတ်ဖို့ လိုသေးသည်။

"မမမေကတော့ မမမေ ဝါသနာနဲ့ တည်ဆောက်ထားတဲ့ လုပ်ငန်းကို သေတဲ့အထိ မြတ်မြတ်နိုးနိုး လုပ်သွားမှာပဲ"

"အဘွားကြီးဖြစ်လို့ တုန်တုန်ချိချိနဲ့ ဓါးကိုင်လို့ရမလား စဉ်းစားပါအုံး"

"အဲဒီအခါ တပည့်တွေကို နှုတ်နဲ့ ညွှန်ကြားမှာပေါ့ ကဲကဲ. . . သွားကြမယ်"

မေဘရဏီ ကိုယ့်ကားပေါ် ကိုယ် ဦးအောင် တက်လိုက်သည်။

အချစ်ဦးလည်းဖြစ်၊ ခုမှ ချစ်ဖူးတာလည်း ဖြစ်တော့ ရူးရူးမူးမူးကို ကွဲကာခ်းချစ်ခင်ပါသော်လည်း မိမိဝါသနာနဲ့ပညာကိုလည်း ကိုယ့်ဘဝနှင့် ထပ်တူ တန်ဖိုးထားတတ်သည်မို့ ကိုယ်လုပ်ငန်းကို ထိခိုက်လာလို့ကတော့ သည်းခံနိုင်မည် မဟုတ်ချေ။

လူလူဟာ ဒီလို မဟုတ်နိုင်ပါဘူး။ နားလည်မှုရှိတဲ့ ယောကျ်ားတစ်ယောက် ဖြစ်မှာပါ။

မိခင်ကတော့. . .

"ကြီးရင်မှီ ငယ်ရင်ချီတဲ့ မီးကြီးညီမလေးအရွယ်ရှိတဲ့ အိမ်ထောင်ဘက်ကို ညီမလေးကို သည်းခံနားလည်ပေးသလို သူ့ကိုလည်း မောင်လေးတစ်ယောက်လို သည်းခံနားလည်ခွင့်လွှတ်ပေးနိုင်ဖို့ အများကြီး ကြိုးစားရလိမ့်မယ် မီးကြီး" ဟု သတိပေးခဲ့သည်ကို အမှတ်ရလိုက်မိသည်။





မေဘရဏီ သက်ပြင်းချပြီး ခေါင်းထဲ ဝင်ရောက်လာသော အတွေးများကို မောင်းနှင်ပစ်လိုက်ပြီး ကားကိုသာ သတိထား မောင်းခဲ့လိုက်လေတော့သည်။

လူလူတို့အိမ် ရောက်ပြန်တော့ ပိုပြီးနားလည်ခွင့်လွှတ် သည်းခံပေးရမည့် အဘွားဒေါ်ခင်ခင်ကျော်၏အလိုကို အထိုက် အလျောက် လိုက်လျောပေးရလေသည်။

"လာလာ. . . မေ. . . ထမင်းတစ်ခါတည်းစား"

"မေ အိမ်ရောက်မှပဲ စားပါမယ်"

"အိမ်ရောက်မှ ထပ်စားချင်စား. . . ခုလည်းစား၊ ဘွား ဘွား မစားသေးဘဲ မြေးလူ ဖုန်းဆက်တာနဲ့ စောင့်နေတာ"

မေဘရဏီ ထပ်မံငြင်းဆန်ဖို့ မသင့်တော်မှန်း သိ၍ ခေါင်း ညိတ်ကာ ထမင်းစားခန်းသို့ တန်းလိုက်ခဲ့လိုက်ရလေတော့သည်။

ထမင်းစားခန်း အဘွားဒေါ်ခင်ခင်ကျော်က စကားတွေ စလာသည်။

"မေ့မိဘတွေ ပြင်ဦးလွင်ကို ရောက်လာပြီဆို"

"ဟုတ်ကဲ့. . . ဖေဖေ ပင်စင်ယူပြီး အပြီးပြောင်းလာကြပါပြီ ဘွားဘွား"

"ဒါဆို ဘွားဘွားတို့ ဘယ်တော့ နားလာဖောက်ရတော့ မလဲ"

မေ့လည်ချောင်းမှ ထမင်းလုတ်ကို မနည်းမျိုချလိုက်ပြီးမှ

"တစ်လလောက်တော့ သည်းခံပေးပါ ဘွားဘွား"

"ဟေ. . . ဘာဖြစ်လို့လဲ"

"မေတို့မှာ မိသားစု အရေးကြီးတဲ့ကိစ္စတစ်ခုကို ဆောင်ရွက်စရာ ရှိနေလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com

လူလူကော အဘွားပါ မျက်ခုံးများ မြင့်တက်သွားကြသည်။

မပြောမပြီးမည့်ကိစ္စမို့ မေဘရဏီ ဟင်းချိုရည်နှင့် လည်ချောင်းရှင်းလိုက်ပြီးမှ. . .

"မေ့ညီမလေးမှာ ချော်လဲထားတဲ့ဒဏ်ရာကြောင့် မျက်နှာမှာ အမာရွတ်တစ်ခု ရှိနေပါတယ်၊ အဲဒါကို ခွဲစိပ်ပြုပြင်ပြီးမှ မေ့ကိစ္စကို လုပ်ဖို့ ဆုံးဖြတ်ထားပြီး ဖြစ်နေလို့ပါ ဘွားဘွား"

လူလူ မျက်ခုံးနှစ်ဖက် ဖင်ယော် တောင်ပံခတ်သည့်နှယ် တွန့်ကာ လှုပ်ရှားသွားသည်။

တိုက်ဆိုင်လှချည်လား။

မမမေညီမမှာလည်း မျက်နှာမှာ အမာရွတ်နဲ့တဲ့လား။ သူ့ပိုးလေးမှာကော မျက်နှာမှာ အမာရွတ် ရှိနေသည်တဲ့။

"မေ့ညီမလေးက ဘယ်အရွယ်လဲ၊ အရင်တုန်းက ဘာလို့ လုပ်မထားတာလဲ၊ ခုမှ တိုက်တိုက်ဆိုင်ဆိုင် လုပ်ဖို့ ဖြစ်လာရတာလဲ"

မေဘရဏီ ပြုံးပြုံးလေးနှင့်ပင် အဘွားဒေါ်ခင်ခင်ကျော်၏မေးခွန်းများကို လေးစားစွာ ဖြေလိုက်လေသည်။

"မေ့ညီမလေးက အသက်အစိတ်ထဲ ရောက်လာပါပြီ၊ လူလူနဲ့ ရွယ်တူလောက်ပါပဲ၊ ဒဏ်ရာရတုန်းက မေကလည်း ဆေးကျောင်းသူပဲ ရှိသေးသလို ဖေဖေကလည်း လက်ထောက်ဆရာဝန်ဘဝနဲ့ ချင်းပြည်နယ် ရောက်နေတယ်၊ ဝန်ထမ်းဘဝဆိုတော့ တနယ်ပြီးတနယ် ပြောင်းနေရတယ်၊ မေက အရေပြားနဲ့ ပတ်သက်ပြီး ပြည်ပမှာ ပညာဆက်သင်တော့ မေ့အတွက် ကုန်ကျစရိတ်တွေကလည်း များနေတယ်လေ၊ ပြီးမှ မေကိုယ်တိုင် ညီမလေးကို ခွဲစိပ်ဖို့ ဆုံးဖြတ်ခဲ့တယ်၊ ခုတော့မှ ဖေဖေကလည်း အနားမှာ နေပေး၊ မေ့





ယာကလည်း မေ့ကို ကူညီဖို့ ရောက်လာပြီဆိုတော့ မေ့ညီမလေး ကို ခွဲစိပ်ဖို့ ဖြစ်လာတာပါ၊ ဒါကြောင့် မေ့ညီမလေး ခွဲစိပ်ပြီး ပင်ကိုယ် က်နှာ ပြန်ရမှ မေတို့ စေ့စပ်ပွဲ လုပ်ကြရအောင် မေ ဆုံးဖြတ်ထား လို့ပါ ဘွားဘွား"

လူလူတောင် ဒီအကြောင်းတွေ အခုမှ သိခွင့်ရလိုက်သည့်အတွက် အံ့ဩသွားသည်။

"ဘယ်လောက်တောင် ကြာဦးမှာလဲကွယ်"

လူမှုရေးကိစ္စမို့ ဘွားဒေါ်ခင်ခင်ကျော် မလွှဲမရှောင်သာ ခွင့်ပြုလိုက်ရပေမယ့် ရင်ထဲတော့ ဘဝင်မကျချင်။

"အနည်းဆုံး တစ်လပါ၊ မေတို့က ညီအစ်မနှစ်ယောက် တည်း ရှိတာ၊ မေ့ညီမလေးကိုလည်း မေ့မင်္ဂလာပွဲမှာ ပွဲထုတ်မှ ဖြစ်မှာ မှတ်လား ဘွားဘွား"

"အေးပေ့ါလေ. . . ဘယ်တတ်နိုင်မှာလဲ၊ ဘွားဘွားပဲ သည်းခံပြီး စိတ်ရှည်လက်ရှည် စောင့်ရတော့မှာပေ့ါ"

ဘွားဘွားနှင့်မမမေ စကားလက်ဆုံကျနေသည့်ကြား လူလူ တစ်ခွန်းမှ ဝင်မပြောနိုင်။

သူ့အတွေးအာရုံ ပျံ့လွင့်၍နေလေသည်။

ပိုးလေး. . . အင်တာနက် ဝက်ဘ်ဆိုက်ပေါ် တင်ထားပေမယ့် ထူးခြားသောတုန့်ပြန်မှု ရမလာချေ။

မမမေ ညီမလေးမှာကော မျက်နှာမှာ အမာရွတ် ရှိသည်တဲ့။

သူ့ စိတ်ဝင်စားမှုက မမမေ ညီမလေးထံ ရောက်သွားသည်။

သူနှင့် သက်တူရွယ်တူတဲ့။


www.burmeseclassic.com

www.burmeseclassic.com



ဒီအချက်ကလည်း တူနေသည်။

ပိုးလေးနှင့်သူလည်း သက်တူရွယ်တူ အတန်းတူ ဖြစ်ခဲ့သည်ပဲ။

"မမမေညီမက မန္တလေးမှာလား"

"မဟုတ်ဘူး. . . ပြင်ဦးလွင်မှာပဲ နေတယ်"

"သြော်. . . ဒါနဲ့ ကျွန်တော်သွားတုန်းက မတွေ့ပါလား"

"ညလေးက ဒီအတိုင်းပဲ၊ လူစိမ်းတွေဆို အတွေ့မခံဘဲ ပုန်းနေတတ်လို့ မမမေ မိတ်မဆက်ပေးရဲတာ"

"သြော်"

ထိုအခါမှ ပြင်ဦးလွင်ရှိ မမမေတို့ "မေဂေဟာ" ရောက်ရှိစဉ်က သူ့အား မျက်လုံးတစ်စုံ ချောင်းမြောင်းကြည့်သလို ခံစားနေရခြင်းကို လူလူ သဘောပေါက်လိုက်လေသည်။

မမမေ၏ညီမလေးပဲ ဖြစ်ရမည်။

နာမည်ဘယ်လိုခေါ်သလဲဟု မေးလိုက်ချင်သည်။ သို့သော် မမမေ အထင်လွဲသွားမှာစိုးသဖြင့် သူမျိုသိပ်နေရသည်။

"အင်း. . . ဒါဆို ဘယ်တော့လောက် ခွဲဖြစ်မှာလဲ"

"သဘက်ခါပါ. . . မနက်ဖြန် ဖေဖေတို့ ဆင်းလာကြမယ်"

"ဘွားဘွားတို့ လာတွေ့ပါမယ်၊ ခွဲစိတ်ပြီးလောက်တဲ့အချိန်မှ လူနာသတင်းမေးရင်းပေါ့"

အဘွားဒေါ်ခင်ခင်ကျော်ကို တားဆီး၍ရမည်မဟုတ်မှန်း မေဘရဏီ သဘောပေါက်သည်မို့. . .

"ဟုတ်ကဲ့. . . ဘွားဘွားသဘောပါပဲ" ဟု အလျှော့ပေးလိုက်ရလေသည်။ တစ်ဆက်တည်း ဒီတစ်ခါ ထမင်းဝိုင်းဝယ် ငြိမ်သက်နေသော လူလူကိုလည်း သတိထားမိလိုက်သည်။





စေ့စပ်ဖို့ ရက်တွေ နောက်ဆုတ်သွားသည့်အတွက် မကျေမချမ်း ဖြစ်နေတာလား။

တစ်ခုတော့ တစ်ခုခုပါပဲ။

ဒါပေမယ့် ဒီအကြောင်း အစဖော်ပြီး မေးခွန်းထုတ်မနေတော့ဘူးဟု မေဘရဏီ ဆုံးဖြတ်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၂၂)

ဖုန်းစကင်န်မှာ ပေါ်လာသော ဖုန်းနံပါတ်စိမ်းကြောင့် လူလူ အံ့အားသင့်သွားပြီး ချက်ချင်းပင် ဖုန်းလက်ခံလိုက်သည်။

"ဟယ်လို"

"အခု စကားပြောနေတာ လူလူလား ဝေဠုပါလားရှင်"

"ကျွန်တော် လူလူပါ"

"အင်တာနက်မှာ တွေ့လိုက်လို့ပါ"

"ဟင်. . . ဒါဖြင့် ပိုးလေး. . . ပိုးလေးလား"





"မဟုတ်ပါဘူး"

"ဒါဖြင့် ဘာလို့ ဆက်တာပါလဲ"

"ပိုးလေးကို ဘာဖြစ်လို့ တွေ့ချင်တာလဲဆိုတာ ကျွန်မ သိချင်လို့ပါ"

လူလူ စိတ်ပျက်သွားသည်။ အားလည်း လျှော့သွားသည်။

"ကိုယ်ရေးကိုယ်တာကိစ္စကြောင့်ပါ. . . ခင်ဗျားက ဘာအတွက် သိချင်ရတာလဲ၊ ပိုးလေးနဲ့ ဘယ်လိုပတ်သက်နေလို့လဲ"

တစ်ဖက်မှ မိန်းမသံက အတန်ငယ် တိတ်ဆိတ်နေပြီးမှ. .

"ပိုးလေးဆိုတဲ့ငယ်နာမည် ရှိခဲ့ဖူးတဲ့ ကျွန်မသူငယ်ချင်း တစ်ယောက် ရှိနေလို့ပါပဲ"

"ဗျာ. . . ဘယ်မှာလဲ. . . သူဘယ်မှာလဲ၊ ကျွန်တော့်ကို ဆက်သွယ်လို့ရမယ့်လိပ်စာ ပေးပါလား"

"ရှင်က ဖွတ်ကြီးပဲကို၊ ရှင့်ကို ဘယ်သူမှန်း မသိဘဲ ကျွန်မက လိပ်စာပေးလို့ ဖြစ်မှာလား၊ လူကောင်းမှန်းမသိ လူဆိုးမှန်းမသိ ဘာကြောင့် တွေ့ချင်မှန်းမသိ"

လူလူ အလောသုံးဆယ်နိုင်သွားခဲ့သည်ကို. . .

"ဆောရီးဗျာ. . . ခင်ဗျားက ပိုးလေးနဲ့ ဘယ်တုန်းက သူငယ်ချင်းဖြစ်တာလဲ"

"မန္တလေးမှာ အဝေးသင် ပထမနှစ် တက်ကတည်းကနေ အခုထိပဲ"

လူလူ ဦးနှောက်ပေါက်ထွက်မတတ် စဉ်းစားလိုက်သည်။ ပိုးလေး၏အမာရွတ်ကိစ္စ မေးသင့်သလား။ သို့သော်. . .

"သူ့အသက် အစိတ်ရှိပြီလား"

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



"အသားဖြူဖြူ မျက်လုံးဝိုင်းဝိုင်းလေးလား၊ မျက်လုံးသိပ်လှတယ်"

"အင်း . . ရှင်က အင်တာနက်သရဲတော့ မဟုတ်ပါဘူးနော်"

"မဟုတ်ရပါဘူးဗျာ . . ပိုးလေးကို ကျွန်တော် အကြွေးဆပ်စရာကိစ္စ ရှိနေလို့ပါ"

"အင်း . . . စိတ်ဝင်စားစရာပဲ၊ ဘယ်လောက်တောင်လဲ၊ ဘယ်တုန်းက ချေးထားတာလဲ . . . ဟင်း . . . ဟင်း"

"ခင်ဗျားနဲ့ ကျွန်တော်တွေ့ချင်ပါတယ်၊ တွေ့ပြီး ရှင်းပြသင့်တယ် ထင်ရင် ရှင်းပြပါ့မယ်၊ ခင်ဗျားကကော အင်တာနက်သရဲ ဟုတ်မဟုတ် ကျွန်တော်ဘယ်လိုယုံကြည်ရမှာလဲ၊ ကျွန်တော်က ပိုးလေးရဲ့ကောင်းကျိုးကို လိုလားတဲ့လူ၊ ခင်ဗျားက အင်တာနက်မှာ တွေ့ပြီး သက်သက်ဗရုတ်ကျတာလားဆိုတာ ကျွန်တော်လည်း မသိနိုင်ဘူးလေ"

"ကောင်းပြီ . . . ရှင် တကယ် ပိုးလေး ကောင်းကျိုးကို လိုလားတဲ့သူဆိုရင် ကျွန်မ ချိန်းဆိုတဲ့ဆီ ရှင်လာတွေ့နိုင်မလား၊ နည်းနည်းတော့ ဝေးမယ် ထင်တယ်"

"ဘယ်လောက်ဝေးဝေး ကမ္ဘာရဲ့အခြားအဆုံးတစ်ဖက်အထိလည်း လာတွေ့နိုင်ပါတယ်၊ နေရာနဲ့အချိန်သာ ပြောပါ"

"ဟင်း . . . ဟင်း . . . အပြောလေးကတော့ ကျလောက်ပါတယ်၊ ကောင်းပြီလေ . . . ရှင် သေသေချာချာ မှတ်ထားနော်၊ မြင်ဦးလွင်မြို့ လားရှိုးလမ်းမပေါ်က (xxx)ဆိုင်မှာ ကျွန်မ စောင့်နေမယ်၊ ကျွန်မဖုန်းက ဒီနံပါတ်ပဲ"

"နာမည်ကကောဗျာ"





"ပိုးလေးသူငယ်ချင်းလို့သာ မှတ်ထားလိုက်ပါ"

"ကောင်းပါပြီ . . . ကျေးဇူးအများကြီးတင်ပါတယ်ဗျာ၊ ကျွန်တော် မနက်ဖြန်မနက် ဘယ်အချိန်လာရင်ရမလဲ"

"ဩော် . . . ရှင်က ဘယ်မြို့မှာမို့လို့လဲ"

"မန္တလေးမှာ"

"ဒါဖြင့် မနက်ဖြန်မနက် ကိုးနာရီလောက်မှာ တွေ့ကြမယ်"

"ကောင်းပါပြီ . . . တယ်လီဖုန်းနဲ့ပဲ အဆက်အသွယ် လုပ်ကြမယ်နော်"

"ဖြစ်ပါတယ် . . . ဒါဖြင့် ဒါပဲနော်"

"ဟုတ်ကဲ့"

ဖုန်းအဆက်အသွယ် ပြတ်တောက်သွားသည်နှင့် လူလူ သက်ပြင်းရှည်ကြီး မှုတ်ထုတ်လိုက်သည်။

"မြင်ဦးလွင်" တဲ့လား။

ရွှေစင် ပြောတဲ့အတိုင်း ဝေဠုလည်း ပိုးလေးကို မြင်ဦးလွင်က ပြည်တော်ချစ်ဘုရားမှာ တွေ့ခဲ့တယ်ဆိုတာ လုံးဝဥဿုံ မှန်နေပြီပဲ။

"ပိုးလေးဆိုတဲ့ငယ်နာမည် ရှိခဲ့ဖူးတဲ့ ကျွန်မသူငယ်ချင်း တစ်ယောက် ရှိနေလို့" ဟူသော ပိုးလေးသူငယ်ချင်းစကားကြောင့် သူ ဆက်စပ်စဉ်းစားကြည့်မိသည်။

ပိုးလေးဆိုတာ ငယ်နာမည်လား။

ဝိုင်းကျူ့ရှင်မှာလည်း ပိုးလေးဟူသောနာမည်အပြင် အခြားနာမည် ရှိသည်ဟု သူ မကြားခဲ့ဖူးပါချေ။

လူလူ ဂဏှာမငြိမ် ဖြစ်နေသည်။

ရွှေစင်ထံသို့ ဖုန်းခေါ် လိုက်မိပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို"

"ရွှေစင်. . . ငါ လူလူပါ"

"အေး. . . လူလူ ပြော၊ ပိုးလေးကို တွေ့ပြီလား"

"မတွေ့သေးဘူးဟ. . . ဒါပေမယ့် အခုပဲ ဖုန်းလာသွားတယ် xxxxxxxx"

လူလူ အကျိုးအကြောင်း ရှင်းပြလိုက်သည်။

"ဟုတ်လား"

"ဒါပေမယ့် ပိုးလေးဆိုတာ ငယ်နာမည်ဖြစ်နေတယ်၊ သူ့ကျောင်းနာမည်ရင်း နင်သိသလားလို့"

"ဟင့်အင်း. . . ငါတို့ဆီ လာတော့ ပိုးလေးနဲ့ပဲ လာတာလေ၊ သိတဲ့အတိုင်း ကျောင်းချင်းကလည်း မတူတော့ ငါလည်း မသိဘူး၊ နာမည်တစ်ခု ရှိနေတော့ အခြားနာမည်ကိုလည်း စပ်စုဖို့ မေ့သွားတယ်ထင်တယ်"

ရွှေစင် စကားဆုံးတော့ မျှော်လင့်ချက် မဲ့သွားလေသည်။

"အေးလေ. . . မနက်ဖြန်တော့ သဲလွန်စတစ်ခုခု ဆုပ်ကိုင်မိမှာပါ၊ ငါ့ကိုလည်း အကျိုးအကြောင်း ဖုန်းပြန်ဆက်ဦးနော်"

"အေးပါ. . . ဒါဖြင့် ဒါပဲလေ၊ ဂွတ်နိုက် ရွှေစင်"

"ဂွတ်နိုက် လူလူ"

ရွှေစင်နှင့် ဖုန်းဆက်ပြီးသည့်တိုင်အောင် သူ ဂဏှာမငြိမ်သေး။

မနက်ဖြန် သူ ပြင်ဦးလွင်သို့ တက်ရဦးမည်။ ဘွားဘွားထံ ခွင့်မတောင်းတော့ပါဘူး။ ချက်ချင်းသွားပြီး ချက်ချင်းပြန်လာရုံဆိုတော့။

မမမေကိုလည်း ပြောမနေတော့ဘူး။ သူ့ညီမမျက်နှာ





ခွဲစိပ်ဖို့အတွက် အလုပ်များနေမှာပါ။

အခြားလူနာတွေ၏အလုအပကို နိစ္စဓူဝ ခွဲစိတ်နေပေမယ့် ညီမဆိုတော့ လူနာနှင့်တော့ တူပုံမရ။ မမမေညီမကို ခွဲစိပ်ဖို့အရေး လက်တွန့်နေသဖြင့် နိုင်ငံခြားမှ သူ့စီနီယာကိုတောင် အကူအညီ တောင်းထားရသည့်အဖြစ်မျိုး ရှိနေသည်။

လူလူ ဓါတ်ပုံအယ်လ်ဘမ်အဟောင်းများကို မွှေနှောက်လိုက်သည်။

ကိုးတန်းဝိုင်းကျူရှင် ဆရာကန်တော့ပွဲမှလည်းကောင်း၊ ရွှေစင်နှင့် ဝေဠုမောင်နှမ မွေးနေ့ပွဲ၌လည်းကောင်း ရိုက်ထားသော အုပ်စုလိုက် ဓါတ်ပုံ(၃-၄)ပုံမျှ ရွေးထုတ်လိုက်သည်။

မနက်ဖြန် ပိုးလေးသူငယ်ချင်းနှင့် တွေ့လျှင် အထောက်အကူ ရရန်ဖြစ်သည်။

ထိုအချိန် အဘွားက သူ့တံခါးကိုခေါက် အသံပေးရင်း တစ်ခါတည်း ဝင်ချလာသည်။

"ဒေါက်. . . ဒေါက်. . . ဒေါက်"

"မြေးလေး မအိပ်သေးဘူးလား. . . ညဉ့်နက်နေပြီလေ"

သူထုတ်ထားသောဓါတ်ပုံကို ကမန်းကတန်း ဝှက်လိုက်ပြီး အယ်လ်ဘမ်များကိုသာ ဟိုလှန်ဒီလှန် လုပ်ရင်း ဘွားအေကို လှမ်းကြည့်လိုက်သည်။

"ဘာလုပ်နေတာလဲ. . . ဓါတ်ပုံတွေ ပြန်ကြည့်နေတာလား၊ ဘယ်သူ့ကို အောင်းမေ့နေလို့လဲ"

"ငယ်သူငယ်ချင်းတစ်ယောက်နဲ့ ပြန်တွေ့လို့ပါ၊ ငယ်ရုပ်ကို မနည်းပြန်ဖမ်းရလို့ ခုရုပ်နဲ့ နှိုင်းယှဉ်ကြည့်နေတာပါ"

"သြော်. . . အေးအေး. . . ညဉ့်နက်ပြီ၊ အဘွားက ဖုံရေး



www.burmeseclassic.com

www.burmeseclassic.com



နိုးလာတာ မြေးအခန်း မီးရောင်တွေ့တာနဲ့ လာကြည့်တာ"

"ဟုတ်ကဲ့ အဘွား၊ အခုပဲ အိပ်တော့မှာပါ"

လူလူက ပြောပြောဆိုဆို အယ်လ်ဘမ်များကို ပိတ်လိုက်သည်။ နောက် နေရာတကျ ပြန်ထည့်စဉ် အဘွားဒေါ်ခင်ခင်ကျော် သူ့အခန်းထဲမှ ထွက်ခွာသွားလေသည်။

ထိုအခါမှ လူလူ သက်ပြင်းချလိုက်ပြီး စာအုပ်အောက် ထိုးထားသော ဓါတ်ပုံလေးပုံကို ပြန်ထုတ်ယူလိုက်သည်။

ပိုးလေးပုံ ရှင်းကနဲ ထင်းကနဲ ပေါ်လွင်နေသောပုံများဖြစ်သည်။

တော်တော်လှသည့် မိန်းမချောလေးပါ။ သူ့အလှတရားကို ဖျက်ဆီးခဲ့သည့် မိမိသည် ဝဋ်ကြွေးမကင်းသလို ခံစားနေရသည်။

တာဝန်တစ်ရပ် ရှိသလိုလည်း ခံစားနေရသည်။

ပိုးလေးမျက်နှာမှာ ရှိသည်ဆိုသော အမာရွတ်ကို သူ တာဝန်ယူ ဖျောက်ဖျက်ပေးလိုက်ရမှ သူ လိပ်ပြာလုံမည်။ ဝဋ်ကြွေးအတင်မခံရတော့ သူ ပျော်ရွှင်သွားနိုင်လိမ့်မည် ထင်ပါသည်။

"ဘုရားသိကြား မ,လို့ ပိုးလေးအစစ်အမှန်သာ ဖြစ်ပါစေ"

လူလူ ဆုတောင်းမိလိုက်လေတော့သည်။







## အခန်း(၂၃)

"ဟယ်လို. . . ကျွန်တော် လူလူပါ။ ဆိုင်ရှေ့ ကျွန်တော် ကားထိုးရပ်လိုက်ပါပြီ၊ ပိုးလေးသူငယ်ချင်း ရောက်နေပြီလား"

"ရောက်နေပြီ. . . ရှင်ဆင်းလာခဲ့၊ ဖုန်းကိုင်ထားဦး"

သူ ကားပေါ်က ဆင်းလိုက်ပြီး ကားတံခါးကို လော့ခ်ချလိုက်သည်။

"ဟယ်လို"

"ရှင် ဆိုင်ထဲ တန်းဝင်ခဲ့၊ မိန်းကလေးနှစ်ယောက် ထိုင်နေ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ တစ်ယောက်က အပြာဝတ်ထားတယ်၊ ကျွန်မက အဝါဝတ်ထားတယ်၊ ရှင်နဲ့ ဖုန်းပြောနေတယ်"

သူ ဆိုင်ဝမှ မျက်စိလှမ်းကစားလိုက်သည်။ ထောင့်ကျကျ စားပွဲတစ်လုံးတွင် သူနှင့် သက်တူရွယ်တူ ဖြစ်ဟန်တူသော ပြောသော အရောင်အတိုင်းလည်း ဝတ်ထားသော မိန်းမလေးနှစ်ဦးကို လှမ်းတွေ့လိုက်ရသည်။

ဖုန်းကိုင်ထားသောမိန်းကလေးက လက်လှမ်းမြှောက်ပြလိုက်သည်။

သူလည်း တွေ့ကြောင်း လက်ပြပြီး. . .

"ကျွန်တော် ဖုန်းပိတ်လိုက်ပြီနော်"

ဒီလောက်တော့ လူလူတို့က မမူပြီ။ အင်တာနက်ထဲမှာ ချိတ်မိပြီး သွားတွေ့ခဲ့သောချစ်သူတွေက နည်းမှ မနည်းတာ။ သူ စိတ်ဝင်စားမှု လျော့နည်းသွားသည်နှင့် ဖြတ်တောက်ပစ်ခဲ့သည်။

သို့သော် ယခုအကြိမ်နှင့်တော့ လုံးဝမတူပါချေ။

စားပွဲနား ရောက်သွားတော့. . .

"ကျွန်တော် လူလူပါ"

"ဟုတ်ကဲ့. . . ကျွန်မတို့က ပိုးလေးသူငယ်ချင်းတွေပါ။ ထိုင်ပါ ကိုလူလူ"

"ရှင် ပိုးလေးကို ဘာဖြစ်လို့ ရှာနေတာလဲဆိုတာကို ကျွန်မတို့ အရင်သိခွင့်ရှိမှ ကျွန်မတို့ သိတဲ့ ပိုးလေးအကြောင်း ပြောပြနိုင်မယ်"

လူလူ ရုတ်တရက် ဇဝေဇဝါ ဖြစ်သွားသည်။

ဒီမိန်းမတွေ သက်သက်မဲ့ ကလိနေတာလား ချောက်ချနေတာလားကို အရင်သိဖို့ လိုသည်။





"ခင်ဗျားတို့ သိတဲ့ပိုးလေးကို ဘယ်အချိန်က စသိတာလဲ"

"လွန်ခဲ့သော ရှစ်နှစ် ခုနစ်နှစ်လောက်က ပထမနှစ်ကပါလို့ ပြောပြီးပြီ"

"ဒါဆို ဒီပုံတွေထဲမှာ ပိုးလေးပုံ ပါမပါ ကြည့်ပေးပါ"

လူလူ ဓါတ်ပုံတွေ ထုတ်ပြပေးလိုက်သည်။

"ဟင်"

"ဟုတ်တယ်. . . ဒီမှာ သူပဲ၊ ဒါပေမယ့်. . ."

နှစ်ယောက်စလုံး ခေါင်းချင်းဆိုင် ကြည့်ရာမှ မျက်လုံးလေးတွေ ဝိုင်းကာ အံ့ဩသောအရိပ်အယောင်တွေ ယှက်သန်းကုန်ပြီး သူ့အား ပြန်စူးစမ်းသောအကြည့် ကြည့်လာသည်။

လူလူ ရင်ခုန်သံတွေ မြင့်တက်လာသည်။

သူ့ရင်ထဲမှာ ပိုးလေးနှင့် ပတ်သက်လာလျှင် ရင်ခုန်တတ်နေဆဲပါလား။

"ဒါပေမယ့်ဆိုတာ အမာရွတ် မပါလို့မှတ်လား"

"ဟုတ်တယ်. . . ဟုတ်တယ်၊ ကျွန်မတို့ သိတာက ပိုးလေး မဟုတ်ဘူး. . . "မယ်" တဲ့၊ သူ့ဘယ်ဘက်ပါးမှာ အမာရွတ်တစ်ခု ဖောင်းကြွပြီး အကျည်းတန်စွာ ရှိနေတယ်"

"မယ်တဲ့လား. . . ခင်ဗျားတို့နဲ့ ဘယ်တုန်းက သိတာလဲ၊ အရမ်းရင်းနှီးသလား၊ အခု သူ ဘယ်မှာ နေသလဲ ကျွန်တော်သိချင်တယ်၊ ကျွန်တော် မညာပါဘူး၊ ဒီဒဏ်ရာဟာ ကျွန်တော့်ကြောင့် ရသွားတာလို့ သူပျောက်သွားမှ ကျွန်တော်သိခွင့်ရတာ၊ ကျွန်တော် ပြန်ကုပေးချင်လို့ လိုက်ရှာနေတာ"

"ရှင်က ဆရာဝန်လား"

"မဟုတ်ပါဘူး. . . ဒါပေမယ့် ကုပေးနိုင်တဲ့ငွေအင်အား



www.burmeseclassic.com

www.burmeseclassic.com



ရှိပါတယ်၊ ခင်ဗျားတို့သူငယ်ချင်းအကြောင်း ကျွန်တော့်ကို ပြောပြပါ"

"ကျွန်မက ချယ်ရီ၊ သူက ဝတ်မှုန်၊ မယ်နဲ့က အဝေးသင် ပထမနှစ်မှာ စသိပြီး အားလုံး မေဂျာတူ မြို့နယ်တူဖြစ်ပြီး နောက်ဆုံး ဘွဲ့ရပြီးတဲ့အထိ လက်တွဲမဖြုတ်ကြဘူး၊ ခုထိပဲ ဆိုပါတော့"

"မယ်က ပိုးလေးရဲ့ နောက် ပြောင်းလိုက်တဲ့နာမည်လား"

လူလူမှာ ပိုးလေးနှင့် ပတ်သက်ပြီး သိစရာတွေ အများကြီး ဖြစ်နေသည်။

"မဟုတ်ဘူး. . . ကျောင်းသားကဒ်မှာလည်း နတ်မိမယ်ပဲ"

"ဗျာ. . . ဘာ"

"နတ်မိမယ်တဲ့. . . ဒါပေမယ့် မယ်လို့ပဲ အားလုံးက ခေါ်ကြတယ်"

သူ့မှာ အံ့အားသင့်စရာတွေ အများကြီးပါလား။ ထိုအချိန် စားပွဲထိုးက "အစ်ကို ဘာသုံးဆောင်မှာလဲခင်ဗျာ" ဟု မေးလာသဖြင့်. . .

"ကော်ဖီ" ဟု ဖြေလိုက်ပြီး ဇဝေဇဝါဖြစ်နေသော သူ့စိတ်ကို ရှင်းလင်းသွားစေရန်. . .

"ပိုးလေးဆိုတာ"

"မယ်က လျှို့ဝှက်ချက်တော့ နိုင်တယ်၊ ပိုးလေးဆိုတာ သူ့အဒေါ်က အမှတ်တမဲ့ ခေါ်လိုက်တာ ကြားလို့ မေးကြည့်တော့ ငယ်နာမည်ပါတဲ့၊ ဒါပေမယ့် ခုတော့ မယ်ပဲ ခေါ်ကြတယ်လို့ သိလိုက်ရတယ်"

"ဩော်. . . သူ အခု ဘယ်မှာနေသလဲ သိပါသလား"

"ပြင်ဦးလွင်မှာပဲ"





"ရှင့်ကို မသိစေချင်လို့ လျှို့ဝှက်ထားတာဆိုရင် မယ် ကျွန်မတို့ကို စိတ်ဆိုးသွားမလားပဲ"

သူငယ်ချင်းနှစ်ယောက်က တစ်ယောက်ကိုတစ်ယောက် ကြည့်ကာ ပြောသင့်မပြောသင့် စဉ်းစားနေကြပုံ ရလေသည်။

"ရှင် နောက်ကျသွားပြီ"

"ဗျာ"

"မယ်က ဒီနေ့ပဲ မန္တလေး ဆင်းသွားပြီ"

"ဗျာ"

"နောက် မယ်က သူ့ဒဏ်ရာဟာ ချော်လဲပြီး ရခဲ့တာလို့ပဲ ပြောတယ်"

ထိုစကားကြားလေလေ လူလူနှလုံးသားတွေ နာကျင်ရလေလေ ဖြစ်နေသည်။ နှလုံးသား လှသည့် မိန်းကလေးအပေါ် သူ ဒဏ်ရာဒဏ်ချက်တွေ ပေးမိခဲ့လေသည်။ ဘယ်လိုမှ ယူကျုံးမရနိုင်။

"မန္တလေးလိပ်စာကော သိသလား၊ ကျွန်တော် သူ့ကို တောင်းပန်စရာတွေ ရှိနေပါတယ်၊ ပြီးတော့ သူ့အမာရွတ်ကို ပျောက်သွားအောင် ကုပေးချင်လို့ပါ။ ကျွန်တော့်ကို ကူညီပါခင်ဗျာ"

လူလူ ခခယယ တောင်းပန်လိုက်သည်။

"ရှင် ကုပေးစရာ မလိုတော့ဘူး၊ ဒါကြောင့် နောက်ကျသွားပြီလို့ ပြောတာ"

"ဗျာ. . . ရှင်းရှင်းလေး ပြောပါဗျာ"

"မယ့်မျက်နှာကို သူ့အစ်မကိုယ်တိုင် ခွဲစိပ်ကုသပေးဖို့ ဒီနေ့ပဲ မန္တလေး ဆင်းသွားတယ်"

"ဟင်"

ဒီတစ်ခါ လူလူ၏အံ့ဩမှုက အထွဋ်အထိပ်သို့ ရောက်



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ ရုတ်တရက် မှင်သက်သွားမိသည်။

တိုက်ဆိုင်လှချည်လား။ မမမေညီမကလည်း မနက်ဖြန် ခွဲမည်တဲ့။ ဒါဆို. . .

"သူ့အစ်မက ခွဲမယ်ဟုတ်လား"

"သူ့အစ်မက အရေပြားအထူးကုပါရဂူလေ၊ မေ့ဆေးခန်း မန္တလေးမှာ နာမည်ကြီးနေတာ ရှင်မကြားဖူးဘူးလား"

လူလူ အတွေးအာရုံ လွင့်မျောသွားလေသည်။

လောကကြီးရယ်. . . အံ့သြဆန်းကြယ်စွာ တိုက်ဆိုင်လွန်းလှပါတကား။

"ကိုလူလူ"

"ဒီမှာ"

"ဟင်"

"ငုတ်တုတ်မေ့သွားပြီလားလို့"

"ဒေါက်တာမေဘာရဏီရဲ့ညီမပေါ့"

"ဟုတ်ပါတယ်. . . ရှင် မမမေကို သိသလား"

သူ ခေါင်းသာ ညိတ်လိုက်မိလေတော့သည်။ လျှို့ဝှက်ချက်ဆိုတာ ဖုံးကွယ်ထား၍မရနိုင်တာ။

လူလူ ခေါင်းစားသွားသည်။

"မေဆိုတာကော"

"ဟင်. . . ရှင်က မယ်ရဲ့အင်တာနက်နာမည်ကိုလည်း သိတယ်"

ဘုရားရေ. . . သွားပါပြီ။ မေနဲ့ပိုးလေးဟာ တကယ်ပဲ တစ်ယောက်တည်းပါလား။

"မေလမှာ မွေးလို့ "မေ" ဆိုတဲ့နာမည်ကို မယ်က ယူတာ၊





ပြင်ဦးလွင် "မေဂေဟာ" ကလည်း မေ့အတွက် သူ့မိဘတွေက ဝယ်ထားပေးတာတဲ့"

သူ့ ဦးနှောက်ထဲ အရာအားလုံးဟာ ရှင်းလင်းစွာဖြင့် ဘူးပေါ်သလို ပေါ်သွားရသော်လည်း လူလူ့နှလုံးသား၌ သပွတ်အူလို ရှုပ်ထွေးသွားရလေပြီ။ နာကျင်ခံစားရမှု ဝေဒနာအစုစုတို့က ရင်မှာ ဖြစ်တည်သွားရလေသည်။

"ဒါထက် ရှင့်ကြောင့် မယ် ဘယ်လိုဒဏ်ရာရသွားတာလဲ ပြောပြပါဦး"

သူ ယောက်ျားပီပီ ဝန်ခံလိုက်သည်။

ကိုးတန်းနှစ်ဝိုင်း ဝေဠုတို့မောင်နှမအိမ်က အကြောင်း၊ သူ အကျီစားသန်မှုကြောင့် ပိုးလေး(ခေါ်) ဝလုံးလေး ဒဏ်ရာရသွားပုံ၊ သူတို့က ဒီလောက်ဖြစ်မှန်း မသိခဲ့။ သူ မန္တလေးမှာ ပြန်ပြောင်းနေပုံနှင့် တလောကမှ ရန်ကုန်ဆင်းပြီး ရွှေစင်ဆီကတဆင့် ပိုးလေး အကြောင်း သိလိုက်ရ၍ အင်တာနက် တင်ကာ လိုက်ရှာနေကြောင်း အသေးစိတ်ပင် ရှင်းပြလိုက်သည်။

"ဖြစ်ရလေ. . . မယ်ဟာ သိပ်စိတ်ကောင်းရှိတာပဲနော်"

"ရှင့်ကို သူ့မိဘတွေ တရားစွဲမှာစိုးလို့ ဖုံးကွယ်ထားခဲ့တာကို"

"ဒါပေါ့ဗျာ. . . လောကကြီးမှာ လျှို့ဝှက်ချက်ဆိုတာ မရှိပါဘူး၊ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ပေါ်လာမှာပဲ"

ချယ်ရီက လူလူ၏မျက်နှာပျက်နေမှုကို ကြည့်ပြီး. . .

"မဟုတ်မှလွဲရော. . . ရှင် မယ့်ရဲ့အင်တာနက်က ချစ်သူများလား"

လူလူ မျက်နှာရဲတွတ်သွားသည်၊ သူသည် ပိုးလေး၏



www.burmeseclassic.com

www.burmeseclassic.com



ရှေ့နေမလေးနှစ်ယောက်ရှေ့ ရောက်နေသော တရားခံဖြစ်မှန်းမသိ ဖြစ်သွားလေသည်။

“ဟင်. . . ဟုတ်တယ်မှတ်လား၊ ရှင် တော်တော်ရက်စက်တာပဲ၊ မယ့်ကို ရှင် အဆက်ဖြတ်ထားတာလား၊ မယ် တော်တော်ခံစားနေရတယ်”

“ကျွန်တော် အဆက်မဖြတ်သေးပါဘူး. . . မအားလို့ပါ၊ ကိုင်း. . . ခွင့်ပြုပါဦး၊ မယ့်ကို ကျွန်တော် သွားတွေ့လိုက်ဦးမယ်”

“မယ့်အကျိုး လိုလားလို့ ရှင့်ကို ကျွန်မတို့ ဖွင့်ပြောတာနော်၊ မယ် ထိခိုက်ရမယ်ဆိုရင် ရှင့်ကို ကျွန်မတို့ ခွင့်မလွှတ်ဘူး၊ ဒီဓါတ်ပုံတွေ ကျွန်မတို့ သက်သေအဖြစ် ယူထားမယ်”

“ဒီဓါတ်ပုံတွေတော့ မယူပါနဲ့ဗျာ၊ ဒီမှာ ကျွန်တော့် Visiting Card ပါ”

အဘွားဒေါ်ခင်ခင်ကျော်လို မြို့မျက်နှာဖုံး၏မြေးပဲ။ သူ လိမ်လို့ရမှာမဟုတ်။


ထိုအခါမှ ဓါတ်ပုံတွေ ပြန်ပေးသည်။ နောက် သူ့အားလုံးစာ Bill ရှင်းခဲ့ပြီး ပြင်ဦးလွင်မှ မန္တလေးသို့ ပြန်လည်ထွက်ခွာလာခဲ့လေသည်။

သူ့ရင်ထဲမှာ ဗလောင်ဆူနေလေပြီ။

ပိုးလေးအပေါ် ကရုဏာအိုင် ဖြစ်ထွန်းပြီး သူ့ကိုယ်သူ ခွင့်မလွှတ်နိုင်အောင်လည်း ဖြစ်မိလေသည်။







## အခန်း(၂၄)

ခွဲစိပ်ခါနီး မမမေကော ပိုးလေးကိုပါ စိတ်အနှောင့်အယှက် မဖြစ်စေဖို့ လူလူ အဆက်အသွယ် မလုပ်ဘဲ နေလိုက်သည်။ မယ့်သူငယ်ချင်း ချယ်ရီကိုလည်း မယ့်ကို သူနှင့် တွေ့ဆုံကြောင်း မပြောပြပါနဲ့ဦး၊ မယ်ခွဲစိပ်ပြီး အခြေအနေကောင်းပြီဆိုမှ ဖွင့်ပြောမည်ဟု ဖုန်းဆက်ပြီး သတိပေးထားလိုက်သည်။

သူလည်း ကားဂိတ်ဖွင့်ရန် စည်ပင်ရုံး အမြတ်ခွန်ရုံးများနှင့် အလုပ်များနေလေသည်။ ညနေ. . မမမေထံမှ ဖုန်းခေါ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com


"ဟယ်လို"

"ငြိမ်ချက်သားကောင်းလှချည်လား မောင်"

"မမညီမကို ခွဲစိပ်နေတယ်ဆို"

"ခွဲစိပ်တာ ခဏပါပဲ၊ အားလုံးဟာ ပုံမှန်လည်ပတ်နေတာပဲဟာ၊ မောင်သာ ထူးထူးခြားခြား တိတ်ဆိတ်နေတာ"

"မောင် ရုံးကိစ္စတွေ များနေလို့ပါ၊ မမမေညီမ အခြေအနေကော အိုကေရဲ့လား"

"အိုကေပါတယ်. . . ပတ်တီးတော့ စည်းထားသေးတယ်၊ အိမ်မှာ နားနေခိုင်းထားတယ်"

"မမမေမိဘတွေကော"

"မန္တလေးအိမ်မှာပဲလေ. . . သူတို့ သမီးငယ်ကို စောင့်ရှောက်နေကြတယ်"

အဘွားက သွားတွေ့ချင်နေသည့်အကြောင်း သူ မပြောတော့။ မယ့်ကို သူတွေ့တာ နောက်ကျသွားပြီ။

မယ်နှင့် မမမေ ညီအစ်မ ဖြစ်နေခြင်းကလည်း သူ့အတွက် ကံဆိုးမိုးမှောင်ကျစေသည်။

ရှေ့ဆက်ပြီး သူ ဘာဆက်လုပ်ရမည်မှန်း မသိတော့။

"မောင်. . . ဟယ်လို"

"အင်း. . . ပြောလေ မမမေ၊ မောင်နားထောင်နေပါတယ်"

"မောင်ဘာဖြစ်နေတာလဲ၊ တစ်ခုခုဖြစ်နေတာလား၊ ဘာအဆင်မပြေစရာ ရှိလို့လဲ"

"မရှိပါဘူး"

"ဒါဖြင့် ညနေဆေးခန်းပိတ်ချိန် မောင်လာကြို၊ ကားကို





ဧည့်သည်အတွက် ပေးသုံးထားတယ်၊ ဖေဖေကလည်း သူ့သမီးငယ်အတွက်ဆိုပြီး ကားကို စတင်းဘိုင် ထားထားလို့ မမမေ ကားလက်မဲ့ ဖြစ်နေတယ်၊ မောင်လာကြိုပေး"

သူ့ရင်ထဲ ထိတ်ကနဲ ဖြစ်သွားသည်။

ယောက္ခမလောင်းတွေနှင့် တွေ့ရတော့မည်။

သူ့အရှုပ်တော်ပုံကိစ္စအတွက် သူ မျက်နှာအပူသားပင်။

"ခါတိုင်းအချိန်ပဲမှတ်လား"

"အင်း"

"လာခဲ့မယ်"

"မမမေတို့အိမ်မှာ ထမင်းစား၊ ဖေဖေ မေမေနဲ့ မိတ်ဆက်ပေးမယ်"

"ထမင်းတော့ မစားသေးပါဘူး၊ စေ့စပ်ပြီးမှပဲ စားတော့မယ်. . . မျက်နှာပူတယ်"

သူ ရင်တွင်း မချိသောဝေဒနာကို ဖုံးကွယ်ထားလိုက်သည်။ ခုချိန်မှာ မမမေကို တွေ့ရမှာလည်း ကြောက်နေသလို ပိုးလေးကို တွေ့ရမှာလည်း ကြောက်နေသည်။

"အံမယ်. . . သူကများ ပြောရတယ်ရှိသေး၊ ကောက်ညှင်းက မစေး ဆန်ကြမ်းက စေးရတယ်ရယ်လို့"

"မမေတို့ အလုပ်များနေချိန် အလိုက်ကန်းဆိုး မသိရာကျမှာစိုးလို့ပါ၊ မမမေညီမလေးကို ဘွားဘွားက သတင်းလာမေးမလို့ လုပ်နေတယ်"

"နောက်နှစ်ရက်သုံးရက်လောက်မှ လာပါလား၊ စိတ်ချရတဲ့ အနေအထား ရောက်ပြီ"

"အိုကေ. . . ဘွားဘွားကို ပြောထားလိုက်ပါမယ်"


www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ဒါပဲလေ၊ ညနေလာကြိုနော်"

"စိတ်ချပါ မမမေ"

လူလူ ဖုန်းပိတ်လိုက်သည်။ သူ ရင်ထဲ လေးလံလျက် ရှိသည်။

ပိုးလေးအပေါ် သူ အပြစ်တွေအများကြီး ကျူးလွန်ထားမိပါလား။ ပိုးလေး ခွင့်လွှတ်နိုင်သည်ထားဦး။ မမမေနှင့် သူ့မိဘတွေကကော ခွင့်လွှတ်နိုင်ပါမည်လား။

ပိုးလေးနှင့် တွေ့ပြီး ပိုးလေးဆုံးဖြတ်ချက်ကို သူ နာခံရမည်။ ဒါမှ သူ တရားမည်။

လူလူ တွေးရင်း သက်ပြင်းအခါခါ ချမိလေသည်။

မမမေအပေါ်တွင်ကော သူ တရားရဲ့လား။

အင်တာနက်က "မေ" နှင့် မမမေ တစ်ယောက်တည်းဖြစ်မည်အထင်နှင့် စိတ်ဝင်စားခဲ့သည်။ နောက် မမမေအလှတွင် နစ်မျောပြီး ချစ်သူဘဝ ရောက်သွားခဲ့သည်။

သေသေချာချာ လေ့လာကြည့်တော့ မမမေသည် အင်တာနက်က မေ မဟုတ်မှန်း ရိပ်မိလာသည်။

အင်တာနက်ထဲက ချစ်သူမေကိုလည်း သူ မစွန့်လွှတ်နိုင်သေး။ မမမေအချစ်ကိုလည်း သူ တန်ဖိုးထားနေမိသည်။

သူသည် လျှော့နှစ်ဖက်နင်းသော ယောကျ်ားတစ်ယောက်ဖြစ်နေလေပြီ။

"ဟဲ့. . . အခန်းအောင်းပြီး ဘာလုပ်နေတာလဲ လူလူ"

မမသူက သူ့တံခါးကို တွန်းဖွင့်ပြီး ဝင်ရောက်လာသည်။

"လန့်လိုက်တာ မမကလည်း၊ အသံမပေး ဘာမပေးနဲ့"

"ဟဲ့. . . လန့်စရာလား၊ လန့်စရာမဟုတ် လန့်နေရင် နင်





ဘာခိုးကြောင်ခိုးဝှက် လုပ်ထားတာ ရှိလို့လဲ"

"ဟာဗျာ. . . ဘာရှိရမှာလဲ မမကလည်း၊ ဘယ်တုန်းက ရောက်နေတာလဲ၊ မမတစ်ယောက်တည်းလား"

"အင်း. . . ဒါထက် မောင်လေးနဲ့မေ စေ့စပ်ရက်က နောက် ထပ်ဆုတ်ထားတယ်ဆို၊ ဘွားဘွားက မကျေမနပ်ဖြစ်နေလို့ မမ အကျိုးအကြောင်း သိရအောင် လာခဲ့တာ"

"ဘွားဘွားနဲ့ တွေ့ပြီးပြီလား"

"အင်း. . . တွေ့ပြီးပြီ၊ မေ့ညီမလေး မျက်နှာပြုပြင်တဲ့ကိစ္စနဲ့ ပတ်သက်ပြီး နောက်ဆုတ်တာဆို"

"ဟုတ်ပါတယ်. . . အကြောင်းတိုက်ဆိုင်သွားလို့ပါ၊ လောချင်းလော မမမေတို့ဘက်ကတောင် ပိုလောရမှာလေ၊ ဘွားဘွားက မမမေကို တော်တော်မျက်စိကျနေတယ် ထင်တယ်"

"ဟုတ်လိမ့်မယ်. . . ဘွားဘွားက နင် အမြန်အိမ်ထောင်ကျပြီး ခြေငြိမ်သွားဖို့ အဓိကပဲ"

"မမ"

"ဘာလဲ"

"မမမေမှာ ညီမတစ်ယောက် ရှိတာကို သိနေသလား"

လူလူ အခုအချိန်မှာ နတ်မိမယ်(ခေါ်)ပိုးလေးနှင့် ပတ်သက်ပြီး အလုံးစုံကို သိချင်နေသည်။ ပိုးလေးကတော့ သူ့အကြောင်းတွေ အကုန်သိနေမှာ။ ပိုးလေး ဘယ်လောက်အတိုင်းအတာအထိ ခံစားနေမယ်ဆိုတာ သူ မှန်းဆ၍မရနိုင်အောင်ပင် ဖြစ်နေမိလေသည်။

"သိသားပဲ. . . သားချင်းဆိုလို့ ညီအစ်မနှစ်ယောက်တည်း ရှိတာ"



www.burmeseclassic.com

www.burmeseclassic.com

"မြင်ဖူးသလား"

"ဟင့်အင်း . . . မြင်တော့ မမြင်ဖူးဘူး၊ ဘာဖြစ်လို့လဲ"

"မျက်နှာအမာရွတ်နဲ့ဆိုတော့ တော်တော်အကျည်းတန်ရှာမှာပဲနော်၊ သူ့မျက်နှာကို ပြချင်မှန်းမသိ မပြချင်မှန်းမသိ ကျွန်တော်တို့ လူနာသတင်း သွားမေးလို့ ကောင်းပါ့မလားလို့ တွေးမိလို့ပါ။ ဘွားဘွားက ဖွတ်သွားချင်နေတယ်"

"ငါလည်း လိုက်မှာ၊ ငါတော့ မေ့ကို ဖုန်းဆက်မေးထားပြီးပြီ၊ မေကတော့ လာခဲ့ပါ ရပါတယ်တဲ့၊ သဘက်ခါလောက် ချိန်းထားတယ်၊ မေရဲ့ဟောလီးဒေးနေ့လေ"

"ဪ . . . ဟုတ်သားပဲ"

လူလူ ရင်ခုန်နှုန်း မြင့်တက်နေသည်။ ပိုးလေးနှင့် တွေ့ဖို့အရေး သူ ထိတ်လန့်နေသည်။ လိပ်ပြာမလုံသလို ခံစားနေရသည်။

ပိုးလေးအပေါ် သူ မတရားဘူးဆိုတာကို သိနေရတော့ သူ့ရင်ထဲ မကောင်းနိုင်။

"ကျွန်တော်တို့ တူတူသွားကြမယ်၊ မမကို လာဝင်ခေါ်မယ်"

"အင်း . . . ကောင်းတယ်"

မောင်နှမနှစ်ယောက် အခန်းထဲမှ ထွက်ခဲ့သည်။ အောက်ထပ်၌ ပုတီးစိတ်ရင်း စောင့်နေသော အဘွားဒေါ်ခင်ခင်ကျော်က

"မောင်နှမနှစ်ယောက် တွတ်ထိုးလို့ ပြီးပြီလား၊ မေတို့အိမ်ကို ဘယ်နေ့ သွားကြမလဲ"

"သဘက်ခါ"

"မိန်းမတောင်း မဟုတ်ဘူးနော် ဘွားဘွား၊ လူနာသတင်းမေး သွားမှာ"

အစ်မ သူသူသာကျော်က အဘွားကို ရှင်းရှင်းလင်းလင်း





ပြောထားလိုက်လေသည်။

"ကျုပ်သိပါတယ် . . . ကျုပ်ကို ဆရာမလုပ်နဲ့၊ စကားစပ်မိရင်တော့လည်း တစ်မျိုးမီးစင်ကြည့်ကရမှာပဲ"

အရမ်းတက်ကြွနေသောဘွားအေကို မောင်နှမ နှစ်ယောက်စလုံး ဘာမှအထွန့်မတက်နိုင်။ အဘွားသဘောကို လိုက်လျောရမည်သာဖြစ်သည်။

သို့သော် လူလူသာကျော်၏ရင်ထဲမှာတော့ မင်္ဂလာပွဲနှင့်ပတ်သက်သောခံစားမှုက ဆိတ်သုဉ်းသွားပြီး စိုးရိမ်ထိတ်လန့်မှုက ရင်ကို အနှောင့်အယှက်ပေးလျက် ရှိနေလေပြီ။

သူ့နှလုံးအိမ်သို့ ပိုးလေးသည် ဤမျှ ထိုးဖောက်ဝင်ရောက်နေရာယူထားမှန်း အစက သူ မသိခဲ့ပါချေ။

ယခုမှ သိတော့ သူ အဖြေရှာရ ခက်နေလေပြီ။

"မြေးလူလူ နေကောင်းရဲ့လား၊ မင်းကြည့်ရတာ မလန်းဘူး"

"လန်းမလား . . . အဘွားမြေးက အလုပ်စုန်းပြူးနေတာတစ်မျိုး၊ သူ့မမမေနဲ့ မတွေ့ရတာ တစ်မျိုးဖြစ်နေမှာပေါ့"


"မဟုတ်ပါဘူးဗျာ . . . ဘွားဘွားစိတ်ထင်လို့ပါ"

လူလူ ရင်တွင်းဝေဒနာကို အပြုံးနှင့် ဖုံးကွယ်ကာ ဖြေလိုက်လေသည်။ သို့သော် . . .

သူ့အပြုံး မတောက်ပမှန်းကို အဘွားဒေါ်ခင်ခင်ကျော်က ပါးနပ်စွာ ရိပ်မိလိုက်လေသည်။


www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၅)

မျက်နှာမှ ပတ်တီးကို မဖြေရသေး။ မိုင်နာကွေ့စ်ပါဟု ပြောသော်လည်း မမက အရမ်းဂရုစိုက်လွန်းသည်။

ဆေးခန်းထိုင်ချိန်မှအပ သူ့အနားမှာ အမြဲရှိနေပေးသည်။

"ညလေးရေ. . . ဒီနေ့တော့ လူလူတို့မြေးအဘွားတတွေ လာကြလိမ့်မယ်၊ ညလေး တွေ့ချင်သလား"

ခေါင်းအသာခါယမ်းလိုက်သည်။

ရင်မှာ နာကျင်လျက်ရှိချေပြီ။





"ဒါဖြင့် မမက အိပ်နေတယ်ပဲ ပြောလိုက်မယ်နော်"

မယ် ခေါင်းညိတ်လိုက်သည်။

တစ်နေ့နေ့တစ်ချိန်ချိန် မယ်တို့ ဆုံကြရမှာပါ။ အဲဒီအချိန်မှာ လူလူဟာ မယ့်ရဲ့ခဲအိုအနေနဲ့ ဖြစ်နေလောက်ပြီ။ ဒါဆို မယ်တို့ စည်းခြားသွားပြီမို့ မယ့်ခံစားမှုလည်း ဆိတ်သုဉ်းလောက်ပါပြီ။

"သြော်. . . ချယ်ရီနဲ့ဝတ်မှုန်လည်း ဆင်းလာမယ်တဲ့၊ ဖုန်းဆက်လို့ မမက မလာနဲ့ဦး၊ မယ် စကားကောင်းကောင်း ပြောလို့ မရသေးဘူးဆိုပြီး တားထားလိုက်တယ်"

"ကောင်းပါတယ်" ဟု မယ် ဖြေလိုက်သည်။

မယ် အခုချိန်မှာ ဘယ်သူနှင့်မှ မတွေ့ချင်သေး။

မယ့်ဘဝကို အခုမှ အသစ်တစ်ဖန် ပြန်လည်မွေးဖွားလာသူတစ်ယောက်လို စိတ်သစ်ကိုယ်သစ် ဘဝသစ်နှင့် လူတစ်ယောက် ဖြစ်ချင်သည်။ ထိုသို့ဖြစ်ဖို့ မယ့်စိတ်ကို အများကြီး ပြုပြင်ဖန်တီးရဦးမယ်ဟု မယ်သိနေသည်။

"မမကြီး. . . ဧည့်သည်တွေ ရောက်နေပါပြီ"

အိမ်ဖော်မလေးမိညိုက လာရောက်သတင်းပို့လေသည်။

"အေးအေး. . . လာပြီ၊ ညလေး အိပ်နေတယ်လို့ပဲ မမ ပြောထားမယ်နော်"

"ဟုတ်"

မယ့်ရင်ခုန်သံနှုန်းတွေ အဆမတန် မြင့်တက်လာသည်။ မျက်ရည်မကျစေရန် မယ် အားတင်းထားလိုက်သည်။

မေဘရဏီ အောက်ထပ်သို့ အပြေးအလွှား ဆင်းခဲ့လေသည်။

"သူကလည်း. . . ဖုန်းလှမ်းဆက်တာ မဟုတ်ဘူး၊ မေ

www.burmeseclassic.com

www.burmeseclassic.com

ဆင်းစောင့်နေမှာပေါ့"

"ဒီလူနဲ့ဒီလူ ဧည့်သည်တွေမှ မဟုတ်ကြတာ၊ မေ့ညီမလေးကော"

"အိပ်နေတယ်လေ. . အားဖြည့်ခိုင်းထားရတာ၊ ဘွားဘွားရယ်. . . အလကား ဒုက္ခရှာတယ်၊ ဒါ မေ့ဖေဖေနဲ့မေမေပါ"

"သူသူ မိတ်ဆက်ပေးထားပြီးပါပြီ"

ဦးမေအောင်နှင့်ဒေါ်နွယ်ဝတီတို့မှာ ဘွားဒေါ်ခင်ခင်ကျော်ကို တွေ့ဖူးမြင်ဖူးထားကြသဖြင့် ရှေးဟောင်းနှောင်းဖြစ်တွေ ပြောဆိုနေကြသည်။

"မေမေတို့မေမေ စိန်ရွှေတွေ ဝယ်ရင် အဘွားရဲ့ဆိုင်မှာပဲ ဝယ်ခဲ့တာ သမီးရဲ့၊ မန္တလေးသူ မန္တလေးသားတွေဆို အရင်တုန်းက ဒေါ်ခင်ခင်ကျော် အခု ဘွားခင်ခင်ကျော်ဆိုရင် မသိတဲ့သူ အရှားသား"

မိခင်ဒေါ်နွယ်ဝတီ၏ရွှန်းရွှန်းစို စကားနှင့်အတူ ဘွားဒေါ်ခင်ခင်ကျော်ကလည်း ပြုံးပြုံးရွှင်ရွှင်ကြီးဖြစ်ကာ. . .

"တို့များကို ပြောနေ၊ ဆရာဝန်ကြီး ဦးမေအောင်လို ဆရာဝန်ကလည်း ရှားမှရှားပဲ၊ ဆရာ့သမီးမှန်း မေ့ကို ကြိုမသိခဲ့ရတာ နာလေခြင်းကွယ်"

စသည်ဖြင့် တစ်ဦးဂုဏ် တစ်ဦးဖော်ရင်း ပလဲနံပ တင့်နေလေတော့သည်။

ဒီလောက်အဆင်ပြေ မင်္ဂလာရှိသော အချိန်အခါ ဖြစ်ပါလျက် လူလူသာကျော်မျက်နှာ၌ အကြည်ဓါတ် ပျောက်ဆုံးနေသည်ဟု မေဘရဏီ ခံစားလိုက်ရသည်။

"မေညီမလေးနဲ့ ကိုယ်နဲ့ တစ်ခါမှ မဆုံဖြစ်တာ အံ့သြဖို့





ကောင်းတယ်နော် မေ"

"သူသူ ပြောလည်း ပြောစရာပဲ၊ မေက ကျောင်းစာတွေနဲ့ နပန်းလုံးနေရတော့ ဖေဖေတို့နဲ့ လိုက်မနေဖြစ်ဘူးလေ၊ ရန်ကုန်သူလို ဖြစ်နေခဲ့တာ၊ ညလေးကတော့ ဖေဖေပြောင်းရွှေ့ရာ တကောက်ကောက် လိုက်ရင်း ပြင်ဦးလွင်မှာ အခြေချလိုက်တာ၊ ဒါကြောင့် မဆုံဖြစ်တာလေ"

စကားဝိုင်း၌ ဝင်မပါသူကလည်း လူလူဖြစ်နေသည်။

မေဘရဏီ စိတ်ထဲ သံသယ ဝင်လာသည်။

လူလူ တစ်ခုခုတော့ ဖြစ်နေသည်။

ကိုလူပျိုက မိန်းမယူရမှာကို စိုးရိမ်နေတာလား။ ရည်းစားတော့ ထားချင်ပြီး အိမ်ထောင်ပြုရမှာ စိုးထိတ်နေတာလား။

တစ်ခုခုတော့ တစ်ခုခုပဲဟု မေဘရဏီက အကင်းပါးစွာ ရိပ်မိနေလေသည်။

"ဒါထက် စကားမစပ် သမီးအငယ်လေးရဲ့မျက်နှာက ဘယ်တော့လောက်ဆို အကောင်းပကတိ ဖြစ်မှာလဲကွယ် မေ"

"တစ်ပတ်ဆို ဖတ်တီးဖြေမယ်၊ နောက်တစ်ပတ်တော့ ပိုးမဝင်ဖို့ ဆေးမှန်မှန်လိမ်းပေးရင်း အိမ်ထဲမှာပဲ ထားပြီးရင် ရပါပြီ"

"ဒါဆို စေ့စပ်ဖို့ ရက်ကောင်းရွေးလို့ရပြီပေါ့နော်"

"အဘွားသဘောပျာ. . . အဘွားသဘော"

ဦးမေအောင်လည်း သားရှင်ဘက်မှ ဒီလောက်တောင် လိုလားနေမှတော့ ဘာမှဆိုဖွယ်ရာ ငြင်းဆန်ဖွယ်ရာ မရှိတော့။

ကိုယ့်သမီးအသက်က (၃၂)နှစ်တောင် ရှိနေလေပြီကိုး။

လူလူ ရင်ထဲမှာ နာကျင်နေသည်။

သူ့ထက်ပိုပြီး နာကျင်နေမည့်သူတစ်ယောက်ရှိသည်။


www.burmeseclassic.com

www.burmeseclassic.com

ပိုးလေး ဖြစ်မည်။

ကြိတ်ပြီးကြေကွဲနေရှာမည့် ပိုးလေးနေရာကို သူ ဝင်ရောက်ခံစားကြည့်သည်။ သူ့ရင်တွေ နာကျင်နေသည်။

ထိုနာကျင်မှုကြောင့် သူ့မျက်နှာပြင်တွင် အပြုံးပျောက်ဆုံးနေသည်။ ဟန်လုပ်ပြုံးလည်း သူ့အပြုံးသည် မချိုပြုံးသာလျှင် ဖြစ်ပေတော့သည်။ လူကြီးတွေကြားထဲမို့ စိတ်ကို မနည်းထိန်းထားရသည်။ မေဘရဏီဆိုသောမိန်းမ သိချင်လာလျှင် ချက်ချင်းသိရမှ။

ဘွားဒေါ်ခင်ခင်ကျော်တို့ နှုတ်ဆက်ပြီး ပြန်သွားလောက်သည့်အချိန်ကို တွက်ချက်နေစဉ်. . .

"မီးကြီး"

"ရှင်. . . ဖေဖေ"

"ကောင်လေးက မျက်နှာသိပ်မကောင်းလှပါလား၊ ဘာများ ပြဿနာဖြစ်ထားလို့လဲ"

ဟော. . . ကြည့်၊ ဖေဖေတောင် ရိပ်မိနေပါလား ကိုမွှေမောင်။ ရှင်လေးကတော့လေ. . . လုပ်လိုက်လျှင် အရာရာနဲ့ အကြောင်းကြောင်း။

"ဘာမှမဖြစ်ပါဘူး ဖေဖေ၊ သူက စေ့စပ်ရက်ကို တတ်နိုင်သမျှ စောချင်နေတာ"

"အင်း. . . ကြီးရင်မှို ငယ်ရင်ချိုတဲ့၊ ကောင်လေးရဲ့မျိုးရိုးက ပြောစရာ မရှိပေမယ့် ကောင်လေးကတော့ ရုပ်ချောဥစ္စာပေါ ဆိုတော့ ပွဲတော့ ပွဲခံမယ့်ရုပ်ပဲနော်၊ သမီးကြီးလည်း ဆရာဝန်ပဲ၊ မယူခင် Medical Checkup လုပ်ထားလိုက်တာ အကောင်းဆုံးပဲ"

မေဘရဏီ မျက်နှာပူစွာဖြင့် ခေါင်းကလေး ငုံ့ကာ. . .

"ဟုတ်ကဲ့ ဖေဖေ" ဟု ကတိပေးလိုက်ရသည်။





ဟုတ်သားပဲ၊ မချစ်စဖူး အချစ်ဦးမို့ ရှုးရှူးမူးမူးဖြစ်ကောသူ ဒီကိစ္စကို မေ့နေမိသည်။ ခေတ်မီသောစုံတွဲတိုင်း လက်မထပ်မီ စစ်သင့်သည်။

လူလူကို ပြောလျှင် ဒေါ်ဖောင်းဦးမှာလား။

မတတ်နိုင်ဘူး၊ သူတို့က ခုမြင် ခုကြိုက်ခဲ့ကြတာ၊ ဒီမတိုင်ခင်က အကြောင်းတွေ သိတာမှ မဟုတ်တာ။

မေဘရဏီ နတ်မိမယ်အခန်းသို့ ဝင်ခဲ့သည်။

နတ်မိမယ်သည် အခန်းကို ကျောခိုင်းပြီး ပြတင်းပေါက်မှ ရပ်ကြည့်နေသည်။

တက်ကြွရွှင်လန်းနေရမည့်အရွယ်မှာ ငြိမ်သက်နေသော ညီမဖြစ်သူကို သူ အားမရချေ။

"ညလေး"

သူ အသံပေးလိုက်သည်။

နတ်မိမယ်ထံမှ ထူးသံထွက်မလာသလို လှုပ်ရှားမှုလည်း မတွေ့ရချေ။ မေဘရဏီ လျှောက်ဝင်သွားလိုက်ပြီး ညီမပခုံးကို အသာလေး ပုတ်ကာ. .

"ညလေး"

နတ်မိမယ် လှည့်လာသည်။ ပတ်တီးစ လွတ်နေသော မျက်ဝန်းတစ်စုံကို သေချာစွာ စိုက်ကြည့်လိုက်သည်။

ရီဝေနေသောမျက်ဝန်းစုံက မျက်လွှာချကာ ဖုံးကွယ်ဖို့ ကြိုးစားသည်။

"ညလေး ပျင်းနေပြီလား"

နတ်မိမယ် ခေါင်းခါလိုက်သည်။

"မျက်နှာပြင်ပြီးရင် အရင်ကလို အိမ်တွင်းပုန်း ပုံပိုနေလို့



www.burmeseclassic.com

www.burmeseclassic.com



မရတော့ဘူးနော်၊ မမဆေးခန်းမှာ လာထိုင်ပြီး ငွေသိမ်းပေးရမယ်”

နတ်မိမယ် ရင်မှာ စူးနင့်စွာဖြင့် ခေါင်းခါလိုက်သည်။

“မေမေတို့နဲ့ပဲ နေချင်တယ်”

မေဘရဏီ ညီမခေါင်းလေးကို အသာပွတ်လိုက်ပြီး. . .

“မမက စတာပါ။ ညလေး လုပ်ချင်ရာတွေ လုပ်ပစ်လိုက်ပါ၊ သွားချင်တဲ့ဆီသွား၊ ရှော့ပင်းတွေထွက်၊ ပွဲလမ်းသဘင်တွေသွား၊ လူတောထဲ ရဲရဲကြီး တိုးပစ်လိုက်ပါ။ ငါ့ညီမအလှက မြင်သူတွေ သမင်လည်ပြန် ငေးရမယ့်အလှဆိုတာ တလောကလုံး လက်ခံသွားစေရမယ်”

မေဘရဏီက ဘယ်လိုပဲ အားပေးအားမြှောက်ပေးစေကာမူ နတ်မိမယ်က မတုန်မလှုပ် ကျောက်ဆစ်ရုပ်သဖွယ်သာ ဖြစ်နေသည်။

“လောလောဆယ် မမရဲ့မင်္ဂလာပွဲမှာ သတို့သမီးအရံ လုပ်မလား၊ ပန်းကျဲမလားဆိုတာ ညလေး စဉ်းစားထား. . . ဒါပဲ”

မေဘရဏီ ညီမနဖူးကို လက်ညှိုးလေးနှင့် ထောက်ကာ ပြောလိုက်ပြီး ညီမဖြစ်သူကို ကျောခိုင်းခဲ့လိုက်သည်။


မောင်တော်ဆီ ဖုန်းဆက်ဖို့ အချိန်ကျပြီ။

ခုလောက်ဆို အိမ်ပြန်ရောက်နေလောက်ပြီဟု တွက်ဆလိုက်သောကြောင့်ဖြစ်သည်။

မေဘရဏီ သူ့အိပ်ခန်းတွင်းသို့ ဝင်ကာ ကုတင်ပေါ် လှဲချလိုက်ပြီး ဟန်းဖုန်းလေးကို ဖွင့်လိုက်သည်။







## အခန်း(၂၆)

လူလူ ဖုန်းစကင်န်ကို ကြည့်လိုက်သည်နှင့် မမပုံ ပေါ်လာသည်။

သက်ပြင်းချပြီး ဖုန်းလက်ခံလိုက်သည်။

“မမမေ”

“မျက်နှာက ဘာဖြစ်နေတာလဲ၊ လူကြီးတွေက အတင်းအကျပ် စီစဉ်ပေးတဲ့ သတို့သမီးကို ယူရမယ့်မျက်နှာမျိုး ဖြစ်နေတယ်”



www.burmeseclassic.com

www.burmeseclassic.com

"မဟုတ်ပါဘူး မမရာ၊ မောင် နဲနဲခေါင်းကိုက်နေလို့ပါ"

လူလူ ဆင်ခြေပေးလိုက်သည်။ ရင်ထဲမှာ ဝေဒနာ ရှိနေမှတော့ မျက်နှာလည်း ဘယ်လန်းနိုင်ပါ့မလဲ။

နှလုံးသားက တစ်ခုတည်း ရှိပေမယ့်ချစ်ခြင်းက တစ်ခုတည်း ပေါ်ထွက်တတ်သည်ဟု တပ်အပ်သေချာ တွက်ဆလို့ရသည်မှ မဟုတ်ပေပဲ။

"ရိုးကော ရိုးရဲ့လားမောင်၊ အရင်ရည်းစားတွေက မမနဲ့ လက်ထပ်ရင် မင်္ဂလာပွဲမှာ ပွဲလာကြမ်းမယ်လို့များ ခြိမ်းခြောက်ထားခြင်း ခံနေရလို့လား မောင်"

မမက နောက်တာပဲ ဖြစ်မှာပါ။ ဒါပေမယ့် လူလူ့ရင်ထဲ အနာပေါ် တုတ်ကျသလို ခံရခက်စွာဖြင့် နာကျင်လွန်းလှလေသည်။

အရာရာကို အရှုံးပေးကာ နောက်ဆုတ်သွားရှာသော ပိုးလေးအတွက် သူ ဘယ်လိုလုပ် ဖြေသိမ့်နိုင်မည်နည်း။

"မဟုတ်ရပါဘူး မမရာ"

"ဒါပေမယ့် မောင်ရေ. . . ခုရှုပ်မှ နောင်ရှင်းနော်၊ မောင်နဲ့ မမ စေ့စပ်ကြမယ်၊ Medical Checkup လုပ်ကြမယ်"

မမ သူ့ကို မယုံဘူးကိုး။

"စိတ်ချပါ မမ၊ မောင်သန့်ရှင်းကြောင်း သက်သေခံရဲပါတယ်. . . မမသဘောပါ၊ လူက သန့်ရှင်းပေမယ့် မောင် ရည်းစားတော့ များခဲ့တာကို မမကို ဝန်ခံပါတယ်နော်"

"အင်းလေ. . . မမနဲ့ မတွေ့ခင်က ကိစ္စတွေအတွက် မမ ဥပေက္ခာပြုနိုင်ပါတယ်လို့ ပြောပြီးပြီပဲ၊ အခု မပြတ်ရသေးတဲ့ အလန်းလေးတွေ ရှိရင် အမြန်ဖြတ်တော့၊ အလန်းဇယား အရှုပ်အထွေးကို လုံးဝလက်မခံနိုင်တော့ဘူး"





မမကို ပိုးလေးအကြောင်း ဘယ်လိုလုပ်ပြီး စကားစရမလဲ။

"အင်းပါ"

"ဩော်. . . အင်းပါဆိုမှ မောင့်သူငယ်ချင်း တွေ့ပြီလား၊ မျက်နှာပြင်ဖို့ဆိုတာလေ၊ မမစီနီယာ ရှိတုန်း ပြင်ပေးချင်လို့"

လူလူ ရင်တွေ တဒိန်းဒိန်း ခုန်လာသည်။ သူ ဖွင့်ပြောသင့်ပြီလား။ တွေဝေသွားသည်။

"ဟယ်လို. . . မောင်"

"အင်း. . . ဘာလဲ မမမေ"

"ဟောတော်. . . မောင် တစ်ခုခုတော့ တစ်ခုခုဖြစ်နေပါတယ်၊ မမကွယ်ရာ ခြေပုန်းခုတ်ထားတာတွေထဲက ရှင်းမရနိုင်တဲ့ ကိစ္စရှိသလား၊ ရှိရင် ရှင်းရှင်းလင်းလင်း ဖွင့်ပြောထားနော်၊ သူများပြောမှ သိရလို့ကတော့ မမ ခွင့်လွှတ်မှာ မဟုတ်ဘူး"

လူလူ သက်ပြင်းရှိုက်လိုက်မိသည်။ သူ ယောကျ်ားပီပီ ဝန်ခံစရာ ရှိသည်။

သို့သော် ပိုးလေးကို အရင်တွေ့ချင်သေးသည်။

ပိုးလေး၏ဆုံးဖြတ်ချက်ကို သူလက်ခံရမည်။

သူက ပိုးလေးအပေါ် အကြွေးဝေဒနာကြွေးရှိခဲ့တဲ့သူပေပဲ။

"လောလောဆယ်တော့ မမကို မောင် ဘာမှပြောစရာ မရှိသေးဘူး၊ ဆေးစစ်ဖို့အတွက် မနက်ဖြန်ပဲ စရအောင်၊ မမ အားတဲ့အချိန်ပြော"

သူ စကားလမ်းကြောင်း လွှဲလိုက်လေသည်။

"မမ မနက်ဆေးခန်းပိတ်ချိန် ဆယ့်နှစ်နာရီ ငြိမ်းဆေးခန်းမှာပဲ စစ်ကြတာပေါ့"

"အိုကေ. . . ကျွန်တော်လာကြိုမယ်လေ"


www.burmeseclassic.com

www.burmeseclassic.com

"ကောင်းပြီ. . . ဒါဆို ဒါပဲလေ"

"ကောင်းပါပြီခင်ဗျာ"

အရင်ကလို နှုတ်ဆက်အနမ်းပျံလေး ပေးဖို့ကိုပင် လူလူ မေ့သွားမိသည်။

ထိုအချိန် ဖုန်းကောက ဝင်လာသည်။ နံပါတ်က သူနှင့် စိမ်းနေသည်။

"ဟယ်လို"

"ကိုလူလူလား. . . ချယ်ရီပါ"

"ဪ. . . မချယ်ရီပြောပါ"

"ရှင် မယ်နဲ့ တွေ့ပြီးပြီလား"

မယ် ခေါ် ပိုးလေး၊ မမမေဘရဏီနှင့် သူတို့(၃)ဦး အချစ်ဇာတ်လမ်း အရှုပ်အထွေးကို ချယ်ရီတို့ သိပုံမပေါ်သေး။ မယ်သည် သူ့ဝေဒနာအစုစုကို သူတစ်ယောက်တည်း၏ရင်တွင်း၌ တိုင်းအမြဲတေ ဖွဲ့စည်းထားပုံရသည်။

"မိသားစုတွေ ဝိုင်းဝိုင်းလည်နေလို့ တွေ့ခွင့်မရသေးပါဘူး၊ မချယ်ရီတို့ကော ဖုန်းဆက်ဖြစ်သေးလား"

"မယ့်ကို တစ်ပတ်လောက် ဖုန်းပြောခွင့်ကော သူငယ်ချင်းတွေနဲ့ တွေ့ခွင့်ပါ မပေးဘူးလို့ မမမေက ပြောထားလို့ ကျွန်မတို့လည်း မတွေ့ရသေးဘူး"

"ပိုးလေး. . အဲ. . . မယ့်ဖုန်းနံပါတ် ကျွန်တော့်ကို ပေးပါလား"

"ဟုတ်ကဲ့. . . မှတ်ပါ xxxxxx ပါ။ ခုတော့ စက်ပိတ်ထားတယ်"

"ကျေးဇူးပဲနော်. . . ကျွန်တော်ထူးခြားတာနဲ့ ဖုန်းပြန်ဆက်

☺ အောင်မြင်စာပေ ☺



ပါ့မယ်"

"ဒါဖြင့် ဖုန်းပိတ်လိုက်ပြီနော်"

"ဟုတ်ကဲ့"

လူလူ ပင့်သက်ရှိုက်လိုက်မိပြန်သည်။ သူ ဟစ်အော်ပြီး ဖွင့်ဟဝန်ခံလိုက်ချင်ပါသည်။

သူ ပိုးလေးကို သနားတာလား. . . ချစ်နေခဲ့တာလားဆိုတာ သူ့ကိုယ်သူ ဝေခွဲမရချေ။

ပိုးလေးသည် သူ့နှလုံးအိမ်သို့ ဆယ်ကျော်သက် စိတ်ကစားတတ်ခါစ အရွယ်ကတည်းက တွယ်ငြိသွားခဲ့တာလား။

သူ့စိတ်တွေ ရှုပ်ထွေးလွန်းလို့ စိတ်ရောဂါကုဆရာဝန်နှင့်ပင် ပြေး၍တိုင်ပင်ချင်စိတ်ပင် ပေါက်နေမိသည်။

လောကကြီးရယ်. . . ဒဏ်ခတ်မယ်ဆိုရင်လည်း ပိုးလေးနဲ့မမဟာ ဘာမှမပတ်သက်တဲ့ သူစိမ်းတွေအဖြစ် ညှာညှာတာတာလေး ဒဏ်ခတ်ပါလား။

ခုတော့ ညီမအရင်းနှစ်ယောက်ကြား သူ ဘယ်လိုမျက်နှာမျိုးနဲ့ ရင်ဆိုင်ရမလဲ။


ရှုံးသွပ်စွာ အားကုန် ဟစ်အော်ချင်စမ်းပါဘိ။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၂၇)

, ပြင်ဦးလွင် လားရှိုး မူဆယ်ဘက်သို့ ကားဂိတ်ကိစ္စအတွက် ခရီးထွက်သည်ဟူသော အကြောင်းပြချက်နှင့် သူ မမမေဘရဏီကို ရှောင်ရှားနေလိုက်သည်။

လူလူ သူ့အမှားအတွက် ဒီပြဿနာကို မည်ကဲ့သို့ ဖြေရှင်းရမှန်းမသိ ဖြစ်နေသည်။

ပိုးလေးနှင့် သူ၏လျှို့ဝှက်ချက်ကို သူတို့ တစ်သက်လုံး ဖျောက်ဖျက်သွား၍ ရနိုင်ပါ့မလား။





လူလူ စိတ်တေလေကို ခရီးထွက်ခြင်းဖြင့် လောလောဆယ် ကုန်ဆုံးပစ်လိုက်သည်။

ထိုအချိန်တွင် မေဘရဏီက သူ၏စိနီယာအား ပြင်ဦးလွင်သို့ ဘုရားဖူးနှင့် အမျိုးသား ကန်တော်ကြီးဥယျာဉ်သို့ လိုက်ပို့သည်ဖြစ်၍ "မေဂေဟာ" သို့ တစ်ညအိပ် ခေတ္တနားခိုသည်။

ဒေါ်စိန်က. . .

"မယ် စိတ်ကော နေကောင်းသွားပြီလား"

ဒေါ်စိန်မေးခွန်း၏ဆန်းကြယ်မှုနှင့်အတူ ညီမဖြစ်သူ၏ အပြုံးအရယ် ကင်းမဲ့နေသောမျက်နှာကို သူ အမှတ်ရမိလိုက်သည်။

ပတ်တီးဖြေပြီး ဖောင်းကြွနေသော အသားနီလန် အမာရွတ် လုံးဝပျောက်ကွယ်သွားပြီး အပ်ချည်ကြောင်းမျှလောက်သော အမာရွတ်ဖြူလေးက ဆေးလိမ်းရင် လုံးဝပျောက်ကင်းသွားနိုင်သည်။

မယ်အတွက် နတ်မိမယ်ဆိုသောနာမည်နှင့် လိုက်ဖက်စွာ အလှတွေ ကုံလုံကြွယ်ဝနေပြီ၊ ဒီအတွက် မယ့်၏ပျော်ရွှင်မှု ဝမ်းသာမှုသည် အထွဋ်အထိပ်သို့ ရောက်ပြီး တောက်ပနေသင့်ပါလျက် ငေးငေးငိုင်ငိုင်လေး ရှိနေသည်ကို အမှတ်ရမိသည်။

"မယ်မှာ စိတ်ထိခိုက်စရာအကြောင်း ရှိနေလို့လား"

"အရင်တုန်းကတော့ အင်တာနက်နဲ့ အမြဲပြုံးပျော်နေတာပဲ၊ တလောက ခွဲစိပ်မယ့်ကိစ္စ ပေါ်ပြီးထဲက ပြောင်းလဲသွားတာ၊ ခွဲစိပ်တာ ကြောက်လို့ဆိုတဲ့ဆင်ခြေဟာ အခု ခွဲစိပ်ပြီးပြီ၊ အောင်မြင်တယ်ဆိုတော့ မယ် ပျော်လာလောက်တာပေါ့၊ ဒေါ်စိန်က ဒါကို မေးတာ"

"သူ့ကြည့်ရတာ ပျော်ပုံမရဘူး၊ ဘာကြောင့်လဲမသိဘူး"



www.burmeseclassic.com

www.burmeseclassic.com

မေဘာရဏီစိတ်ထဲ ညီမ၏အုံ့ပုန်းကိစ္စကို စိတ်ဝင်စားလာသဖြင့်. . .

"မယ့်အခန်းကို ခဏတက်ကြည့်ဦးမယ်"

မိဘနှင့်မယ်က မန္တလေးမှာ ကျန်ခဲ့သေးသည်။ နောက်(၃-၄)ရက်မှ တက်လာကြတော့မည်။

ဧည့်သည်က ပါလာသောအဖော်နှင့် စက်ဘီးစီး ထွက်ရင်းပတ်ဝန်းကျင်ရှုခင်းများကို လျှောက်ကြည့်နေကြသဖြင့် မေဘာရဏီ လွတ်လပ်နေသည်။

ထို့ကြောင့် မေဘာရဏီ နတ်မိမယ်အိပ်ခန်းသို့ တက်လာသည်။

အီးမေးလ်ဘောက်စ်ကို ဖွင့်ကာ ရှာဖွေလိုက်သည်။

မေနှင့်လူလူ အပြန်အလှန် ဆက်သွယ်ထားသောစာများ။

မေဘာရဏီ ရင်ခုန်နှုန်းတွေ အဆမတန် မြင့်တက်သွားလေသည်။

လူလူဆိုတာ "မောင်" များလား။

မောင် သူ့ကို အင်တာနက်မှ Chatting ထိုင်သလားဟု မေးခဲ့ဖူးသည်ကို အမှတ်ရလိုက်မိသည်။

မဖြစ်ပါစေနဲ့. . . လူလူဆိုတာ မောင်မဖြစ်ပါစေနဲ့ဟု သူကြိတ်၍ဆုတောင်းလိုက်သည်။

သို့သော်. . .

"ဟင်"

ကွန်ပျူတာထဲမှာ လူလူ့ဓါတ်ပုံတွေပါလား။ ပြင်ဦးလွင်ကို လူလူ လိုက်ပါလာတုန်းက မယ် ဓါတ်ပုံခိုးရိုက်ပြီး ထည့်ထားပုံရသည်။ ဒါဆို မယ့်ရဲ့အင်တာနက်ချစ်သူဆိုတာ လူလူပေါ့။ ဒါ





အပြင် လူလူ ငယ်သူငယ်ချင်းကတော့ "မယ်"ပဲလား။

ဖြစ်နိုင်ချေက များနေပြီ။

မောင့်ငယ်သူငယ်ချင်းမျက်နှာမှာလည်း အမာရွတ်နှင့်တဲ့။

ညီမငယ်နှင့်လူလူက အင်တာနက်ချစ်သူဖြစ်ခဲ့တာ (၃)နှစ်တောင် ရှိပြီပဲ။ တုံ့ဆိုင်းမနေတော့. . .။

မေဘာရဏီ ချက်ချင်းပင် လက်ကိုင်ဖုန်းကို ဖွင့်ကာ ချယ်ရီဆီ ဖုန်းခေါ်လိုက်သည်။

သူငယ်ချင်းဆိုတာ ဆိုးအတူ ကောင်းအဖက် ပွင့်ပွင့်လင်းလင်းနှင့် ရင်ဖွင့်ဖော် ရင်ဖွင့်ဖက် ဖြစ်သည်။ ထို့ကြောင့်. . .

"ဟယ်လို"

"ချယ်ရီ. . . မမမေပါ"

"ဪ. . . ဟုတ်ကဲ့ မမမေ၊ ညီမတို့ မယ့်ကို လာတွေ့လို့ရပြီလား"

"မယ်(၃-၄)ရက်နေရင် ပြင်ဦးလွင် တက်လာတော့မှာ၊ လောလောဆယ် မမမေ ညီမနဲ့ တွေ့ချင်တယ်၊ ညီမ အိမ်မှာလား"

"ဟုတ်ကဲ့"

"မမ အခုပဲ ထွက်လာမယ်. . . လာခေါ်မယ်၊ တစ်နေရာမှာ စကားပြောတာပေါ့"

"ဟုတ်ကဲ့ မမ"

မယ့်အကြောင်း အများဆုံး သိနိုင်သည့် ချယ်ရီကို မေးမြန်းရမည်။

မေဘာရဏီ ကွန်ပျူတာ မီးခလုတ်များ ပိတ်ပြီး ချက်ချင်းအောက်ထပ်သို့ ပြေးဆင်းခဲ့လေသည်။

"ဒေါ်ဒေါ်. . . ဧည့်သည်တွေ ပြန်လာရင် ပြောခဲ့ထား


www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါဦး၊ မေ ခဏအပြင်သွားလိုက်ဦးမယ်"

"အေး. . အေး. . စိတ်ချသွား"

မေဘရဏီ ချယ်ရီကို ဝင်ခေါ်ပြီး လူရှင်းသော လမ်းဘေး တစ်နေရာ၌ ကားရပ်ကာ. . .

"မယ် အင်တာနက်ထဲနဲ့ လူလူဆိုတဲ့သူနဲ့ ချစ်သူဖြစ်နေကြ တာ ချယ်ရီတို့ သိသလား"

"သိပါတယ် မမ"

"သူတို့ လူချင်း တွေ့ကြသလား"

"မတွေ့ပါဘူး. . . မယ်က အတွေ့မခံသေးဘူး၊ ဒါပေမယ့် မယ် ပြောတာက သူတို့ ပြတ်သွားပြီတဲ့"

အီးလ်မေးစာတွေထဲမှာ ပြတ်သောစာ မတွေ့ရပါချေ။

"မယ့်မမကို ချယ်ရီတို့လည်း အရမ်းတွေ့ချင်နေရတဲ့ အကြောင်းရင်း ရှိတယ် မမမေ"

"ပြောပါဦး. . . မယ့်အတွက်ဆိုရင် မမ ဘာလုပ်ပေးရ မလဲဆိုတာ အမြဲစဉ်းစားပေးနေတဲ့သူပါ။ မယ်က မြစိစိနဲ့မို့ မမတို့ အားမရဘူး"

"မယ်က သိပ်စိတ်ကောင်းရှိတာ၊ မယ့်ငယ်နာမည်က ပိုးလေးမှတ်လား မမမေ"

မေဘရဏီ အံ့သြသွားသည်။ ကံဆိုးခြင်းတွေ ရောက်ရှိစေ သော ပိုးလေးအမည်ကို ပညတ်သွားရာ ဓါတ်သက်ပါလေသလား ဟု ဆိုကာ ဖျောက်ဖျက်ပစ်လိုက်သည်။

"ဟုတ်တယ်. . . ညီမတို့ ဘယ်လိုလုပ် သိသလဲ"

"ဒေါ်ဒေါ်စိန် အမှတ်တမဲ့ ခေါ်သံကြားလို့ မေးတော့ မယ် က ငယ်နာမည်ပါလို့ ပြောလို့ သိလိုက်တာပါ မမ၊ မယ့်မျက်နှာက





ဒဏ်ရာ ဘာဖြစ်လို့ ရတာလို့ သိထားသလဲဟင်"

"ချော်လဲတာလေ"

"မဟုတ်ဘူး မမ"

"ဟင်"

"သိပ်အံ့သြသွားသလား. . . ညီမတို့လည်း အရမ်းအံ့သြ တာ၊ ပိုပြီးအံ့သြစရာကောင်းတာက ဒီလို မမမေ××"

မေဘရဏီ နှလုံးသွေးလည်ပတ်မှုပင်လျှင် ရပ်ဆိုင်းသွား သလား ထင်မှတ်ရလောက်အောင် တုန်လှုပ်သွားခဲ့သည်။

ဘုရားရေ. . . ချယ်ရီက သူနှင့်လူလူ ပတ်သက်နေမှုကို လုံးဝမသိရှာသဖြင့် ပိုးလေးနှင့်လူလူ၏ ကိုးတန်းနှစ် ကျူရှင်ဝိုင်းက စတင်ခဲ့သောဒဏ်ရာ၊ အင်တာနက်မှာ အီးလ်မေး အပြန်အလှန် ပို့ရင်း ချစ်ကြိုးသွယ်မိကြသော မေနှင့်လူလူတို့အကြောင်း ဂဃနဏ သိသွားရလေတော့သည်။

"ကိုလူလူ မယ့်ကို တွေ့ဖို့ ကြိုးစားမယ် ပြောသွားတာ၊ မယ့်ကို မမက ခွဲစိပ်ပြီးသွားပြီဆိုတော့ ကိုလူလူ ဘာဆက်လုပ်မလဲ ညီမတို့လည်း မသိဘူး"

မေဘရဏီ ရုတ်တရက် အသံမထွက်နိုင်အောင် ခံစား လိုက်ရလေသည်။

ဖြစ်မှဖြစ်ရလေ ညလေးရယ်။

ညီမကို သနားစိတ်က ရိုးတွင်းချဉ်ဆီအတွင်းမှ စိမ့်၍ဖြစ် ပေါ်လာသည်။

"ကျေးဇူးတင်ပါတယ် ညီမရယ်၊ ဒီကိစ္စတွေ မမ သိသွားပြီ ဆိုတာကို ညီမလေး မယ့်ကိုကော လူလူကိုပါ မပြောပါနဲ့"

"ရှင်. . ."



www.burmeseclassic.com

www.burmeseclassic.com

"မမကို အဲဒီကတိပေးပါ"

"ကိုလူလူကိုလည်း ချယ်ရီ ကတိပေးပြီး အခု မယ့်အကျိုး အတွက် ဖောက်ဖျက်ပစ်မိခဲ့တယ်"

"မမကလည်း မယ့်အကျိုးအတွက် ညီမကို တောင်းဆိုတာပါ၊ ဒီကိစ္စ ဝတ်မှုန်ကော သိရင် နှစ်ယောက်စလုံး လျှို့ဝှက်ပေးထားကြပါ၊ ဝတ်မှုန်ကိုလည်း ပြောပြလိုက်နော်"

"ဟုတ်ကဲ့ မမ"

"မယ်ဟာ ကြိတ်ပြီးခံစားရရှာပါလား၊ မမ လုံးဝမသိခဲ့ဘူး ကျေးဇူးတင်ပါတယ် ညီမရယ်၊ မမ ဘာလုပ်ပေးသင့်တယ်ဆိုတာ သိသွားပါပြီ"

မေဘာရဏီ နာကျင်နေသောရင်ကို ဥပေက္ခာပြုရင်း ချယ်ရီကို ပြောလိုက်လေသည်။

နောက် ချယ်ရီကို အိမ်ပြန်ပို့ပေးပြီး သူ ကားလျှောက်မောင်းခဲ့ပြီးမှ အိမ်သို့ ပြန်လာသည်။

အိမ်ရောက်တော့ စီနီယာက ဆီးကြိုပြီး. . .

"ဧည့်သည်က အိမ်သည်ကို ပြန်စောင့်နေရပါလား မေရေ"

သူ့စီနီယာကို ရယ်မောကာ တောင်းပန်ပြီး ညစာနှင့် ဧည့်ခံလိုက်လေသည်။

မေဘာရဏီ၏နှုတ်ခမ်းမှာ သကာဆမ်းကာ အပြုံးခိုတွဲနေပေမယ့် ရင်ထဲတော့ ပုလဲမိုးတို့ ခနေလေပြီ။

အောင်မြင်စာပေ




www.burmeseclassic.com

www.burmeseclassic.com




➤ ချစ်သူ၏အကြောင်းနာစကား၊ ချစ်စကားတို့ဟာ မှသားဖြစ် နေပါစေ၊ ယုံကြည်ပြီး တန်ဖိုးထားချင်နေတတ်တာဟာ ချစ်တတ်လွန်းသူ မိန်းမသားတွေရဲ့ရှုံးသွပ်တဲ့ အစွဲအလမ်းတစ်ခုပါ။

နတ်မိမယ်

➤ ဖယောက်ျားတစ်ယောက်ရဲ့ရင်ခွင်မှာ အိပ်စက်ရမယ့်အစား စာအုပ်တွေကို ရင်ခွင်ထဲ ထားဖတ်ရင်း အိပ်စက်ချင်တယ်၊ အဲဒါ တို့ရဲ့ဆန္ဒအမှန်ပဲ၊ ဒါတွေဟာ အချစ်ဆိုတာ ဘာလဲလို့ စမ်းသပ်ကြည့်လိုက်တော့မှ ရရှိလာတဲ့ရလာဒ်တွေပဲ၊ မင်းဟာ တို့ရဲ့အစမ်းသပ်ခံ ဖြစ်သွားရတဲ့အတွက်တော့ ဝမ်းနည်းပါတယ်။

မေဘာရကီ



## အခန်း(၂၈)

နတ်မိမယ် ကိုယ့်ရုပ်သွင်ကို မှန်ထဲ ကြည့်ရှုလိုက်သည်။ အပြစ်အနာအဆာ ဆိုဖွယ်မရှိရအောင် ဖူးမွှတ်စင်ကြယ်ကာ လှသွေးကြွယ်နေသည်။

ပြုံးပျော်ရမှာလား. . . ။

ပြုံး၍မရ။

မိသားစုရှေ့တော့ ဟန်ဆောင်ပြုံးရယ်ကာ အလိုက်အထိုက် စကားတွေ ပြောနေရသဖြင့် ပါးပင် ညောင်းလာလေ

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com

သည်။

ပြင်ဦးလွင်သို့ ပြန်ရတော့မည်။

“မပြန်ခင် မမနဲ့ ရှော့ပင်းထွက်မယ်၊ ညလေး သေသေ ချာချာ အလှပြင်ခဲ့”

မမက တောင်းဆိုသဖြင့် သူ လိုက်လျောရသည်။ နတ်မိမယ်အနေနှင့်ဆိုလျှင် ဘယ်ကိုမှ မသွားချင် မလာချင်။ တောကြီးမျက်မည်းထဲ သန်းခေါင်ယံ ညဥ့်အလယ် လမ်းပျောက်နေသူ တစ်ယောက်ပမာ သူခံစားနေရသည်။ အနာဂတ်ခရီးလမ်းအတွက် ဘယ်ကို မှန်းဆ လျှောက်လှမ်းရမည်မှန်း မသိတော့ပြီ။

စိတ်ကူးယဉ် အနာဂတ်အိပ်မက်တို့ ပျောက်ဆုံးသွားခဲ့ပြီးသည့်နောက် သူ့အနာဂတ်ဘဝကို မိဘတွေထံသို့သာ အပ်နှံလိုက်သည်။

ကိုယ်မျှော်မှန်းထားသလို မဖြစ်တဲ့လောကကြီး ဖြစ်ချင်ရာသာ ဖြစ်တော့ဟ။

“ညလေး. . . ပြီးပြီလား”

“ဟုတ်. . .”

“လှလိုက်တာ ညလေးရယ်၊ သူများတွေကတော့ ထင်မယ်၊ ညလေးအလှကို မမ ဖန်တီးပေးထားတာလို့၊ တကယ့်ပင်ကိုယ်အလှဆိုတာ ဘယ်သူကများ ယုံမှာလဲ”

“မမကလည်း. . . ကိုယ့်ငါးချဉ် ကိုယ်ချဉ်နေပြန်ပါပြီ၊ မမ ပြင်ပေးတာ မဟုတ်ရင် မယ့်ပါးက အမာရွတ် ဘယ်ပျောက်မှာလဲ၊ ဒါ မမ ဖန်တီးတာပဲပေါ့”

နတ်မိမယ်. . . မမကို ကျေးဇူးတင်စွာဖြင့် တုန့်ပြန်လိုက်သည်။





ညီအစ်မနှစ်ယောက် လက်ဆွဲပြီး လှေကားပေါ်က ဆင်း လာကြသည်။

သမီးချောနှစ်ယောက် အလှချင်း ပြိုင်နေမှုကို ဧည့်ခန်းဦး စကားပြောနေသော မိဘနှစ်ပါးက နှစ်လိုစွာဖြင့် ပြုံးပြုံးကြီး ကြည့် နေကြသည်။

“ဖေဖေနဲ့မေမေ ဘာမှာဦးမလဲ”

“မမှာတော့ပါဘူး”

“အေးအေးဆေးဆေးသာ နောက်ဆံမတင်းဘဲ လည်ခဲ့ကြ”

“ဟုတ်”

မေဘရဏီ ကားကို ကျင်လည်စွာ မောင်းထွက်ခဲ့သည်။ နှစ်ပေါင်းများစွာ ကျောင်းစာနှင့် လက်တွေ့ဘဝထဲ နှစ်မြှုပ်ထားခဲ့သော အလှေအထက ခံနေ၍သာ သူ နေသာထိုင်သာ ရှိသည်။ အနာဂတ် ရည်မှန်းချက်ကိုလည်း တစ်ထစ်ချင်း တက်လှမ်းနေသူ ဖြစ်၍ ရင်ထဲ အမှတ်မထင် ဝင်ရောက်ပြီး မွှေနှောက်နေသည့် အချစ်ဝေဒနာကို သူ ကုပေးနိုင်မည်ဟုလည်း ကိုယ့်ကိုယ်ကို ယုံကြည်မှုအပြည့် ရှိလေသည်။

ဂရိတ်ဝေါလ် စင်တာရှေ့ ကားပါကင် တစ်နေရာ ထိုးရပ်လိုက်ပြီး ညီမလေးလက်ကို ဆွဲကာ ဝင်ပေါက်သို့ လာခဲ့သည်။ ဝင်ပေါက်နား:တွင် စောင့်နေသောလူလူကို သူ လှမ်းမြင်လိုက်ရသည်။

လူလူက သူတို့ကို မြင်ဟန်မတူသေး။ လက်နှစ်လှမ်းအကွာ ရောက်မှ လူလူက ဒီဘက်အလှည့်နှင့် မြင်တွေ့သော် လူလူ မျက်စိ မျက်နှာပျက်သွားလေသည်။

ရှောင်ပုန်းရန်လည်း နောက်ကျသွားလေပြီကိုး။ လူလူက ချိန်းဆိုထားသောနေရာ၌ အချိန်အတိအကျ ရောက်နေရှာသည်။

www.burmeseclassic.com

www.burmeseclassic.com

သူ့လက်လည်း တင်းကနဲ ဖြစ်သွားသည်။ မယ်က ဆုပ်ကိုင်ထားသော သူ့လက်ကို ရမ်းယောင်ကာ ညှစ်လိုက်မိသည်။

"လူလူ"

မေဘရဏီ မောင်ဟု မခေါ်တော့။

လူလူ ပြုံးတုံးကြောင်တောင်နှင့် ကြည့်လိုက်သည်။

"မမမေ ညီမလေးလေ. . . နတ်မိမယ်တဲ့၊ ငယ်နာမည်က ပိုးလေး"

"ဟုတ်. . . ဟုတ်ကဲ့"

လူလူ ခေါင်းညိတ်ရင်း ထစ်ထစ်ငေါ့ငေါ့ အသိအမှတ်ပြုလိုက်သည်။

သူ့ရင်ထဲ နေဆယ်စင်းမက ထွန်းလင်းနေပြီထင့်။ ပူလောင်လိုက်သည့်ဖြစ်ခြင်း။

ဟိုရှောင်ဒီရှောင် လုပ်ခဲ့သမျှ ယခုတော့ ပက်ပင်းမိနေလေပြီ။

"ညလေး. . . ကိုလူလူသာကျော်တဲ့"

ထိုအချိန် မေဘရဏီဖုန်းက ခေါ်သံထွက်ပေါ်လာသည်။

အချိန်က ကွက်တိမို့ မေဘရဏီစိတ်ထဲ ကြိတ်ပြုံးမိလေသည်။

"ဟယ်လို. . . သြော်. . . ပြော"

"xxxxxxx"

"ဟုတ်လား. . . အခုချက်ချင်း လာခဲ့မယ်၊ စောင့်ခိုင်းထားလိုက်၊ ဒါပဲ. . . ဒါပဲ"

မေဘရဏီ ဖုန်းကို ပိတ်လိုက်ပြီး. . .

"ကိုင်း. . . လူလူရေ၊ အရေးပေါ်လူနာ ရောက်လာလို့





မမမေ သွားမှဖြစ်မယ်၊ လူလူ ကျေးဇူးပြုပြီး ညီမလေးကို အဖော်လုပ်ပေးလိုက်ပါ၊ နောက်မှ ဖုန်းနဲ့ ဆက်သွယ်မယ်နော်၊ ညလေး စိတ်တိုင်းကျ ဝယ်"

မေဘရဏီ ငါးထောင်တန်တစ်အုပ် နတ်မိမယ် ဆလင်းဘက်အိတ်ထဲ ထည့်ပေးလိုက်ပြီး သုတ်သီးသုတ်ပျာနှင့် ထွက်ခွာသွားလေသည်။

လူလူကော နတ်မိမယ်ပါ ကြက်သေ,သေပြီး ကျန်ရစ်ခဲ့ကြလေသည်။

ဒါ ကံကြမ္မာ၏တွန်းပို့ပေးမှုလား။

ဒါမှမဟုတ်. . .

မမမေဘရဏီ၏တွန်းပို့ပေးမှုလား။

ဒါကိုတော့. . .

မမမေဘရဏီ အသိဆုံးဖြစ်လိမ့်မည်။

လူလူ. . . နတ်မိမယ်ကို ငေးကြည့်ပြီးမှ. . .

"ဝလုံးလေးပါနော်"

"မဟုတ်ပါဘူး. . . ကိုလူလူ လူမှားနေပြီထင်ပါတယ်"

ရိုးသားစွာဖြင့် လိမ်ညာဖို့ ကြိုးစားနေသောသရုပ်က ပေါ်လွင်နေသည်။

"ဝလုံးလေး. . . ပိုးလေး. . . အင်တာနက် Nickname က "မေ" ၊ အမည်ရင်းက နတ်မိမယ်ဆိုတာ ကိုယ်သိပြီးပါပြီ မယ်. . . ချယ်ရီတို့ဆီကပါ"

လူလူက အပိုင်ချည်၍ပြောလိုက်တော့ နတ်မိမယ် မငြင်းသာတော့ချေ။

စိတ်လှုပ်ရှားမှုကြောင့် မျက်ရည်များပင် ရစ်ဝဲလာသည်



www.burmeseclassic.com

www.burmeseclassic.com

"လာ. . . မယ်၊ ကိုယ်တို့ စားသောက်ဆိုင်မှာ စကားသွားပြောရအောင်"

"မမ သိသွားပြီလား"

"ဒါတော့ ကိုယ်မသိသေးဘူး မယ်"

လူလူ လက်ကမ်းပေးသော်လည်း နှတ်မိမယ် လှမ်းမဆုပ်ကိုင်ချေ။

လူလူ လက်ပြန်ရုပ်သိမ်းပြီး ဦးဆောင်ကာ ခေါ်ခဲ့လိုက်လေသည်။

ကော်ဖီဆိုင်၌ ထိုင်လိုက်ကြသည်။

ကော်ဖီအေးတစ်ခွက်စီ မှာလိုက်ကြသည်။

"ကိုယ်ကြောင့် မယ့်မှာ ဒဏ်ရာကြီး ဖြစ်သွားမှန်း လုံးဝမသိခဲ့ရိုးအမှန်ပါ၊ သိသိချင်း ကိုယ့်ကိုယ်ကို ခွင့်မလွှတ်နိုင်အောင် ခံစားလိုက်ရတယ်"

နှတ်မိမယ် ခေါင်းလေး ငုံ့လျှိုးထားလိုက်သည်၊ သူ၏စွန်းထင်းနေသော မျက်ရည်စတို့ကို မမြင်တွေ့စေချင်ပါ။

"သိသိချင်း အင်တာနက်ထဲမှာ ကိုယ် ပိုးလေးကို ရှာပါတယ်"

"ကိုယ့်ကြောင့် ရသွားရတဲ့ဒဏ်ရာကို ကိုယ်ပဲ ပြန်ကုပေးချင်ပါတယ်၊ မကုရင်တောင် ကိုယ် တာဝန်ယူမယ်ဆိုတဲ့စိတ်နဲ့ပါ"

လူလူ၏စိတ်ရင်းအမှန်တွေဟု နှတ်မိမယ် ယုံကြည်လိုက်လေသည်။

"အင်တာနက်ကြောင့် ချယ်ရီတို့ ဆက်သွယ်လာတာနဲ့ ကိုယ် ချယ်ရီနဲ့ဝတ်မှုန်ကို သွားတွေ့တော့ အကြောင်းစုံကို ဆက်စပ်ပြီး သိလိုက်ရတယ်"





နှတ်မိမယ် ရင်ထဲ ဟာကနဲဖြစ်သွားသည်။

"ဘုရားရေ. . . ဒါဆို မမ သိသွားပြီထင်တယ်" ဟု ရင်ထဲ ဘုရားတလိုက်မိလေသည်။

မျက်လုံးလေး ဝိုင်းဝိုင်းလည်သွားပြီး ကော့ရှမ်းနက်မှောင်သန်စွမ်းသော မျက်တောင်ကော့ကြီးများ ပင့်လှန်ကာ စိုးရိမ်တကြီးကြည့်လိုက်သည့်ဟန်က ငယ်စဉ်က ပုံရိပ်ကလေးအတိုင်း ဖြူစင်လွန်းလှသည်၊ အပြစ်ကင်းစင်လွန်းလှသည်။ ဒီပုံစံလေးကို အသည်းတယားယားနှင့် သူ မချင့်မရဲ ဖြစ်ကာ စခဲ့နောက်ပြောင်ခဲ့မိသည် မဟုတ်ပါလား။

"ဒါဖြင့် မယ့်ကို ဘာဖြစ်လို့ မရှာခဲ့တာလဲ"

"ကိုးတန်းစာမေးပွဲဖြေပြီးတဲ့ နောက်ဆုံးနေ့မှာပဲ ဘွားဘွားက တစ်ခါထဲ မန္တလေးကို တန်းပြီးခေါ်သွားလိုက်တာ သူငယ်ချင်းတွေနဲ့ ဖုန်းနံပါတ်တောင်းခိုင်းလိုက်ဖို့ အချိန်မရဘူး ဖြစ်သွားတယ်၊ မန္တလေး ရောက်တော့လည်း မန္တလေးက သူငယ်ချင်းသစ်တွေ ထပ်ရတော့ ရန်ကုန်နဲ့ အဆက်အသွယ်ပြတ်သွားတယ်"

"ချစ်သူတွေ အများကြီး ထားခဲ့မှာပေါ့နော်"

နှတ်မိမယ် မဝံ့မရဲလေး မေးလိုက်သည်။

"ချစ်သူတွေ များတယ်ဆိုတာ အပျော်ပါ၊ အဲဒီအပျော်က ကိုယ့်ဘဝကို တန်ပြန်သက်ရောက် ဒဏ်ခတ်လိမ့်မယ်ဆိုတာ ကိုယ် တစ်ခါမှ မတွေးခဲ့မိဘူး၊ အခုတော့ ညီမနှစ်ယောက်ကြားမှာ ကိုယ် အရမ်းခံစားနေရပြီ၊ ကံကြမ္မာရဲ့ရိုက်ချက်က ပြင်းလွန်းတယ်"

နှတ်မိမယ် ခေါင်းခါအယမ်းတွင် မျက်တောင်ကော့ကွယ်ဝှက်နေသော ကြေကွဲပွင့်တို့ လွင့်စင်ခယသွားလေသည်။

"လူလူ ခံစားစရာမလိုပါဘူး၊ မယ်နဲ့လူလူနဲ့ ဘာမှ ဆိုင်တာ



www.burmeseclassic.com

www.burmeseclassic.com

မှ မဟုတ်တာ၊ အင်တာနက်က "မေ" က မယ် အပျင်းပြေ ကစားတာ၊ အဲဒီမေက မချစ်တတ်ဘူး၊ ချစ်တမ်းပဲ ကစားတတ်တာပါ"

နတ်မိမယ်က ဖြည်းဖြည်းအေးအေးဆေးဆေးလေး ပြောလေသည်။ အပြစ်ကင်းစင်သောမျက်ဝန်းကြီးတွေက မုသားကို ဖော်ကောင်လုပ်မှာကို ရိပ်မိလေသည်ထင့်။ မျက်လွှာလေး ချကာ သူ့မျက်ဝန်းတွေကို ရင်မဆိုင်ဘဲ လေပြည်သွေးနေလေသည်။

"တကယ်ပြောတာလား မယ်"

"အင်း. . ."

"လူလူကလည်း ချစ်တမ်းကစားရင်း ဖူးစာရှင် ရှာခဲ့တာပါ၊ ဒီမှာ မေလို့ ပြောတတ်တဲ့ မမမေကို အစ်မသူငယ်ချင်းအနေနဲ့ သွားတွေ့တယ်၊ အင်တာနက်မေအမှတ်နဲ့ စိတ်ဝင်စားသွားတယ်"

နတ်မိမယ် ခေါင်းခါလိုက်သည်။

"ဆက်မပြောပါနဲ့ လူလူ၊ ဆက်ပြောရင် လူလူဟာ သစ္စာမရှိတဲ့ယောက်ျား ဖြစ်သွားလိမ့်မယ်၊ ဘယ်လိုကြောင့်ပဲ ချစ်ခဲ့ချစ်ခဲ့ လက်ရှိက မမမေနဲ့လူလူဟာ မိဘတွေ အသိအမှတ်ပြုထားတဲ့ ချစ်သူစုံတွဲပါ၊ မကြာခင် စေ့စပ်တော့မှာလေ"

လူလူ ရင်မှာ ဆို့နင့်စွာနှင့် ခေါင်းခါယမ်းလိုက်မိသည်။

"မယ့်မျက်နှာ ခွဲစိပ်တာ မြန်သွားတယ်"

"ဟင်"

"မခွဲစိပ်ရသေးရင် ကိုယ် မယ့်ကို လက်ထပ်မလို့၊ အဲဒီအချိန်မျိုးဆိုရင် အားလုံးနဲ့ ရင်ဆိုင်ဝံ့တယ်၊ ကိုယ်ကြောင့် အနာတရဖြစ်သွားခဲ့တာကို ကိုယ်တန်ဖိုးထားရဲတယ် တာဝန်ယူရဲတယ်ဆိုတာ ပြချင်ခဲ့မိတာ"

"စိတ်ကူးယဉ်မဆန်ချင်ပါနဲ့ လူလူရယ်"





နတ်မိမယ် ငိုချင်စိတ်တို့ကို မနည်းချုပ်တည်းထားရသည်။ ချစ်သူ၏အကြင်နာစကား၊ ချစ်စကားတို့ဟာ မုသားဖြစ်ပါစေ ယုံကြည်ပြီး တန်ဖိုးထား ချစ်နေတတ်တာဟာ ချစ်တတ်လွန်းသူ မိန်းမသားတွေရဲ့ရူးသွပ်တဲ့ အစွဲအလမ်းတစ်ခုပါပဲလေ။

မိတ်ကပ်ပါးပါးလေး လိမ်းကျံမှုအောက်ဝယ် အနာရွတ် အရေးအကြောင်း လုံးဝမထင်တော့သဖြင့် ဖူးမွှတ်နေအောင် ချောသော နတ်မိမယ်ကို လူလူ နှမြောတသစွာ ငေးကြည့်ရင်း. . .

"မယ်. . . ကိုယ့်ကို လုံးဝမချစ်ခဲ့ပါဘူးလို့ ဝန်ခံရဲသလား"

နတ်မိမယ် ခေါင်းညိတ်ဖို့ အတော်ဝန်လေးသွားအောင် နှလုံးသားက ညို့ငင်ထားလေသည်။

ငယ်စဉ်ကတည်းက စွဲတဲ့အချစ်က ကိုယ့်ကို အနာတရဖြစ်အောင် လုပ်ခဲ့သူကိုတောင် မမေ့မလျော့ဘဲ အကာအကွယ်တွေ ပေးခဲ့သည်အထိ ရူးသွပ်စွာ စွဲလမ်းခဲ့သည်မှာ သေသွားသည့်တိုင်အောင် သယ်ယူသွားမည့် စွဲလမ်းမှုမျိုးဖြစ်သည်။

"ဟင်. . . မယ်. . . လူလူဆိုတဲ့ ရမ်းကားတဲ့ လူရမ်းကားလေးဟာ မယ့်ရင်ထဲ လုံးဝမရှိခဲ့ဘူးလား၊ ဘာဖြစ်လို့များ မိုက်ရိုင်းတဲ့ကောင်ကို ပြစ်ဒဏ်တွေ မပေးဘဲ ကာကွယ်ခဲ့ရတာလဲကွာ၊ ကိုယ့်ကို နာကျင်နေအောင် ဒဏ်ခတ်လိုက်တာလား"

လူလူ ယူကျုံးမရစွာ ပြောလိုက်လေသည်။

"ဒီကိစ္စတွေ မေ့ပစ်လိုက်ပါတော့၊ မယ်တို့ ဘာမှမသိခဲ့သလိုပဲ နေကြရအောင်"

ရင်ထဲက ဝေဒနာကို နတ်မိမယ် ဖုံးကွယ်ဖို့ ကြိုးစားရင်း လူလူကိုပင် ပြန်လည်နှစ်သိမ့်နိုင်ရန် ကြိုးပမ်းနေလေသည်။

"မမ ရင်နာအောင် မယ် မလုပ်နိုင်ဘူး၊ မယ်နဲ့လူလူကြား


www.burmeseclassic.com

www.burmeseclassic.com



လူမှုရေး စည်းခြားနေပါပြီ၊ လူလူ မမကို သစ္စာရှိပေးပါ”

လူလူ ရင်နာစွာဖြင့် နားထောင်နေရသည်။ သူ ပြတ်သားချင်ပါသည်။

ပိုးလေး(ခေါ်) သူရဲ့ဝလုံးလေးဟာ သူရဲ့ငယ်ချစ်ဦးပါ။

ငယ်ချစ်ဦးကို မရှာဖွေခဲ့မိတာ သူ့အမှားဆိုလျှင် ဒီအမှားကို ပေးဆပ်ဖို့ရာ စွန့်လွှတ်ခြင်းဆိုတာနဲ့ပဲ ထိုက်တန်သလား။ လူလူ ဝေခွဲ၍မရချေ။

“မယ် ဈေးသွားဝယ်တော့မယ်”

“လူလူ ခြင်းလှည်းလိုက်တွန်းပေးမယ်၊ ဒါမှမဟုတ် အထုပ်လိုက်ဆွဲပေးမယ်”

“သူငယ်ချင်းအနေနဲ့ဆို လိုက်ခဲ့လေ. . . ပိုးလေးသူငယ်ချင်းပေါ့၊ အင်တာနက်က မေကို ဖြတ်ပစ်လိုက်တော့မယ်ဆိုရင်”

နတ်မိမယ်က ရင်ထဲက ဆန္ဒတွေကို ဆန့်ကျင်ပြီး ပြောနေရတော့ ရင်မှာ နာကျင်လျက်ရှိသည်။ ဒါပေမယ့် မယ် ကျေနပ်နိုင်ပါတယ်၊ မယ့်ကို သိပ်ချစ်တဲ့မမအတွက် မယ် နောက်ဆုတ်ပေးရတာ မယ် ကျေနပ်နိုင်ပါတယ်။

“ကောင်းပါပြီ. . . ငယ်ကျွမ်းအတွက် လူလူ ရင်အကျွမ်းခံပါ့မယ်”

ကော်ဖီဆိုင်မှ ထွက်ခဲ့ကြပြီး ဈေးဝယ်ရန် ဆိုင်များဘက် လျှောက်ခဲ့ကြသည်။

ဈေးမဝယ်ချင်ဘူး၊ အိမ်ပြန်ပြီး ခွေနေချင်ပေမယ့် ဟန်ကိုယ်ဖို့ဆိုတာ ရှိသေးသည်။

နတ်မိမယ် ရင်ထဲ နာကျင်နေပေမယ့် တစ်ဖက်သတ် တိတ်တခိုး ချစ်ရသူနှင့် သွားလာခွင့် ရရှိခြင်းအတွက် ကံကြမ္မာက ပေး





သော အခွင့်အရေးအဖြစ် ရင်မှာ ကြည်နူးမှု လှိုင်းဂယက်ကလေးကတော့ ထလျက်ရှိချေပြီ။


နှလုံးသားကိုတော့ ဘယ်လိုလုပ် လိမ်ညာတားဆီးနိုင်မှာတဲ့လဲ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၉)

"လူလူရေ. . . မမမေ ဘယ်လိုမှ မအားလို့၊ ညီမလေးကို အိမ်ပြန်ချင်လည်း အိမ်ပြန်ပို့၊ သွားချင်တဲ့ဆီ ရှိလည်း လိုက်ပို့ပေးပြီးမှ အိမ်ပြန်ပို့ပေးလိုက်ပါ"

မမမေက ဖုန်းခေါ်ပြီး အမိန့်တွေ ပေးနေသည်။ လူလူက

"ဟုတ်ကဲ့. . . ပြီးရင် ကျွန်တော် မမမေဆီ လာခဲ့မယ်"

"မလာနဲ့. . . တို့ ဒီနေ့ မအားသေးဘူး၊ ဒါပဲနော်"

မမမေ ဖုန်းချသွားခဲ့လေသည်။





လူလူ ဖုန်းပိတ်ပြီး နတ်မိမယ်ကို ကြည့်လိုက်သည်။ ချက်လုံးဝိုင်းလေးက နက်မှောင်ကော့ပျံနေသော မျက်တောင်ကော့များအောက်မှာ သူ့အား မေးခွန်းထုတ်နေသည်။ "မမမေ ဘာတဲ့လဲ" ဟု နှုတ်ကတော့ အသံထွက်မလာချေ။

"မမက မယ် သွားချင်တဲ့ဆီ လိုက်ပို့ခိုင်းတာ၊ သူ လာမကြိုနိုင်တော့ဘူးတဲ့"

မယ် မျက်နှာလေး ငယ်သွားသည်။ မမ၏အပြုအမူက တိုက်ဆိုင်မှုကြောင့် မဖြစ်နိုင်။ တမင်ရှောင်ရှားနေသော အပြုအမူတွေ ဖြစ်သည်။

သို့ဆိုပါလျှင် မမသည် လူလူနှင့်မယ့်အကြောင်းကို သိနေလောက်ပြီ။

"မယ်. . . ကိုယ်တို့ ဦးပိန်တံတားဘက် သွားရအောင်"

"ဟင်. . . မသွားချင်ဘူး၊ အိမ်ပဲ ပြန်မယ်"

မယ် ထိတ်လန့်တကြား ငြင်းဆန်လိုက်သည်။

မမရဲ့အထင်လွဲမှုကို မယ် မခံနိုင်ပါ။

"အထင်မလွဲစေချင်ဘူး. . . ဒါပေမယ့် ကိုယ် မယ့်ကို တိုင်ပင်စရာ ဆွေးနွေးစရာစကားတွေ ရှိနေသေးတယ်လေ"

"မယ်တို့နှစ်ယောက် ရှေ့ဆက်ပြီး ပတ်သက်ရမယ့် အကြောင်းက တစ်ခုပဲ ရှိပါတယ်၊ လူလူဟာ မယ်ခဲအိုဆို ဝါအရ မယ့်အစ်ကို ဖြစ်လာရမယ့်သူ၊ ဒါပဲ မယ်သိတယ်"

လူလူက မယ် ဘာပြောနေပြောနေ ဂရုမစိုက်ဘဲ ကားကို ဦးပိန်တံတားဘက်သို့ ဦးတည်လိုက်လေသည်။

"မမကို မယ် ဖွင့်ပြောမှာထက် ကိုယ့်,ကိုယ်တိုင်ပဲ ဖွင့်အဝန်ခံချင်တယ်၊ မမ သိပြီးပြီလား မသိရသေးဘူးလားဆိုတာ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com

သေသေချာချာ သိချင်တယ်၊ ဒီလိုလုပ်ပါလား မယ်၊ မမဆီ အရင် ဖုန်းခေါ်ကြည့်၊ မယ့်မှာ ဟန်းဖုန်းပါသလား"

"ပါပါတယ်"

မယ် လူလူ့စကားကို နားထောင်လိုက်သည်။ အမှန်စင်စစ် မယ့်ကိုယ်တိုင်လည်း လူလူနှင့် နှစ်ယောက်တည်း နေခွင့်ရတုန်းလေး နေလိုက်ချင်သည်။ လူလူကို တမ်းတ,စွဲလမ်းခဲ့တဲ့ နှစ်ကလည်း ဆယ်နှစ်တောင် ရှိခဲ့ပြီကိုး။

မမကို မယ် ဖုန်းခေါ်ကြည့်သည်။

လူကြီးမင်းနှင့် တိုးနေသည်။ စက်ပိတ်ထားသည်တဲ့။

"စက်ပိတ်ထားတယ်"

"ဒါဖြင့် ချယ်ရီနဲ့ဝတ်မှုန်ကို ခေါ်ကြည့်လိုက်ပါလား၊ မမ သူတို့ဆီ ရောက်လာမလား သိရအောင် မယ် အစ်အောက်ပြီး မေးကြည့်ပါလား"

မယ် ခေါင်းညိတ်လိုက်သည်။

တလောက မမ ပြင်ဦးလွင်သို့ ဧည့်သည်များကို လိုက်ပို့ ရင်း သွားခဲ့သေးသည်။

အဲဒီက ပြန်လာပြီးကတည်းက မမ၏ဝေဆာနေတတ် သော အသံစာစာလေး ပျောက်ဆုံးနေခဲ့သည်ဟု မယ် အကဲခတ်မိ သည်။

"ဟယ်လို"

"ငါပါ. . . မယ်လေ ချယ်ရီ"

"မယ်. . . နင် ပတ်တီးဖြေပြီးပြီလား"

"ဟုတ်တယ် ချယ်ရီ"

"နင့်မျက်နှာကို ငါတို့ လာကြည့်ချင်လိုက်တာဟယ်၊ မမက တားထားလို့ မလာရဘူး"

"မမက ဘယ်တုန်းက တားတာလဲ"

"နင် ပတ်တီးမဖြေရသေးလို့တဲ့၊ နောက်တော့ ဒုက္ခမရှာပါ နဲ့၊ ပြင်ဦးလွင် လာတော့မှာဆိုလို့"

"ဟုတ်တယ်. . . သုံးလေးရက်နေရင် တက်လာတော့မှာ၊ ဒါထက် နင့်ကို ငါ မေးစရာရှိလို့ ချယ်ရီ၊ နင် မှန်မှန်ဖြေပေးပါ"

"မေးလေ မယ်"

"ငါ့မမ နင့်ဆီကို လာသွားသလား"

ချယ်ရီထံမှ ရုတ်တရက် အသံထွက်မလာချေ။

"ဟယ်လို. . . ချယ်ရီ. . . ငါ့ကို မှန်မှန်ဖြေပေးပါ၊ ငါ့ အတွက် အရေးကြီးလို့ပါ"

"အေးလေ. . . နင်ကောင်းဖို့အတွက်ဆိုရင် ငါဟာ ကတိ မတည်တဲ့သူ ဖြစ်ချင်လည်း ဖြစ်ပါစေတော့၊ ဟုတ်တယ်. . . မမ လာသွားတယ်၊ နင်ဟာ ပိုးလေးဘဝထဲက လူလူ့အတွက် ဘယ် လောက် ကာကွယ်ခဲ့သလဲဆိုတာကအစ ငါပြောပြလိုက်တယ်"

"ဟင်. . . ဒီကိစ္စ နင်ဘယ်လိုလုပ် သိသလဲ"

"လူလူက အရင်လာသွားတယ်လေ"

မယ်. . . လူလူကို ဖျတ်ကနဲ ကြည့်လိုက်သည်။ သူ မသိ သေးတာတွေ အများကြီးပါလား။

"ကိုယ် ရှင်းပြစရာတွေ အများကြီး ရှိပါသေးတယ်၊ ဒါကြောင့် ဦးပိန်တံတားဘက် ခေါ်လာတာပေါ့ မယ်"

"လူလူ ရှင်းပြလို့ နင့်အမာရွတ် ရခဲ့တဲ့အကြောင်းရင်း သိရသလို လူလူရဲ့ နင့်အပေါ် ထားတဲ့စိတ်ရင်းကိုလည်း သိလိုက်ရ တယ်၊ နင်နဲ့လူလူ ပြန်တွေ့ဖို့ ဆုံစည်းစေချင်လို့ မမ မေးတော့




www.burmeseclassic.com

www.burmeseclassic.com

ငါတို့အားလုံး ဖွင့်ပြောပြလိုက်တယ်လေ"

"ဟင်. . . ဒါဆို မမ အားလုံးသိသွားပြီပေါ့နော်"

လူလူက သူ တွက်ဆထားသည့်အတိုင်း ဖြစ်နေခြင်းမို့ ထူးကဲသောအံ့ဩမှုတို့ ဖြစ်မလာတော့ပါချေ။

"အေးပေါ့. . . မမက နင့်ကို သူသိသွားပြီဆိုတဲ့အကြောင်း နင့်ကို အသိမပေးဖို့ ကတိတောင်းပေမယ့် ငါ အခု ကတိ ဖျောက်ဖျက်ပစ်လိုက်ရပြီ၊ နင် လူလူနဲ့ တွေ့ပြီလား"

"အင်း. ."

"ဒါဆို အိုကေမှာ စိုပြည်နေကြပြီပေါ့။ ဝမ်းသာပါတယ်ဟာ နင့်စိတ်ကူးယဉ်အိပ်မက် အကောင်အထည်ဖော်ပြီပေါ့"

မယ့်ရင်ထဲ နင့်ကနဲဖြစ်သွားသည်။ မမနှင့်လူလူအကြောင်း မသိသေး၍ ချယ်ရီ ပြောနေခြင်းဖြစ်သည်။ မယ် ရှင်းပြမနေတော့ဘဲ. . .

"ဒါဖြင့် ဒါပဲလေ၊ ငါပြန်လာတော့မှပဲ ဆုံကြရအောင်၊ ဝတ်မှုန်ကိုလည်း သတိရကြောင်း ပြောပေးလိုက်ပါ"

"အေး. . အေး. . တစ်ယောက်တည်း မတွေ့ချင်ဘူး၊ နှစ်ယောက်တွေ့ပြီး ကျွေးရမယ်နော်. . . ဒါပဲ"

"အခြေအနေအရပေါ့ဟာ"

မယ် ဖုန်းပိတ်လိုက်သည်။ စိတ်ထဲမှာ လေးလံလျက်ရှိသည်။ မမကို ဘယ်လိုရင်ဆိုင်ရမလဲ မသိနိုင်အောင်ဖြစ်လေသည်။

"ဘာတဲ့လဲ"

လူလူကို အကျိုးအကြောင်း ရှင်းပြလိုက်သည်။ လူလူက ခေါင်းညိတ်ပြီး. . .

☺ အောင်မြင်စာပေ ☺



"မမကို ကိုယ်ပဲ ရင်ဆိုင်ဖြေရှင်းလိုက်ပါ့မယ်"

မယ် ဘာမှမပြောချင်တော့။ ပြောနိုင်သောအင်အား မယ့်မှာ ကုန်ဆုံးသွားသလို ခံစားလိုက်ရသည်။

အစ်မဖြစ်သူ၏နှလုံးသားကို နင်းချေပြီး ရယူပိုင်ဆိုင်ရမည့်အချစ်ကိုလည်း မလိုချင်တော့။

ရင်ထဲ၌သာ လူလူ့ကို ချစ်သောအချစ်ကို သိမ်းဆည်းထားလိုက်ချင်သည်။

လူလူက ဦးပိန်တံတား ရောက်တော့ မယ် စံပယ်ပင်ကြီးအောက်က ဆိုင်တန်းလေးမှာထိုင်၊ အုန်းစိမ်းရည်မှာ ငါးကြော်၊ ပုဇွန်ကြော်လေးများကို မှာပြီး. . .

"စားလေ မယ်၊ မယ် စားရင်း ကိုယ်ပြောတာကို နားထောင်ပါ"

လူလူ သူ့ဘဝကို ပိုးလေးနှင့် ခွဲခွာပြီးနေ့မှစ၍ မန္တလေး၌ပြန်နေပုံ၊ ထိုမှ ရွှေစင် ဝေဠုတို့နှင့်ပါ ကွဲကွာသွားပြီးနောက်မှ ကားဝယ်ရင်း ရွှေစင်နှင့် ပြန်ဆုံကာ ပိုးလေးအမာရွတ်ကိစ္စ သိလိုက်ရပုံနှင့် အင်တာနက် ဝက်ဘ်ဆိုက်၌ တင်လိုက်သည်။ ထိုမှ ချယ်ရီ ဆက်သွယ်လာသဖြင့် သူ ချယ်ရီကို သွားတွေ့ရာမှ ပိုးလေး(ခေါ်) နတ်မိမယ်အကြောင်း အလုံးစုံ သိလိုက်ရသည်။

တဆက်တည်း နတ်မိမယ်နှင့် မမမေဘရဏီ ညီအစ်မဖြစ်ကြောင်း သိလိုက်ရသည်။

သို့သော် မမမေကို အင်တာနက်မှ မေဟု ထင်မှားခဲ့ကြောင်းကိုတော့ မပြောပြတော့ပါချေ။

ယောက်ျားပီပီ ကိုယ်စထားမိသောဇာတ်ကို ကိုယ်တာဝန်ယူရဲရမည်ဟု ခံယူထားသည်မို့. . .

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



"ဒါပါပဲ မယ်၊ မယ်ဟာ အပြစ်ကင်းသူပါ၊ ဒီထဲမှာ အပြစ်ရှိသူဟာ ကိုယ်ပဲမို့ ကိုယ်ပဲ မမမေကို ဖွင့်ပြောလိုက်ပါ့မယ်"

နတ်မိမယ် ခေါင်းခါလိုက်သည်။

"မပြောပါနဲ့. . . မမနဲ့လူလူဇာတ်လမ်းက လူသိရှင်ကြား ဖြစ်နေပြီလေ၊ မယ့်ဇာတ်လမ်းက သက်ဆိုင်သူတွေသာ သိပြီး ဖျောက်ဖျက်ပစ်လိုက်ရင် ပြီးပါပြီ၊ ဒီအတိုင်းပဲ နေလိုက်တာ မကောင်းဘူးလား လူလူ"

လူလူ့ရင်ထဲ နတ်မိမယ်အပေါ် မြတ်နိုးခြင်းအပြင် ကရုဏာသက်ခြင်းတွေပါ ဆင့်ကဲခံစားလိုက်ရသည်။ မယ်ကတည်းက စွဲခဲ့တဲ့အချစ်မို့ စွဲလမ်းမှုက သူ့နှလုံးအိမ်ကို ရေသောက်မြစ်သဖွယ် တွယ်နေပြီးသားဖြစ်သည်။

ဝင်လုလု နေရောင်ကြောင့်. . .

"မယ်တို့ ပြန်ကြရအောင် လူလူ"

ဟု ဆော်ဩလိုက်သည်။ လူလူ ငွေရှင်းပြီး ထိုင်ရာက ထလိုက်သည်။

အုန်းစိမ်းရည် အနည်းငယ် လျော့ပါးသွားသည်မှအပ ကျန်စားစရာများ အရာမယွင်းဘဲ ဒီအတိုင်း ကျန်ရစ်ခဲ့လေသည်။ ကားနားသို့အရောက်. . .

သူတို့၏ရင်ထဲမှာ အဖြေကို ရှာဖွေမတွေ့သေးဘဲ တအုံနွေးနွေး ရှိနေရာမှ မယ်ရင်ထဲမှ နှလုံးသွေးတို့သည် ကြေကွဲမှုအဖြစ် ပုလဲမျက်ရည်ခလေပြီ။

"မယ်"

လူလူ့ရင်ထဲ မခံရပ်နိုင်သည့်အဆုံး မယ့်ကို လှမ်းဖက်ကာ ရင်ခွင်သို့ ဆွဲသွင်းလိုက်လေသည်။ ပွေ့ဖက်ကာ နှစ်သိမ့်လိုက်မိလေ





သည်။


ရုတ်တရက် မယ်ကိုယ်တိုင်လည်း အရမ်းခံစားရလွန်းသဖြင့် မျှော်လင့်တောင့်တ စောင့်ဆိုင်းခဲ့ရသောရင်ခွင်ထဲမှ ရုန်းမထွက်နိုင်သဖြင့် ငြိမ်သက်ရင်း ငိုချလိုက်လေသည်။

ဒီမျက်ရည်တွေ ဒါ နောက်ဆုံးဖြစ်လျှင် အဘယ်မှာ ကောင်းချိမ့်မည်နည်းဟုလည်း. . .။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃၀)

"ဘွားဘွား"

ဧည့်သည်ရောက်နေသည်ဆိုသဖြင့် ဘွားဒေါ်ခင်ခင်ကျော် အိပ်ခန်းထဲမှ ထွက်ခဲ့လိုက်သည်။ မျှော်လင့်မထားသောသူကို တွေ့လိုက်ရသဖြင့် ရုတ်တရက် အံ့အားသင့်သွားရသည်။

"ဟင်. . . မေပါလား"

"ဟုတ်ကဲ့ ဘွားဘွား၊ မေ ဘွားဘွားနဲ့ စကားပြောစရာရှိလို့ ပါ"





မေဘရဏီ အဓိက,လူကို ချဉ်းကပ်လိုက်သည်။

"ထိုင်လေ မေ"

"ဟုတ်ကဲ့ ဘွားဘွား"

လူလူ မရှိချိန်မှာ တကူးတက ရွေးလာသည်ဆိုကတည်းက လူလူနှင့် ပတ်သက်လိမ့်မည်ဟု ဘွားဒေါ်ခင်ခင်ကျော်က ရိပ်မိပြီး ဖြစ်သည်။

"အသီးဖျော်ရည် ယူလာခဲ့"

အဘွားက အိမ်ဖော်မိန်းကလေးကို အမိန့်ပေးလိုက်သည်။

မေဘရဏီ ရင်ထဲ စာစီလာသောစကားတို့ကို စတင်လိုက်လေသည်။

"မေ. . . လူလူနဲ့ စေ့စပ်ဖို့ကိစ္စကို အတော်တုန်လှုပ်ပြီး နောက်ဆုတ်နေခဲ့မိတဲ့အတွက် ဘွားဘွားကို ဦးဆုံးတောင်းပန်ပါတယ်"

"တုန်လှုပ်တယ်ဆိုတာ. . ."

"မေ. . . အိမ်ထောင့်တာဝန် ထမ်းဆောင်ဖို့ ကြောက်နေတာပါ၊ နောက်တစ်ချက်က ဘွားဘွားက မြေးလူလူကို အမြန် အိမ်ထောင်ချပေးချင်တဲ့ ရည်ရွယ်ချက်မှာ လူလူရဲ့မျိုးဆက် လိုချင်တာလည်း ပါမယ်လို့ မေ နားလည်ပါတယ်"

"အင်းပေါ့ကွယ်. . . မျိုးရိုးဆိုတာကလည်း မတိမ်ကောဖို့ အရေးကြီးတဲ့ကိစ္စတစ်ခု မဟုတ်ဘူးလား"

"ဒါကြောင့် မေ လူလူနဲ့ လက်ထပ်ဖို့ကိစ္စ မဖြစ်နိုင်တော့ဘူး ပါ ဘွားဘွား"

"ဟင်. . . ဘာဖြစ်လို့လဲ မေ"

ထိုအချိန် အိမ်ဖော်မလေးက ဂရိတ်ဖရုသီးဖျော်ရည်


www.burmeseclassic.com

www.burmeseclassic.com



လာချပေးသဖြင့် မေဘရဏီ နှုတ်ဆိတ်နေလိုက်သည်။

မုသားစကားဆိုပေမယ့် တစ်ဖက်သားတွေ၏အကျိုးကို မထိခိုက်စေဘူး၊ တစ်ဖက်သားအတွက် အကျိုးဖြစ်ထွန်းစေမယ်ဆိုရင် မေဘရဏီ မုသားသုံးရဲရမည်ပေါ့။

အိမ်ဖော်မလေး ပြန်ထွက်သွားမှ စိတ်ဝင်စားစွာဖြင့် စိတ်အားထက်သန်နေသော ဘွားဒေါ်ခင်ခင်ကျော်က သူ့စကားကို မစောင့်နိုင်ဘဲ ဆော်ဩလိုက်သည်။

"ပြောပါဦး မေ. . . ဘာဖြစ်လို့လဲ၊ လွတ်လွတ်လပ်လပ် ပြောလို့ရတယ်၊ အလုပ်သမားတွေက မခေါ်ဘဲ ဧည့်ခန်းထဲ မဝင်ရဲကြပါဘူး၊ အသီးရည်လေးလည်း သောက်လိုက်ပါဦး"

"ဟုတ်ကဲ့. . . နောက်တော့ သောက်ပါ့မယ်၊ မေ ပြောချင်တာက မေက ဆရာဝန်မှတ်လား၊ စင်ကာပူ သွားတုန်းက နည်းပညာတွေကလည်း သိပ်ကောင်း၊ စက်ကိရိယာတွေကလည်း ကောင်းဆိုတော့ မေလည်း ဆေးစစ်လိုက်တယ်၊ DNA ကော အပါအဝင် အကုန်လုံးကို ရောဂါရှိမရှိ စစ်ဆေးခဲ့တယ်"

မေဘရဏီ မှင်သေသေနှင့် ဖြီးဖျန်းလိုက်သည်။ ရှာနိုင်သမျှ ဝင်ငွေနှင့် လောက်ငှအောင် သုံးပြီး ပညာယူခဲ့သော သူ့အကြောင်းကို သူအသိဆုံးပင်။

"အဲဒီတော့. . ."

"မေ့မှာ ချို့ယွင်းချက်တစ်ခုက ဘွားဘွား နားလည်အောင် ပြောရရင် မေ့သားအိမ်က သန္ဓေသား ဖြစ်ထွန်းအောင် ထုတ်လုပ်ပေးနိုင်တဲ့ သားဥအိမ် ထုတ်လုပ်ပေးမှု နည်းတယ်တဲ့"

"ဒါဆို မျိုးမအောင်နိုင်ဘူး ပြောတာလား"

"ရာခိုင်နှုန်း နည်းတယ်၊ ဒါပေမယ့် ဖန်ပြွန်သန္ဓေတို့ဘာတို့





တော့ လုပ်လို့ ရကောင်းရမှာပါ၊ ဒါပေမယ့် အဲဒီလို ဒုက္ခခံဖို့ မေ့မှာ ပေးနိုင်မယ့်အချိန် မရှိဘူး ဘွားဘွား"

ဘွားဒေါ်ခင်ခင်ကျော် မျက်နှာပျက်စပြုလေသည်။

"မေ့အမှားပါ. . . လူလူ့ကို မြင်တော့ မေ ရုတ်တရက် အချစ်ဆိုတာပဲ ပေါ်ပေါက်ဖူးလွှမ်းသွားလို့ပါ၊ စေ့စပ်မယ် လက်ထပ်မယ်ဆိုတော့မှ မေ့အကြောင်း မေ သတိရသွားတယ်၊ ဘွားဘွား မေ့ကို ခွင့်လွှတ်ပါ"

"မေ ဘာဖြစ်လို့ ဘွားဘွားကိုမှ ဒီအကြောင်းတွေ ပြောပြရတာလဲ၊ လူလူ သိပြီးပြီလား၊ မေ့မိဘတွေကော သိသလား"

မေဘရဏီ မျက်ရည်ပြွန်းသော မျက်ဝန်းအစုံနှင့် ခေါင်းခါယမ်းလိုက်သည်။ မေ့မျက်ရည်ဟာ မိကျောင်းမျက်ရည် မဟုတ်ကြောင်း မေကိုယ်တိုင်ပဲ သိပါသည်။

"ဘွားဘွားကို ပထမဦးဆုံး ပြောပြရတာ ဘွားဘွားပြီးရင် ကိစ္စအားလုံး ဘယ်သူမှ မသိလိုက်ဘဲ ပြီးဆုံးသွားမယ် ထင်လို့ပါ၊ နောက်တစ်ချက် မေ ဝန်ခံချင်ပါသေးတယ် ဘွားဘွား"

ဘွားဒေါ်ခင်ခင်ကျော် အသက်အရွယ်အရကော အတွေ့အကြုံအရပါ ရင့်ကျက်နေပြီဖြစ်သောကြောင့် အေးဆေးစွာပင် စဉ်းစားရင်း. . .

"ပြောပါ မေ. . . ပွင့်ပွင့်လင်းလင်းသာပြော"

"မေ. . . ကိုယ့်ကိုယ်ကို ချစ်တယ်၊ မေ့ရည်မှန်းချက် မေ့လုပ်ငန်းတွေ ဆထက်တပိုး တက်ဖို့ကိုပဲ မေ လိုလားတယ်၊ မေ. . . လူလူအတွက် အိမ်ရှင်မကောင်းတစ်ယောက် ဇနီးကောင်းတစ်ယောက်အနေနဲ့ အပြည့်အဝ အချိန်ပေးနိုင်မှာ မဟုတ်သလို သားသမီးကိုလည်း ခက်ရာခက်ဆစ် ယူပေးနိုင်မှာ မဟုတ်ဘူး ဘွား



www.burmeseclassic.com

www.burmeseclassic.com

ဘွား၊ မေ့ကို ခွင့်လွှတ်ပါ။ လူလူနဲ့ လက်ထပ်ဖို့ မေ နောက်ဆုတ်ချင်ပါတယ်"

ဘွားဒေါ်ခင်ခင်ကျော် ကြွေရုပ်ကလေးလို လှနေသော ထက်မြက်သည့်မိန်းမ အောင်မြင်နေသည့် မိန်းမတစ်ယောက် ဖြစ်သော မေဘာရဏီကို နားလည်စွာ ကြည့်လိုက်သည်။

"မေ. . . လူလူ့ကို ရှင်းပြဖို့ အချိန်ယူရမှာတောင် မေ့အတွက် အနှောင့်အယှက်ဖြစ်နေပါတယ် ဘွားဘွား၊ မေ ဒီအတွက် ပေးဆပ်ဖို့ ရှိနေတာက မေ့ညီမလေးပါ၊ လူလူနဲ့ သက်တူရွယ်တူပဲ၊ ပြီးတော့ သူတို့တွေက ငယ်ကျွမ်းတွေပါ"

"ဟင်"

ဘွားဒေါ်ခင်ခင်ကျော် မျက်နှာပြင်ပေါ်မှ အရေးအကြောင်းများ တွန့်သည်ထက် တွန့်သွားလေသည်။

"သူတို့က အခုမှ ပြန်တွေ့ကြတာ၊ ခုဆို သူတို့နှစ်ယောက် ရှေးဟောင်းနှောင်းဖြစ်တွေ ပြောနေကြရောမယ်"

"မယ့်ညီမဆိုတာ မျက်နှာခွဲစိတ်တဲ့ ညီမလေးလား"

"ဟုတ်ကဲ့. . . မေ့ထက် ပိုချောပါတယ်၊ စိတ်ထားလည်း အရမ်းနူးညံ့ဖြူစင်တဲ့မိန်းကလေးပါ၊ လူလူနှစ်သက်မြတ်နိုးခဲ့တဲ့ မိန်းကလေး ဖြစ်ချင်ဖြစ်နေမှာ၊ မေစိတ်ထဲမှာ သူတို့နှစ်ယောက် တွဲတွေ့လိုက်ရတော့ မောင်လေးနဲ့ညီမလေးလို ခံစားလိုက်ရတယ်"

မေဘာရဏီ၏ဆင်ခြေ့ရန်ရှောင်စကားကို ဘွားဒေါ်ခင်ခင်ကျော် နားလည်သဘောပေါက်လိုက်သည်။

သူကိုယ်တိုင်လည်း မြေးလူလူထက် (၇)နှစ်ကျော် ကြီးသော မေဘာရဏီကို သဘောသိပ်မတူချင်။ သို့သော် (၃၂)ဆိုတော့ အရွယ်လေး မဆိုးပါဘူး။ ပြီးတော့ ကိုယ်တိုင်ကလည်း အလှဖန်တီး





နိုင်တဲ့ ဆရာဝန်ပဲလေဟု စိတ်လျှော့ကာ သဘောတူပေးလိုက်ခြင်း ဖြစ်သည်။

ယခုလို မေဘာရဏီဆီက စကားကြားရတော့ သူ့မှာ အပြစ်မရှိတော့သလို ခံစားလိုက်ရပြီး စိတ်ထဲ ပေါ့သွားသည်။ ထို့ကြောင့် မေဘာရဏီအား. . .

"မေ တကယ်ပဲ လူလူကို စွန့်လွှတ်နိုင်သလား"

"ချစ်သူအဖြစ် စွန့်လွှတ်နိုင်ပါတယ်၊ အမုန်းမရှိတဲ့ စွန့်လွှတ်ခြင်းပါ"

"ဒါဆို ဘွားဘွား လူလူ့ကို တာဝန်ယူနိုင်ပါတယ်၊ မေ့မိဘတွေကကော. . ."

"ဖေဖေနဲ့မေမေက မေ့ထက် အသက်ငယ်လွန်းတာကို သဘောမကျ ဖြစ်နေတာ၊ ဒါကြောင့် ညီမလေးကို အကြောင်းပြပြီး အချိန်ဆွဲနေတာပါ"

"ကောင်းပြီ. . . ဘွားဘွား နားလည်ပြီ၊ ဘွားဘွား အားလုံး စီစဉ်လိုက်မယ်၊ မေ စိတ်ချမ်းသာအောင်သာ နေတော့၊ အသီးရည်လေး သောက်လိုက်ပါဦး"

"ဟုတ်ကဲ့ ဘွားဘွား"

မေဘာရဏီ ဖျော်ရည်ခွက်လေးကို အသာယူသောက်လိုက်သည်။

ထိုအချိန်တွင် ဘွားဘွားဒေါ်ခင်ခင်ကျော်က တယ်လီဖုန်းနံပါတ်တစ်ခုကို နှိပ်ကာ ခေါ်လေသည်။

"မြေး. . . ဘွားဘွားပါ"

"ဟုတ်ကဲ့ ဘွားဘွား. . . ပြောပါ"

စပီကာ ဖွင့်ထားသဖြင့် မေဘာရဏီ မျက်နှာပူစွာဖြင့် ကြား


www.burmeseclassic.com

www.burmeseclassic.com


နေရသည်။ ဒေါ်ခင်ခင်ကျော်သည် ခေတ်မီသောအဘွားကြီး ဖြစ်သည်။

"မြေးနဲ့အတူ မေ့ညီမလေး ရှိနေတယ်မှတ်လား"

"ဗျာ. . ဘွားဘွား"

"ဗျာ ဘွားဘွား မလုပ်နဲ့၊ မေ့ဆီ ဖုန်းလှမ်းဆက်တော့ မအားဘူးတဲ့၊ လူလူ့ကိုတော့ ညီမလေး ဈေးဝယ်ကို အကူအညီတောင်းထားရတယ် ပြောတယ်"

မေဘရဏီ. . . ညီမလေးနှင့် ဈေးပင်းထွက်မယ် မပြောမိခဲ့ပါချေ။ သို့သော် လူလူကိုတော့ ဈေးပင်းထွက်မယ်လို့တော့ ချိန်းခဲ့ပါသည်။ ဒါကို ဘွားဘွားသိလို့ပဲ ဖြစ်မှာပါဟု ဆက်စပ်တွေးလိုက်သည်။

"ဟုတ်. . . ဟုတ်ကဲ့ ဘွားဘွား"

"ဒါဖြင့် အပြန် မေ့ညီမလေးကိုပါ ခေါ်ပြီး ဘွားဘွားဆီဝင်ခဲ့ပါ၊ ဘွားဘွား ပေးလိုက်စရာရှိလို့"

"မမမေကော"

"မမမေကိုကော ဘွားဘွားခေါ်ထားတယ်၊ အလုပ်ပြီးတာနဲ့ လာမယ်၊ မိဘတွေဆီ မေ ဆက်သွယ်ထားလိုက်မယ် ပြောတယ်"

ဘွားဘွားဒေါ်ခင်ခင်ကျော်ဉာဏ်ကို မေဘရဏီ လိုက်မမီတော့ချေ။

"ဆက်ဆက်ခေါ်ခဲ့နော်. . . ဒါပဲ မြေး"

"ဟုတ်ကဲ့ ဘွားဘွား"

ဒေါ်ခင်ခင်ကျော်က ဖုန်းချလိုက်ပြီး မေဘရဏီကို ကြည့်ကာ. . .

"ဘွားဘွား သူတို့နှစ်ယောက်ကို အကဲခတ်လိုက်ဦးမယ်"



"ဒါဖြင့် မေပြန်လိုက်မယ် ဘွားဘွား၊ အိမ်ကိုတော့ မေ ဖုန်းဆက်လိုက်ပါမယ်၊ မေကတော့ ဆေးခန်းက နောက်ကျမှ ပြန်မယ်၊ လူလူ့ကိုသာ မယ့်ကို ပို့ခိုင်းလိုက်ပါနော်"


"မေ့ဆုံးဖြတ်ချက်အတွက် မေ နောင်တရတာမျိုး မဖြစ်ပါဘူးနော်"

မေဘရဏီ ရဲရင့်စွာ ခေါင်းခါလိုက်လေသည်။ ထိုအခိုက်အတန့်လေးမှာတော့ မေ့နှလုံးသား လှုံ့ချက်ထိသလို နာကျင်သွားသည်ကိုတော့ မေ ခံစားလိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၁)

"မယ် မလိုက်ရဲဘူး လူလူ"

နတ်မိမယ် ဘယ်လိုပဲ ငြင်းဆန်ဆန် လူလူ့ကားပေါ် ပါသွားပြီဆိုကတည်းက မယ်သည် လူလူခေါ်ဆောင်ရာသို့ လိုက်ပါနေရသည့်သဘောဖြစ်နေလေသည်။

"မယ် ဘာလို့ မလိုက်ရဲရမှာလဲ၊ မမမေညီမအနေနဲ့ လိုက်တာပဲ၊ ဘွားဘွားက မယ်နဲ့လူလူအကြောင်းကိုမှ မသိသေးတာ"

"မယ် လိပ်ပြာမလုံဘူး"





နတ်မိမယ် အားငယ်စိတ်ဖြင့် ငိုချင်စိတ်သာ ပေါက်နေသည်။

ကံကြမ္မာကလည်း ရိုင်းစိုင်းလိုက်တာ။ ညီအစ်မ နှစ်ယောက်ကြားကိုမှ ယောကျ်ားတစ်ယောက်တည်း ခွဲတမ်းချပေးရတယ်ရယ်လို့။

"မယ် ဘာမှလုပ်ဖို့မလိုဘူး၊ မမမေကို လူလူ အားလုံးဖွင့်ပြောပြမယ်၊ မမမေ အဆုံးအဖြတ်ကို လူလူတို့ ခံယူလိုက်ရုံပဲ"

ပြောပြောဆိုဆိုနှင့် လူလူတို့အိမ်သို့ ကားက ရောက်လာလေပြီ။

အဘွားက ဧည့်ခန်းမှာ မိန့်မိန့်ကြီး ထိုင်လျက် စောင့်ကြိုနေသည်။

ဘွားဒေါ်ခင်ခင်ကျော်၏မျက်လုံးအိမ်တို့သည် တောက်ပြောင်သွားသည်။

မေဘရဏီထက် ပိုချော ပိုလှ ပိုငယ်သော နတ်မိမယ်ကို ပို၍နှစ်ခြိုက်သွားသည်။

ဒါ. . သားရှင်တွေဘက်က ရှိသောအတ္တတစ်ခုဟု ပြောလျှင်လည်း မမှားနိုင်ဘူးဟု ဒေါ်ခင်ခင်ကျော် မငြင်းနိုင်။

"လာ. . . မြေးတို့ ထိုင်ကြဦး၊ ဒါ မေ့ညီမလေး နတ်မိမယ်ဆိုတာပေါ့"

"ဟုတ်ပါတယ် ဘွားဘွား"

"လာပါဦး. . . မယ်၊ ဘွားဘွားအနား လာထိုင်ပါဦး၊ ဘယ်မှာလဲ ဒဏ်ရာဒဏ်ချက်"

ဘွားဒေါ်ခင်ခင်ကျော်က သူ့နံဘေး ဆိုဖာကိုပုတ်ပြသည်။


www.burmeseclassic.com

www.burmeseclassic.com

မယ်က လူလူ့ကို အားကိုးတကြီး ကြည့်လိုက်သည်။ ဘွားဘွားကို မယ် လန့်နေသည်။ ဘွားဘွားမှတင် မဟုတ်၊ အားလုံးကို လန့်သည်။ လူလူနှင့်သူ့အကြောင်း လူတွေ သိကုန်မှာစိုးသည်။ သူ့ဖာသာသူ အေးအေးလေး နောက်ဆုတ်ပေးထားကာမှ။

"သွားလိုက်လေ မယ်"

လူလူ. . . မယ့်ကို ကြည့်နေသောအကြည့်တွင် မြတ်နိုးခြင်း တန်ဖိုးထားခြင်း ချစ်ခြင်းတို့ ယှက်နွယ်ပါဝင်နေလေသည်။

မယ်. . . ဘွားဒေါ်ခင်ခင်ကျော်ဘေး မဝံ့မရဲလေး ထိုင်လိုက်သည်။

ဘွားဒေါ်ခင်ခင်ကျော်က မယ့်မေးစေ့လေးကို အသာမော့ပြီး မျက်နှာဖူးဖူးလေးကို ကြည့်ကာ. . .

"တကယ်ကို နာမည်နဲ့ လိုက်ပါပေတယ်ကွယ်၊ နတ်ပြည်က ဘုံကြိုးပြတ်ကျလာတဲ့ နတ်သမီးလေးလို့ ယုံးမှားထင်လောက်ပါပေတယ်"

ဘွားဒေါ်ခင်ခင်ကျော်၏ စေ့စေ့ကြည့်ကာ ချီးမွမ်းမှုကြောင့် မယ့်ရှက်မျက်နှာရဲလေးက မျက်လွှာချကာ ထားလိုက်သည်။

လူလူက မယ့်အခက်အခဲတွေကို ကယ်တင်ရန် ကြိုးပမ်းသည်။

"ဘွားဘွား ဘာပေးမလို့ ခေါ်တာလဲ"

"သြော်. . . ခြံထွက် စိန်တစ်လုံးသရက်သီး ခေါင်သီးတွေ ရောက်လာလို့ တစ်ခါတည်း မင်းယောက္ခမလောင်းတွေအိမ် ပေးရအောင်လို့၊ ဟဲ့. . . အထွေး၊ ကားပေါ် သရက်သီးခြင်းနဲ့ ပန်းစည်းတင်ပေးထားလိုက်"





ဘွားဒေါ်ခင်ခင်ကျော် ဩဇာသံအောက်ဝယ် မယ် ငြိမ်သက်ကာ မျက်လွှာချနေရင်းမှ လူလူကို အားကိုးတကြီး လှမ်းကြည့်လိုက်သည်။ ပြန်ရအောင်ဟူသောအကြည့်. . .။

ဒါကို ဘွားဒေါ်ခင်ခင်ကျော်က ရိပ်မိနေသည်။ သူ့မြေးကို အကဲခတ်တော့ လူလူက မယ့်အကြည့်လေး၏စေစားရာနောက် ကောက်ကောက်ပါလေသည်။

"ဘွားဘွား. . . သား မယ့်ကို ပြန်ပို့လိုက်ဦးမယ်"

"နေပါဦး. . . ကြည့်လို့တောင် မဝသေးဘူး၊ မေးစရာတွေလည်း ရှိသေးတယ်"

မယ် မျက်လုံးလေး ဝိုင်းသွားသည်။

လူလူက မယ့်ကို အားပေးသောအပြုံး ပြုံးပြသည်။ ဘွားအေကို ဆန့်ကျင်ရန် ကြိုးစားသည်။

"ဘွားဘွားကလည်း. . . မယ် တစ်နေ့လုံး ပင်ပန်းနေရှာတာ. . . နားပါစေတော့"

"မယ်က တစ်နေ့လုံး ပင်ပန်းရအောင် ဘယ်တွေ သွားနေကြလို့လဲ"

"ဟို. . . ဈေးဝယ်တာပါ ဘွားဘွား"

မယ်က အထင်လွဲမှာစိုးသဖြင့် ကမန်းကတန်း ဖြေသည်။

"မယ်က ပင်ပန်းလို့လား"

မယ်က ခေါင်းခါလိုက်သည်။

"ဟင့်အင်း. . . မယ် မပင်ပန်းပါဘူး ဘွားဘွား"

ဘွားဒေါ် ခင်ခင်ကျော်၏မျက်စောင်းက လူလူပေါ်သို့ ရောက်သွားပြီး. . .

"တွေ့လား လူလူ၊ ကြက်တူရွေးက တော်တော်မယ်ဘော်



www.burmeseclassic.com

www.burmeseclassic.com



က ကဲမနေစမ်းနဲ့၊ ဘွားဘွား မေးမှာက မယ်ကော မေ့လို လုပ်ငန်းတစ်ခု အောင်မြင်ချင်တဲ့ ရည်ရွယ်ချက်တွေဘာတွေ ရှိသလား။ ကိုယ်ပိုင်လုပ်ငန်းနဲ့ အောင်မြင်ချင်တာတို့ဘာတို့"

"ဟို. . . မယ် မစဉ်းစားရသေးဘူး"

ဘွားဘွား ဘာကို ရည်ရွယ်ပြီး မေးမှန်း မယ် မရိပ်မိချေ။

"မယ်ကော အိမ်ထောင်ပြုမှာလား"

"ဟင့်အင်း. . . ဟင့်အင်း. . . ဘွားဘွား"

ဒါကိုတော့ မယ် ကောင်းစွာသိသည်။ လူလူနှင့် လွဲပြီးမှတော့ မယ် အချစ်မပါသော အိမ်ထောင်တစ်ခုကို ခိုင်မြဲအောင်ထိန်းသွားဖို့အရေး သတ္တိမရှိပြီ။

"လူလူနဲ့မယ်က ငယ်သူငယ်ချင်းတွေကျနေတာပဲ. . . ရင်းနှီးကြသားပဲ"

"ဟုတ်တယ်. . . ကျွန်တော်တို့က ငယ်သူငယ်ချင်းတွေ၊ အခုမှ ပြန်တွေ့ကြတာ၊ ဒီအကြောင်းတွေ ဘွားဘွားကို ကျွန်တော် ပြန်လာမှ ရှင်းပြမယ်၊ လောလောဆယ် မယ့်ကို ပြန်ပို့လိုက်ဦးမယ်နော် ဘွားဘွား"

လူလူ့ဆီက ဝန်ခံစကား ကြားရသည်မို့ ဘွားဒေါ်ခင်ခင်ကျော် ကျေနပ်သွားလေသည်။

"အင်း. . . ထင်သားပဲ၊ ဘွားဘွားထင်ရင် လွဲခဲပါတယ်၊ ဒီထက်ပိုတဲ့ ပတ်သက်မှုတောင် ရှိဦးမှာ၊ ကဲပါလေ. . . မယ့်ကို ပြန်ပို့လိုက်တော့၊ မယ့်ဖေဖေနဲ့မေမေ့ကို မနက်ဖြန် ဘွားဘွား လာတွေ့မယ့်အကြောင်း တစ်ခါတည်း ပြောခဲ့လိုက် လူလူ"

လူလူ ဘွားဘွားကို နားလည်သလိုလို ရှိသည်။ အဘွားတစ်ခုခုတော့ လုပ်တော့မည်ဟု။





သို့သော် အကျဉ်းအကျပ်ထဲ ရောက်ပြီး စိတ်ကျဉ်းကျပ်နေသော မယ့်ကို လွတ်မြောက်ဖို့အရေးသာ အဓိကမို့. . .

"လာ. . . မယ်. . . ပြန်ကြရအောင်"

"မယ့်ကို ခွင့်ပြုပါဦးနော် ဘွားဘွား"

မယ်က ဘွားဒေါ်ခင်ခင်ကျော်ဘေးမှ အသာလေး ထကာ ခပ်ယို့ယို့ကလေး နှုတ်ဆက်လိုက်သည်။

"အေး. . အေး. . မယ် ပြန်တော့၊ မနက်ဖြန် ဘွားဘွား လာရင် သေသေချာချာ ကြိုနော်"

"ဟုတ်ကဲ့ ဘွားဘွား"

မယ်တို့ ကားပေါ် တက်ပြီး ထွက်လာသည့်တိုင်အောင် ဘွားဒေါ်ခင်ခင်ကျော်သည် တံခါးဝမှ ရပ်ကြည့်ကာ ကျန်ရစ်ခဲ့လေသည်။

"လူလူ"

"ဘာလဲ မယ်"

"ဘွားဘွားက မယ်တို့အကြောင်းများ သိနေပြီလား မသိဘူးနော်"

"ဘယ်သူပြောလို့ သိမှာလဲ"

"လောကကြီးမှာ လျှို့ဝှက်ချက်ဆိုတာ ကြာရှည်ထိန်းထားလို့ ရတာ မဟုတ်ဘူးလေ၊ ဘူးတစ်ရာအပေါက်ကိုသာ ပိတ်လို့ရမယ်၊ ပါးစပ်ပေါက်တစ်ပေါက်ကို ပိတ်လို့မှ မရတာ၊ ချယ်ရီ့ပါးစပ်ပဲ ကြည့်လေ၊ မမ သိသွားပြီမှတ်လား"

မယ်က ရှည်ရှည်ဝေးဝေးလေး ပြောလိုက်သည်။

"မယ် အသာနေပါ၊ လူလူပဲ မီးစင်ကြည့်ကပါ့မယ်"

"မယ်. . လူလူကို သူငယ်ချင်းအနေနဲ့ပဲ လက်ခံမှာနော်. ."



www.burmeseclassic.com

www.burmeseclassic.com



ဒါပဲ၊ မမ စိတ်ဆင်းရဲအောင် မလုပ်ရဘူး”

“ဘာသူငယ်ချင်းလဲ. . . ဘင်္ဂလားသူငယ်ချင်းလား”

လူလူက မချိုမချဉ်အကြည့်နှင့် ပြောသည်။ မယ် မျက်စောင်းထိုးကာ. . .

“သွား. . . မစနဲ့ လူလူ့ မယ် ငိုလိုက်မှာ”

“မလုပ်ပါနဲ့. . . ပုလဲမျက်ရည် မခလိုက်ပါနဲ့၊ ဒီမောင် ရွှေရင်ဆို့သွားမှာမို့လိုပါ”

လူလူရင်ထဲလည်း အပျော်တစ်ဝက် စိတ်ရှုပ်ထွေးခြင်းက တစ်ဝက်နှင့် မအီမလည်ကြီး ဖြစ်နေတာတော့ အမှန်ပင်။







## အခန်း(၃၂)

မမမေ၏ဆေးခန်းဧည့်ခန်း၌ သူ အတန်ကြာအောင် စောင့်နေရသည်။

လူနာလည်း မရှိတော့ပါ။ ဝန်ထမ်းတွေလည်း ပြန်သွားသည်နှင့် သူ မအောင့်အည်းနိုင်တော့ဘဲ ထိုင်ရာမှ ထလိုက်သည်။ လူနာစမ်းသပ်ခန်းထဲ ဇွတ်ဝင်ချလိုက်တော့မည်ဟူသော ဆုံးဖြတ်ချက်နှင့် ဖြစ်သည်။

ထိုအချိန်နှင့် တပြိုင်နက်လိုလို မမမေက စမ်းသပ်ခန်း



www.burmeseclassic.com

www.burmeseclassic.com



တံခါးဖွင့်ကာ ထွက်လာသည်။

"အတော်ပဲ လူလူ၊ မမမေ မင်းကို တောင်းပန်စရာ ရှိနေတယ်"

မောင်ဟု မသုံးနှုန်းတော့ဘဲ လူလူဟု သုံးနှုန်းလိုက်ကတည်းက လူလူရင်မှာ ထိတ်ကနဲဖြစ်သွားသည်။

"ကျွန်တော်လည်း ပြောစရာ တောင်းပန်စရာ ရှိနေပါတယ်"

"မင်းအရင်မပြောနဲ့၊ တို့ အရင်ပြောမယ် . . . ထိုင်ဦး"

ဆိုဖာတစ်ခုတွင် ဝင်ထိုင်ရင်း မမမေက ပြောလိုက်သည်။ လူလူ ဝင်ထိုင်လိုက်သည်။ မမမေနှင့် မျက်နှာချင်းဆိုင် ဆိုဖာမှာဖြစ်သည်။

"တို့ကိုယ်တို့ ဝေဖန်ဆန်းစစ်မိတာ ရှိတယ် လူလူ၊ တို့အတွက်က အိမ်ထောင်ရှင်မ ဆိုတဲ့ရာထူးဟာ မလိုအပ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ တို့ဟာ မိဖုရားအဖြစ်ထက် ဘုရင်မအဖြစ်ကို လိုလားတဲ့သူတစ်ယောက် ဖြစ်နေလို့ပဲ"

လူလူရင်ထဲက စာစီလာခဲ့သောစကားတွေ ပျောက်ဆုံးကုန်လေသည်။

မမမေကို အံ့အားသင့်စွာ ကြည့်လိုက်သည်။

"ချော်လဲရောထိုင်တာ မဟုတ်ဘူး လူလူ၊ မင်းနဲ့မယ့်အကြောင်း သိလို့ ပြောင်းလွှဲသွားတာ မဟုတ်ဘူး၊ တို့ဟာ မင်းနဲ့ စကားပြော သွားလာနေရတာထက် တို့လူနာတွေကို ခွဲစိတ်နေရတာကို ပိုစိတ်ဝင်စားတယ် ပိုပျော်တယ်၊ ပြီးတော့ မီးဖိုချောင် ဝင်ရမယ့်အလုပ်ထက် တို့ရဲ့လုပ်ငန်းကို ကြီးသည်ထက် ကြီးမားအောင် တိုးချဲ့နေဖို့ကို တို့ ဝါသနာပိုပါတယ်၊ ရှင်းရှင်းပြောမယ်ကွာ၊





ယောက်ျားတစ်ယောက်ရဲ့ရင်ခွင်မှာ အိပ်စက်ရမယ့်အစား စာအုပ်တွေကို ရင်ခွင်ထဲ ထားဖတ်ရင်း အိပ်စက်ချင်တယ်၊ အဲဒါ တို့ရဲ့ဆန္ဒအမှန်ပဲ၊ ဒါတွေဟာ အချစ်ဆိုတာ ဘာလဲလို့ စမ်းသပ်ကြည့်လိုက်တော့မှ ရရှိလာတဲ့ရလဒ်တွေပဲ၊ မင်းဟာ တို့ရဲ့အချစ်စမ်းသပ်ခံဖြစ်သွားတဲ့အတွက်တော့ ဝမ်းနည်းပါတယ်"

လူလူ ရင်မှာ အောင့်သီးအောင့်သက်နှင့် နားခါးစွာ နားထောင်နေရသည်။

ဒါတွေဟာ . . . မမမေရဲ့ လီဆယ်စကားတွေလား၊ တကယ့် ရင်ထဲက စကားတွေလားဆိုတာ ဝေခွဲမရချေ။

သို့သော် . . .

"ဒီအတွက် တို့ တောင်းပန်ပါတယ်၊ စေ့စပ်ရမယ် မလွဲမသွေ လက်ထပ်ရတော့မယ်ဆိုမှ တွန့်ဆုတ်လာရတဲ့ အကြောင်းရင်းအမှန်က မယ်ကြောင့် မဟုတ်ဘူး၊ တို့တွေရဲ့ဝါသနာနဲ့ တည်ဆောက်ထားတဲ့လုပ်ငန်းအပေါ် စွဲလမ်းတဲ့ တို့ရဲ့အတ္တလို့ ပြောလည်းရတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သားကိုသခင် လင်ကိုဘုရား ဆိုရိုးလို တို့က လင်သားကို မကိုးကွယ်နိုင်လို့ပဲ၊ တို့အလုပ်ကိုပဲ တို့ ကိုးကွယ်ချင်တယ်၊ ဒီအတွက် မင်းအပေါ် ချစ်တမ်းကစားမိသလို ဖြစ်သွားတဲ့အတွက် တောင်းပန်ပါတယ်၊ တို့အချစ်တွေ ပြန်နှုတ်ယူလိုက်ပြီ"

မမမေ၏မျက်နှာပြင်သည် ပကတိ စက်ရုပ်တစ်ခုလို အပြောင်းအလဲ မရှိသော မျက်နှာသေဖြင့် ပြောနေလေသည်။

လူလူရင်ထဲမှာတော့ တုန်လှုပ်နေသည်။ ဒီစကားတွေ အမှန်ဖြစ်စေချင်သည်။

အမှန်မဟုတ်လို့ရှိလျှင် သံသရာအတွက် သူ ဝဋ်ကြွေးတင်ပြီး မမမေနှလုံးသားကို အနာတရ ပေးခဲ့သောသူအဖြစ် သူ



www.burmeseclassic.com

www.burmeseclassic.com

ဝင့်ကြွေးတင်သွားလေမည်။

"မမမေ တကယ်ပြောနေတာလား"

"တို့ပုံစံက ဖိုးတွမ်တီးရုပ် ပေါက်နေလို့လား"

"မဟုတ်ပါဘူး. . . ကျွန်တော်နဲ့မယ်တို့ရဲ့အကြောင်း မမမေ ချယ်ရီဆီက သိလိုက်လို့ ပေးလာတဲ့ဆင်ခြေတွေလားလို့ပါ"

မမမေဘရဏီ မခိုးမခန့် ရယ်လိုက်လေသည်။

"ဟင်း. . ဟင်း. . ဟင်း၊ ဘာလဲ. . . မင်းက ယောကျ်ားသားတွေရဲ့မဟာဖိုဝါဒလို ဒီမိန်းမက ငါ့ကို ချစ်ရက်နဲ့ မလွဲသာလို့ ညီမအတွက် နောက်ဆုတ်ပေးတာကို လူကြားကောင်းအောင် ပြောနေတဲ့ ဆင်ခြေလို့များ ထင်နေလို့လား လူလူ၊ ကိုယ့်ကိုယ်ကို အထင်မကြီးနဲ့ လူလူ၊ တို့လို မိန်းမစားက ယောကျ်ားတစ်ယောက်အတွက် မျက်ရည်တစ်စက် ကျရမှာကို သေလောက်အောင် နှမြောတဲ့မိန်းမတစ်ယောက်ပါ. . . ဟင်း. . . ဟင်း"

နှုတ်ခမ်းထောင့်စွန်းလေး ကွေးညွတ်ပြီး မခိုးမခန့် ရယ်လိုက်တော့လည်း တော်တော်လှသည့်မိန်းမပါလား။ မျက်ဝန်းတွေထဲမှာ နူးညံ့မှုကိုပါ ဖျောက်ဖျက်ထားနိုင်စွမ်းလည်း ရှိသည်ကိုး။

ကလီယိုပက်ထရာလို မာယာများနဲ့ အလှဘုရင်မဆိုတာ ဒါမျိုးများလား။

လူလူ ရင်နာစွာ တွေးတောလိုက်ပေမယ့် သူ့မှာ ပြောစရာစကားက ခက်ရာခက်ဆစ် တစ်ခုပဲ ထွက်လာသည်။

"ကျွန်တော် မမမေကို တောင်းပန်ပါတယ်"

"မလိုပါဘူး. . . မင်းလမ်းမင်း ဆက်လျှောက်၊ တို့လမ်းတို့ ဆက်လျှောက်မယ်၊ မင်းနဲ့ငါဟာ အချစ်ဆိုတဲ့အမှောင်လမ်းမှာ စမ်းတဝါးဝါး လျှောက်ရင်း အမှတ်တမဲ့လေး ခလုတ်တိုက်မိလို့





လျှပ်တစ်ပြက် ထိမိငြိမိရုံလောက်ကလေး ဖြစ်သွားတယ်လို့သာ သဘောထားလိုက်ပါ။ ရှေ့လျှောက်လည်း မင်းနဲ့တို့ တွေ့နေရဦးမှာ၊ မင်းထက် တို့က ဝါကော အသက်ကော ကြီးတယ်လေ၊ တို့ကို ရိုရိုသေသေ ဆက်ဆံ၊ ကြားလား ကောင်လေး. . . မောင်လေး. . . မတ်လေး. . . ဟင်း. . . ဟင်း. . ဟင်း"

မမမေ ရယ်သွေးသွမ်းလိုက်သည်။

လူလူ ကြောင်၍ ငေးကြည့်နေမိသည်။

"ကိုင်း. . . ပြန်တော့ လူလူ၊ မင်းအဘွားကို အကျိုးအကြောင်း ရှင်းပြပြီး မယ့်ကို လာတောင်းဖို့ အမြန်ဆုံး သွားပြင်တော့၊ တို့မိဘတွေကို တို့ တာဝန်ယူ ရှင်းပြထားလိုက်မယ်၊ သွား. . သွား. . အစ်မစကားနားထောင်"

မမမေက ထိုင်ရာမှ ထပြီး သူ့ကို နှင်ထုတ်စကား ဆိုလေတော့ လူလူ မနေသာတော့ပြီမို့ ထိုင်နေရာက ထကာ. . .

"ကျေးဇူးတင်ပါတယ် မမမေ၊ ကျွန်တော့်ကို ခွင့်လွှတ်တယ်လို့ ယူဆလိုက်မယ်နော်"

"မင်းစိတ်ချမ်းသာသလို မှတ်ယူလို့ ရပါတယ်ကွယ်၊ ကိုင်း. . . ဂွတ်နိုက်. . . သွားတော့"

"ဟုတ်ကဲ့. . . ဂွတ်နိုက် မမ"

လူလူ ဆေးခန်းထဲမှ ထွက်ခဲ့လိုက်လေသည်။

"မေ" အရေပြားအထူးကုဆေးခန်းတွင်ရှိ အရေပြားအထူးကုဆရာဝန် ဒေါက်တာမေဘရဏီက. . .

အရေပြားတစ်ထောက်စာပေါ်မှ အလှတရားနှင့် နှုတ်ခမ်းပါးလေးမှ မာယာစကားတို့ဖြင့်သာ ပလီပလာ နှုတ်ထွက်စကားနှင့်ပဲ သေသပ်စွာဖြင့် ဘဝကို ပြုပြင်လိုက်လေသလား. . .



www.burmeseclassic.com

www.burmeseclassic.com



သို့တည်းမဟုတ် ရင်ထဲ နှလုံးသားထဲက လာသောပြုပြင်မှု စကားတို့ဖြင့် ဘဝကို ပြုပြင်လိုက်လေသလားဆိုတာကိုတော့ မေဘာရက်ကိုယ်တိုင်ပဲ သိနိုင်လေသည်။

မေဘာရက် ဆေးခန်းအတွင်းဝယ် မလှုပ်မယှက်နှင့် ကျောက်ဆစ်ရုပ်သဖွယ် ဖြစ်၍ကျန်ခဲ့လေသည်ကိုတော့ လူလူ မတွေ့မြင်သွားရှာပါလေ။







# အခန်း(၃၃)

မယ် အလှပြင်ဖို့အရေးကိုပင် တွန့်ဆုတ်နေသည်။ မယ် အိပ်မက်,မက်နေတာလား။

မမက မယ်ရဲ့လိုအပ်ချက်မှန်သမျှကို အကုန်ဖြည့်ဆည်း ပေးခဲ့သည်။

မယ့်ရုပ်ပေါ်က လိုအပ်နေသောအလှတရားကို ဖန်တီးပေး ခဲ့သည့်အပြင် မယ့်နှလုံးသားက လိုအပ်သောကွက်လပ်ကိုလည်း ဖြည့်ပေးခဲ့သည်။ မယ့်ဘဝက ဒီလောက်တောင် ပြည့်စုံလှပနေပါ



www.burmeseclassic.com

www.burmeseclassic.com



လား။

မယ်ကတော့ မမအတွက် ဘာမှမလုပ်ပေးနိုင်ပါလား။

"မယ်. . . ညလေး. . . မပြင်ရသေးဘူးလား"

မမက သူ့အိပ်ခန်းတံခါးကို ဖွင့်ကာ ဝင်ရောက်လာသည်။ မမနှင့်အတူ မမသူ ပါလာသည်။

ဒီနေ့ ပြင်ဦးလွင် "မေဂေဟာ" မှာ စေ့စပ်ကြောင်းလမ်းပွဲ ရှိသည်။ ဘွားဒေါ်ခင်ခင်ကျော် မြေးလူလူနှင့် ယောက်ျားလေးဘက်မှ ဂုဏ်သရေရှိ လူကြီးလူကောင်းစုံတွဲတွေပါ လာကြဦးမည်။

"မယ် ဘာလုပ်နေတာလဲ၊ တော်ကြာ ဧည့်သည်တွေ ရောက်လာတော့မယ်"

"မေ့ညီမလေးက စက်စက်ယိုအောင် လှတာပဲ" ဟု သူသူက မှတ်ချက်ပြုလေသည်။

ထိုအချိန် ချယ်ရီနှင့်ဝတ်မှုန် ရောက်လာသည်မို့ မမမေကပင်. . .

"ချယ်ရီရေ. . . အတော်ပဲ၊ ညည်းတို့သူငယ်ချင်းကို မြန်မြန်ပြင်ဆင်ပေးလိုက်ပါဦး"

"ရတယ် မမ၊ လုပ်စရာရှိတာသာ လုပ်ပါ"

မေဘရဏီ စိတ်မချသေး။ ထို့ကြောင့် နတ်မိမယ် မေးဖျားလေးကို ဆွဲကာ မော့စေလိုက်ပြီး စေ့စေ့ကြည့်ကာ. . .

"ညလေး. . . ညလေးဟာ ကိုယ်လျှောက်ချင်တဲ့လမ်းကို ကိုယ်ရပြီ၊ တွေဝေနေစရာ မလိုဘူး၊ ရဲရဲသာ လျှောက်ပါ၊ မမတို့လည်း ကိုယ်ရွေးချယ်ထားတဲ့လမ်းကိုကိုယ် ရဲရဲကြီး ရင်ကော့လျှောက်ရဲတယ်ဆိုတာ ညလေး သဘောပေါက်ထားပါ"

မယ် မေးလိုက်ချင်သည်။ ရဲရဲကြီး လျှောက်ရဲပေမယ့် ပျော်





ပျော်ကြီးတော လျှောက်ရဲရဲ့လားဆိုတာကို။

သို့သော် အခြားသူတွေရှေ့မို့ မမေးတော့ပါဘူး။ မမမျက်နှာပြင်ပေါ်က အပြုံးတွေကိုလည်း အစစ်လား အတုလားဟု ခွဲခြားမနေတော့ဘဲ အပြုံးအစစ်ဟုသာ မှတ်ယူလိုက်တော့မည်။ ဒါမှ မယ့်ရင် ပူလောင်မှု သက်သာစေလိမ့်မည်။

"မမ ညလေးပြုံးနေတာပဲ မြင်ချင်တယ်. . . ပြုံးပြစမ်း"

"မယ်ပြုံးမှ မမ ကျေနပ်မှာလား"

"ဒါပေါ့"

မယ် ပြုံးပြလိုက်သည်။ မယ့်အပြုံးက မမကို ကျေးဇူးတင်တဲ့အပြုံး၊ တစ်သက်လုံး ကျေးဇူးတင်သွားမယ့်အပြုံးပါ။

"ဒါမှ. . . မမရဲ့ညလေး"

မေဘရဏီက မယ့်ပါးပြင်ကို ရွှတ်ကနဲ မွှေးကြူပြီး ချာကနဲ ကျောခိုင်း၍ ထွက်သွားလေသည်။

မယ့်မျက်ဝန်း မျက်ရည်ဥတို့ တွဲခိုလာရာ ချယ်ရီက တစ်သျှူးတစ်ရွက်နှင့် သုတ်ပေးလိုက်ပြီး. . .

"လုပ်မနေနဲ့ မယ်၊ ဆယ်နှစ်လုံးလုံး နင့်ရင်မှာ တိတ်တခိုးစွဲလမ်းမျှော်လင့်ခဲ့ရတဲ့အချစ်ကို ပိုင်ဆိုင်ခွင့်ရပြီး နင်ပျော်ရမယ့်အချိန်"

မမနှင့်လူလူ့အကြောင်းကို ချယ်ရီတို့မှ မသိတာ။ မယ်ဒါကို ရင်ဖွင့်၍မဖြစ်၊ ရှိစေတော့။

သူငယ်ချင်းတွေက ဝိုင်း၍အလှပြင်ပေးသည်။

မိတ်ကပ်ပါးပါးလောက်သာ လိမ်းလိုက်သည်။

လူလူပေးခဲ့သောဒဏ်ရာ၏ အနာရွတ်က လုံးဝထင်ကျန်ခြင်း မရှိတော့ပါချေ။ နည်းပညာတိုးတက်မှုတွေများ မြန်ဆန်လိုက်



www.burmeseclassic.com

www.burmeseclassic.com

တာ ဆန်းကြယ်လိုက်တာ။

ပြင်ဆင်ပြီး အောက်သို့ ဆင်းခဲ့သည်။ ဖေဖေမေမေတို့က မမနေရာ မယ် အစားထိုး ဝင်ရောက်ခြင်းကို မမမေ ဘယ်လို ဖြေရှင်းပေးလိုက်သည်မသိ။ ကျေကျေနပ်နပ်ကြီး ရှိနေကြသည်။

မယ် အချစ်ကို ရယူဖို့ မကြိုးစားခဲ့ပါဘူး။ ပေးဆပ်ဖို့ပဲ စဉ်းစားခဲ့ပါလျက် အချစ်က ကိုယ့်ဆီကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာသည်။

သို့အတွက်. . .

အတိုင်းအဆ မသိသော ကြည်နူးခြင်းတွေကို မယ် ပိုင်ဆိုင်လာရသည်။

မယ်. . . မယ်တို့ဘက်က အမျိုးနှင့် သူငယ်ချင်းများ အကြား လှပသွက်လက်စွာ လှုပ်ရှားစီမံနေသောမမကို ကြည့်ပြီး စိတ်ထဲမှ အံ့အားသင့်နေသည်။ မမနေရာ၌ မယ်ဆိုပါက မယ် ဒီလိုနေနိုင်မည်မဟုတ်။ အကြောင်းပြုပြီး အဝေးသို့ ထွက်ပြေးကာ ချောင်ပိတ် ငိုကြွေးနေမိလိမ့်မည်ဖြစ်သည်။ ယခုတော့ မမသည် လူလူဆိုသော လူတစ်ယောက်ဟာ သူနှင့် ဘာမှ မပတ်သက်ခဲ့ဖူးတဲ့ လူတစ်ယောက်လိုပါပဲလား။

ထိုအချိန်တွင် ခြံအတွင်းသို့ လူလူနှင့် ဘွားဘွားဒေါ်ခင်ခင်ကျော် စီးလာသောကားအပြင် အခြား အထက်ကား ခြောက်စီးခန့်ပါ ဝင်ရောက်လာသည်။

မယ့်ရင်ခုန်သံတွေ မြန်လာသည်။

လူလူက ကားပေါ်က ဆင်းလာလာချင်း မျက်လုံးအကြည့် ရှာဖွေနေသည်။ မယ့်ထံသို့ အကြည့်ဆိုက်အရောက်တွင် ရှိန်းလက်တောက်ပသွားပြီး နှုတ်ခမ်းရိပ်မှာ အပြုံးတို့ ခိုတွဲတောက်ပလာပြန်

☺ အောင်မြင်စာပေ ☺



သည်။

လူလူ ပျော်နေသည်။

လူလူ ပျော်လျှင် မယ်လည်း ပျော်နိုင်ရမည်ပေါ့။ မယ်က သိပ်ချစ်ခဲ့တာကိုး။

မယ် ပြုံးလိုက်သည်။

မယ့်အပြုံးလေး တောက်ပလာသည်ကို မေဘာရဏီ လှမ်းတွေ့လိုက်ရသည်။ ဒီလိုပဲ ဖြစ်ရမည်ပေါ့။

မေဘာရဏီ ကျေနပ်သွားသည်။

မေ့နှလုံးသားလေးက အက်ရုံပဲအက်အက် ပွဲ့ရုံပဲပွဲ့ပွဲ့ လူမသိ သူမသိစေပဲ မေ့ဖာသာမေ ကုစားနိုင်လိမ့်မည်ဟု မေ ယုံကြည်မျှော်လင့်ချက် ရှိသောကြောင့်ဖြစ်သည်။ ဧည့်သည်တွေ နေရာတွေ ယူကြပြီး ထိုင်ကြတော့ ဖေဖေမေမေဘေး၌ မယ် ထိုင်သည်။ မယ့်ဘေးမှာ မေဘာရဏီ ထိုင်သည်။

လူလူအကြည့်က ညီအစ်မနှစ်ယောက်ပေါ်သို့ ကျရောက်သည်။

မမမေဘာရဏီနှင့် အကြည့်ချင်း ခလုတ်တိုက်မိသည်။ အပြုံးချင်း ဖလှယ်လိုက်သည်။

နွေးထွေး၍ နားလည်မှု ရှိသောအပြုံးကို မေဘာရဏီက ပြုံးပြသည်။

လူလူကတော့. . .

အားနာခြင်းမှနေ၍ လေးစားသောအပြုံးလေးကို ကျေးဇူးတင်စွာ ပြုံးပြလိုက်သည်။

တစ်ဆက်တည်း သူ့ဘဝအတွက် လူလူ သင်ခန်းစာတစ်ခုလည်း ရသွားလေသည်။

BURMESE CLASSIC .com

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com

အချစ်ဆိုတာ နှလုံးသားထဲက အချိန်မရွေး အခါမရွေး လူမရွေး ပေါ်များစွာ ထွက်ပေါ်နေတတ်ပေမယ့် အချစ်စစ်ကတော့ တစ်ခုတည်းပဲ ပေါ်ထွက်တတ်သလို ခက်ခဲနက်နဲပြီး အချစ်စစ်ဖြစ်မှန်း သိဖို့ကိုပင် နားလည်ရ ခက်ခဲတတ်ကြောင်း လူလူ ကိုယ်တွေ့ဖြင့် သဘောပေါက်လိုက်သည်။

ထို့ကြောင့် သူ ငယ်ငယ်က အသည်းတယားယားနှင့် ချစ်စနိုး ကျီစယ်မိလောက်အောင် ချစ်ခဲ့မိသော ပိုးလေး(ခေါ်) ဝလုံးလေး (ခေါ်) နတ်မိမယ် မျက်လုံးဝိုင်းလေးနှင့် ဆုံစည်းအောင် ငေးအကြည့်. . .

မျက်တောင်တဖျတ်ဖျတ် ခတ်ရင်း ရှက်စနိုး လှမ်းကြည့်လိုက်သော မယ်နှင့် အကြည့်ချင်းအဆုံ နှလုံးသားမှ အချစ်နတ်သား နတ်သမီးတို့၏ တောင်ပံခတ်သံတို့ပါ ဆူညံကုန်ကြလေတော့သည်။

မြပုလဲခင်

4:05 PM
14.6.2010

☺ အောင်မြင်စာပေ ☺

